# ဗုဒ္ဓဂေါတမ နှင့် သာမန်ဗြဟ္မဏ (ပုဏ္ဏား) တို့၏

# လောကသဘာဝ ပြဿနာများ တွေ့ဆုံဆွေးနွေးမှု

## အပိုင်း (၂)




မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

၂၉၆၁၉

# ဓမ္မဒါနအလှူရှင်

နစ်ဘက်သောမိဘများနှင့်ဆွေမျိုးများအား

အမှူးထား၍

မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ

နောင်ရိုးလမ်းနေ

ဦးတင့်ဝေ + ဒေါ်သန်းသန်းအေး

သား - မောင်ကောင်းစည်သူ + မရည်ချယ်သင်း

သား - မောင်ဝေမိုးအောင် + မဖွန်ပွင့်ဖြူ

သမီး - မယမင်းအေး

မြေး - မပန်ဆုမိုး၊ မသွန်းဆုရတီ

မိသားစု မှ

M.Aကျမ်းပြုဆရာတော်များ နှင့်သုတေသီများအတွက်

ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်

အလှူငွေပေါင်း–၁၁,၅၇၀၀၀ိ/ –

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၁၀၀၀

စာအုပ်ချုပ် - "ဆုလာဘ်အိမ်"

ကွန်ပျူတာစာစီ - "ဆွေသဟာ"

ထုတ်ဝေသူ - ဦးကိုကိုမြိုင် (မြဲ-၀၀၉၉၃)
"ဆွေသဟာ"စာပေ
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်ခင်သူဇာ(၀၁၃၂၉)
"ဆုလာဘ်အိမ်"ပုံနှိပ်တိုက်
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

M.A ကျမ်းပြုဆရာတော်များ နှင့် သုတေသီများအတွက်

# ဗုဒ္ဓဂေါတမနှင့်သာမန်ဗြဟ္မဏ(ပုဏ္ဏား)တို့၏

# လောကသဘာဝပြဿနာများတွေ့ဆုံဆွေးနွေးမှု

# အပိုင်း(၂)


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ.အေ)

• • • • • • • • •

ဦးကိုကိုမြိုင် (တွဲဖက်ပါမောက္ခ)

သုတ္တန္တပိဋကမဟာဌာန

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |
| ၂။ | ဗုဒ္ဓဂေါတမ၏ဝါဒသဘောထား | ၁ |
| ၃။ | ဗုဒ္ဓဂေါတမနှင့် ဝက္ကီသပုဏ္ဏားလုလင် (လူသေရောက်ရာအရပ်ကိုသိသောမန္တာန်တတ်မှု) | ၁၂ |
| ၄။ | ဗုဒ္ဓဂေါတမနှင့်ပုဏ္ဏားအိုကြီးများ (ရှေးခေတ်ပုဏ္ဏားတို့၏ကျင့်ဝတ်များ) | ၁၈ |
| ၅။ | ဗုဒ္ဓဂေါတမနှင့်ဟာဝရီပုဏ္ဏားတပည့်များ (ဗုဒ္ဓ၏လက္ခဏာကိုသွားရောက်စစ်ဆေးမှု) | ၂၅ |
| ၆။ | ဗုဒ္ဓဂေါတမနှင့်သုဘလုလင်ပုဏ္ဏား ( ပုဏ္ဏားတို့၏ကောင်းမှုပြုပြင်ခြင်းပညတ်များ) | ၅၅ |
| ၇။ | ဗုဒ္ဓဂေါတမနှင့်ဝေဠုဒွါရရွာသားပုဏ္ဏားများ (ကောင်းသောလားရာနတ်ပြည်ရောက်ကြောင်း) | ၆၈ |
| ၈။ | ဗုဒ္ဓဂေါတမနှင့်ဥဇ္ဇယပုဏ္ဏား (ပစ္စုပ္ပန်၊ တမလွန်ဘဝတို့၌ အကျိုးစီးပွားရှိမှုနှင့် ချမ်းသာမှု) | ၇၂ |

၉။ ဗုဒ္ဓဂေါတမနှင့်ဥဇ္ဇယပုဏ္ဏား ၇၈
(မြင့်မြတ်သောယာဇ်ပူဇော်မှု)
၁၀။ ဗုဒ္ဓဂေါတမနှင့် ဒေဝဟိတပုဏ္ဏား ၈၀
(အကျိုးကြီးမြတ်သော အလှူပေးလှူမှု)
၁၁။ ဗုဒ္ဓဂေါတမနှင့်သုန္ဒရိကဘာရဒ္ဒါဇပုဏ္ဏား ၈၄
(နို့ယနာကို အလှူခံထိုက်သူ)
၁၂။ ဗုဒ္ဓဂေါတမနှင့်သုန္ဒရိကဘာရဒ္ဒါဇပုဏ္ဏား ၉၂
(မီးပူဇော်ကြွင်းယနာနို့ဆွမ်း မစားကောင်းမှု)
၁၃။ ဗုဒ္ဓဂေါတမနှင့်သေလပုဏ္ဏား ၉၇
(ဘုရားဟုတ်-မဟုတ်စစ်ဆေးမှုနှင့်တရားဝင်
ဖြစ်ကြောင်းဝန်ခံပုံ)
၁၄။ ဗုဒ္ဓဂေါတမနှင့်တိကဏ္ဏပုဏ္ဏား ၁၀၅
(ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနှင့် အရိယာတို့၏ဝိဇ္ဇာ
သုံးပါးနှင့် ပြည့်စုံမှု)
၁၅။ ဗုဒ္ဓဂေါတမနှင့်ဥဂ္ဂတသရီရပုဏ္ဏား ၁၁၁
(ပုဏ္ဏားတို့၏ ယာဇ်ပူဇော်မှု)
၁၆။ ဗုဒ္ဓဂေါတမနှင့်အက္ကောသ ဘာရဒ္ဒါဇပုဏ္ဏား ၁၁၆
(ဗုဒ္ဓကို ဆဲရေးသူ)
၁၇။ ဗုဒ္ဓဂေါတမနှင့်ဝိလင်္ဂိကဘာရဒ္ဒါဇပုဏ္ဏား ၁၁၉
(ရဟန္တာကို ပြစ်မှားမှု)

၁၈။ ဗုဒ္ဓဂေါတမနှင့် အဟိသကဘာရဒွါဇပုဏ္ဏား ၁၂၀
(သူတစ်ပါးကို ကိုယ်, နှုတ်, စိတ်ဖြင့် မညှင်းဆဲမှု)
၁၉။ ဗုဒ္ဓဂေါတမနှင့်ဇဋာဘာရဒွါဇပုဏ္ဏား ၁၂၁
(ဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်မှု)
၂၀။ ဗုဒ္ဓဂေါတမနှင့်သုဒ္ဓိက ဘာရဒွါဇပုဏ္ဏား) ၁၂၃
(အမျိုးဇာတ်ဖြင့် ဗြဟ္မဏမဖြစ်နိုင်မှု)
၂၁။ ဗုဒ္ဓဂေါတမနှင့်အက္ကောသ ဘာရဒွါဇပုဏ္ဏား ၁၂၄
(ခလုတ်တိုက်, ချေဆတ်မိက နမောဗုဒ္ဓဿ
ဆိုမိသော ဓနဉ္စာနီပုဏ္ဏေးမ)
၂၂။ ဗုဒ္ဓဂေါတမနှင့် အက္ကောသ ဘာရဒွါဇပုဏ္ဏား. ၁၃၁
(ဗုဒ္ဓအားဆဲရေးမှု)
၂၃။ ဗုဒ္ဓဂေါတမနှင့် ကသိ ဘာရဒွါဇပုဏ္ဏား ၁၃၃
(ဗုဒ္ဓသည်လည်း လယ်ထွန်ပါ၏)
၂၄။ ဗုဒ္ဓဂေါတမနှင့် ပဥ္စဂ္ဂဒါယကာပုဏ္ဏား ၁၃၇
(ရုပ်နာမ်ခွဲခြားသိသူကို ဘိက္ခုဟုခေါ်ပုံ၊
ထမင်းစားကျန်ကြွင်း လှူဒါန်းကောင်းပုံ)
၂၅။ ဗုဒ္ဓဂေါတမနှင့်ခမည်းတော်ပုဏ္ဏားလင်မယား ၁၄၃
(မြင်လျှင်မြင်ချင်း ချစ်ခြင်းဖြစ်ရသည့်အကြောင်းမှာ)
၂၆။ ဗုဒ္ဓဂေါတမနှင့် မာဃလုလင်ပုဏ္ဏား ၁၄၉
(မြတ်သောအလှူခံပုဂ္ဂိုလ်နှင့် စင်ကြယ်အလှူအင်္ဂါသုံးပါး)

၂၇။ ဗုဒ္ဓဂေါတမနှင့် လယ်သမားပုဏ္ဏား ၁၅၃
(လိုချင်မှုတဏှာကင်းမှ စိုးရိမ်ခြင်းကင်းမည်)

၂၈။ ဗုဒ္ဓဂေါတမနှင့် ခေါမဒုဿနိဂုံးမှ ပုဏ္ဏားများ ၁၅၇
(လောဘ,ဒေါသ,မောဟပယ်၊ တရားဟောတတ်သူ
သူတော်ကောင်း)

၂၉။ ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝပုဏ္ဏား ၁၅၉
(ရေဖြင့်အကုသိုလ်အမှုကို မစင်ကြယ်နိုင်ပုံ)

၃၀။ ဗုဒ္ဓဂေါတမနှင့်သင်္ဂါရဝပုဏ္ဏား ၁၆၁
(တစ်ကိုယ်ကောင်းအကျင့် ပြာဋိဟာသုံးမျိုး)

၃၁။ ဗုဒ္ဓဂေါတမနှင့်သင်္ဂါရဝပုဏ္ဏား ၁၆၉
(နိဝရဏတရား ပိတ်ဆို့နေက အမှန်တရားမမြင်နိုင်ပုံ)

၃၂။ ဗုဒ္ဓဂေါတမ၏ ဗြဟ္မဏတို့၏ ပညတ်ချက်ကို ၁၇၂
ရဟန်းတို့အား ဟောကြားမှု
(ဗြဟ္မဏတို့၏ တပည့်တို့အား ကြီးပွားကြောင်း
လမ်းစဉ်ချပေးမှု)

၃၃။ ဗုဒ္ဓဂေါတမနှင့်သင်္ဂါရဝပုဏ္ဏား ၁၇၄
(အသိဉာဏ်အဆုံးရရှိမှု ပြဿနာ၊ နတ်ရှိမှုပြဿနာ)

၃၄။ ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝုပုဏ္ဏား ၁၈၀
(မှားယွင်းသောအမြင်သည် မှန်ကန်သောအမြင်
စသည် ဟိုဘက်ကမ်း၊ ထိုဘက်ကမ်းခေါ်ပုံ)

၃၅။ ဗုဒ္ဓဂေါတမနှင့် ဒေါဏပုဏ္ဏား ၁၈၂
(စက်လက္ခဏာ ခြေရာနှင့်ဗုဒ္ဓ)
၃၆။ ဗုဒ္ဓဂေါတမနှင့်အဂ္ဂိကဘာရဒွါဇပုဏ္ဏား ၁၈၅
(နို့ဃနာဆွမ်းကို ဂါထာဖြင့်ဆို၍ရသဖြင့် မစားရစကောင်း)
၃၇။ ဗုဒ္ဓဂေါတမနှင့် ဥဏ္ဏာဘပုဏ္ဏား ၁၈၇
(ကိလေသာမှ လွတ်မြောက်မှုမှီခိုရာနိဗ္ဗာန်)
၃၈။ ဗုဒ္ဓဂေါတမနှင့် အနတ္တပုစ္ဆကပုဏ္ဏား ၁၈၉
(လောက၌ အကျိုးစီးပွား ချမ်းသာခြင်း၏အကြောင်း)
၃၉။ ဗုဒ္ဓဂေါတမနှင့် လောကာယတိကပုဏ္ဏား ၁၉၂
(အလုံးစုံသည် တူသောသဘောရှိ-မရှိပြဿနာ)
၄၀။ ဗုဒ္ဓဂေါတမနှင့်မာနတ္ထဒ္ဓပုဏ္ဏား ၁၉၄
(မာန်မာန မပြုသင့်ရာပြဿနာ)
၄၁။ ဗုဒ္ဓဂေါတမနှင့်ပစ္စနီကသာတပုဏ္ဏား ၁၉၇
(ဆန့်ကျင်ဘက်စိတ်ဖြင့် နားထောင်မှုပြုက
အမှန်တရားကို မသိနိုင်ပုံ)
၄၂။ ဗုဒ္ဓဂေါတမနှင့် နဝကမ္မိက ဘာရဒွါဇပုဏ္ဏား ၁၉၉
(ကိလေသာတောမရှိက မွေ့လျော်ဖွယ်ရာရှိပုံ)
၄၃။ ဗုဒ္ဓဂေါတမနှင့် ဘာရဒွါဇနွယ်ဝင် ပုဏ္ဏားတစ်ဦး ၂၀၀
(ဆိတ်ငြိမ်သောတော၌ ရဲရဲရင့်ရင့်နေရပုံ)

၄၄။ ဗုဒ္ဓဂေါတမနှင့် အမိလုပ်ကျွေးသောပုဏ္ဏား ၂၀၂
(မိဘလုပ်ကျွေးသူသည် ဤဘဝ၌ပင် ချီးမွမ်းခံရပုံ)

၄၅။ ဗုဒ္ဓဂေါတမနှင့်ဘိက္ခပုဏ္ဏား ၂၀၃
(ဘိက္ခုဟု ခေါ်သင့်သောပုဂ္ဂိုလ်)

၄၆။ ဗုဒ္ဓဂေါတမနှင့်ပသာဒဗဟုလပုဏ္ဏား ၂၀၄
(ရဟန်းတို့ကို ကြည်ညိုလွန်း၍ ရဟန္တာဟုခေါ်ဆိုမှု)

၄၇။ ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား ၂၀၇
(ပဗ္ဗဇိတခေါ်ဝေါ်မှု)

၄၈။ ဗုဒ္ဓဂေါတမနှင့် ဇဋိလပုဏ္ဏား ၂၀၉
(သစ္စာသိသောပုဂ္ဂိုလ်သာ ဗြဟ္မဏဖြစ်သည်)

၄၉။ ဗုဒ္ဓဂေါတမနှင့် ပုဏ္ဏားတစ်ဦး ၂၁၀
(ဗြဟ္မဏဟုအခေါ်ခံရမှု)

၅၀။ ဗုဒ္ဓဂေါတမနှင့် ဗဟုမိတတရပုဏ္ဏား ၂၁၁
(ချမ်းသာစွာနေရမှုပြဿနာ)

၅၁။ ဗုဒ္ဓဂေါတမနှင့် ဥဒယပုဏ္ဏား ၂၁၃
(ပညာနှံ့သူ-အဖန်တလဲလဲ အမိဝမ်းဝင်ရမှု)

၅၂။ ဗုဒ္ဓဂေါတမနှင့် အသုန္ဒရိက ဘာရဒွါဇပုဏ္ဏား၊ ၂၁၅
ဗိလင်္ဂိက ဘာရဒွါဇပုဏ္ဏား)
(ဗုဒ္ဓကို ဆဲရေးမှု)

၅၃။ ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား ၂၁၇
(အခွင့်ရတိုင်း ကုသိုလ်ပြုသင့်ပုံ)

၅၄။ ဗုဒ္ဓဂေါတမနှင့်အညတရပုဏ္ဏား ၂၂၀
(တောင်းခံသူတိုင်း ဘိက္ခုမဟုတ်)

၅၅။ ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား ၂၂၂
(ပြုလုပ်သူ၊ ပြုလုပ်သူသာ ခံစားရပါသလော)

၅၆။ ဗုဒ္ဓဂေါတမနှင့် အသက်(၁၂၀)ရှိ ပုဏ္ဏားအို နှစ်ယောက် ၂၂၄
(ကိုယ်,နှုတ်,စိတ်စောင့်ထိန်းခြင်းသည် တမလွန်ပြောင်းသူ၏ အားထားရာဖြစ်ပုံ)

၅၇။ ဗုဒ္ဓဂေါတမနှင့်ဒုတိယပုဏ္ဏားအိုနှစ်ဦး ၂၂၆
(တမလွန်ပြောင်းသူ၏ ခိုကိုးရာ၊ မှီခိုအားထားရာ)

၅၈။ ဗုဒ္ဓဂေါတမနှင့် သားလေးယောက်ဖခင် ၂၂၈
(ဘခင်ကိုမလုပ်ကျွေးသောသားများ သေဒဏ်ပေးမှု)

၅၉။ ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏားတစ်ဦး ၂၃၈
(ပြဟ္မဏဟူသော အမည်ခေါ်ဆိုထိုက်မှု)

၆၀။ ဗုဒ္ဓဂေါတမနှင့် အရှင်သာရိပုတ္တရာ၏ဦးရီးပုဏ္ဏား ၂၃၉
(ပြဟ္မာပြည်ရောက်ကြောင်းခရီးစဉ်)

၆၁။ ဗုဒ္ဓဂေါတမနှင့် ရှင်သာရိပုတ္တရာ၏တူပုဏ္ဏား ၂၄၂
(မီးပူဇော်မှုနှင့် သီလသမာဓိရှိသူ ပူဇော်မှု)

၆၂။ ဗုဒ္ဓဂေါတမနှင့်ရှင်သာရိပုတ္တရာ၏အဖော်ပုဏ္ဏားကြီး ၂၄၄
(အရိယာပုဂ္ဂိုလ်၌လှူခြင်း၊ ရှိခိုးခြင်းသာ မြတ်ပုံ)

၆၃။ ဗုဒ္ဓဂေါတမနှင့် ဥစ္စာကြွယ်ဝသောပုဏ္ဏားတစ်ဦး ၂၄၇
(လူဦးရေနည်းပါးသွားရခြင်း၏အကြောင်းရင်း)

၆၄။ ဗုဒ္ဓဂေါတမနှင့် မထင်ရှားသောပုဏ္ဏားတစ်ဦး ၂၄၉
(ကိုယ်တိုင်သိမြင်ပြီး အခါမလင့်အကျိုးပေးသော တရားဟူသည်)

၆၅။ ဗုဒ္ဓဂေါတမနှင့် မထင်ရှားသောပုဏ္ဏားတစ်ဦး ၂၅၀
(မကောင်းမှုမှ အပပြုပြီးသောပုဂ္ဂိုလ်ဟူသည်)

၆၆။ ဗုဒ္ဓဂေါတမနှင့်ဝါသေဋ္ဌဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး ၂၅၃
(အမျိုးလေးပါးနှင့် မြင့်မြတ်မှုခွဲခြားခြင်း)

၆၇။ ဗုဒ္ဓဂေါတမနှင့်ဝါသေဋ္ဌ+ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး ၂၆၁
(အဘယ်သို့သောသူသည် ဗြဟ္မဏမည်ပါသလဲ)

၆၈။ ဗုဒ္ဓဂေါတမနှင့်ဝါသေဋ္ဌ+ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး ၂၇၀
(ဗြဟ္မာပြည်ရောက်စေသောနည်းလမ်းအကျင့်)

၆၉။ ဗုဒ္ဓဂေါတမနှင့် အဿလာယနပုဏ္ဏားလုလင် ၂၈၄
(အမျိုးလေးပါးတွင် ပုဏ္ဏားအမျိုးသာမြတ်သည် ဟူသော ပြဿနာ)

| | | |
|---|---|---|
| ၃၀။ | အရှင်သာရိပုတ္တရာနှင့် ဓနဉ္စာတနိပုဏ္ဏား (ငရဲနှင့်တိရစ္ဆာန်၊ တိရစ္ဆာန်နှင့် ပြိတ္တာ ဘယ်သူက ပိုမြတ်ပါသနည်း) | ၂၉၆ |
| ၃၁။ | အရှင်ဥဒေနမထေရ်နှင့် ဃောဋမုခပုဏ္ဏား (ပုဂ္ဂိုလ်လေးမျိုး ပရိသတ်-၂-မျိုးရှိပုံ) | ၃၀၂ |
| ၃၂။ | အရှင်မဟာကစ္စည်းနှင့်လောဟိစ္စပုဏ္ဏား (ဣန္ဒြေတို့၌ ထိန်းသိမ်းစောင့်ရှောက်သူ- မစောင့်ရှောက်သူ) | ၃၀၈ |
| ၃၃။ | ပြဟ္မဏာဝါဒ (ဟိန္ဒူဘာသာပြန်ဖြစ်ပေါ်လာခြင်း | ၃၁၄ |
| ၃၄။ | ပါဠိတော်များကို သက္ကတဘာသာစာပေ ပြောင်းခြင်း | ၃၁၅ |
| ၃၅။ | အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာကွဲ ပျောက်သွားရန် ဖြစ်ပေါ်လာမှုများ | ၃၁၈ |

# အမှာစာ

စာရေးသူ ဗုဒ္ဓဂေါတမနှင့် ပြဟ္မဏတို့၏ လောကဓမ္မ သဘာဝပြဿနာများ ဖြေရှင်းနည်း အပိုင်း(၁)ကို ရေးသားထုတ် ဝေခဲ့ပါပြီ။ ထိုအပိုင်းတွင် ဗုဒ္ဓဂေါတမခေတ်က အထက်တန်းစား မင်းက မြို့စား၊ ရွာစားပေးပြီး ချီးမြှောက်ထားခြင်းခံရပြီး တစ်ဘက် ကလည်း ဗေဒင်သုံးပုံ၌ တစ်ဘက်ကမ်းခတ် တတ်မြောက်ကြပြီး ပုဏ္ဏားတပည့်များကို ပညာသင်ပေးနေကြသော ဒိသာပါမောက္ခ အမည်ခံရနေကြသော ပုဏ္ဏားကြီးများနှင့် ဗုဒ္ဓဂေါတမတို့ တွေ့ဆုံ ကြပြီး လောကဓမ္မသဘာဝ ပြဿနာမေးမှု၊ ဝါဒပြိုင်မှု၊ ပြဿနာ ရှာမှုတို့ကို ဗုဒ္ဓဂေါတမက လောကဓမ္မနိယာမတရားနှင့် အညီ ဖြေရှင်းပေးခဲ့၍ အမှန်တရားရာကြပြီး အမှန်တရားကို ကျင့်ကြံ အားထုတ်ကြပြီး အေးချမ်းသော သန္တိသုခသို့လည်းကောင်း၊

လောကအလယ်၌ တင့်တယ်မြင့်မြတ်သော ဥပါသကာလူသား၊ သောတပတ္တိဖိုလ် ဆိုက်ရောက်သောအရိယာ လူသားများအဖြစ်သို့ ရောက်ကြပုံ အကြောင်းစုံကို ပိဋကတ်ပါဠိတော်လာ ကျမ်းစာအသီးသီးမှ ထုတ်နုတ်ရေးသစား တင်ပြခဲ့ပါသည်။

ယခုအပိုင်း (၂)တွင် သာမန်ထင်ရှားသော ပြဟ္မဏ(ပုဏ္ဏား)များ၊ လယ်သမား၊ သူကြွယ်ပုဏ္ဏားများနှင့် ဂေါတမဗုဒ္ဓတွေ့ဆုံမိကြပြီး သူတို့က ဗုဒ္ဓဂေါတမအပေါ် အထင်သေး၊ အမြင်သေးဆက်ဆံမှု၊ လောကလူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ သစ္စာ(အမှန်တရား)မေးမှု၊ ပြဟ္မာဖြစ်ရေးကျင့်စဉ်များမေးမှု၊ ဥစ္စာစီးပွားရှာမှုစသော လောကီလူမှုရေးရာ ပြဿနာများ ဘဝလွတ်မြောက်ရေး (လောကုတ္တရာ) ကျင့်စဉ်ပြဿနာများ မေးမှုတို့ကို ဗုဒ္ဓဂေါတမက လောကသဘာဝနိယာမတရားနှင့် အညီဖော်ထုတ် ဟောပြသည်တို့ကို ပိဋကတ်တော်လာ သုတ်တော်များကို ထုတ်နုတ်၍ တင်ပြထားခြင်း ဖြစ်ပါသည်။

ပြဟ္မဏနှင့် ဗုဒ္ဓဂေါတမတို့၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းမှု အစုစုတို့သည် လောကီလူ့ဘောင်နေ လူသားတို့အတွက် လိုက်နာကျင့်ကြံရမည့် လောကီအကျိုး ကျင့်စဉ်များပင်ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမ၏ ထိုလောကဓမ္မသဘာဝ ပြဿနာရှုထောင့်စုံမှ မေးကြမှု၊ ဖြေရှင်းမှုတို့သည် ပါဠိတော်အနေဖြင့်သာ

ရှိနေကြပြီး လူအများစုကလည်း ထိုပါဠိကဆိုသော သုတ္တန်တရား၊ အဘိဓမ္မာတရားတို့သည် တို့နှင့်မဆိုင် ဘုရားသားတော် ရဟန်း သံဃာများနှင့်သာ ဆိုင်သည်။ တို့အတွက် လေ့လာစရာ မှတ်သား စရာ၊ သင်စရာ ကျမ်းစာမဟုတ်ဟု ထင်မှတ်ခံယူ ထားကြပါသည်။

ထိုသုတ်, အဘိဓမ္မာတရားတို့ကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြသည်။ သင်ယူမှတ်သားကြမည်ဆိုသော် ဗုဒ္ဓဂေါတမ သည် လောကလူသားတို့အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး နိုင်ငံရေး၊ ကျန်းမာရေး စသည်များကို လက်ရှိလောကီလူသား ဘဝတွင် ကျင့်သုံးအားထုတ်ဆောင်ရွက်နိုင်ကြစေရန် ထုတ်ဖော် လမ်းညွှန်ထားခြင်း ဖြစ်ပါသည်။

ထိုမှတဆင့် ဘဝလွတ်မြောက်ရေး၊ ငြိမ်းအေးချမ်းသာ ရေး၊ ကျင့်စဉ်များကို တဆင့်တက်၍ ဟောကြားလမ်းညွှန်မှု ပြုခဲ့ ပါသည်။

ဂေါတမဗုဒ္ဓသည် ဝါဒ (ism) တစ်ခုကို တည်ဆောက် သွားသူမဟုတ်၊ လောကရှိလူ နတ် ဗြဟ္မာတို့အတွက် လိုက်နာကျင့် သုံး ဆောက်တည်ရမည့် လောကသဘာဝ ဓမ္မနိယာမတရားတို့ကို ထုတ်ဖော်ဟောကြား ပြသသော အလုံးစုံသိသူ (သဗ္ဗညု)ပုဂ္ဂိုလ် တစ်ပါးသာ ဖြစ်ပါသည်။

ထိုသဘာဝ ဓမ္မနိယာမတရားများကို ဖော်ထုတ်ပေးသော ဗုဒ္ဓဂေါတမ၏မေတ္တာ၊ ကရုဏာ၊ စေတနာ၊ သဒ္ဓါတရား၏စွမ်းအား

သည် အလွန်ပင် ကြည်ညိုဖွယ် လေးစားမြတ်နိုးဖွယ် ဖြစ်ပါသည်။ ဗုဒ္ဓဂေါတမကို လူ၊ နတ်၊ ပြဟ္မာတို့က မေးကြ၍ ဗုဒ္ဓဂေါတမက ဖြေရှင်းပေးလိုက်သောအခါ မေးသူလူ နတ် ပြဟ္မာအားလုံးတို့သည် အဘိက္ကန္တဝတ ဘောဂေါတ = အရှင်ဂေါတမ အရှင်၏တရား အရှင်၏အဖြေတို့သည် အလွန်နှစ်သက်ဖွယ်ပင် ရှိပါပေ၏။ ဖုံးထားသောတရားကို ဖွင့်လှစ်ပြသကဲ့သို့ ရှိပါ၏။ မှောက်ထားသောအိုးကို လှန်ပြသကဲ့သို့ ရှိ၏။ အမိုက်မှောင်၌ ဆီမီးထွန်းပြသကဲ့သို့ ရှိပါ၏ ဟူ၍ ကောင်းချီးပေးသွားကြပြီး ထိုဂေါတမဗုဒ္ဓပေးသော ကျင့်စဉ်နည်းလမ်းအတိုင်း ကျင့်သွားကြ၍ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ အသီးသီးရသွားကြပါသည်။

ယခုစာရေးသူသည် ဗုဒ္ဓဘာသာဝင် အပါအဝင် လူသားများအားလုံး ဗုဒ္ဓဂေါတမ၏ စစ်မှန်သော လောကသဘာဝ ဓမ္မကျင့်စဉ်အမှန်ကို ရရှိခံစားစေလိုသော စေတနာဆန္ဒအပြည့်အဝ ရှိနေ၍ ဝစီဖြင့်တိုက်ရိုက်ဟောသော ဓမ္မကထိက (တရားဟောဆရာ) မဟုတ်ဘဲ၊ စာဖြင့်တဆင့်ဟောသော (ဓမ္မကထိက) စာဟောဆရာအဖြစ် ဤစာအုပ်ကို ရေးသားပြုစု ထုတ်ဝေလိုက်ရပါသည်။

ဖတ်ခွင့်ရသူ၊ မှတ်ခွင့်ရသူ၊ ဖတ်, မှတ်မိ၍ လိုက်နာကျင့်ကြံနိုင်သူတို့အတွက် ပစ္စုပ္ပန်၊ တမလွန်အကျိုးများ ရရှိကြမည်ဆိုသော် စာရေးသူ၏ ကြိုးစားအားထုတ်ရကျိုး စာဟောဓမ္မကထိကလုပ်ရကျိုးနပ်သည်ဟု လက်ခံယုံကြည်ထားမိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြင့် ပြုစုစောင့်ရှောက်ပေးသော ဇနီးသည် ဒေါ်တင်အေးနှင့် ကူညီပံ့ပိုးဆောင်ရွက်ပေးသော သမီးဖြစ်သူ မခင်သူဇာ (B.A စီးပွားစီမံ) တို့အားလည်းကောင်း၊ စာအုပ်အား ရိုက်နှိပ်လှူဒါန်းပေးသော အလှူရှင်တို့အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)**

**(၂၃.၂.၂၀၁၀)**

**ဦးကိုကိုမြိုင်(တွဲဘက်ပါမောက္ခ)**

**အမှတ် စ/၅၅၊ သုနန္ဒာ (၃) လမ်း**

**စ – ရပ်ကွက် မ/ဥက္ကလာပ**

**ဖုန်း– ၀၁ – ၉၆၉၀၃၂၄ / ၀၉၄၂၁၀၀၆၈၇၈**

# ဗုဒ္ဓဂေါတမနှင့်ဝါဒသဘောထား

ယနေ့ကမ္ဘာ့လူသားတို့ လက်ခံထားကြသော ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ လေးရပ်တို့တွင် ဟိန္ဒူဘာသာတို့က ဤကမ္ဘာလောကနှင့် သက်ရှိသက်မဲ့ အရာအားလုံးကို ပြဟ္မာကြီးက ဖန်ဆင်းသည်ဟု လက်ခံယုံကြည်ကြသလို ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာတို့ကလည်း ထာဝရဘုရား ဖန်ဆင်းသည်ဟု လက်ခံထားကြသည်။ သူတို့သည် ဝါဒ (ism)တစ်ခုကို တည်ထောင်သောသဘော သက်ဝင်နေကြပါသည်။

ဂေါတမဗုဒ္ဓကမူ ဝါဒ (ism)တစ်ခုကို မတည်ထောင်၊ လောကအတွင်းရှိ သဘာဝနိယာမတရားတို့ကို အလုံးစုံသိပြီး မေးလျှောက်လာသောသူတို့ကို ဖြေရှင်းအဖြေထုတ်ပေးခဲ့သော ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်ပါသည်။ သူသည် လောကလူသားထဲမှ ထွက်ပေါ်လာသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ကျင့်နိုင်ခဲ့သော ထူးခြားသော အသိဉာဏ်ထူးရှိသောပုဂ္ဂိုလ်ထူး

တစ်ပါး ဖြစ်ခဲ့ပါသည်။ ဂေါတမဗုဒ္ဓကိုယ်တိုင်ကလည်း မိမိကိုယ်ကို မိမိ၊ မိမိသည်သဗ္ဗညုတဉာဏ်ရှင်ဖြစ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့သည်။

ထိုကြေငြာချက်ကြောင့် ဂေါတမဗုဒ္ဓ မပွင့်ထွန်းမပေါ်ပေါက်ခင်က ထင်ရှားကျော်ကြား လူတန်းစားအားလုံးအပေါ်၌ အပေါ်စီးကနေ ယူထားကြသော ဗြဟ္မဏပုဏ္ဏားတို့သည် ဂေါတမဗုဒ္ဓကို လာရောက်၍ပညာစမ်း ဝါဒပြိုင်ကြသည်။ ထိုဝါဒပြိုင်ဆိုင်လာသော ဗြဟ္မဏများကို ဂေါတမဗုဒ္ဓက လောကသဘာဝနိယာမတရားနှင့် အညီဖော်ထုတ် အဖြေပေးခဲ့သည်။ ဖြေရှင်းပြခဲ့သည်။ သို့အတွက် ဗြဟ္မဏဆရာကြီးတို့သည် အမြင်မှန်ရကြကာ ဗုဒ္ဓ၏အဆုံးအမကို ခံယူကြပြီး ကျွတ်တမ်းဝင်ခဲ့ကြသည်ကို တွေ့ရပါသည်။

ဂေါတမဗုဒ္ဓသည် ဤလောကနှင့် သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတို့ကို ဗြဟ္မာ၊ ထာဝရ စသည့်တို့က ဖန်ဆင်းသည်ဟူသော အယူဝါဒကို လက်မခံ။ မိမိသည် မိမိသိသောတရားတို့ကို လမ်းညွှန်ပြသူ အဖြစ်သာကြေငြာခဲ့သည်။ သို့အတွက် သတ္တဝါအားလုံးသည် -

ဓမ္မဒီပေါ = သဘာဝတရားကြီးကိုသာ ကျွန်းကြီးအလားမှီခိုအားထားရာ ဖြစ်သည်။

ဓမ္မသရဏော = သဘာဝတရားသဘောသည်သာ အားထားကိုးကွယ်ရာ ဖြစ်သည်။

အနညသရဏော = လောကသဘာဝ တရားမှတစ်ပါး အခြားကိုးကွယ်အားထားရာ မရှိ။

အတ္တာဟိအတ္တနောနာထော = မိမိဘဝ မိမိကြိုးစားအားထုတ်လုပ်ကိုင်၍ ကိုယ်တိုင်သာအားကိုးအားထားပြုရမည်။

ကောဟနာထော-ပရောသိယာ = အခြားမည်သည့်အရာကိုမျှအားထားကိုးကွယ်ရာ မရှိပါ။

ဟု ဟောကြားခဲ့သကဲ့သို့ ကာလာမမင်းသားတို့အား လမ်းညွှန်ဟောကြားရာ၌-

- တဆင့်စကားအားဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- ဤသို့ဖြစ်ဖူးသတတ်ဟူသော စကားမျှဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- ကြံဆတွေးတော ယူဆခြင်းဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- ကျမ်းဂန်စာပေ ညီညွတ်သည်ဟူ၍လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- နည်းမှီယူခြင်းမျှဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်
- အခြင်းအရာကို ကြံစည်ခြင်းဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- ငါတို့၏ အယူအဆနှင့် တူပေသည်ဟူ၍လည်း အမှန်ဟုအတည်မယူကြကုန်လင့်။

- ပုဂ္ဂိုလ်ကို ယုံကြည်လေးစားကာမျှဖြင့်လည်း အမှန်ဟု အတည်မယူကြကုန်လင့်။
- ငါတို့လေးစားသော ဆရာစကားဟူ၍လည်း အမှန်ဟု အတည်မယူကြကုန်လင့်။

ဤတရားတို့က အကုသိုလ်တို့တည်း အပြစ်ရှိသော တရားတို့တည်း။ ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း။

ဤတရားတို့ဖြင့် ပြည့်စုံအောင် ဆောက်တည်အပ်ကုန်သော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းဖြစ်၏ဟု ကိုယ်တိုင်သိသော အခါ ထိုတရားတို့ကို ပယ်စွန့်ကုန်ရာ၏။

ဤတရားတို့ကား ကုသိုလ်တရားတို့တည်း။ အပြစ်မရှိသောတရားတို့တည်း။ ပညာရှိတို့ချီးမွမ်းအပ်သောတရားတို့တည်း။

ဤတရားတို့ကို ပြည့်စုံအောင် ဆောက်တည်အပ်ကုန်သော် အစီးအပွား ဖြစ်ထွန်းခြင်း၊ ချမ်းသာခြင်းငှါ ဖြစ်၏ဟူ၍ သင်ကိုယ်တိုင်သိသောအခါ ထိုတရားတို့ကို လက်ခံကျင့်ဆောင်ရာ၏။

ဟု ဟောကြားလမ်းညွှန်ထားသည်ကို တွေ့ရ၍ ဂေါတမဗုဒ္ဓသည် တရားသေဝါဒနှင့် တယူသန်ဝါဒကို လက်ခံသူမဟုတ်ကြောင်း သိသာနိုင်သည်။ အရာရာကို ဝေဖန်ပိုင်းခြားမှု အကြောင်းအကျိုးဆက်စပ်မှုကို နှစ်သက်လက်ခံထားသော ဘုရားဖြစ်ပါသည်။

တရားသေဝါဒနှင့်တယူသန်ဝါဒဟူသည် သဘောသဘာဝချင်း မတူညီကြပါ။ တစ်ယူသန်ဝါဒမှာ ကြောင်းကျိုးဆက်စပ်မှု မရှိဘဲမိမိ၏ ဝါဒသာအမှန်ဟု ယူဆသောဝါဒ ဖြစ်ပါသည်။ ယင်း

ဝါဒတွင် မှားတတ်သည်လည်းရှိနိုင်သလို မှန်သည်လည်း ရှိနိုင်သည်။ တစ်ဘက်သတ်ဝါဒ တဇွတ်ထိုးဝါဒ ဖြစ်သည်။

မျက်မမြင် ပုဏ္ဏားကြီး (၆) ယောက်တို့၏ ဆင်ကြီးကို လက်နှင့်စမ်းသပ်ပြီး မိမိတို့တွေ့ရှိသည့်အတိုင်း ဆင်ကိုဝေါဟာရ ဖွင့်ကြသည်။

- ခြေထောက်ကိုစမ်းမိသူက ဆင်ဟူသည် တိုင်နှင့်တူသည်။
- အမြီးကိုစမ်းမိသူက ဆင်ဟူသည် ကြိုးနှင့်တူသည်။
- နားရွက်စမ်းမိသူက ဆင်ဟူသည် ယပ်တောင်နှင့်တူသည်
- ကိုယ်လုံးကြီးကို စမ်းမိသူက ဆင်ဟူသည် နံရံကြီးနှင့် တူသည်။
- နှာမောင်းစမ်းမိသူက ဆင်ဟူသည် မြွေနှင့်တူသည်။

ဤဥပမာအတိုင်းပင် ကျယ်ကျယ်ပြန့်ပြန့် ထောင့်ပေါင်းစုံ စမ်းသပ်မှုမရှိဘဲ မိမိ၏အာရုံငါးပါး အမြင်အထင်မျှဖြင့် ဤကမ္ဘာလောကကြီးကို မှန်းဆ၍ သုံးသပ်ဆုံးဖြတ်ကာ တင်ပြသော အယူဝါဒ အဆိုအမိန့်တို့ကို တစ်ယူသန်ဝါဒဟု ဆိုရပါမည်။

အချို့သော အယူဝါဒတို့သည် ကြောင်းကျိုးဆက်စပ်မှု ဒဏ်ကိုမခံနိုင်ကြ၍ တစ်ယူသန်ဝါဒ သံသရာလည်နေကြရသည်။

တရားသေဝါဒများသည် တစ်ယူသန်ဝါဒနှင့် အတော်ပင် နီးနီးစပ်စပ် တူညီပါသည်။ တရားသေဝါဒကို စာအုပ်ကြီးဝါဒဟု ဆိုကြသည်။ ကာလ, ဒေသ, ပယောဂ, ဝေနေယျ သမာ(ပရိသတ်စရိုက် အလိုက်ခွဲခြမ်းစိတ်ဖြာ၍ မကြည့်ရှု မသုံးသပ်ဘဲ စာအုပ်ထဲပါသည့်အတိုင်း တစ်ဘက်စွန်းကျင့်ကြံသောဝါဒမျိုးဖြစ်သည်ဟု ဆိုရပါမည်။

စာအုပ်ကြီးဝါဒသည် မှန်သည်ရှိသလို မှားသည်လည်း ရှိတတ်ပါသည်။ သို့သော် အမှား-အမှန်ကို ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်နိုင်သော အသိဉာဏ်မရှိသူအဖို့ ကြောက်စရာကောင်းသော ဝါဒတစ်ရပ် ဖြစ်လာပါသည်။

ကိုးကွယ်မှုဘာသာရပ်များသည် ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ စာအုပ်ကြီးအတိုင်း ဇွတ်ယုံကြည်ခိုင်းလေ့ရှိသည်။ ဝေဖန်ဆန်းစစ်မှုကို အားပေးလေ့မရှိပါ။ ဘာကြောင့် ဘယ်အချိန်က ဘယ်နည်း၊ ဘယ်ပုံ၊ ဘာဖြစ်လာပါသနည်း စသော အကြောင်းအကျိုး ဆက်သပ်ပေးသော မေးခွန်းကို အမေးမခံ မေးလာသူကို အမေးမခံ၊ မေးလာသူ စိစစ်ဝေဖန်လာသူတို့ကိုလည်း အလွန်ရှုတ်ချလေ့ရှိပါသည်။ မိမိတို့ဘုရားနှင့်ပတ်သက်၍ ဆန်းစစ်မှုကို လက်မခံလိုကြ။ ဂေါတမဗုဒ္ဓက ထိုသို့မဟုတ် ကြိုက်သလို ဝေဖန်ခွင့်ပေးထားသည်။

- အနန္တတန်ခိုးရှင်ဟူသည် ထာဝရဘုရားသခင် ဗြဟ္မာဟူသည် အဘယ်နည်း။
- မည်သို့သော ကြိုးစားအားထုတ်မှုကြောင့် အနန္တတန်ခိုးများ ရရှိနေပါသနည်း။
- ထိုဗြဟ္မာ ဘုရားရှင်တို့ ဗြဟ္မာဖြစ်အောင် ထာဝရဘုရားဖြစ်အောင် ကျင့်ကြံခဲ့ရသော ကျင့်စဉ်များက မည်သို့ရှိခဲ့ပါသနည်း။
- ထိုဗြဟ္မာ၊ ဘုရားရှင်တို့ ဗြဟ္မာထာဝရား ဖြစ်ရန်မည်သို့သော ပုဂ္ဂိုလ်များထံ ဆုပန်ခဲ့ကြသနည်း။

- ယခုကဲ့သို့ ဗြဟ္မာဖြစ်ကြောင်း ထဝရတရားသခင်အဖြစ်
သို့ ရောက်အောင် မည်သို့သော ပါရမီများကို ဘဝ
ပေါင်းမည်မျှ ကြာအောင် ကျင့်ကြံဖြည့်ခဲ့ပါသနည်း။

စသော ဗြဟ္မာ၊ ထာဝရဘုရားသခင်၏ အကြောင်းစုံသည်ရှိသော် ရှိနေရပါမည်။ ဂေါတမဗုဒ္ဓတွင် ထိုကဲ့သို့သော မေးခွန်းအစုံ၏ အကြောင်းစုံ၊ အထောက်အထား အချက်အလက်များ အပြည့်အစုံရှိနေရပါသည်။

ဗြဟ္မာ၊ ဘုရားသခင်ဟူသည် အနန္တတန်ခိုးရှင်သာ ဖြစ်သဖြင့် လူသားတစ်ဦးကဲ့သို့သာ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြုလုပ်, ပြောဆို, ကျင့်ကြံဆောင်မှု မရှိပါ။ ထိုသို့ပြုလုပ်နေစရာ မလိုပါ။ ပြောဆိုနေမှုသည် ကြောင်းကျိုးဆက်စပ် ဆီလျော်မှုမရှိသော အဖြေသာဖြစ်ပါသည်။

ဂေါတမဗုဒ္ဓမှတစ်ပါး အခြားဝါဒရှင်ဘုရားတို့သည် အနန္တတန်ခိုးဟူသည် ကြီးမားသောစွမ်းအားရှိလှသဖြင့် ဤစွမ်းအားကို မည်သို့ရခဲ့ပါသနည်း ဟူသော စူးစမ်းမှုဟူသမျှကို ပယ်ချကြလေ့ရှိသည်။ ဖြစ်နိုင်၊ မဖြစ်နိုင်သည်ကို ချင့်ချိန်နိုင်းဆရန် အခွင့်အရေး ပေးလေ့မရှိကြပါ။ စာအုပ်ထဲပါသည့်အတိုင်း တရားသေလိုက်နာရမည်ဟူ၍သာ အဖန်တလဲလဲ ဟောပြောပြနေသည်။

ဂေါတမဗုဒ္ဓ၏ သမိုင်းစဉ်ပါရမီ ဖြည့်စဉ်၊ ကျင့်စဉ်၊ အနန္တတန်ခိုးများရအောင် ပြုလုပ်နည်းစနစ်သည် အတိအကျ သတ်မှတ်ချက်ရှိသလို တိကျစွာလည်း ဝေဖန်ဆန်းစစ် ပြထားပါသည်။ သူပြောပြ၊ ဟောပြ၊ လမ်းညွှန်ပြထားသည့်အတိုင်း ကျင့်ကြံအားထုတ်မည်ဆိုက မုချပရမတ် ဆတ်ဆတ်အနန္တတန်ခိုးရှင် ဘုရား

ဖြစ်မည်ဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ကြွေးကြော်ထားခဲ့ပါသည်။

ယနေ့သိပ္ပံ ပညာရှင်တို့က အရာရာဖြစ်ပေါ်မှု အားလုံးကို သိပ္ပံနည်းကျမေးခွန်းထုတ် စဉ်းစားဆုံးဖြတ်ကြလေ့ရှိရာ ဂေါတမဗုဒ္ဓ၏ လောကသဘာဝ ပြဿနာများကို ထိုခေတ်ကထင်ရှားကျော်ကြားသော ပြဟ္မဏတို့က မေးမြန်းစုံစမ်းရာ၌ ဗုဒ္ဓဂေါတမက သိပ္ပံနည်းကျ သဘာဝနိယာမနည်းကျကျ ဖော်ထုတ်ဟောပြထားသည်မှာ ယနေ့ခေတ်သိပ္ပံပညာရှင်တို့၏ စူးစမ်းမေးမြန်းပြီး ခွဲခြမ်းစိတ်ဖြာသောသဘာဝနှင့်ထပ်တူထပ်မျှရှိနေသည်ကိုတွေ့ကြရပါမည်။

မည်သည့်အရာဝတ္ထုမဆို၊ အကြောင်းနှင့်အကျိုးသည် ပူးတွဲလာစမြဲ ဖြစ်သည်။ အကြောင်းမရှိဘဲ အကျိုးဖြစ်ပေါ်လာသည် ဟူ၍မရှိပေ။ ရှိလည်းမရှိကောင်းပါ။

သက်ရှိသက်မဲ့အားလုံးသည် အကြောင်းတရား တစ်ပါးပါးကိုအစွဲပြု၍ အကျိုးဖြစ်ပေါ်လာသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

ဤသို့သော ဝါဒမျိုးကိုသာ ဂေါတမဗုဒ္ဓက လက်ခံသလို ယနေ့သိပ္ပံပညရှင်တို့ကလည်း လက်ခံယုံကြည်ထားကြပါသည်။ နှစ်သက်မြတ်နိုးလာကြပါသည်။

အနန္တတန်ခိုးရှိသော ဘုရားသခင်ဆိုသည်မှာ လောကတွင် အကြီးကျယ်ဆုံး အရေးပါဆုံး၊ အမြတ်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် သက်ရှိသက်မဲ့ (၂) မျိုးတို့တွင် သက်ရှိသာ ဖြစ်သင့်သည်။ သက်ရှိဟူသည် သက်ရှိသဘာဝအတိုင်း လှုပ်ရှားမှု၊ ရှင်သန်မှု၊ ကြီးထွားမှု၊ ပြန့်ပွားမှု၊ ဖြစ်မှု၊ ပျက်မှု တည်ရှိမှုတို့ ပေါ်လွင်စေရမည်သာ ဖြစ်ပါသည်။

သက်ရှိဟူသည် အသက်ဓာတ်၊ အသိဓာတ် ရှိရပါမည်။ အသက်ဓာတ်၊ အသိဓာတ်တို့ တည်ရှိရန် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာသည်လည်း အခြားသတ္တဝါတို့ထက် ထူးခြားမြင့်မြတ် တင့်တယ်လှပသောသဘော ရှိနေရပါမည်။

ထိုသို့ အဆင့်မြင့်သော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို ပိုင်ဆိုင်သူသည်သာလျှင် တစ်လောကလုံးက အားထားကိုးကွယ် ယုံကြည်လေးစားပူဇော်ရမည်ဖြစ်သော ဘုရားသခင် ဖြစ်ထိုက်ပါသည်။

ဤသည်မှာ ကြောင်းကျိုးဆက်စပ်မှုရှိသော ဘုရားသခင်ပုံတော်ဖြစ်သည်။ ထိုသို့မြင့်မြတ်သော ဘုရားသခင်အဖြစ်သို့ ရောက်ရန်မှာလည်း ကြောင်းကျိုးဆက်စပ်မှု ရှိရသည်သာ ဖြစ်ပါသည်။ မည်သည့်နည်းနှင့်မျှ အလိုအလျောက် ဘုရားသခင်အဖြစ်သို့ ရောက်ရှိလာနိုင်မည် မဟုတ်ပါ။ ဘုရားသခင်အဖြစ်ကို မဆိုထားဘိ။ သာမန်အဖြစ်အပျက်ကလေးတစ်ခု ဖြစ်လာရန်ကိုပင် အကြောင်းအကျိုး စုံလင်စွာဖန်တီးလာမှသာ ဖြစ်ရမြဲဖြစ်ပါသည်။

ယနေ့သိပ္ပံပညာရှင်တို့သည် ဗုဒ္ဓခေတ်က ပြဟ္မဏတို့ကဲ့သို့ပင် ဂေါတမဗုဒ္ဓကို လေ့လာဆန်းစစ်လာကြသည်။ ဂေါတမဗုဒ္ဓတရားသည် ကြောင်းကျိုးဆက်စပ်မှု ခိုင်လုံသည်ဟု တစ်စတစ်စ လက်ခံလာကြသည်။ လေ့လာလိုက်စားလာကြသည်။

ဘုရားသခင်ဟူသည် တစ်လောကလုံးက ကိုးကွယ်ယုံကြည်ရမည့် ပုဂ္ဂိုလ်ဖြစ်၍ ရုပ်နာမ်ခန္ဓာ ပြည့်စုံရပါမည်။ ထိုရုပ်နာမ်ခန္ဓာသည်လည်း ဘဝများစွာကောင်းမှု ပါရမီမျိုးစေ့တို့ကို ဆုတောင်းပြီး ကောင်းမှုများဖြင့် ဖြည့်ကျင့်ခဲ့ရသူဖြစ်၍ ယခုကဲ့သို့သော နောက်ဆုံးဘဝတွင် ထူးခြားသော အသပ္ပါယ်ဆုံးနှင့် ဉာဏ်

စွမ်းအား အထူးချွန်ဆုံး လောကတစ်ခွင်တွင် သိစရာအားလုံး မှန်သမျှကိုသိသူ(သဗ္ဗညုတ)ဖြစ်လာရပါမည်။ သို့မှသာ လောကရှိ လူ,နတ်, ဗြဟ္မာတို့ သိလိုရေးနှင့်မေးလျှောက်ချက် ပြဿနာများကို ယထာဘူတကျကျ ဖော်ထုတ်ဖြေရှင်းပေးနိုင်မည့် ဘုရားရှင် ဖြစ်လာပါမည်။

ဘုရားသခင်ဟူသည် သတ္တဝါအားလုံးအပေါ်၌ ကျော သားရင်သား မခွဲခြားဘဲ မိမိကိုကိုးကွယ်အားထားသူများရော အားမထားသူရောကို မေတ္တာ၊ စေတနာ မှန်ကန်မျှတစွာ ထားနိုင် ရမည်။ လိုသူကိုချီးမြှောက်၍ မလိုသူကိုဒဏ်ခတ်သူမျိုးသည် မဟာကရုဏာရှင် ဘုရားသခင်တို့၏ အလုပ်မျိုးမဟုတ်ပါပေ။

ဘုရားသခင်ဟူသည် သတ္တဝါတို့၏ ကာယိကဒုက္ခ၊ စေတသိကဒုက္ခကင်းဝေးချုပ်ငြိမ်းစေရန် လမ်းညွှန်နိုင်သူ ဖြစ်ရ မည့်အပြင် ဘဝဆင်းရဲချုပ်ငြိမ်းရာကို လမ်းပြနိုင်သူ ဖြစ်ရပါမည်။

ဂေါတမဗုဒ္ဓသည် မိမိ၏ပြဿနာဖြေရှင်းချက်များကို မိမိ ၏ ဝါဒဟူ၍ မထုတ်ဖော်၊ မဟောခဲ့ပါ။ လောကသဘာဝနိယာမ ပြဿနာ၏ အဖြေအဖြစ်သာ ဖော်ထုတ်ဟောညွှန်ပြခဲ့ပါသည်။

လောကတွင် အမှန်ရှိနေသော ရုပ်သဘာဝ၊ နာမ်သဘာဝ တို့ကို လက္ခဏာများအတိုင်း တိကျမှန်ကန်စွာ ထုတ်ဖော်ဟောပြ ထားသော တရားများသာ ဖြစ်ပါသည်။

လောကတွင် အမှန်ရှိနေသော ရုပ်နာမ်သဘာဝနှင့် အလုပ် (ကမ္မ)နှင့် အလုပ်လုပ်မှု၏အကျိုး(ကမ္မဝိပါကာ) သဘာဝ အမှန်ကို လက်ခံယုံကြည်ကြစေရန်သာ ဟောပြောပြသည်။ သဘာဝအရ မှန်ကန်စွာ တည်ရှိနေသော လောကဓမ္မသဘာဝ

တို့ကို ဖော်ထုတ်လမ်းညွှန်သူသာ ဖြစ်ပါသည်။ သီးသန့်တီထွင်ပေး ထားသော ဝါဒရှင်မဟုတ်ပါ။

ဂေါတမဗုဒ္ဓ၏ ဝါဒသည် သဘာဝဓမ္မဖြစ်သဖြင့် သဘာဝဓမ္မတို့ကို ထုံးစံအတိုင်း လူတိုင်းလူတိုင်း မိမိတို့ကိုယ်တိုင် လက်တွေ့ကျကျ လေ့လာအားထုတ်ရပါမည်။

- ဤအချက်ကပင် ဂေါတမဗုဒ္ဓဝါဒ (ဘာသာ) သည် သဘာဝဓမ္မကို လေ့လာသောဝါဒ (ဘာသာ)
- ဖောက်ပြန်မှုမရှိသော (ပရမတ္ထသစ္စာ) သဘာဝဓမ္မတို့ကို အမှန်အကန် တင်ပြထားသောဝါဒ (ဘာသာ)
- သတ္တဝါတိုင်း သံသရာကျင်လည်ရာ၌ နည်းမှန်လမ်းမှန် ကျင့်နည်းမှန်ကို ကျင့်သုံးနိုင်ရန် ညွှန်ပြထားသောဝါဒ (ဘာသာ) ဟု ဆိုရပါမည်။

ရုပ်နာမ်အဖြစ်မှန်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးတို့ ပေါင်းစပ်ပြုပြင်မှုကြောင့် ဖြစ်ပေါ်နေသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖန်တီး၍ဖြစ်ပေါ်လာသည် မဟုတ်ကြောင်း အမှန်အတိုင်းသိပြီး စကြာဝဠာတစ်ခုလုံး၏ ကိုးကွယ်အားထားရာ အစစ်အမှန်သည် ဖန်ဆင်းရှင်မဟုတ် လောကဓမ္မ သဘာဝတရားများသာ ဖြစ်ကြောင်း ကြောင်းကျိုးဆက်သွယ်မှုတရားဖြင့် သိလာကြမည်၊ ထိုသို့ သိလာ၍ ကျင့်ကြံအားထုတ်သော အခါ လွတ်မြောက်ရေး ဘဝငြိမ်းချမ်းရေး ဘဝချုပ်ငြိမ်းရေး အစစ်အမှန်ကို ရရှိနိုင်ပေမည်။

ဤသည်မှာ ဂေါတမဗုဒ္ဓ၏ စစ်မှန်သော အဖြစ်မှန်၊ အမြင်မှန်ပင် ဖြစ်ပါတော့သည်။

# ဗုဒ္ဓဝေါဟာရမနှင့်ဝင်္ကီသ ပုဏ္ဏားလုလင်
# (လူသေရောက်ရာအရပ်ကို သိသောမန္တာန်တတ်မှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်၊ ရာဇဂြိုဟ်ပြည်၌ ဝင်္ကီသအမည်ရှိသော ပုဏ္ဏားလုလင်သည် ဆရာထံ၌ ဗေဒင်သုံးပုံကို ဆရာကကျေနပ်နှစ်သက်သည့်အထိ သင်ယူပြီးနောက်"ဆဝသီသမန္တန်" အမည်ရှိသော မန္တန်ကိုသင်ယူခဲ့ပြီး -သေလွန်သောသူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ --

"ဤဦးခေါင်းခွံသည် ငရဲ၌ဖြစ်သည်၊ ဤဦးခေါင်းခွံသည် တိရစ္ဆာန်၌ဖြစ်သည်၊ ဤဦးခေါင်းခွံသည် ပြိတ္တာဘုံ၌ဖြစ်သည်၊ ဤဦးခေါင်းခွံသည် လူပြည်၌ဖြစ်သည်"
ဟူ၍ ပိုင်းခြားတိတိသိမြင်နိုင် ပြောနိုင်လေသည်။

ပုဏ္ဏားတို့သည် ဝင်္ကီသပုဏ္ဏားလုလင်ကိုအမှီပြု၍-

"လူအပေါင်း၏ စုပေါင်းဖွေရှာ ဥစ္စာပစ္စည်းကို အနည်းနည်း၊ အသွယ်သွယ် အံ့ဖွယ်ဖေါ်ပြ အဖိုးအခဖြင့် လှည့်ဖြားစားသုံးခြင်းငှါ တတ်ကောင်း၏"
ကြံစည်ကုန်၍ ဝင်္ကီသ လုလင်ကို နီမြန်းသောဝတ်ရုံကို ဝတ်စေ၍ ဇနပုဒ်အသီးသီးသို့ လှည့်လည်သွားကာ-

"ဝင်္ကီသ အမည်ရှိသော ဤပုဏ္ဏားလုလင်သည် သေလွန်ပြီးသော လူတို့၏ ဦးခေါင်းခွံကို တီးခေါက်၍ လားရာဂတိကို သေချာစွာ ပြောပြနိုင်၏၊ မိမိဆွေမျိုးတို့၏ လားရာဂတိကို သိလိုသူတို့သည် လာရောက်မေးနိုင်ကြသည်"
ဟုကြွေကြော်ပြောဆိုကြသည်။

လူတို့သည် အသပြာတစ်ဆယ်, နှစ်ဆယ်ပေး၍ မေးကြကုန်သည်၊ ဝင်္ကီသအမျိုးရှိသော ပုဏ္ဏားတို့သည် ဤသို့လှည့်လည်၍ငွေရှာလာရာ ခရီးစဉ်အတိုင်း သာဝတ္ထိမြို့သို့ ရောက်လာကြသည်။

ဇေတဝန်ကျောင်းအနီး တစ်နေရာ၌ နေရာယူပြီးနေထိုင်ကြသည်၊ ပုဏ္ဏားတို့သည် နံနက်စာစားပြီးသော် ပန်းနံ့သာတို့ကို လက်စွဲလျက် ဇေတဝန်ကျောင်းသို့သွားနေကြသော လူတို့ကိုမြင်လျှင်-

"ဤလူအများတို့သည် အဘယ်သို့ သွားကြကုန်ဘိသနည်း"

ဟုမေးသည်။

"မြတ်စွာဘုရားကျောင်းသို့ တရားနာခြင်းငှါ သွားကြပါမည်"

"ထိုကျောင်းသို့သွား၍ မည်သို့အကျိုးရှိမည်နည်း၊ ငါတို့၏ ဝင်္ကီသပုဏ္ဏားနှင့်တူသောသူမည်သည်မရှိ၊ သေလွန်ပြီးသောလူတို့၏ဦးခေါင်းခွံကို တီးခေါက်၍ လားရာဂတိကို သိပေသည်၊ သေလွန်ပြီးသော ဆွေမျိုးတို့၏ လားရောက်ရာကို သိလိုသူတို့သည် လာရောက်မေးမြန်းကြပါကုန်လော့"

ဟုပြောဆိုကြသည်။

"အသင်တို့. . . ဝင်္ကီသသည် ခေါင်းခွံအဘယ်မျှလောက်သိနိုင်လေသနည်း၊ ငါတို့၏ဆရာဖြစ်သော ဗုဒ္ဓနှင့်တူသောပုဂ္ဂိုလ်မည်သည် လောက၌ မရှိ"

"ဤလောက၌ ဝက္ကီသလုလင်နှင့်တူသောပုဂ္ဂိုလ်မည်သည်မရှိ"
ဟု ပုဏ္ဏားတို့က မောက်မာဝင့်ကြွားစွာ ပြောဆိုရာမှ အငြင်းအခုံဖြစ်ကြသည်။

"ယခုလိုက်ခဲ့ပါ။ အသင်တို့ဝက္ကီသနှင့် ငါတို့ဗုဒ္ဓ မည်သူက အထူးဝိသေသရှိသည်ကို သိကြရကုန်လတံ့"
ဟု ပုဏ္ဏားတို့ကို ဗုဒ္ဓထံလိုက်ရန်ခေါ်သည်၊ ပုဏ္ဏားတို့ကလည်း လိုက်ရန် သဘောတူကြသဖြင့် ဝက္ကီသအပါအဝင်ပုဏ္ဏားတို့ကို ခေါ်ကာ ဗုဒ္ဓထံသို့ လာခဲ့ကြသည်။

ဗုဒ္ဓသည် ထိုသူတို့၏လာသောအဖြစ်ကို သိ၍ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ နတ်ဘုံ၊ လူဘုံသို့ရောက်ကြကုန်သော လူဦးခေါင်းခွံလေးခုနှင့် ရဟန္တာ၏ဦးခေါင်းခွံကို ယူထားစေပြီး အစဉ်အတိုင်းထားသည်။

ဝက္ကီသတို့အဖွဲ့ရောက်လာသောအခါ
"အချင်းဝက္ကီသ. . . သင်သည်ဦးခေါင်းခွံကို တီးခေါက်၍ သေလွန်သောသူတို့၏ လားရာဂတိကို သိရှိနိုင်ပါသလော"
ဟုမေးသည်။

"အရှင်ဂေါတမ. . . သိနိုင်ပါ၏"

"ဤဦးခေါင်းခွံသည် အဘယ်ဘုံ၌ရောက်သူ၏ ဦးခေါင်းခွံနည်း"
ဟုဗုဒ္ဓက ဦးခေါင်းခွံတစ်ခုကိုပြသည်။

"အရှင်ဂေါတမ. . . ငရဲဘုံ၌ ရောက်သူ၏ ဦးခေါင်းခွံပါတည်း"

"ဝက္ကလိ... ဟုတ်မှန်ပေ၏၊ ကောင်းလှပေ၏"
ဟုဗုဒ္ဓက ကောင်းချီးပေးတော်မူသည်။

ထို့နောက် ဗုဒ္ဓက ကျန်ဦးခေါင်းခွံများကို တစ်ခုစီဆက်လက်မေးရာ ဝက္ကလိသလုလင်သည် ဟုတ်တိုင်းမှန်စွာ ဖြေဆိုနိုင် ၍ ဗုဒ္ဓက ကောင်းချီးပေး၍ ငါးခုမြောက် ရဟန္တာ၏ဦးခေါင်းကို ဆက်လက်မေးတော်မူသည်။

ဝက္ကလိသသည် ရဟန္တာ၏ ဦးခေါင်းခွံကို တီးခေါက်ကြည့်ရာ လားရာဂတိကို မသိနိုင်ရှိလေသည်။

"အချင်းဝက္ကလိ... အသို့နည်း၊ မသိနိုင်တော့ပြီလော"

"အရှင်ဂေါတမ... မသိနိုင်တော့ပါ"

"ဝက္ကလိ... ငါဘုရားကား သိနိုင်ပါ၏"

"အရှင်ဂေါတမ... ဤမန္တန်ကို ကျွန်ုပ်အားသင်ကြားပေးသနားတော်မူပါလော"
ဟု ဝက္ကလိက တောင်းပန်လျှောက်ထားသည်။

"ဝက္ကလိ... ရဟန်းမပြုလုပ်သောသူအား ဤမန္တန်ကို ပေးခြင်းငှါ မတတ်ကောင်းပါ"
ဟုဗုဒ္ဓက မိန့်ကြားသောအခါ--

"ဤမန္တန်ကို ငါသင်ယူအပ်သည်ရှိသော် အလုံးစုံသော ဇမ္ဗူဒိပ်၌ ငါသည်အလုံးစုံသောသူတို့ထက် လွန်ကျူးသောအကြီးအမှူးဖြစ်လတံ့"
ဟုကြံစည်၍ အပေါင်းအဖော်ဖြစ်သော ပုဏ္ဏားတို့အားသွား၍-

"အသင်တို့သည် ဤတည်းခိုနေရာအရပ်၌သာလျှင် နှစ်ရက်၊သုံးပတ်လုံးဆိုင်းငံ့နေကြပါဦး၊ငါသည် ရဟန်းဂေါတမထံ၌

ရဟန်းပြု၍ မန္တန်သင်ဦးအံ့”
ဟုပြောဆို၍ အဖော်ပုဏ္ဏားတို့ကို တည်းခိုရာနေရာသို့ ပြန်လွှတ်လိုက်လေသည်။

ထို့နောက် ဝင်္ကီသပုဏ္ဏားလုလင်သည် ဗုဒ္ဓထံ၌ ရဟန်းပြုပြီးလျှင် ဗုဒ္ဓက ဝင်္ကီသရဟန်းအား သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပေး၍-

“ဤမန္တန်ကို ပရိကမ်ကို သရဇ္ဈာယ်လေလော့”
ဟုမိန့်ကြားတော်မူသည်။

ဝင်္ကီသသည် ထိုဒွတ္တိံသကာရ ကမ္မဋ္ဌာန်းကိုစီးဖြန်းလျက်နေသည်၊ ထိုအချိန်ကာလအတွင်းဝယ် အဖော်ပုဏ္ဏားများကလာရောက်ကြပြီး-

“အသင်သည် မန္တန်ကိုသင်ပြီးပြီလော”
ဟုလာမေးကြသည်။

“အသင်တို့ . . ခေတ္တဆိုင်းငံ့ကြပါဦးလော”
ဟုပြောဆို ဟန့်တား၍ နှစ်ရက် သုံးရက်နေ့ရောက်လျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အဖော်ပုဏ္ဏားတို့သည် ဝင်္ကီသမထေရ်ထံ လာရောက် ၍ အခြေအနေလာမေးကြပြန်သည်။

“ငါ့ရှင် ပုဏ္ဏားတို့ . . ယခုအခါ၌ ငါသည်ရဟန်းဘောင်မှခွါရောင်ရန်မသင့်တော့ချေ၊ သင်တို့သည် ငါ့ရှာဖွေပေးထားသောအသပြာတို့ကို ယူ၍မိမိတို့ ဒေသသို့ပြန်ကြပါလော့”
ဟုမိန့်ကြားကာ ပြန်ရန်စေလွှတ်လေသည်။

ဝင်္ကီသမထေရ်က အဖေါ်ဖြစ်သော ပုဏ္ဏားတို့အားပြော ကြားသော စကားကိုကြားရသော ရဟန်းတို့သည် ဗုဒ္ဓထံသို့သွား ကြကာ-

"မြတ်စွာဘုရား. . . ဤဝင်္ကီသမထေရ်သည် မဟုတ် မမှန် ပြောဆိုသဖြင့် အရဟတ္တဖိုလ်ကို ကြားပါသည်ဘုရား" ဟုလျှောက်ထားကြသည်။

"ချစ်သား-ရဟန်းတို့. . . ဤသို့မပြောဆိုကုန်လင့် ယခု အခါ၌ ငါဘုရား၏သားတော်ဖြစ်သော ဝင်္ကီသသည် စုတိ ပဋိသန္ဓေနေခြင်းကိုလည်းကောင်း၊ ပိုင်းခြားထင်ထင်သိမြင်နိုင်၏၊ တဏှာဖြင့် မကပ်ငြိသော ကောင်းစွာသွားတတ်သော သစ္စာ လေးပါးကို သိမြင်တတ်သော ပုဂ္ဂိုလ်ကို-ဗြဟ္မဏ-ဟူ၍ ငါဘုရား ဟော၏၊

"အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်တို့သည်လည်း ကောင်း၊ လူတို့သည်လည်းကောင်း၊ မသိနိုင်ကြကုန်၊ အာသဝေါ ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့ကို ဗြဟ္မဏ-ဟူ၍ ငါဘုရားဟော ကြားတော်မူ၏"

(ဓမ္မပဒ-ဗြဟ္မဏဝဂ်-ဝင်္ကီသဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် ပုဏ္ဏားအိုကြီးများ
## (ရှေးခေတ်ပုဏ္ဏားတို့၏ ကျင့်စဉ်များ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

တစ်နေ့တွင် ကြီးရင့်အိုပြီး ရှေးမှီကြသော များစွာသော ကောသလတိုင်းသား ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓထံသို့ချဉ်းကပ်လာပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး နေရာတစ်ခု၌ ထိုင်ကြသည်။

"အရှင်ဂေါတမ. . . ယခုခေတ်ပုဏ္ဏားတို့၌ ရှေးခေတ်ပုဏ္ဏားတို့၏ ဗြဟ္မဏကျင့်စဉ်တရားများ တွေ့မြင်ကြရပါကုန်၏လော"

"ပုဏ္ဏားတို့. . . ယခုခေတ်ပုဏ္ဏားတို့၌ ရှေးခေတ် ပုဏ္ဏားတို့၏ကျင့်စဉ်တို့ကို တွေ့မြင်ရပါကုန်၏"

"အရှင်ဂေါတမ. . . တောင်းပန်ပါ၏၊ ဝန်မလေးပါမူ၊ ရှေးခေတ်ပုဏ္ဏားတို့၏ကျင့်စဉ်တရားကို ကျွန်ုပ်တို့အား ပြောဟောကြားပေးတော်မူပါ"

"ပုဏ္ဏားတို့. . . ထိုသို့ဆိုက ကောင်းစွာနှလုံးသွင်း၍ နာကြကုန်လော့"

"ကောင်းပါပြီ. . . အရှင်ဂေါတမ"

"ပုဏ္ဏားတို့. . . ရှေး၌ဖြစ်သော ပုဏ္ဏားတို့သည် ကောင်းစွာ စောင့်စည်းသောစိတ် ရှိကုန်၏၊ ဣန္ဒြိယသံဝရသီလ

နှင့်ပြည့်စုံ၏၊ ကာမဂုဏ်ငါးပါးတို့ကို စွန့်ကြ၍ မိမိကိုယ်ကိုမိမိ အကျိုးကို ကျင့်ကြကုန်၏၊

-ရှေးခေတ်ပုဏ္ဏားတို့အား နွား၊ မြင်း စသည်မရှိကုန် ၊ ရွှေ ငွေ ဥစ္စာ၊ စပါး မရှိကြကုန်၊ ဗေဒင်ကို သရဇ္ဈာယ်ခြင်း ဟူသော ဥစ္စာသာရှိကုန်၏၊ မေတ္တာစသော မြတ်သောရွှေအိုးကို စောင့်ရှောက်ကုန်၏၊

ပုဏ္ဏားတို့အား ရည်ညွှန်း၍ စီရင်အပ်သော ဒွါရဘတ် (အလှူခံပုဂ္ဂိုလ်တို့ လာလောင်းလှူရန် အိမ်တံခါးဝ၌ အသင့်ထားသောထမင်း) ကိုထိုပုဏ္ဏားတို့အတွက် ထည့်ထားအပ်ပြီး၊သဒ္ဓါ၍ စီရင်အပ်သော ထိုတံခါးပေါက်ဘတ်ကို ရှာမှီးသောပုဂ္ဂိုလ်တို့အား ပေးလှူရမည်-ဟု အလှူဒါယကာတို့က သိမှတ်ထားကြသည်။

-ဆိုးရေအမျိုးမျိုးတို့ဖြင့် မွှေးသောအဝတ်ပုဆိုးကို-အိပ်ရာ နေရာနေအိမ်တို့ဖြင့် စည်ပင်ဝပြောကုန်သော ဇနပုဒ်သူ-နိုင်ငံသား နိုင်ငံသူတို့သည် ထိုပုဏ္ဏားတို့ကို ရှိခိုးကုန်၏၊

-ထိုရှိခိုးထိုက်သော ပုဏ္ဏားတို့သည် တရားစောင့်သူတို့ ဖြစ်ကုန်ရကား လူတို့က မသတ်ထိုက်သူတို့လည်းဖြစ်ကုန်၏၊ နှိပ်စက်၍ အနိုင်မယူထိုက်သူတို့လည်း ဖြစ်ကုန်၏၊ အိမ်တံခါးဝ ရောက်လာက အခွင့်ခပ်သိမ်း မည်သူကမျှ ထိုပုဏ္ဏားတို့ကို မတားမြစ်ကြပေ။

-ထိုပုဏ္ဏားတို့သည် (၄၈)နှစ်တို့ ပတ်လုံး မေထုန်ရှောင်ကြဉ်ခဲ့မှု၊ ကောမာရဗြဟ္မစရိယ အကျင့်ကို ကျင့်ကုန်၏၊

-ရှေးခေတ်ပုဏ္ဏားတို့သည် ဗေဒင်သရဇ္ဈာယ်မှု(ဝိဇ္ဇာ)နှင့် သီလစောင့်ထိန်းမှု(စရဏ) ရှာမှီးသောအကျင့်ကို ကျင့်ကြကုန်၏

-ထိုပုဏ္ဏားတို့သည် မင်းစသော တစ်စုံတစ်ယောက်ထံ သို့မျှ မကပ်ကုန်၊မယားကိုလည်း မဝယ်ယူကုန်၊ အချင်းချင်းမြတ်နိုးသဖြင့်သာလျှင် ပေါင်းဖော်နေကြကုန်လျက် အညီအမျှ နှစ်သက်နေကြကုန်ပါ၏၊

-ရှေးပုဏ္ဏားတို့သည် ဥတုလာပြီးစ သွားလာထိုက်သော အခါမှတစ်ပါးသောအခါ၌ ဥတုမှကင်းသော မယားကိုဥတုနှစ်ခုတို့အကြား၌ မေထုန်အလို့ငှါ မကပ်ရောက်ကြကုန်၊

-အကျင့်မြတ်ကိုလည်းကောင်း၊ သီလကိုလည်းကောင်း၊ ဖြောင့်မတ်ခြင်းကိုလည်းကောင်း၊ နူးညံ့သိမ်မွေ့ခြင်းကိုလည်းကောင်း၊ ဣန္ဒြေစောင့်စည်းခြင်းကိုလည်းကောင်း၊ ကောင်းသောအကျင့်၌မွေ့လျော်ခြင်းကိုလည်းကောင်း၊ မပုတ်ခတ်၊မညှင်းဆဲခြင်းကိုလည်းကောင်း၊ သည်းခံခြင်းကိုလည်းကောင်း ချီးမွမ်းကုန်၏၊

-ပုဏ္ဏားတို့တွင် အကြင်ပုဏ္ဏားသည် ဗြဟ္မာကဲ့သို့ မြင့်မြတ်သူဖြစ်၏၊ မြဲမြံသောဝီရိယရှိ၏၊ ထိုပုဏ္ဏားတို့သည် မေထုန်အကျင့်၌ အိမ်မက်၌သော်မျှလည်း မရောက်စဘူး၊

-ဤလောက၌ လိမ္မာသောသဘောရှိကုန်သော အချို့သော သူတို့သည် ထိုမြတ်သောပုဏ္ဏားကျင့်ဝတ်ကို အတုလိုက်၍ ကျင့်ကြကုန်လျက် အကျင့်မြတ်ကိုလည်းကောင်း၊ သီလကိုလည်းကောင်း၊ သည်းခံခြင်းကိုလည်းကောင်း ချီးမွမ်းကုန်၏၊

-ဆန်ကိုလည်းကောင်း၊ အိပ်ရာနေရာကိုလည်းကောင်း၊ အဝတ်ကိုလည်းကောင်း၊ ထောပတ်နှင့်ဆီကိုလည်းကောင်း၊ တရားသဖြင့် တောင်းခံစုရုံးပြီးလျှင် ထိုအစုအပုံမှ ယဇ်ပူဇော်ခြင်းကို ပြုကြကုန်၏၊

## သုတေသနစာကြည့်တိုက်

[illegible] 

ကမ္ဘာအေး၊ရန်ကုန်

-ယဇ်ပူဇော်ရန်အချိန်ကျရောက်လတ်သော် -ထိုပုဏ္ဏားတို့သည် နွားကိုမသတ်ကုန်၊နွားမတို့၌ ဘေးဖြစ်ကုန်သော နွားတို့သည် အမိအဖညီအစ်ကို-ဆွေမျိုးတို့ကဲ့သို့ ငါတို့၏မြတ်သော အဆွေခင်ပွန်းနှင့် တူကုန်၏၊

-ထိုနွားမတို့သည် ငါတို့အား ထမင်းကိုပေးကုန်၏၊ခွန်အားကိုပေးကုန်၏၊အဆင်းကိုပေးကုန်၏၊ ချမ်းသာကိုပေးကုန်၏ ဤသို့သောအကျိုးထူးကို သိကုန်၍ ထိုပုဏ္ဏားတို့သည် နွားတို့ ကို မသတ်ကုန်၊

-ပုဏ္ဏားတို့သည် နူးညံ့သိမ်မွေ့ကုန်၏၊ ကြီးသောကိုယ်ရှိကုန်၏၊ ရုပ်အဆင်းလှကုန်၏၊ အခြံအရံများကုန်၏၊ မိမိဥစ္စာ၊ ကိုယ်ကျင့်တရားတို့ဖြင့် ပြုထိုက်သောကိစ္စ-မပြုထိုက်သောကိစ္စတို့၌ ကြောင့်ကြစိုက်ကုန်၏၊

လောက၌ ဆိုအပ်ပြီးသော အကျင့်ကို ပုဏ္ဏားတို့လိုက်နာကျင့်သုံးနေသမျှ ကာလပတ်လုံး ဤသတ္တဝါအပေါင်းသည် ချမ်းသာကြီးပွားခြင်းသို့ ရောက်နိုင်၏၊

-ထိုပုဏ္ဏားတို့အား အနည်းငယ် ကာမဂုဏ်ကြောင့်ဖြစ်သော အနည်းငယ်ချမ်းသာကိုမြင်၍ ဖေါက်ပြန်သောအသိဉာဏ်ဖြစ်၏၊ မင်း၏စည်းစိမ်ကိုလည်းကောင်း၊ ကောင်းစွာတန်ဆာဆင်အပ်သော မိန်းမကိုလည်းကောင်း၊ အာဇာနည်မြင်း က,သော ကောင်းစွာပြုသောဆန်းကြယ်စွာချုပ်အပ်ကုန်သော ရထားတို့သည်လည်းကောင်း၊ ဝေဖန်အပ်သောအဖို့အစုအားဖြင့် နှိုင်းယှဉ်အပ်ကုန်သော အိပ်ရာ၊ နေရာတို့ကို လည်းကောင်း၊ အိမ်ကိုလည်းကောင်း၊ မြင်ရ၍ဖေါက်ပြန်သော အသိဉာဏ်ဖြစ်၏၊

၂၉၆၁၉

-ပုဏ္ဏားတို့သည် နွားအပေါင်းတို့ဖြင့် ရောပြွန်းသော မိန်းမမြတ်အပေါင်းနှင့် ပြည့်စုံသောပြန့်ပြောများပြားသော လူ၏စည်းစိမ်ကို တောင့်တကြံစည်ကုန်၏၊

ထိုအခါပုဏ္ဏားတို့သည် ထိုစည်းစိမ်ဟူသော အကြောင်းကြောင့် ဗေဒင်ကျမ်းတို့ကို ဖွဲ့နွဲ့စီကုံးကြပြီးလျှင်-

မင်းကြီး. . . အသင် မင်းကြီးအား ဥစ္စာများရန် ယဇ်ပူဇော်ပါလော့၊ ဤသို့ယဇ်ပူဇော်သည်ရှိသော် အကြင်မင်းကြီး အားနောင်အခါ ဥစ္စာစပါး ပေါများလတ့်"

ဟုပြောဆိုကာ ဩက္ကာက မင်းထံသို့ ချဉ်းကပ်ကြကုန်၏၊

ထိုအခါ ရထားစီး-မင်းအာဏာတို့ထက်မြတ်သော ဥက္ကာကမင်းသည် ထိုပုဏ္ဏားတို့ တိုက်တွန်းအပ်သည်ဖြစ်ရကား-

-မြင်းတို့ကိုသတ်၍ ယဇ်ပူဇော်မှုကို-ပုရိသမေဓယဇ်၊

-ထမ်းပိုးကျည်ကိုပစ်၍ ထိုထမ်းပိုးကျည်းကျရာ၌ ယဇ်မြေပြင်ပြုလျက် ပူဇော်မှုကိုသမ္မာပါသယာဇ်

-ထောပတ်ဃနာများ၊ သကာတို့ကို ဆောင်ရာဖြစ်သော ဝါဇပေယျယာဇ်

-တံခါးရွက်တို့ကိုဖွင့်လှစ်၍ ပူဇော်မှုရမှု-နိရဂ္ဂဠယဇ်ဟူသောယာဇ်တို့ကို ပူဇော်၍ ပုဏ္ဏားတို့အား ဥစ္စာကိုပေး၏၊

နွား၊ အိပ်ရာ၊ နေရာ၊ အဝတ် ကောင်းစွာတန်ဆာဆင်အပ်သောမိန်းမ၊ အာဇာနည်မြင်း က,သော ကောင်းမွန်ဆန်းကြယ်စွာ ပြုထားသော ရထားတို့ကို ပေး၏၊

-အဖို့အစုအားဖြင့် ကောင်းစွာဝေဖန်အပ်သော မွေ့လျော်ဘွယ်ရာအိမ်တို့ကို အထူးထူးသော ဥစ္စာ၊ စပါးဖြင့် ပြည့်စေ၍ ပုဏ္ဏားတို့အားပေး၏၊

-ထိုပုဏ္ဏားတို့သည် ထိုယာဇ်ဒ္ဒဥစ္စာကို ရကုန်၍ သို့မိုးမှုကိုလိုလားနှစ်သက်ကြကုန်၏၊ အလိုဆိုးဖြင့်စိတ်သက်ဝင်ကုန် သောထိုပုဏ္ဏားတို့အား အလွန့်အလွန် တဏှာပွားများတော့၏ ထိုသို့တဏှာပွားများခြင်းကြောင့် ထိုပုဏ္ဏားတို့သည် ဗေဒင်ကျမ်း တို့ကိုဖွဲ့နွဲ့သီကုံး၍ ဩက္ကာက မင်းထံသို့ တစ်ဖန်ချဉ်းကပ်ကုန်၏၊

"မင်းမြတ်. . . ရေ-မြေသည် လည်းကောင်း၊ ရွှေ၊ ငွေဥစ္စာစည်းစိမ်သည်လည်းကောင်း၊ မုယောစသော ကောက်ပဲသီးနှံသည်လည်းကောင်း၊ သတ္တဝါတို့၏ အသုံးအဆောင် ဖြစ်သကဲ့သို့ဤအတူနွားတို့သည် လူတို့အသုံးအဆောင်ဖြစ်ကုန်၏၊ သင်မင်းကြီးအား စည်းစိမ်ဥစ္စာများရန် ယာဇ်ပူဇော်ပါလော့"

ထိုအခါ ဥက္ကာကမင်းသည် ပုဏ္ဏားတို့၏ တိုက်တွန်းအပ်သည်ဖြစ်ရကား အရာအထောင်မက များကုန်သော နွားတို့ကိုယဇ်ပူဇော်ရာ၌ သတ်လေသည်။

-နွားမတို့သည် သိုးနှင့်တူကုန်သည်ဖြစ်၍ ခြေဖြင့်လည်းမကန်ကျောက်တတ်ကုန်၊ ဦးချိုဖြင့်လည်းမဝှေ့တတ်ကုန်၊ တစ်စုံတစ်ခုမျှဖြင့်လည်း မနှိပ်စက်တတ်ကုန်၊ ငြိမ်းအေးစွာနေမှု၌ မွေ့လျော်ကုန်သော အိုးဖြင့်နို့ညှစ်ခံကုန်သော ထိုနွားမတို့ကို ဦးချိုတို့၌ ကိုင်လျက် ဩက္ကာကမင်းသည် ဓားဖြင့်သတ်၏၊

ထို့နောက် နတ်တို့သည်လည်းကောင်း၊ ဗြဟ္မာတို့သည်လည်းကောင်း၊ အသုရာရက္ခိုက်တို့သည်လည်းကောင်း၊ နွားတို့ကိုဓားဖြင့် သတ်ခြင်းသည် မတရားမှု-ဟုပြောဆိုလျက် ဖယ်ခွါသွားကြကုန်၏၊

-ရှေးအခါက လိုချင်ခြင်း၊ ဆာလောင်ခြင်း၊ အိုမင်းခြင်း၊ ဟူသောအနာရောဂါ သုံးမျိုးတို့ဖြင့်သာ ဖြစ်ကုန်၏၊ ယျှသော်ကား နွားတို့ကို သတ်ဖြတ်နှိပ်စက်ခြင်းကြောင့် အနာမျိုး(၉၈)ပါးတို့ ဖြစ်ပေါ်လာကြကုန်၏၊

-ရှေးဥက္ကာမင်းလက်ထက်က ဖြစ်သော ဤမတရားအကျင့်သည် ဒဏ်သုံးပါးတို့တွင် တစ်ပါးပါးသောဒဏ်သို့ သက်ဝင်လျက်ရှိ၏၊ ယဇ်ပူဇော်သူတို့သည် မပြစ်မှားထိုက်သော နွားတို့ကို သတ်ကုန်ကြရကား တရားမှဆုတ်ယုတ်ရွေ့လျော့ကုန်၏၊

-ဤသို့ရှေး၌ဖြစ်သော ဤအယုတ်တရားကို ပညာရှိကို ကဲ့ရဲ့ထိုက်၏၊ ဤသို့သဘောရှိသော ယဇ်ပူဇော်သူကို တွေ့မြင်ရာအရပ်၌ လူအပေါင်းသည် ကဲ့ရဲ့၏၊

-ဤသို့ပုဏ္ဏားတို့ တရားပျက်စီးလတ်သော် သူဆင်းရဲမျိုးတို့သည်လည်းကောင်း၊ ကုန်သည်မျိုးတို့သည်လည်းကောင်း၊ ပျက်စီးကုန်၏၊ များစွာသော မင်းမျိုးတို့သည်လည်း ပျက်စီးကုန်၏၊ မယားတို့သည်လည်း လင်ကိုမထေမဲ့မြင် ပြုကုန်၏၊

-မင်းတို့သည်လည်းကောင်း၊ ဗြဟ္မာအမည်ခံပုဏ္ဏားတို့သည်လည်းကောင်း၊ အနွယ်ကိုစောင့်ကုန်သော တစ်ပါးကုန်သောသူတို့သည်လည်းကောင်း၊ ဇာတ်ဝါဒစွဲကင်းသည်ကို ပြု၍ ကာမဂုဏ်အလိုသို့ လိုက်ကြကုန်၏၊

ဟူ၍ ဗုဒ္ဓကဟောပြတော်မူရာ ပုဏ္ဏားအိုသူဌေးကြီးတို့သည် ဗုဒ္ဓတရား၌ အလွန်နှစ်သက်သည်ဖြစ်၍ ရတနာသုံးပါး၌ ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူကြလေတော့သည်။

(သုတ္တနိပါတ၊ စူဠဝဂ်၊ ဗြာဟ္မဏဓမ္မိကသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဗာဝရီပုဏ္ဏား တပည့်များ
# (ဗုဒ္ဓ၏လက္ခဏာကို သွားရောက်စစ်ဆေးမှု)

-ဗေဒကျမ်းတို့၌ တစ်ဘက်ကမ်းခတ်တတ်မြောက်သော ဗာဝရီပုဏ္ဏားကြီးသည် ကြောင့်ကြမှုမရှိသည်ကိုလိုလားသဖြင့် သာဝတ္ထိပြည်မှ ဒက္ခိဏာပထတိုင်းသို့ သွားသည်။

အဿကတိုင်း အဠကတိုင်းတို့၏ အလယ်ဗဟိုအရပ် ဂေါဓာဝရဖြစ် အလယ်ကျွန်း၌ ဆွမ်းခံခြင်းဖြင့်လည်းကောင်း၊ သစ်သီးသစ်မြစ်ဖြင့်လည်းကောင်း မျှတနေသည်။

-ထိုကျွန်းကို အမှီပြု၍ ပြန့်ပြောကြီးကျယ်သောရွာကြီး ဖြစ်လာပြီး ထိုရွာကြီးမှ ထွက်သောအခွန်အထုပ်ဖြင့် အလှူကြီးကို လှူဒါန်းပြုလုပ်လေသည်။

-ဗာဝရီပုဏ္ဏားကြီးသည် အလှူပေးပြီးနောက် မိမိကျောင်းသင်ခန်းသို့ ပြန်ဝင်သွားပြီးနောက် သွားချေထူ၊ ခေါင်းအလိမ်လိမ်ကပ်ပြီး ခြေထောက်ချင်း တိုက်ခိုက်သွားတတ်သော-ဝတ်မွတ်သူပုဏ္ဏားတစ်ယောက်သည် ရောက်လာပြီး အသပြာငါးရာလာတောင်းသည်။

ထိုပုဏ္ဏားကို ဗာဝရီပုဏ္ဏားကြီးက ကောင်းမွန်စွာနေရာဖြင့် ဖိတ်ကြားပြီး ကျန်းမာ၊ ချမ်းသာရှိရဲ့လား ဟုနှုတ်ဆက်၍ နေရာပေးသည်။

"အဆွေပုဏ္ဏား. . . ကျွန်ုပ်သည် ပေးလှူဘွယ်အားလုံးကို စွန့်လွှတ်ပေးလှူပြီးပြီ၊ ကျွန်ုပ်မှာ အသပြာငါးရာမရှိတော့ပါ၊ ခွင့်လွှတ်တော်မူပါ"

"ကျွန်ုပ် တောင်းခံနေပါလျက် အရှင်သည် အကယ်၍ မပေးငြားအံ့၊ ခုနှစ်ရက်မြောက်သောနေ့၌ အရှင်၏ဦးခေါင်းသည် ခုနှစ်စိတ်ကွဲပါစေ"
ဟုပုဏ္ဏားက ဗာဝရီကို အံ့ဘွယ်သရဲ ကြောက်မက်ဖွယ်ရာကိုပြု၍ ကျိန်ဆဲရေရွတ်ပြီး သွားလေသည်။

ဗာဝရီပုဏ္ဏားသည် စိုးရိမ်စိတ်ဝင်နေသဖြင့် အစာအာဟာရကို မစားနိုင် မသောက်နိုင်ဖြစ်ပြီး အသားအရေခြောက်ခမ်းလာသည်ပြင် ဝင်စားနေကျ ဈာန်သမာပတ်၌ပင် မမွေ့လျော်နိုင်ဖြစ်နေရသည်။

ထိုအခါ ဗာဝရီပုဏ္ဏား၏ အကျိုးကို လိုလားသောနတ်တစ်ပါးသည် စိုးရိမ်ထိတ်လန့်နေသော ဗာဝရီပုဏ္ဏားကိုမြင်၍-

"ထိုပုဏ္ဏားသည် ဥစ္စာကိုအလိုရှိသဖြင့် အံ့ဘွယ်သရဲပြုတတ်သူဖြစ်၏၊ ဦးခေါင်း၌လည်းကောင်း၊ ဦးခေါင်းပြုတ်ကျမှု၌လည်းကောင်း သိနိုင်သောဉာဏ်ရှိသူ မဟုတ်ပါ။

"အရှင်နတ်မင်း . . . ဦးခေါင်းကိုလည်းကောင်း၊ ဦးခေါင်းပြုတ်ကျမှုကိုလည်းကောင်း၊ အကယ်၍ သိမူ-သင်သည် ကျွန်ုပ်ကို ပြောကြားပြပါ၊ ကျွန်ုပ်သည် သင့်၏စကားကို နားထောင်ပါမည်"

"ပုဏ္ဏားကြီး. . . ဤအရာ၌ ငါအား သိသောအသိဉာဏ် မရှိပါ၊ ထိုအကြောင်းကို ဗုဒ္ဓထံသို့သွားမှသာ သိနိုင်မည်ထင်ပါသည်"

"အရှင်နတ်မင်း. . . ဤသို့ဆိုလျှင် ဤအရာကိုသိနိုင်သောသူကို ညွှန်ကြားပေးပါ"

"ပုဏ္ဏားကြီး. . . ဩက္ကာကရာဇ်မင်း၏ အဆက်အနွယ် သာကီဝင်မင်းသား သိဒ္ဓတ္ထသည် တောထွက်တရားကျင့်၍ လောက၏ အကြီးအကဲ ဗုဒ္ဓဖြစ်တော်မူသည်၊ ထိုဗုဒ္ဓသည် အလုံးစုံသောတရားတို့၏အပြီးအဆုံးသို့ ရောက်၏၊ အလုံးစုံသောတရားတို့၌ မြတ်သော ဉာဏ်မျက်စိရှိတော်မူ၏၊ ကံအားလုံးကုန်ခြင်းသို့ရောက်၍ နိဗ္ဗာန်ကို အာရုံပြုသောစိတ်ရှိ၏၊ ထိုဘုရားသည် ပညာအလင်းရောင် ပညာမျက်စိနှင့်ပြည့်စုံ၍ သင့်အား ထိုအရာကို ဖြေကြားပေးနိုင်မည် ထင်ပါသည်။

ဗာဝရီပုဏ္ဏားသည် ဘုရားဟူသော စကားကိုကြား၍ အလွန်ပင် ဝမ်းမြောက်တက်ကြွသောစိတ်ရှိသည်ဖြစ်၍ ပူဆွေးစိုးရိမ်စိတ်သည်လည်း အနည်းငယ်ပါးသွားပြီး နှစ်သက်သော ပီတိများစွာ ဖြစ်ပေါ်လေသည်။

ထို့နောက်ပုဏ္ဏားကြီးက ထိုနတ်ကို ဗုဒ္ဓဘယ်မှာသီတင်းသုံးနေထိုင်သနည်း ဟုမေး၍ နတ်မင်းက ကောသလမင်းနေပြည်တော်၊ သာဝတ္ထိပြည်၌ သီတင်းသုံးနေကြောင်းပြောပြသည်။

ထို့နောက်ဗာဝရီပုဏ္ဏားကြီးသည် ဗေဒင်ကျမ်းဂန်ကို တစ်ဘက်ကမ်းခတ် တတ်မြောက်နေကြသော တပည့်ပုဏ္ဏားတို့ကိုခေါ်ယူကာ-

"လောက၌ဗုဒ္ဓ၏ ထင်ရှားပွင့်ခြင်းသည် အလွန်ရခဲလှ၏၊ ဘုရားဟူ၍ ကျော်စောသော ဗုဒ္ဓသည် လောက၌ ယခုပွင့်တော်မူပြီး အခြေနှစ်ချောင်းရှိ သတ္တဝါတို့ထက်မြတ်သော ထိုဗုဒ္ဓကို သွားရောက် ဖူးမြော်ကြကုန်လော့"

ဟုပြောကြားသည်။

"ဆရာ. . . ကျွန်ုပ်တို့သည် ထိုဗုဒ္ဓကို မြင်သည်ရှိသော် အဘယ်သို့သောနည်းဖြင့် ဗုဒ္ဓအဖြစ်ကို သိရပါမည်နည်း"

"တပည့်တို့. . . ဝေဒကျမ်းတို့၌ မဟာပုရိသလက္ခဏာတော်(၃၂)ပါးပါရှိသည်။ ထိုသည်ကိုသင်တို့အား ငါပို့ချသင်ပေးပြီးဖြစ်၏၊

ထိုပုရိသလက္ခဏာ (၃၂)ပါး ရှိသောသူသည် စကြာဝတေးမင်းသော် လည်းကောင်း၊ ဘုရားသော် လည်းကောင်း ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြစ်ရပါမည်၊ သုံးမျိုးဖြစ်ရသည် မရှိပါ။

သင်တို့သည် ထိုဗုဒ္ဓဆိုသူကို တွေ့မြင်ပါက ငါ၏အသက်အရွယ်၊ အမျိုးအနွယ်လက္ခဏာနှင့် ဗေဒင်ကျမ်းကိုလည်းကောင်း သင်ကြားထားအပ်သော ငါ့တပည့်တို့ကိုလည်းကောင်း၊ထို့ပြင် ဦးခေါင်းနှင့် ဦးခေါင်းပြုတ်ကျမှုကိုလည်းကောင်း၊ ဤအမေး(၇) ခုတို့ကို စိတ်ဖြင့်သာလျှင် မေးကြကုန်လော့"

အကယ်၍ အပိတ်အပင်မရှိဘဲ မြင်နိုင်စွမ်းသော မြတ်ဗုဒ္ဓဖြစ်ခဲ့မူ စိတ်ဖြင့်ပေးအပ်သော ပြဿနာကို နှုတ်ဖြင့်ဖြေကြားတော်မူလိမ့်မည်"

"ဆရာဖြစ်သော ဗာဝရီပုဏ္ဏားကြီးက ဤသို့ပြောကြားသောအခါ ဂိုဏ်းအသီးသီးရှိပြီး၊ လောကအားလုံး၏ ထင်ရှားကျော်စောကုန်သော ဈာန်ရကြသဖြင့် ဈာန်ဝင်စားမှု၌ မွေ့လျော်ကုန်ကာ ပညာရှိကုန်သော၊ ရှေးဝါသနာ(သမ္မာဆန္ဒ)ဖြင့် ထုံအပ်သော ဆံကျစ်ထုံး၍ သစ်နက်ရေတို့ကို ဆောင်ကုန်သော တပည့်ကြီး(၁၆)ယောက်တို့သည် ဗာဝရီဆရာပုဏ္ဏားကို ရှိခိုးကြပြီး မြောက်အရပ်ရှိ သာဝတ္ထိသို့ ရည်မှန်းခရီးထွက်ခဲ့ကြသည်။

ထိုပုဏ္ဏားတပည့်(၁၆)ယောက်တို့သည် အာဟိသာတိမြို့၊ ဥဇ္ဇေနီပြည်၊ ပေါနဒ္ဓမြို့၊ ဝေဒိသမြို့၊ ဝနသမြို့၊ ကောသမ္ဗိမြို့၊ သာကေတမြို့နှင့် သာဝတ္ထိမြို့၊ သေတဗျမြို့၊ ကပိလဝတ္ထုမြို့၊ ကုသိနာရုံမြို့၊ ပါဝါမြို့၊ ဘောဂနရမြို့၊ ဝေသာလီမြို့များကို အသီးသီးဖြတ်ကျော်ခဲ့ပြီး ရာဇဂြိုဟ်မြို့သို့ ဝင်ရောက်ခဲ့ကြလေသည်။

-ရေငတ်သောသူသည် အေးမြသော ရေကိုရသကဲ့သို့လည်းကောင်း၊ ကုန်သွယ်သူများစွာသော သူများသည် များစွာသော လာဘ်ကိုရသကဲ့သို့လည်းကောင်း၊ နွေရာသီအပူအနှိပ်စက်သောသူသည် အရိပ်ကိုရသကဲ့သို့လည်းကောင်း၊ ပုဏ္ဏားလုလင်တို့သည် ဗုဒ္ဓရှိရာ ပါသာဏကနတ်ကျွန်းရှိရာ တောင်ထိပ်သို့ အဆောတလျင်တက်ကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် ရဟန်းအပေါင်းခြံရံလျက် ရဟန်းတို့အား တရားဟောနေသည်။ ပုဏ္ဏားလုလင်တို့၏ အကြီးအကဲဖြစ်သော အဇိတ ပုဏ္ဏားလုလင်သည် နေမင်း၊ လမင်းကို မြင်ရသကဲ့သို့ အရာမကသောရောင်ခြည် ရှိသောဗုဒ္ဓကို ဖူးမြင်ရသောအခါ အလွန်ရွှင်လန်းဝမ်းမြောက်သော စိတ်ဖြစ်ပေါ်ခံစားရပြီး ဗုဒ္ဓ၏ မဟာပုရိသလက္ခဏာတော်ကို ရပ်လျက်လေ့လာအကဲခတ်သည်။

ဗုဒ္ဓ၏ မဟာပုရိသ လက္ခဏာပြည့်စုံသည်ကို မြင်တွေ့ရသောအခါ ရပ်လျက်ပင်စိတ်ဖြင့်--

-ဗာဝရီပုဏ္ဏား၏ အရွယ်ကို ဟောတော်မူပါလော၊

-လက္ခဏာအင်္ဂါနှင့်တကွအနွယ်ကို ဟောတော်မူပါလော့၊

-ဝေဒကျမ်း၌ တစ်ဘက်ကမ်းရောက်နေသည်ကို ဟော
တော်မူပါလော့၊
-ဗာဝရီပုဏ္ဏားကြီးသည် အဘယ်မျှသော တပည့်
အပေါင်းကို ပို့ချနေပါသနည်း၊

ဟုမေးလျှောက်သည်။

ဗုဒ္ဓသည် အဇိတ၏စိတ်ဖြင့် အမေးကိုသိ၍ချက်ချင်းပင်-

"အဇိတ. . . ပုဏ္ဏား၏အသက်သည် (၁၂၀)ရှိ၏၊ အနွယ်အားဖြင့် ဗာဝရီဖြစ်၏၊ ထိုပုဏ္ဏား၏ ကိုယ်၌လက္ခဏာတော်(၃)ပါးရှိ၏၊ ဝေဒကျမ်းတို့၌ တစ်ဘက်ကမ်းရောက်တတ်မြောက်၏၊ အဘိဓာန်(နိဃဏ္ဍု)ကျမ်း၊ အလင်္ကာ(ကေဋုဘ)ကျမ်းနှင့်တကွသော လက္ခဏာကျမ်း၊ ဣတိဟာသကျမ်းတို့ကို တပည့်ငါးရာတို့အား သင်ကြားပို့ချ၏"

ဟုဖြေဆိုတော်မူသည်။

"မြတ်စွာဘုရား. . . ဗာဝရီပုဏ္ဏား၏အင်္ဂါတို့ကို အကျယ်စိစစ်၍ ထင်ရှားစွာ ပြတော်မူပါဘုရား"

"လုလင်. . . ဗာဝရီ ပုဏ္ဏားသည် လျှာဖြင့်မျက်နှာကိုဖုံးအုပ်နိုင်၏၊ မျက်မှောင်အကြား၌ ဥဏ္ဏာလုံမွေးရှင် ပေါက်၏၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသအင်္ဂါရှိ၏"

တစ်စုံတစ်ရာ အမေးပုစ္ဆာကို တစ်စုံတစ်ရာမကြားရဘဲနှင့် ပြဿနာကို ဖြေကြားပေးသော ဗုဒ္ဓ၏အဖြေကိုကြားရသော ပုဏ္ဏားလုလင်အားလုံးသည် ဝမ်းမြောက်ဝမ်းသာ ရှိကြ၍ လက်အုပ်ချီကြပြီး-

"စိတ်ဖြင့်မေးအပ်သောပြဿနာတို့ကို အဘယ်သူမေးသနည်း၊ နတ်သည်ပင်မေးသလော၊ ပြဟ္မာသည်ပင် မေးသလော၊ သိကြားမင်းသည်ပင် မေးသလော၊ ဗုဒ္ဓသည် ဤအဖြေကို အဘယ်သူအား ရည်ညွှန်း၍ ဖြေကြားပါသနည်း"
ဟု ကြံစည်မိကြလေသည်။

"မြတ်စွာဘုရား. . . ဗာဝရီပုဏ္ဏားသည် ဦးခေါင်းကိုလည်းကောင်း၊ ဦးခေါင်းပြုတ်ကျမှုကိုလည်းကောင်း၊ မေးလိုက်ပါ၏၊ အရှင်ဘုရားဖြေကြားပေး၍ ကျွန်ုပ်တို့၏ယုံမှားမှုကို ပယ်ဖျောက်ပေးတော်မူခဲ့ပါလော"

"အဇိတ. . . အမှန်မသိမှု အဝိဇ္ဇာသည် ဦးခေါင်းမည်၏၊ ယုံကြည်မှု(သဒ္ဓါ)၊ အောက်မေ့မှု(သတိ)၊ တည်ကြည်မှု သမာဓိ)တို့နှင့်လည်းကောင်း၊ ကုသိုလ်အလိုရှိမှု(ဆန္ဒ)၊ အားထုတ်မှု (ဝိရိယ)နှင့်လည်းကောင်း၊ ယှဉ်သော(အရဟတ္တမဂ်)ဝိဇ္ဇာသည် ဦးခေါင်းကို ဖြုတ်ချသောတရားမည်၏" ဟူ၍ သင်မှတ်သားပါလော။

ထိုသို့ပြောကြားသောအခါမှ အဇိတ လုလင်သည် အလွန်နှစ်သက် ဝမ်းမြောက်မှုဖြင့် တက်ကြွသောကိုယ်စိတ်ရှိကာ ပုခုံးတစ်ဘက်၌ သစ်နက်ရေကိုတင်ကာ ဗုဒ္ဓ၏ခြေတော်ရင်း၌ ဦးခိုက်လေသည်။

"မြတ်စွာဘုရား. . . တပည့်တော်နှင့်တကွသော ဗာဝရီပုဏ္ဏားသည် ဝမ်းမြောက်ဝမ်းသာ စိတ်ရှိသည်ဖြစ်၍ အရှင်ဘုရားခြေတော်ကို ရှိခိုးပါ၏၊

"တပည့်တို့နှင့် အတူတကွဗာဝရိပုဏ္ဏားသည် ချမ်းသာပါစေသတည်း၊ အဇိတလုလင် သင်သည်လည်း ချမ်းသာပါစေသတည်း၊ အသက်ရှည်ပါစေသတည်း၊

ဗာဝရိပုဏ္ဏားအားလည်းကောင်း၊ သင်အဇိတအားလည်းကောင်း၊တပည့်အားလုံးတို့၏လည်းကောင်း၊ ယုံမှားမှုများရှိကငါဘုရားအား မေးခွင့်ပြုပါ၏၊ ယင်းယုံမှားမှုများကို ငါဘုရားအား မေးခွင့်ပြုပါ၏၊ သင်တို့ ယုံမှားမှုရှိသမျှ မေးကြပါ။

ဗုဒ္ဓက ထိုသို့မေးခွင့်ပြုသောအခါ အဇိတလုလင်သည် ထိုင်၍လက်အုပ်ချီပြီးလျှင် ဗုဒ္ဓကိုပထမဦးဆုံးမေးလေသည်။

"လောကကို အဘယ်တရားက ဖုံးလွှမ်းထားပါသနည်း လောကသည် အဘယ်တရားကြောင့် မထင်ရှားပါသနည်း၊ အဘယ်တရားကို လိမ်ကျံကပ်ငြိတတ်သော တရားဟု ဟောတော်မူပါသနည်း၊ အဘယ်တရားသည် ထိုလောက၏ ဘေးကြီးဖြစ်ပါသနည်း"

"အဇိတ. . . လောကကို မသိမှု(အဝိဇ္ဇာ)ကဖုံးလွှမ်းထားပါ၏၊ မိမိအားသာဖြစ်စေလို၍ သူတစ်ပါးအား မဖြစ်စေလိုသော မစ္ဆရိယနှင့် မေ့လျော့မှု(ပမာဒ)တရားကြောင့် လောကသည် မထင်ရှား၊ တဏှာသည်လောကကို လိမ်းကျံကပ်ငြိတတ်သော တရား ဟုငါဆို၏၊ သံသရာဝဋ်ဆင်းရဲသည် ထိုလောက၏ ဘေးကြီးဖြစ်၏"

"မြတ်စွာဘုရား. . . အာယတန အားလုံးတို့၌ တဏှာ အယဉ်တို့သည် စီးကုန်၏၊ ထိုတဏှာအယဉ်တို့ကို အဘယ်တရားသည် တားမြစ်ပိတ်ပင်နိုင်ပါသနည်း၊ တဏှာအယဉ်တို့ကို

စောင့်စည်းပိတ်ဆို့နိုင်သော တရားကိုဟောတော်မူပါလော့၊ အဘယ်တရားက တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်ပါသနည်း”

“အဇိတ. . . လောက၌စီးသွားကုန်သော တဏှာအယဉ်တို့ကို အောက်မေ့မှုသတိသည် တားမြစ်ပိတ်ပင်နိုင်၏၊ ပညာက ထိုတဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်ပါ၏”

“မြတ်စွာဘုရား. . . ပညာသည်လည်းကောင်း၊ သတိသည်လည်းကောင်း၊ နာမ်-ရုပ်သည်လည်းကောင်း ရှိပါ၏၊ ဤပညာသတိ နာမ်-ရုပ်တရားသည် အဘယ်၌ ချုပ်ပါသနည်း၊ အဖြေပေးတော်မူပါဘုရား”

“အဇိတ. . . ကုသိုလ်ကံ-အကုသိုလ်ကံဟူသော အဘိသင်္ခါရဝိညာဏ်၏ချုပ်ရာ နိဗ္ဗာန်၌ နာမ်-ရုပ်သည် အကြွင်းမဲ့ ချုပ်ပါ၏”

“မြတ်စွာဘုရား. . . ဤလောက၌ အကြင်ပုဂ္ဂိုလ်တို့သည်ကား တရားကိုသိပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်ကုန်၏၊ များစွာသောအကြင်ပုဂ္ဂိုလ်တို့သည်ကား ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏အကျင့်ကို ဟောကြားပေးတော်မူပါဘုရား”

“အဇိတ. . . ရဟန်းသည် ကာမတို့၌မတပ်မက်, မတွယ်တာရာ၊ စိတ်ညစ်ညူး၊ နောက်ကျူသူမဖြစ်ရာ၊ တရားအားလုံး တို့၌ လိမ္မာသည်၊ သတိရှိသည်ဖြစ်၍ နေထိုင်ရာ၏”

ဟူ၍ ဗုဒ္ဓကဖြေတော်မူရာ အဇိတသည် ဝမ်းမြောက်ကျေနပ်လေသည်။

## ၂။ တိဿမေတ္တေယျ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ဤလောက၌ အဘယ်သူသည် ရောင့်ရဲလွယ်သူဖြစ်သနည်း၊ အဘယ်သူအား တုန်လှုပ်မှုမရှိပါကုန်သနည်း၊ အဘယ်သူသည် အစွန်းနှစ်ဖက်ကို လည်းကောင်း၊ အလယ်ကိုလည်းကောင်း၊ပညာဖြင့် သိ၍မလိမ်းကျံ၊ မကပ်ငြိပါသနည်း၊ အဘယ်သူကို မဟာပုရိသ ဟူ၍ဟောတော်မူပါသနည်း၊ ဤလောက၌ အဘယ်သူသည် ချုပ်စပ်တတ်သော တဏှာကို လွန်မြောက်ပါသနည်း"

"မေတ္တေယျ. . . အကြင်ရဟန်းသည် ကာမတို့၌ အပြစ်ကိုမြင်၍ မဂ်အကျင့်မြတ်ကို ကျင့်သုံးသူ၊ တပ်မက်မှု(တဏှာ)ကင်းသူ၊ အခါခပ်သိမ်းအောက်မေ့မှု(သတိ)ရှိသူ၊ ပညာဖြင့် ဆင်ခြင်၍ ငြိမ်းအေးသူဖြစ်၏၊ ထိုရဟန်းအား တုန်လှုပ်တတ်သော တဏှာ ဒိဋ္ဌိတို့ မရှိကုန်၊

ထိုရဟန်းသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာဟူသော အစွန်းနှစ်ဖက်ကိုလည်းကောင်း၊ နိရောဓသစ္စာ ဟူသောအလယ်ကို လည်းကောင်း၊ မဂ်ပညာဖြင့်သိ၍ (တဏှာဒိဋ္ဌိ)တို့ဖြင့် မလိမ်းကျံ မကပ်ငြိတော့ပေ၊

ထိုရဟန်းကို မဟာပုရိသ ဟူ၍ ငါဆို၏၊ ထိုရဟန်းသည် ဤလောက၌ ချုပ်စပ်တတ်သောတဏှာကို လွန်မြောက်လေပြီ"

## ၃။ ပုဏ္ဏကပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ဤလောက၌ ရသေ့တို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ပုဏ္ဏားတို့သည်လည်းကောင်း၊ အဘယ်ကိုမှီကုန်၍ နတ်တို့အား ယဇ်ပူဇော်မှုကိုအများအပြား ပြုလုပ်ကြပါကုန်သနည်း၊ မြတ်စွာဘုရား ဟောကြားပေးပါ'

"ပုဏ္ဏက. . . ဤလောက၌ ရသေ့စသော ဤသူအားလုံးတို့သည် လူ၊ နတ်၊ ဗြဟ္မာအဖြစ်ကိုတောင့်တကြကုန်လျက်၊ နတ်တို့အား ပူဇော်မှုကို အများအပြားပြုကုန်၏၊ ထိုသူအားလုံးသည် ဇရာစသော ဝဋ်ဆင်းရဲကို မှီကုန်လျက် ပူဇော်မှုကို ပြုကုန်၏"

"မြတ်စွာဘုရား. . . နတ်တို့အား ပူဇော်မှု၌ မမေ့မလျော့ကြကုန်သော ဤသူအားလုံးတို့သည် ပဋိသန္ဓေနေမှု၊ အိုမင်းမှုတို့ လွတ်မြောက်နိုင်ပါလော"

"ပုဏ္ဏက. . . အကြင်သူတို့သည် လူ-နတ်-ဗြဟ္မာအဖြစ်ကို တောင့်တကြကုန်၏၊ လျှုဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ အလှူ၏အကျိုး အာနိသင်တို့ကိုချီးမွမ်းကုန်၏၊ မွတ်ဆိုတမ်းတကုန်၏၊ ပူဇော်ပသကြကုန်၏၊ လူ-နတ်-ဗြဟ္မာအဖြစ်ရမှုကိုစွဲ၍ ကာမ တို့ကို တမ်းတကုန်၏၊ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြကုန်သော်လည်း ဘဝတပ်မက်မှုတဏှာဖြင့် တပ်မက်မှုတဏှာ ဖြင့် တပ်မက်ကုန်သောကြောင့် ဇာတိ, ဇရာ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပါ "

"မြတ်စွာဘုရား. . . ပူဇော်မှုဖြင့် ဇာတိ, ဇရာ, စသော ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်သော် အဘယ်သူသည် နတ်လောက၊ လူလောက၌ ဇာတိ၊ ဇရာ စသောဝဋ်ဆင်းရဲကို လွန်မြောက်နိုင်ပါသနည်း"

"ပုဏ္ဏက. . . ဤလောက၌ အကြင်သူသည် မိမိ အတွင်း-အပြင် သဘောတရားတို့ကို ပညာဖြင့်ဆင်ခြင်၍ တစ်စုံတစ်ခုသောလောက၌ တုန်လှုပ်တတ်သော တဏှာမရှိ၊ ထိုသူသည် ကိလေသာငြိမ်းအေးသူ၊ ဒုစရိုက်အခိုးကင်းသူ၊ ဆင်းရဲကြောင်း ကိလေသာကင်းပြီးသူ၊ တဏှာကင်းပြီးသူဖြစ်၍ ဇာတိ၊ ဇရာဝဋ် ဆင်းရဲကို ကူးမြောက်နိုင်၏ ဟုငါဆိုပါ၏"

## ၄။ မေတ္တဂူ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် မဂ်ဉာဏ်လေးပါးတို့ဖြင့် အဆုံးရောက်ပြီးသူ ဟု ကျွန်ုပ်အောက်မေ့မှတ်ထင်ပါ၏၊ လောက၌ဆင်းရဲ ဟူသမျှတို့သည် အများအပြားရှိပါကုန်၏၊ဤဆင်းရဲတို့သည် အဘယ်ကြောင့် ဖြစ်ပေါ်လာကုန်ပါသနည်း၊ ထိုအကြောင်းကို ဟောကြားပေးပါ"

"မေတ္တဂူ. . . လောက၌ အများအပြားအားဖြင့် ဖြစ်ကုန်သော ဆင်းရဲအားလုံးတို့သည် ကံ, ကိလေသာ စသော ဥပဓိ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏၊

အကြင်သူသည် ပညာမဲ့သည်ဖြစ်၍ ကံ-ကိလေသာ စသော ဥပဓိကို ပြုလုပ်၏၊ ထိုသူသည် အဖန်တလဲလဲ ဇာတိ စသော ဆင်းရဲသို့ ရောက်၏၊

ထို့ကြောင့် ဇာတိစသော ဝဋ်ဆင်းရဲ၏ဖြစ်ကြောင်းကို အဖန်ဖန်ရှုဆင်ခြင်လျက်(အနိစ္စ)စသည်ကို ပိုင်းခြားသိသည်ဖြစ်၍ ကံ-ကိလေသာစသော ဥပဓိကို မပြုလုပ်ရာ"

"မြတ်စွာဘုရား. . . အခြားပုစ္ဆာ တစ်ခုကို မေးခွင့်ပြုပါ၊ ပညာရှိတို့သည် သံသရာ အယဉ် ဇာတိ၊ ဇရာ၊ သောက၊ ပရိဒေဝတို့ကို အဘယ်သို့ လွန်မြောက်ပါကုန်သနည်း၊ ဖြေကြားပေးတော်မူပါ"

"မေတ္တဂူ. . . ယျှဘဝ၌ပင် ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ရောက်ကြောင်း တရားကိုငါဟောပါအံ့၊ ထိုတရားကိုသိ၍ အောက်မေ့မှု သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု တဏှာကို လွန်မြောက်နိုင်ရာ၏"

"မြတ်စွာဘုရား. . . တရားကိုသိ၍ သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ကပ်ငြိတွယ်တာမှု(တဏှာ) လွန်မြောက်နိုင်ရာ၏၊ ဟူသောမြတ်သောတရားကို အလွန်နှစ်သက်လှပါသည်"

"မေတ္တဂူ. . . ပစ္စုပ္ပန်၊အတိတ်၊ အနာဂါတ်စသော တရားအားလုံးကို အနိစ္စစသော အပြားအားဖြင့် သင်သိ၏၊ ထိုတရားအားလုံးတို့၌ နှစ်သက်မှုကိုလည်းကောင်း၊ တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်ကိုလည်းကောင်း၊ အဘိသင်္ခါရဝိညာဏ်ကိုလည်းကောင်း နှုတ်ပယ်နိုင်သော် ဘဝ၌ မတည်ရာ၊

ဤဆိုခဲ့ပြီးသသည့်အတိုင်း နေလေ့ရှိသော ပညာရှိရဟန်းသည် အောက်မေ့မှု (သတိ)ရှိလျက် မမေ့မလျော့ကျင့်ကာ

တဏှာဒိဋ္ဌိ မြတ်နိုးမှုတို့ကို ပယ်စွန့်သည်ရှိသော် ဤဘဝ၌ပင်လျှင် ဇာတိ၊ ဇရာ၊ သောက၊ ပရိဒေဝ၊ ဆင်းရဲတို့ကို ပယ်စွန့်နိုင်ရာ၏"

"မြတ်စွာဘုရား. . . အရှင်ဘုရား၏ ကာံ၊ ကိလေသာ ပယ်မှုစကားကိုကျွန်ုပ်နှစ်သက်ပါ၏၊ အရှင်ဘုရားသည် ထိုတရားကို သိထားသူပီပီ မချွတ်ဧကန် ဆင်းရဲကို ပယ်နိုင်ရာ၏၊ ကျွန်ုပ်ကြံစည်မိသည်ကား အရှင်သည် အကြွင်သူတို့ကို မပြတ်ခါခါဆုံးမရာ၏၊ ထိုသူတို့သည် ဆင်းရဲကိုပယ်နိုင်ရာ၏၊ အရှင်ဘုရားကို ကျွန်ုပ်ရှိခိုးပါ၏၊ ကျွန်ုပ်ကို မပြတ်ခါခါ ဆုံးမပေးတော်မူပါ"

"မေတ္တဂူ. . . အကြွင်သူကို အသင်သည် မကောင်းမှုမှ အပ,ပြုပြီးသူ၊ မဂ်ဉာဏ်ရောက်ပြီးသူ၊ ကြောင့်ကြမှုမရှိသူ၊ ကာမဘဝ၌ ကပ်ငြိခြင်းမရှိသူ ဟူ၍ သိရာ၏"

ထိုသူသည်မချွတ်လျှင် ဤသံသရာအယဉ်(ဩဃ)ကို လွန်မြောက်ပြီးသူ တစ်ဘက်ကမ်း(နိဗ္ဗာန်သို့)ကူးမြောက်ပြီးသူ၊ ကိလေသာဆူးငြောင့်မရှိသူ၊ ယုံမှားကင်းသူ ဖြစ်နိုင်ပါတော့၏၊

ဤလောက၌ အကြွင်သူသည် ပညာရှိ၏၊ မဂ်ဉာဏ်လေးပါးဖြင့် အဆုံးသို့ရောက်၏၊ ထိုသူသည် ဘဝကြီး-ဘဝငယ်၌ ရာဂ စသောကပ်ငြိတွယ်တာမှုကို ပယ်စွန့်သောကြောင့် တဏှာကင်းပြီးသူ၊ ဆင်းရဲကြောင်း ကိလေသာကင်းပြီးသူ၊ တွယ်တာမှုကင်းပြီးသူဖြစ်၍ ဇာတိ၊ဇရာ စသောဆင်းရဲကို ကူးမြောက်နိုင်၏ ဟု ငါဆိုပါ၏၊"

## ၅။ ဓောတက ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . အရှင်ဘုရား၏ စကားတော်ကို အလွန် ကြားနာလိုပါ၏၊ အရှင်ဘုရား၏ မြွက်ဆိုသံကို ကြားနာရ၍ မိမိ၏ရာဂသည် ငြိမ်းအေးခြင်းငှါ ကျင့်နိုင်ပါ၏"

"ဓောတက. . . ထိုသို့ဖြစ်လျှင် ပြင်းစွာအားထုတ်မှုကို ပြုလော့၊ ငါဘုရားထံမှ တရားသံကို ကြားနာရ၍ ငါဘုရား သာသနာတော်၌သာလျှင် ရင့်ကျက်သောပညာရှိသည် အောက်မေ့မှု သတိရှိသည်ဖြစ်၍ မိမိ၏ရာဂစသည် ငြိမ်းအေးခြင်းငှါကျင့်ရာ၏၊

"မကောင်းမှုကိုအပ,ပြုပြီး လှည့်လည်ကြွသော အရှင် ဘုရားကိုဖူးမြင်ရပါ၏၊ အရှင်ဘုရားကို ကျွန်ုပ်ရှိခိုးပါ၏၊ ကျွန်ုပ် ယုံမှားမှုကို လွတ်မြောက်စေပါလော့"

"ဓောတက. . . ဤလောက၌ ယုံမှားမှုရှိသူ တစ်ဦးတစ် ယောက်ကိုမျှ လွတ်မြောက်စေခြင်းငှာ ငါဘုရားမတတ်နိုင်ပါ၊ သင်သည် မြတ်သောနိဗ္ဗာန်တရားကို သိလတ်သော် ဤသံသရာ အယဉ်(ဩဃ)ကို လွန်မြောက်နိုင်ရာ၏"

"မြတ်စွာဘုရား. . . သခင်္ခါရတို့မှ ကင်းဆိတ်ရာ နိဗ္ဗာန်ကို သိလိုပါ၏၊ ကျွန်ုပ်အား သနားသဖြင့် တရားဖြင့်ဆုံးမပေးတော်မူ ပါ လော့၊ ကျွန်ုပ်သည် ကောင်းကင်ကဲ့သို့ အထူးထူးအထွေထွေ ရှိသည်အဖြစ်သို့ မရောက်မူ၍ ဤသာသနာတော်၌သာလျှင် ကိလေသာတို့မှ ငြိမ်းအေးသည်ဖြစ်၍ တဏှာဒိဋ္ဌိ မမှီဘဲကျင့်ကြံ အားထုတ်လိုပါ၏"

"ဓောတက. . . ယခု ဤဘဝ၌ပင် တဆင့်ကြားမဟုတ်၊ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော ကိလေသာငြိမ်းအေးမှု နိဗ္ဗာန်

တရားကို သင်အားငါဟောကြားပေးအံ့၊ ယင်းတရားကိုသိ၍ အောက်မေ့မှု သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ငြိကပ်တွယ်တာမှု တဏှာကို လွန်မြောက်နိုင်ရာ၏"

"မြတ်စွာဘုရား. . . ကိလေသာမှ ငြိမ်းအေးမှု နိဗ္ဗာန်တရားမြတ်ကို ကျွန်ုပ်နှစ်သက်ပါ၏။"

"မေတ္တဂူ. . . ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ် စသော တရားအားလုံးကို အနိစ္စ စသောအကြားအားဖြင့်သိ၏၊ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သော တရားဟူ၍ သိ၍ ဘဝကြီး ဘဝငယ်၌ဖြစ်ခြင်းငှာ တပ်မက်တွယ်တာမှု-တဏှာကို မပြုလေလင့်"

၆။ ဥပသိဝပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ကျွန်ုပ်သည် တစ်ယောက်တည်း အမှီမရှိဘဲ ကြီးကျယ်သော သံသရာအယဉ်(ဩဃ) ကိုမကူး မြောက်နိုင်ပါ၊ အကြင်တရားကို မှီ၍ သံသရာအယဉ်ကို ကူးနိုင်၏၊ ထိုတရားကို ကျွန်ုပ်အား ဟောတော်မူပါ"

"ဥပသိဝ. . . အောက်မေ့မှု သတိရှိလျက် အာကိဉ္စညာယနသမာပတ်ကို အနိစ္စစသောအားဖြင့် ရှုသည်ဖြစ်၍ တစ်စုံ တစ်ခုမျှ မရှိဟူသော အာကိဉ္စညာယတန သမာပတ်ကိုမှီ၍ သံသရာအယဉ်ကို ကူးမြောက်လေကာ ကာမတို့၌ ပယ်လျက် ယုံမှားခြင်းတို့မှ ကင်းပျောက်သည်ဖြစ်၍ တပ်မက်မှု(တဏှာ) ကုန်ရာ၊ (နိဗ္ဗာန်)ကို နေ့ရောညဉ့်ပါ ထင်စွာရှုလေလော့"

"မြတ်စွာဘုရား. . . အကြင်သူသည် အလုံးစုံသော ကာမတို့၌ တပ်မက်မှုကင်း၏၊ အာကိဉ္စညယယတန သမာပတ်ကို အမှီပြုလျက် တစ်ပါးသောသမာပတ်ကို စွန့်၍မြတ်သော

အာကိဉ္စညာယတန သမာပတ် ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏၊ ထိုသူသည် အာကိဉ္စညာယတန ဗြဟ္မာဘုံသို့ရောက်သည်ဖြစ်၍ တည်ရာသလော”

“ဥပသိဝ. . . ထိုသူသည် ထိုအာကိဉ္စညာယတနဗြဟ္မာဘုံသို့ ရောက်သည်ဖြစ်၍ တည်ရာ၏”

“မြတ်စွာဘုရား. . . ထိုသူသည် ထိုအာကိဉ္စညာယတန ဘုံ၌ပင်လျှင် နှစ်ပေါင်းများစွာ ငြိမ်းအေးမှုဆင်းရဲမှ လွတ်မြောက်သည် ဖြစ်ရာသလော၊ ထိုသို့မဟုတ် သူ၏ဝိညာဏ်သည် ရွေ့လျောရာသေးသလော”

“ဥပသိဝ. . . လေအဟုန်ဖြင့် လွင့်သောမီးလျှံသည် ချုပ်ပျောက်ခြင်းသို့ ရောက်ရသကဲ့သို့ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သော အဖြစ်သို့ မရောက်သကဲ့သို့ ထိုအတူရဟန်းသည် နာမကာယမှ လွတ်သည်ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ရောက်၏၊ တစ်စုံတစ်ခု ခေါ်ဝေါ်အပ်သော အဖြစ်သို့မရောက်ပါ”

“မြတ်စွာဘုရား. . . ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော၊ သို့မဟုတ် မရှိတော့ပြီလော၊ သို့မဟုတ် စင်စစ်မြဲသော သဘောဖြင့် မဖောက်ပြန်တော့ပြီလော- အရှင်ဘုရား. . . ထိုအကြောင်းကို ဟောကြားပေးပါဘုရား”

“ဥပသိဝ. . . ပရိနိဗ္ဗာန်ပြုခြင်းသို့ရောက်သူအား ရုပ်စသော အတိုင်းအရှည်ပမာဏမရှိ၊ ထိုသူအား ရာဂစသော တပ်မက်မှု အကြောင်းမရှိတော့ပြီ၊ ခန္ဓာစသောတရားအားလုံးကို ပယ်နုတ်ပြီးသည်ရှိသော် အလုံးစုံသော ခေါ်ဆိုရာ အကြောင်းမျိုးကိုလည်း ပယ်နုတ်ပြီးဖြစ်ကုန်ရာ၏”

## ၇။ နန္ဒပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . လောက၌ မုနိအမည်ခံ အာဇီဝက စသည်တို့ရှိကုန်၏-ဟုလူတို့ပြောဆိုကုန်၏၊ ထိုစကားကို အဘယ်ကြောင့် ဆိုကုန်သနည်း၊ သမာပတ်ဉာဏ်စသည်နှင့်ပြည့်စုံသောသူကို မုနိ-ဟု ဆိုကုန်ပါသလော"

"နန္ဒ. . . ဤသာသနာတော်ဝယ် ခန္ဓာစသည်၌ လိမ္မာသောသူတို့သည် အမြင်စင်ကြယ်မှုဖြင့်-မုနိ-ဟုမဆိုကုန်၊ အကြားစင်ကြယ်မှုဖြင့် -မုနိ-ဟုမဆိုကုန်၊ သမာပတ်စင်ကြယ်မှုဖြင့်-မုနိ-ဟု မဆိုကုန်၊ အကြင်သူတို့သည် ကိလေသာစသော မာရ်စစ်သည်ကင်းအောင်ပြုပြီး၍ ဆင်းရဲမရှိကြကုန်၊ ကပ်ငြိတွယ်တာမှု (အာသာ)မရှိကြကုန်ဘဲကျင့်ကြကုန်၏၊ ထိုသူတို့ကို-မုနိ-တို့ဟူ၍ ဆိုကုန်၏"

"မြတ်စွာဘုရား. . . ဤသမဏ၊ ဗြာဟ္မဏအားလုံးတို့ သည် မြင်မှု၊ ကြားမှုဖြင့်လည်း စင်ကြယ်၏ဟုဆိုကုန်၏၊ စောင့်ထိန်းမှု(သီလ)၊ ဆောက်တည်မှု(ဝတ)ဖြင့်လည်း စင်ကြယ်၏ ဆိုကုန်၏ များသော အပြားရှိသော-ကောတုဟလ မင်္ဂလာဖြင့်လည်း စင်ကြယ်၏-ဟုဆိုကုန်၏၊

မြတ်စွာဘုရား. . . ထိုသမဏ၊ဗြာဟ္မဏ အားလုံးတို့သည် ထို မိမိတို့အယူ၌ စောင့်စည်းနေထိုင်ကြကုန်သည်ရှိသော် ဇာတိ၊ ဇရာမှ လွန်မြောက်နိုင်ပါမည်လော"

"နန္ဒ. . . ထိုသမဏ၊ဗြာဟ္မဏ အားလုံးတို့သည် မိမိတို့ အယူ၌ ယူ၍ စောင့်စည်းနေထိုင်စေကာမူ ဇာတိ၊ ဇရာမှ မကူး မြောက်နိုင်ပါ"

"မြတ်စွာဘုရား. . . ထိုသို့ မကူးမြောက်နိုင်သော် နတ်လောက၊ လူ့လောက၌ အဘယ်သူသည် ဇာတိ၊ ဇရာမှ ကူးမြောက်နိုင်ပါသနည်း"

"နန္ဒ. . . သမဏ၊ ပြဟ္မဏ အားလုံးတို့ကို ဇာတိ၊ ဇရာတို့သည် ပိတ်ဖုံးအပ်ကုန်၏-ဟူ၍ ငါမဆို၊ ဤလောက၌ အကြင်သူတို့သည် မြင်ရသောအဆင်း၊ ကြားရသောအသံ၊ ရောက်ရသောအနံ့၊ အရသာ၊ အတွေ့အထိဖြင့် စင်ကြယ်၏ ဟူသောအယူ၊ စောင့်ထိန်းမှုဆောက်တည်မှုဖြင့် စင်ကြယ်၏-ဟူသောအယူ အားလုံးကိုပယ်စွန့်၍ များသောအပြားရှိသော ကောတုဟလ မင်္ဂလာ အားလုံးကိုလည်း ပယ်စွန့်နိုင်၍ တပ်မက်မှုတဏှာကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏-ထိုသူတို့ကို သံသရာ အယဉ်-ဩဃ-မှ လွန်မြောက်ပြီး ဟုငါဆို၏"

"မြတ်စွာဘုရား. . . ကံ-ကိလေသာစသော ဥပဓိကို ပယ်တတ်သော ထိုစကားကိုကျွန်ုပ်နှစ်သက်ပါ၏၊ ယခု ဟောအပ်သော အထက်ပါ သံသရာအယဉ် ဩဃလွန်မြောက်မှုကိုလည်း ဤသို့သဘောရှိ ယူပါ၏"

၈။ ဟေမကပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ဂေါတမဗုဒ္ဓ၏ သာသနာမပေါ်သေးမီ ရှေးအခါက အကြင်ဆရာတို့သည် ဤသို့ဖြစ်ခဲ့ပြီ-ဤသို့ဖြစ်လိမ့်မည်-ဟု ကျွန်ုပ်အား မိမိတို့အယူအဆကို ပြောကြားကြပါကုန်၏၊ ထိုသူတို့၏ ထိုစကားအားလုံးသည် တဆင့်ကြားကာမျှသာတည်း၊ ထိုအလုံးစုံသည် ကာမဝိတက်စသည်ကို ပွားစေနိုင်၏၊ ကျွန်ုပ်သည် ထိုအယူကို မနှစ်သက်ပါ"

မြတ်စွာဘုရား. . . အကြင်တရားကိုသိ၍ အောက်မေ့မှု သတိရှိလျက် ကျင့်သူသည် ဤလောက၌ ကပ်ငြိမှုတဏှာကို လွန်မြောက်ရာ၏၊ ထိုတရားကို ဟောကြားပေးပါ”

“ဟေမက. . . ဤလောက၌ ချစ်ဖွယ်သဘောရှိကုန်သော မြင်ရ, ကြားရ,ရောက်ရ,သိရသော အာရုံခြောက်ပါးတရားတို့၌ အလွန်တပ်မက်သူ၊ ဆန္ဒရာဂကို ပယ်ဖျောက်နိုင်သော ငြိမ်းအေးရာနိဗ္ဗာန်သည် ရွေ့လျော့ခြင်း မရှိပါ။

အောက်မေ့မှု(သတိ)ရှိကြသော သူတို့သည် ထိုနိဗ္ဗာန်ကို သိသောကြောင့် တရားကိုမြင်ပြီးသူ၊ ကိလေသာမီးငြိမ်းအေးပြီးသူတို့ ဖြစ်ကုန်၏၊ ထိုသူတို့သည် အခါခပ်သိမ်း ကိလေသာမှ ငြိမ်းကုန်သည်ဖြစ်၍ လောက၌ ကပ်ငြိမှုတဏှာကို လွန်မြောက်နိုင်ကုန်၏”

## ၉။ တောဒေယျ ပုဏ္ဏားလုလင်အမေး

“မြတ်စွာဘုရား. . . အကြင်ပုဂ္ဂိုလ်၌ ကာမတို့ မကိန်းအောင်းကုန်၊ တပ်မက်မှုတဏှာမရှိ၊ သို့လောသို့လော တွေးတောမှု ဝိစိကိစ္ဆာကိုလွန်မြောက်နိုင်၏၊ ထိုပုဂ္ဂိုလ်အား အဘယ်သို့သော လွတ်မြောက်မှု-ဝိမောက္ခ-ကို အလိုရှိအပ်ပါသေးသနည်း”

“တောဒေယျ. . . ထိုပုဂ္ဂိုလ်အား ထိုတရားများမရှိသော် အခြားတစ်ပါးသော လွတ်မြောက်မှု ဝိမောက္ခကို အလိုမရှိ တော့ပြီ”

“မြတ်စွာဘုရား. . . ထိုသူသည် တွယ်တာမှု(အာသာ) ကင်းပြီလော-ရှိပါသေးသလော။ ထိုသူသည် ပညာရှိဖြစ်ပါသလော၊ သို့မဟုတ် သမာပတ္တိ စသောဉာဏ်ဖြင့် တဏှာကြံစည်မှု၊

ဒိဋ္ဌိကြံစည်မှုကိုဖြစ်စေသူပါလော၊ မုနိ ဟူသည်ကိုဟောကြားပေးပါလော့"

"တောဒေယျ. . . ထိုသူသည် တွယ်တာမှု အာသာကင်းပြီး တွယ်တာမှုမရှိတော့ပါ၊ ထိုသူသည် ပညာရှိသူဖြစ်၏၊ သမာပတ္တိစသော ဉာဏ်ဖြင့်တဏှာကိုကြံစည်သူ မဖြစ်စေ တော့ပြီ၊ ဤသို့ လျှင်ကြောင့်ကြမရှိသူ၊ ကာမဘဝ၌လည်းကောင်း၊ ဘဝ၌လည်းကောင်း၊ ကပ်ငြိမှု တဏှာမရှိသူကို -မုနိ-ဟူ၍ သိပါလော့"

၁၀။ ကပ္ပကပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ဖြစ်ပေါ်နေပြီး များစွာဘေးရှိသော ကြီးမားလှသော သံသရာအလယ်၌ တည်ရှိကုန်သော-အို-သေ၊ နှိပ်စက်ကုန်သောသူတို့၏ မှီခိုရာကျွန်းကို ဟောတော်မူပါလော၊ ဆင်းရဲတစ်ဖန်မဖြစ်ရာ ဤကျွန်းကို မိန့်ကြားပေးပါ"

"ကပ္ပ. . . အိုခြင်း၊သေခြင်းကင်းရာ နိဗ္ဗာန် ဟူ၍ငါဆိုပါ၏၊ အောက်မေ့မှု၊ သတိရှိသော အကြင်သူတို့သည် ထိုနိဗ္ဗာန်ကျွန်းကိုသိခြင်းကြောင့် တရားကိုမြင်ပြီးသူ၊ ကိလေသာငြိမ်းအေးသူ ဖြစ်ကုန်၏၊ ထိုသူတို့သည် မာရ်၏နောက်လိုက်မဟုတ်တော့ကုန်၊ မာရ်၏အလုပ်အကျွေး မဟုတ်တော့ကုန်"

၁၁။ ဇာတုကဏ္ဏိပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . အရှင်ဘုရားကို အရဟံစသော ဂုဏ်နှင့်ပြည့်စုံ၏ ဟုကြားသိရ၍ မေးလျှောက်လိုပါသည်၊ ငြိမ်းအေးမှုနိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ ဟောပြပေးပါ၊ ဇာတိ၊ ဇရာကို ပယ်ဖျောက်နိုင်သော တရားကိုပညာနည်းသော ကျွန်ုပ်အား ဟောကြားပေးပါ"

"ဇာတုကဏ္ဏိ. . . ကာမမှလွတ်မြောက်ရာ နိဗ္ဗာန်ကို ဘေးကင်းရာ ဟုရှုမြင်၍ ကာမတို့၌ တပ်မက်မောမှုကို ပယ်ဖျောက်ပါလော့၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ပယ်စွန့်အပ်သင့်၊ ပယ်စွန့်အပ်ထိုက်သော ရာဂစသော ကြောင့်ကြမှုသည် သင့်အား မဖြစ်စေလင့်၊

အတိတ်၊ သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာမျိုးကို ခြောက်ခန်းစေလော့၊ အနာဂါတ်သင်္ခါရတို့ကို အာရုံပြု၍ ဖြစ်သော ရာဂစသော ကြောင့်ကြမှု သင့်အားမဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူ ကိလေသာ ငြိမ်းအေးသည်ဖြစ်လတ့်၊

ဇာတုကဏ္ဏိ. . . အကြင်အာသဝတို့ဖြင့် သေမင်း၏ အလိုသို့ လိုက်ရ၏၊ နာမ်တရား၊ ရုပ်တရားအားလုံး၌ ငါ-ငါ ဥစ္စာဟု စွဲလမ်းမှုကင်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်အား ထိုအာသဝတို့မရှိတော့ကုန်"

## ၁၂။ ဘဒြာဝုဓ ပုဏ္ဏားလုလင်၏အမေး

"မြတ်စွာဘုရား. . . အရှင်ဘုရားအား တောင်းပန်ပါ၏၊ အရှင်ဘုရား၏ စကားကိုကြားနာရပြီးသော် ဤပါသာဏနတ်ကျွန်းမှ ဖယ်ခွါသွားကြရပါမည်၊ အရှင်ဘုရား၏ စကားကို အလွန်လိုလားကုန်သော လူအမျိုးမျိုးတို့သည် အင်္ဂ, မာဂဓ, စသောဇနပုဒ်တို့မှ အညီအညွတ်ရောက်လာကြပါကုန်၏၊ အရှင်ဘုရားသည် ဟုတ်မှန်သည့် အတိုင်းသိပြီး ဖြစ်ပါသောကြောင့် ထိုသူတို့အား အရှင်ဘုရား ဟောကြားတော်မူပါလော"

"ဘဒြဝုဓ. . . အနာဂါတ်၊အတိတ်၊ ပစ္စုပ္ပန် တို့၌စွဲယူမှု တဏှာအားလုံးတို့ကို ပယ်ဖျောက်ရာ၏၊ လောက၌ အကြင်ရုပ်, ဝေဒနာ စသောတရားကို စွဲယူကုန်၏၊ ထိုထိုတရားဖြင့်သာလျှင် မာရ်သည် သတ္တဝါတို့သို့ အစဉ်လိုက်၏၊

ထို့ကြောင့် သင်္ခါရတို့၏ အနိစ္စ စသောအခြင်းအရာကို သိသောအောက်မေ့မှု သတိရှိသူ ရဟန်းသည် သေခြင်းတရား၏ တည်ရာကိလေသာ ခန္ဓာစသည်၌ ကပ်ငြိတတ်သော ဤသတ္တဝါ အပေါင်းကို စွဲယူတတ်သော သတ္တဝါတို့ ဟုရှုလျက် လောကအား လုံး၌ ရုပ်, ဝေဒနာ စသည်တစ်စုံတစ်ရာကိုမျှ မစွဲယူရာ"

၁၃။ ဥဒယ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . အဝိဇ္ဇာကို ဖျက်ဆီးတတ်သော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ် ဝိမောက္ခကို ဟောကြားပေးပါ"

"ဥဒယ. . . ကာမဂုဏ်ကို လိုလားသော-ကာမစ္ဆန္ဒ၊ နှလုံးမသာယာမှု၊ ဒေါမနဿ၊ နှစ်ပါးစုံကိုပယ်ဖျောက်ခြင်းကို လည်းကောင်း ထိုင်းမှိုင်းမှု-ထိန-ကို ပယ်ဖျောက်ခြင်းကို လည်းကောင်း၊ နောင်တစ်ဖန် ပူပန်မှု-ကုက္ကုစ္စ-ကိုတားမြစ်ခြင်းကို လည်းကောင်း၊ လျစ်လျူရှုမှု(စတုတ္ထဈာန် ဥပေက္ခာ)ကြောင့် ဖြစ်သော အောက်မေ့မှု-သတိ၏ စင်ကြယ်ခြင်းရှိသော တရားကို ကြံစည်မှု-ဓမ္မဝိတက်လျှင် ရှေ့သွားရှိသော အဝိဇ္ဇာကို ဖျက်ဆီး တတ်သောတရားကို လွတ်မြောက်မှု၊ အရဟတ္တဖိုလ် ဝိမောက္ခ- ဟူ၍ ငါဆို၏"

"မြတ်စွာဘုရား. . . လောကသည် အဘယ်နှောင်ကြိုး (သံယောဇဉ်) ရှိပါသနည်း၊ ထိုလောကကို သုံးသပ်ခြင်းကား အဘယ်ပါနည်း၊ အဘယ်တရားကို အထူးစွန့်ပယ်ခြင်းဖြင့် နိဗ္ဗာန်-ဟူ၍ ဆိုအပ်ပါသနည်း"

"ဥဒယ. . . လောကသည် နှစ်သက်မှုတဏှာလျှင် နှောင်ကြိုး-သံယောဇဉ်ရှိပါ၏၊ လောကကို သုံးသပ်ခြင်းအားကား ကြံစည်မှု(ဝိတက်)တည်း၊တပ်မက်မှုတဏှာကို ပယ်ခြင်းဖြင့် နိဗ္ဗာန် ဟူ၍ ဆိုအပ်၏၊"

"မြတ်စွာဘုရား. . . အောက်မေ့မှု သတိရှိသည်ဖြစ်၍ အဘယ်သို့ နေသောသူကို ကုသိုလ်-အကုသိုလ်ကံနှင့်တကွဖြစ်သော ဝိညာဏ်သည် ချုပ်ပါသနည်း၊ ထိုတရားကို နာကြားလိုပါ၏"

"ဥဒယ. . . အောက်မေ့မှု-သတိရှိသည်ဖြစ်၍ အတွင်း အပြင်၊ သန္တာန်၌ ခံစားမှုဝေဒနာကိုမနှစ်သက်မူ၍ နေသောသူ အား ကုသိုလ်-အကုသိုလ်ကံနှင့်တကွဖြစ်သော ဝိညာဏ်သည် ချုပ်၏"

## ၁၄။ ပေါသာလ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . ရုပ်အမှတ်သညာရှိသော ရူပါဝစရ သမာပတ်ကို လွန်မြောက်ပြီးသော ရုပ်ပဋိသန္ဓေ တဒင်္ဂ ဝိက္ခမ္ဘန အားဖြင့် ပယ်ပြီးသောအတွင်း-အပြင် သန္တာန်၌ တစ်စုံတစ်ခုမျှ မရှိဟုရှုသော အာကိဉ္စညာယတန ဈာန်ရပုဂ္ဂိုလ်၏ ဉာဏ်ကိုမေး လျှောက်ပါ၏၊ ထိုသို့သဘောရှိသောသူကို အဘယ်သို့ သိအပ် ပါသနည်း"

"ပေါဿလ. . . အလုံးစုံသော ဝိညာဏ်၏တည်ရာတို့ကို အမှန်သိသော ငါဘုရားသည် ကံ၏အစွမ်းဖြင့်တည်သော အာကိဉ္စညာယတနဘုံ စသည်တို့၌ ညွတ်သော သတ္တဝါကို သိ၏၊

အကြင်အာကိဉ္စညာယတန ဈာန်ရပုဂ္ဂိုလ်သည် ထိုဘုံ၌ ဖြစ်စေတတ်သော အာကိဉ္စညာယတန ကုသိုလ်ကံကို ပလိဗောဓ ဟုသိ၍ အရူပရာဂ ဟုဆိုအပ်သော နှစ်သက်မှုကိုလည်း၊ ဘဝရာဂ သံယောဇဉ်ယူဟု သိ၍ထိုအာကိဉ္စညာယတန သမာပတ်မှထ,လျက် ထိုသမာပတ်ကို အနိစ္စ စသောအားဖြင့် ရှု၏၊ မဂ်အကျင့်ကိုကျင့်ပြီးသော ထိုအာကိဉ္စညာယတနဈာန်ရ၊ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ဉာဏ်သည် မဖောက်မပြန် မှန်ကန်သော ဉာဏ် ဖြစ်ပေသည်။

## ၁၅။ မောဃရာဇ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား. . . အရှင်ဘုရားသည် သုံးကြိမ်တိုင်မေးမှသာလျှင်ဖြေတော်မူ၏ ဟုကျွန်ုပ်ကြားဘူးပါသည်၊ ဤလောက အခြားလောက-အခြားလောက-လူ-နတ်၊ပြဟ္မာလောက၌ အခြံအရံ အကျော်အစောရှိသော အရှင်ဘုရား၏ အယူကို ကျွန်ုပ် မသိပါ၊ ပြဿနာကို မေးလိုပါသည်၊ လောကကို အဘယ်သို့ရှုသူကို သေမင်းသည် မမြင်နိုင်ပါသနည်း"

"မောဃရာဇ. . . အခါခပ်သိမ်း-အောက်မေ့မှု၊ သတိရှိလျက် မိမိကိုယ်ဟုစွဲလမ်းမှု(အတ္တနုဒိဋ္ဌိ)ကို နုတ်ပယ်၍ လောကကို ဆိတ်သုဉ်းသောအားဖြင့် ရှုသောသူသည် သေမင်းကို လွန်မြောက်နိုင်ပြီး ဤသို့ရှုသောသူကို သေမင်းသည် မမြင်နိုင်ပါ"

## ၁၆။ ပိင်္ဂိယ ပုဏ္ဏားလုလင်အမေး

"မြတ်စွာဘုရား . . . ကျွန်ုပ်သည် အိုးမင်း၊ အားနည်းပြီး ရုပ်အဆင်းလျော့၍ မျက်စိလည်းမကြည်လင်၊ နားလည်း ကောင်းစွာ မကြားတော့ပါ၊ ကျွန်ုပ်သည် အရှင်ဘုရားကို မျက်မှောက်မပြုရမီ အကြား၌သာလျှင် တွေဝေလျက် မပျက်စီး လိုပါ၊ ဤနေရာ၌ ဇာတိ, ဇရာကို ပယ်ဖျောက်နိုင်သော တရားကို သိလိုပါ၏ ဟောကြားပေးတော်မူပါ"

"ပိင်္ဂိယ . . . မေ့လျော့ကုန်သောသူတို့သည် ရုပ်တို့ ကြောင့် ပင်ပန်းသည်ကိုမြင်၍ ရုပ်တို့ကြောင့်ပင် ဖေါက်ပြန်ပျက်စီး ရကုန်၏၊ ထို့ကြောင့်သင်သည် မမေ့မလျော့မူ၍ တစ်ဖန်ဘဝ သစ်၌ မဖြစ်ခြင်းငှါ ရုပ်ကို စွန့်ပယ်လေလော့"

'မြတ်စွာဘုရား . . . လောကဝယ် အရပ်ဆယ်မျက်နှာ တို့၌ အရှင်ဘုရား မမြင်ရ၊ မကြားရ မရောက်ရ၊ မသိရသော တရားတစ်စုံတစ်ရာမျှ မရှိပါ၊ ဇာတိ၊ဇရာ၊ စွန့်ရာဖြစ်သော တရားကို ဟောကြားပေးပါ"

"ပိင်္ဂိယ . . တဏှာသည် နှိပ်စက်ဖျက်ဆီးအပ်ကုန်သော ကြောင့် ဇာတိ စသည်ဖြင့် ပူပန်ခြင်းရှိကုန်သော အိုခြင်းဖြင့်နှိပ် စက်အပ်ကုန်သော သတ္တဝါတို့ကို သင်တွေ့မြင်နေရ၏၊ ထို့ ကြောင့် သင်သည် မမေ့မလျော့မူ၍ ဘဝသစ်၌ တစ်ဖန်မဖြစ် ခြင်းငှါ တပ်မက်မှု တဏှာကို ပယ်စွန့်ပါလော"

ဗုဒ္ဓသည် ပုဏ္ဏား(၁၆)ယောက်တို့၏ မေးတိုင်းသော ပြဿနာကို ဖြေကြားပေးတော်မူ၏။

"တစ်စုံတစ်ခုသော ပြဿာနာ၏အနက်ကို သိ၍လည်းကောင်း၊ ပါဠိလိုသိ၍လည်းကောင်း၊လောကုတ္တရာ တရားနှင့်လျော်သောအကျင့်ကို အကယ်၍ကျင့်ကြံအားထုတ်ခဲ့ပါမူ၊ အို ခြင်းသေခြင်း၏ ကမ်းတစ်ဖက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်နိုင်၍ ဤတရားများကို -ပါရာယာနာ-ဒေသနာ ဟူ၍ခေါ်ပါသည်။

ဗုဒ္ဓ၏တရားတော်ကို ပုဏ္ဏား(၁၆)ယောက်တို့သည် နှစ်ဗုဒ္ဓထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးကြတော့သည်။

မိမိတို့ ဆရာဗာဝရီထံသို့ ပြန်ရောက်သောအခါ-ပိင်္ဂိ သည် ဆရာကို ဤသို့ပြောပြသည်။

"ဗုဒ္ဓဟောအပ်သော ပါရာယနတရားကို အတုယူ၍ ဟောပြပါမည်၊ အညစ်အကြေးကင်းပြီ-မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိသော ကာမမှ ထွက်မြောက်ပြီးသော ကိလေသာတောကင်းတော်မူပြီးသော ဗုဒ္ဓသည် မိမိမြင်ခဲ့သော ဉာဏ်တော်ဖြင့် ဟောကြားတော်မူရာ ဗုဒ္ဓသည် ချွတ်ယွင်းသောစကားမရှိပါ၊

တွေဝေမှု အညစ်အကြေးကို ပယ်ပြီး ထောင်လွှားမှု၊ ကျေးဇူးချေဖျက်မှု၊ကိုပယ်ပြီးသော ဗုဒ္ဓကို ဂုဏ်ကျေးဇူးနှင့်စပ်ယှဉ်သောတရားစကားကို ယ္ခုအခါ ကျွန်ုပ်ပြောပြပါမည်။

"ဆရာ. . . ဗာဝရီ ပုဏ္ဏား-ဗုဒ္ဓသည် အမိုက်တိုက်ကို ပယ်ပြီးဖြစ်၏၊ ထက်ဝန်းကျင် မြင်နိုင်စွမ်းသော ဉာဏ်မျက်စိရှိ၏၊ လောကအဆုံးသို့ ရောက်တော်မူ၏၊ ဘဝအားလုံးကို လွန်မြောက်တော်မူ၏၊ အာသဝကင်းတော်မူ၏၊ ဆင်းရဲအားလုံးပယ်ပြီးသူဖြစ်၏၊ ဗုဒ္ဓ ဟူ၍အမည်မှည့်ထား၏၊ ထိုဗုဒ္ဓကို ကျွန်ုပ်သည် ဆည်းကပ်ခဲ့ပါပြီ"

ငှက်သည် အသီးနည်းပါးသော စက်ဆုပ်ဖွယ်သောတော ကို ပယ်စွန့်ကာ အသီးများစွာရှိသော တောကိုမှီလျက်နေသကဲ့သို့ ဤနည်းတူ ကျွန်ုပ်သည် ဉာဏ်အမြင်နည်းသူကို ပယ်စွန့်ပြီး ဖြစ်ပါသည်၊ ဟသ်ာသည် ရေများသောအိုင်သို့ သက်ဆင်းသကဲ့သို့ ကျွန်ုပ်သက်ဆင်းခဲ့ပါပြီ၊

"ဂေါတမဘုရား. . . သာသနာမပေါ်မီ ရှေးအခါက အကြွင်ဆရာတို့က ဤသို့ဖြစ်ခဲ့ပြီ ဤသို့ဖြစ်လိမ့်မည်" ဟု မိမိ၏ အယူအဆကို ကျွန်ုပ်အား ပြောကြားခဲ့ပါ၏၊ ထိုဆရာတို့၏ ထိုအလုံးစုံသော စကားသည် ပြောဆိုသံကြားကာမျှသာတည်း ထိုအလုံးစုံသည် ကာမဝိတက် စသည်ကိုသာ ပွားပါ၏

ဂေါတမဗုဒ္ဓသည် ပြိုင်ဘက်မပြု တစ်ဆူတည်းဖြစ်ပါ၏ အမိုက်တိုက်ကို ဖျက်ဆီး၍နေတော်မူ၏၊ တန်ခိုးရှိတော်မူ၏၊ ပညာအလင်းရောင်ကို ပြုတော်မူ၏၊ ပညာတံခွန်-မြေအထုနှင့် တူသော ပညာရှိတော်မူပါ၏၊

ထိုဂေါတမ ဗုဒ္ဓသည် ကိုယ်တိုင်သိမြင်သော အခါမလင့် အကျိုးပေးပြီး၊ တပ်မက်မှု တဏှာကုန်ရာ-ဘေးရန်မရှိသော တရားကို ကျွန်ုပ်အား ဟောပါ၏၊ ယင်းနိဗ္ဗာန်တရားကား တစ်စုံတစ်ခု နှိုင်းယှဉ်စရာ ဥပမာမရှိပါ၊

ဆရာပုဏ္ဏား-ဂေါတမဗုဒ္ဓ၏ ဟောခဲ့သောထိုတရားနှင့် ကျွန်ုပ်ကင်း၍ တမုဟုတ်မျှ မနေနိုင်ပါ၊ ဂေါတမဗုဒ္ဓကို ပကတိမျက်စိဖြင့်မြင်ရသကဲ့သို့ မမေ့မလျော့မူ၍ နေ့ရောညဉ့်ပါ ကျွန်ုပ်စိတ်ဖြင့် မြင်နေရပါ၏၊ ညဉ့်အခါ၌ ရှိခိုးနေပါ၏၊

ကျွန်ုပ်၏ယုံကြည်မှု(သဒ္ဓါ)နှစ်သိမ့်မှု(ပီတိ)၊ သိမှု(မန)၊ အောက်မေ့မှု(သတိ)တို့သည် ဂေါတမ ဗုဒ္ဓသာသနာမှ မဖယ်မရှောင်ကြပါကုန်၊ မြေကြီးအထုပညာရှိသော ထိုဗုဒ္ဓသည် အကြင်အရပ်သို့ ကြွ၏၊ ထိုဗုဒ္ဓရှိရာ အရပ်သို့သာလျှင် ကျွန်ုပ်စိတ်ညွတ်ကိုင်းနေပါ၏၊

ဆရာပုဏ္ဏား. . . ကျွန်ုပ်သည် အိုမင်းခွန်အားနည်း၍ ဗုဒ္ဓထံကိုယ်တိုင်မသွားနိုင်၍ စိတ်အကြံဖြင့်သာ သွားနေရပါသည်၊ ကျွန်ုပ်၏စိတ်သည် ထိုဗုဒ္ဓနှင့်ယှဉ်စပ်နေပါ၏၊

ကျွန်ုပ်သည် ကာမဂုဏ်ညွန်ထဲ၌ အိပ်လျက်-ထက်ဝန်းကျင် တုန်တုတ်လှုပ်လှုပ်မှိုခိုရာ ကျွန်းတစ်ခုမှ -မှိုခိုရာကျွန်းတစ်ခုသို့ မျောနေရပါ၏၊ ယခု သံသရာ အယဉ်-ဩဃကို လွန်မြောက်ပြီး၍ အာသဝကင်းသော ဗုဒ္ဓကို ဖူးမြင်ရပါ၏၊'

ဗုဒ္ဓက ပိင်္ဂိယ ဝက္ကလိသည်လည်းကောင်း၊ ဘဒြာဝုဓသည်လည်းကောင်း၊ အာဠဝီပြည်သား ဂေါတမသည်လည်းကောင်း၊ ယုံကြည်မှု(သဒ္ဓါ)၊ တရားကိုစေလွှတ်၍ အရဟတ္တဖိုလ်သို့ရောက်သူဖြစ်သကဲ့သို့ သင်သည်လည်း ယုံကြည်မှု(သဒ္ဓါ)၊ တရားကို နိဗ္ဗာန်သို့စေလွှတ်လော့၊ ဤသို့စေလွှတ်သော် သင်သည် သေမင်းတရား သံသရာ၏ တစ်ဘက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ရောက်လတ့်-ဟု ဗုဒ္ဓက ဟောခဲ့ပါသည်။

ဆရာ. . . ကျွန်ုပ်သည် မုနိ-ဖြစ်သော ဗုဒ္ဓ၏စကားကိုကြားရ၍ အလွန်ကြည်လင်ပါ၏၊ ဝဋ္ဋ ဟူသောအမိုးကိုဖွင့်ပြီး သောဆူးငြောင့်ကင်းတော်မူပြီးသော ဆင်ခြင်ဉာဏ်(ပဋိဘာန်)ရှိတော်မူသော၊ ဒဓမေးပြဿနာ အဆုံးကို ပြုတော်မူသော

ယုံမှားခြင်းရှိသူတို့ကို ယုံမှားကင်းစေတတ်သော သဗ္ဗညုရိနတ်၊ ဥပပတ္တိနတ်တို့ထက် လွန်ကဲထူးမြတ်သော ဝိသုဒ္ဓိနတ်တို့ကို ထူးသောဉာဏ်ဖြင့် သိတော်မူ၍ မိမိသူတစ်ပါးနှစ်ပါးစုံ ဝိသုဒ္ဓိနတ် အဖြစ်ကို ပြုတတ်သောတရား အားလုံးကိုလည်း သိတော်မူပြီး-

အကြောင်နိဗ္ဗာန်တရားအား တစ်စုံတစ်ခု နိုင်းယှဉ်စရာ၊ ဥပမာမရှိ၊ မရွေ့လျား မပျက်စီးနိုင်သော ထိုနိဗ္ဗာန်သို့ မချွတ်သွား ရတော့အံ့၊ ဤနိဗ္ဗာန်သို့ သွားရာ၌ကျွန်ုပ်အား ယုံမှားမှုမရှိတော့ပါ ကျွန်ုပ်ကို ကိလေသာမှ လွတ်မြောက်လိုသောစိတ်ရှိသူ ဟူ၍မှတ် ပါလေလော့”

(သုတ္တနိပါတ၊ ပါရာယာနုဝဏ္ဏ)

# ဗုဒ္ဓဂေါတမနှင့် သုဘလုလင်ပုဏ္ဏား
# (ပုဏ္ဏားတို့၏ ကောင်းမှုပြုခြင်းပညတ်ချက်များ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

တောဒေယျပုဏ္ဏား၏ သားဖြစ်သောသုဘလုလင်သည် ကိစ္စတစ်ခုဖြင့် သာဝတ္ထိပြည်သူကြွယ်တစ်ဦး၏ အိမ်တည်းခိုလျက် ရှိသည်။

သုဘလုလင်က အိမ်ရှင်သူကြွယ်ကို-

"သင်တို့ သာဝတ္ထိပြည်၌ ဘုရား-ရဟန္တာ၊ ပုဏ္ဏားများပေါ လှသည် ဟုကျော်ကြားနေပါသည်၊ ကျွန်ုပ်သည် အဘယ် ဘုရား-ရဟန္တာ၊ ပုဏ္ဏားများကို ဆည်းကပ်ရန်သင့်ပါသနည်း"
ဟုမေးမြန်းစုံစမ်းသည်။

"ရဟန်းဂေါတမကို ဆည်းကပ်ရန်သင့်မည်ထင်ပါသည်"
ဟုသူကြွယ်က အကြံပေးသည်။

သို့အတွက် သုဘလုလင်ပုဏ္ဏားသည် ဗုဒ္ဓထံသို့ သွား ရောက်ကာ ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြော ကြားပြီး သင့်ရာတစ်နေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . လူဝတ်ကြောင်သည်သာလျှင် မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်၏၊ ရဟန်းသည် မှန်ကန်သော ကုသိုလ်တရားကို မပြီးမြောက်စေနိုင် ဟုပုဏ္ဏား တို့က ပြောဆိုပါသည်၊ ဤအရာ၌ အရှင်ဂေါတမသည် မည်သို့ ပြောဆိုလိုပါသနည်း"

"လုလင်ပုဏ္ဏား. . . ဤအရာ၌ ငါသည်ခွဲခြားဝေဖန် ပြောဆိုလေ့ရှိပါ၏၊ တစ်ဘက်သတ်ပြောဆိုလေ့မရှိပါ၊ ငါသည် လူဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မှားသောအကျင့်ကို ကျင့်လေ့ရှိသူကို မချီးကျူး၊ မှန်သောအကျင့်ကို ကျင့်သူသာ ချီးကျူးပါ၏၊

လူဝတ်ကြောင်ဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မှားသော အကျင့်ကိုကျင့်ခဲ့သော် မှန်သောကုသိုလ်တရားကို ပြီးမြောက် စေနိုင်မည်မဟုတ်၊ မှန်ကန်သောအကျင့်ကို ကျင့်မှသာ မှန်ကန် သောကုသိုလ်တရားကို ပြီးမြောက်စေနိုင်မည် ဖြစ်ပါသည်"

"အရှင်ဂေါတမ. . . ကျယ်ဝန်းများပြားသော ပြုဘွယ် ကိစ္စများပြားသောကြောင့်ကြမှု၊ များပြားသောအားထုတ်ခြင်း ရှိသော လူဝတ်ကြောင်တို့၏ အလုပ်သည် အကျိုးများ၏၊ နည်း သောပြုဘွယ်ကိစ္စ၊နည်းသောကြောင့်ကြမှု၊ နည်းသောအားထုတ် ရခြင်းရှိသော ရဟန်းတို့၏ အလုပ်သည် အကျိုးနည်း၏-ဟု ပုဏ္ဏားတို့ကပြောဆိုကြသည်ကို အရှင်ဘုရားက မည်သို့ ပြောဆို လိုပါသနည်း"

"လုလင်ပုဏ္ဏား. . . ဤအရာ၌လည်း ငါသည် ခွဲခြား ဝေဖန်၍ ပြောဆိုလေ့ရှိပါ၏၊ တစ်ဘက်သတ် ပြောဆိုလေ့မရှိ၊ အလုပ်နှစ်မျိုးတွင် မည်သည့်အလုပ်ပင်ဖြစ်စေ၊ ချွတ်ယွင်းလွဲမှား သည်ရှိသော် အကျိုးနည်း၏၊ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုး ကြီးမား၏။

လုလင်ပုဏ္ဏား. . . ဥပမာအားဖြင့် လယ်ယာလုပ်ငန်း သည် များပြားသော ပြုဘွယ်ကိစ္စ၊ များပြားသော ကြောင့်ကြမှု၊

သို့သော် ချွတ်ယွင်းလွဲမှားစွာ လုပ်မိသော် အကျိုးနည်း၏၊ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုးများ၏၊

"လုလင်ပုဏ္ဏား. . . ဥပမာအားဖြင့် ကုန်သည်အလုပ်သည် နည်းသောပြဿဝယ်ကိစ္စ၊ နည်းသောကြောင့်ကြမှု၊ နည်းသောအားထုတ်ရခြင်းရှိ၏၊ သို့သော်လည်း ထိုအလုပ်သည် ချွတ်ယွင်းလွဲမှားစွာ လုပ်မိသော် အကျိုးနည်း၏၊ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုးရှိ၏၊

လုလင်ပုဏ္ဏား. . . ထိုနည်းတူပင် ပြဿဝယ်ကိစ္စ၊ များသောလူတို့အလုပ်သည် ချွတ်ယွင်းလွဲသည်များရှိသော် အကျိုးနည်း၏၊ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုးကြီး၏၊

ပြဿဝယ်ကိစ္စနည်းသော ရဟန်းတို့၏ အလုပ်သည်လည်း ချွတ်ယွင်းလွဲမှားသည်ရှိသော် အကျိုးနည်း၏၊ မှန်ကန်ပြည့်စုံသည်ရှိသော် အကျိုးကြီး၏၊

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်း၊ ကုသိုလ်ကိုပြည့်စုံစေခြင်းငှါ --

-အမှန်ကို ဆိုခြင်း

-ခြိုးခြံသောအကျင့်

-မြတ်သောအကျင့်- -

-သင်အံ့လေ့ကျင့်ခြင်း

-စွန့်ကြဲခြင်း

စသည်ဟူ၍တရားငါးပါးကိုသတ် မှတ်ကြရာ၊ ဤအရာ၌ အရှင်သည် မည်သို့ပြောဆိုလိုပါသနည်း'

"လုလင်ပုဏ္ဏား. . . ပုဏ္ဏားတို့တွင် ဤတရားငါးပါး၏ အကျိုးကို ကိုယ်ပိုင်ဉာဏ်အထူးဖြင့် မျက်မှောက်ပြု၍ ငါ ဟောကြား၏ ဟုဆိုဝံ့သူ တစ်စုံတစ်ယောက်သည် ရှိခဲ့ပါသလော"

"အရှင်ဂေါတမ. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ပုဏ္ဏားတို့၏ ခုနစ်ဆက်တိုင်သော ဆရာအဆက်ဆက်တို့တွင်လည်း ဤကဲ့သို့ ဆိုဝံ့သူ တစ်စုံတစ် ယောက်ရှိခဲ့သလော"

"အရှင်ဂေါတမ. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ဗေဒင်ကျမ်းများကို စီရင်ခဲ့သော ရသေ့ရှစ်ယောက်တို့တွင်လည်း ဤကဲ့သို့ ဆိုဝံ့သူ တစ်စုံတစ် ယောက် ရှိခဲ့ပါသလော"

"အရှင်ဘုရား. . . မရှိခဲ့ပါ"

"လုလင်ပုဏ္ဏား. . . ယင်းသို့မရှိခဲ့သော် ပုဏ္ဏားတို့၏ စကားအစဉ်သည် သူကန်းတို့၏ အစဉ်သဖွယ် ရှေ့လူလည်း မမြင်၊ အလယ်လူလည်းမမြင် သူကန်းတို့၏ အဆင့်အတန်း သဖွယ် ဖြစ်ချေ၏"

ဤကဲ့သို့ ဗုဒ္ဓက ပုဏ္ဏားများကို သူကန်းနှင့် ဥပမာ ပြု ၍ မိန့်ကြားသောအခါ သုဘလုလင်သည် စိတ်ဆိုး၍ ဗုဒ္ဓအပေါ် ပြစ်တင်ရှုတ်ချ လိုသဖြင့် -

"ဈာန် မဂ်ဖိုလ် တရားထူးကို ရပြီး ဟုဝန်ခံသော ရဟန်း ပုဏ္ဏားတို့၏ စကားမှာရယ်ဖွယ်သာ ဖြစ်၏၊ အကျိုးမရှိ၊ အချည်း အနှီးသာလျှင် ဖြစ်၏၊ လူသားဖြစ်သော သူသည် လူတို့၏ တရား

ထက်လွန်သော အရိယာ ဖြစ်စွမ်းနိုင်သော ဉာဏ်မြင်အထူးကို အဘယ်မှာ ရနိုင်မည်နည်း” ဟု သုဘဂတောကို အစိုးရသော ပေါက္ခရသာတိ ပုဏ္ဏားက ပြောဆိုခဲ့ပါသည်။

“လုလင်ပုဏ္ဏား. . . ဩမပညာအနွယ်ဖြစ်သော သုဘဂတောကို အစိုးရသော ပေါက္ခရသာတိ ပုဏ္ဏားသည် ရဟန်းပုဏ္ဏားအားလုံးတို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်ပါသလော”

“အရှင်ဂေါတမ. . . ပေါက္ခရသာတိ ပုဏ္ဏားသည် မိမိ၏ ကျွန်မဖြစ်သော ပုဏ္ဏိက၏ စိတ်ကိုသော်မျှ မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ မသိနိုင်ဘဲ အလုံးစုံ ထိုပုဂ္ဂိုလ်များ၏ စိတ်ကို ပိုင်းခြား၍ အဘယ်မှာ သိနိုင်ပါအံ့နည်း”

“လုလင်ပုဏ္ဏား. . . မိခင်ဝမ်းမှ မွေးဖွားစဉ်ကပင် မျက်စိမမြင်သောသူကန်းက လောက၌ အမဲ, အဖြူ, အနီ, အဝါ, အရွှေ အရောင်အဆင်းအမျိုးမျိုးသည်လည်းကောင်း၊ လ, နေ, ကြယ်တာရာတို့သည်လည်းကောင်း၊ ထိုသူသည် သူမမြင်ဘူးသော ကြောင့် ထိုအရာများမရှိ အလုံးစုံကို ငါမသိ၊ ငါမမြင် ဟုပြောဆိုခဲ့သော် ထိုသူကန်း၏ စကားသည် ကောင်းစွာ ပြောဆိုအပ်သော စကားဖြစ်နိုင်ပါမည်လော”

“အရှင်ဂေါတမ. . . သူကန်း၏စကားသည် ကောင်းစွာ ပြောဆိုအပ်သောစကား မဖြစ်နိုင်ပါ”

“လုလင်ပုဏ္ဏား. . . ဤဥပမာအတိုင်းပင် ဉာဏ်မျက်စိမရှိသော ပေါက္ခရသာတိပုဏ္ဏားသည် ပကတိလူတို့တရားထက်

သာလွန်သော ဉာဏ်အမြင် အထူးကို မျက်မှောက်ပြုနိုင်ဖွယ် အကြောင်းမရှိပေ”

သုဘလုလင်. . . သင်၏ဘခင် တောဒေယျ ပုဏ္ဏားနှင့် တင်္က စင်္ကီ-တာရုက္ခ စသော ကောသလတိုင်းသား ပုဏ္ဏားတို့၏ လောကဝေါဟာရအားဖြင့် ပြောဆိုအပ်သော စကားလောက ဝေါဟာရ မဟုတ်ဘဲ ပြောဆိုအပ်သော စကားတို့တွင် အဘယ် စကားသည် ချီးမွမ်းအပ်ပါသနည်း”

“အရှင်ဂေါတမ. . . လောကဝေါဟာရအားဖြင့် ပြောဆို အပ်သောစကားသည် ချီးမွမ်းအပ်ပါ၏”

“သုဘလုလင်. . . ထိုပုဏ္ဏားတို့၏ နှိုင်းချိန်၍ ပြောအပ် သော၊ မနှိုင်းချိန်ပဲပြောဆိုသောစကားတွင် အဘယ်စကားသည် ချီးမွမ်းအပ်ပါသနည်း”

“အရှင်ဂေါတမ. . . နှိုင်းချိန်၍ ပြောသောစကားသည် ချီးမွမ်းအပ်ပါ၏”

“သုဘလုလင်. . . ထိုပုဏ္ဏားတို့၏ ဆင်ခြင်၍ပြော သောစကားနှင့် မဆင်ခြင်ဘဲပြောသောစကားတွင် အဘယ် စကားသည် ချီးမွမ်းအပ်ပါသနည်း”

“အရှင်ဂေါတမ. . . ဆင်ခြင်၍ ပြောသောစကားသည် ချီးမွမ်းအပ်ပါ၏”

“သုဘလုလင်. . . ထိုပုဏ္ဏားတို့၏ အကျိုးနှင့်စပ်သော စကား၊ အကျိုးနှင့်မစပ်သောစကားတို့တွင် အဘယ်စကားသည် ချီးမွမ်းအပ်ပါသနည်း”

"အရှင်ဂေါတမ. . . အကျိုးနှင့် စပ်သောစကားသည် ချီးမွမ်းအပ်ပါ၏"

"သုဘလုလင်. . . ထိုသို့ဆိုသော် ပေါက္ခရသာတိပုဏ္ဏားသည် ထိုစကားကို လောကဝေါဟာရအားဖြင့် ပြောဆိုသလော လောကဝေါဟာရမဟုတ်ဘဲ ပြောဆိုသလော"

"အရှင်ဂေါတမ. . . လောကဝေါဟာရ မဟုတ်ဘဲ ပြောဆိုပါ၏"

"သုဘလုလင်. . . ပုဏ္ဏားသည် နှိုင်းချိန်၍ ပြောသလော၊ မနှိုင်းချိန်ဘဲ ပြောသလော"

"အရှင်ဂေါတမ. . . မနှိုင်းချိန်ဘဲ ပြောပါသည်"

"သုဘလုလင်. . . ပုဏ္ဏားသည် ဆင်ခြင်၍ ပြောဆိုသလော၊ မဆင်ခြင်ဘဲ ပြောဆိုသလော"

"အရှင်ဂေါတမ. . . မဆင်ခြင်ဘဲ ပြောဆိုပါသည်"

"သုဘလုလင်. . . အကျိုးနှင့်စပ်သော စကားဖြစ်သလော၊ အကျိုးနှင့် မစပ်သောစကားဖြစ်သလော"

"အရှင်ဂေါတမ. . . အကျိုးနှင့်မစပ်သော စကားဖြစ်ပါသည်"

"သုဘလုလင်. . . ကာမစန္ဒ စသောနီဝရဏ တရားငါးပါးဖြင့် ဖုံးလွှမ်း၍ မျက်စိ၊ နား စသည်ဖြင့် ကြားအပ်သော အဆင်း၊ အသံ၊ စသော ကာမဂုဏ် အာရုံငါးပါးဖြင့် တပ်မက်ပြီး မိန်းမောတွေဝေ၍ နေသော ပေါက္ခရသာတိ ပုဏ္ဏားသည် ပကတိလူတို့တရားထက် သာလွန်သော ဉာဏ်အမြင်အထူးကို မျက်မှောက်ပြုနိုင်ဘွယ် အကြောင်းမရှိပါပေ"

သုဘလုလင်. . . ဤအရာကို မည်သို့ ထင်ပါသနည်း- မြက်၊ ထင်းကိုစွဲလောင်သောမီးနှင့် မြက်ထင်းလောင်စာမပါဘဲ ဖြစ်သော မီးတို့တွင် အဘယ်မီးသည် ပို၍အရောင်အဆင်းရှိ၍ ပို၍ တောက်ပပါသနည်း"

"အရှင်ဂေါတမ. . . မြက်ထင်းမပါဘဲဖြစ်သော မီးသည် ရှိခဲ့သော် ထိုမီးသည် ပို၍အရောင်အဆင်းရှိ၍ ပို၍တောက်ပရာ၏"

"သုဘလုလင်. . . တန်ခိုးရှိသူမှတစ်ပါး မြက်ထင်းဟူသော လောင်စာမပါဘဲ မီးကိုဖြစ်စေနိုင်ဘွယ် အကြောင်းမရှိ"

သုဘလုလင်. . . မြက်ထင်းဟူသော လောင်စာကိုစွဲ၍ ဖြစ်သောမီးကဲ့သို့ ကာမဂုဏ်ငါးပါးကို စွဲ၍ဖြစ်သော နှစ်သိမ့်မှုကို ငါဆိုပါ၏၊ မြက်ထင်းလောင်စာမပါဘဲ ဖြစ်သော မီးကဲ့သို့ ကာမဂုဏ် အကုသိုလ်တို့မှ ကင်း၍ဖြစ်သော နှစ်သိမ့်မှုကို ငါဆို၏၊

သုဘလုလင်. . . ကာမဂုဏ် အကုသိုလ်တို့မှ ကင်း၍ ဖြစ်သော နှစ်သိမ့်မှု ဟူသည် ပထမဈာန်၊ ဒုတိယဈာန်တို့နှင့် ယှဉ်သော နှစ်သိမ့်မှုပင် ဖြစ်ပါသည်"

"သုဘလုလင်. . . ကောင်းမှုပြုခြင်း၊ ကုသိုလ်တရားကို ပြည့်စုံစေခြင်းငှာ ပုဏ္ဏားတို့ သတ်မှတ်ထားသော တရားငါးပါး တို့တွင် အဘယ်တရားကို အကျိုးအကြီးဆုံး ဟူ၍ သတ်မှတ်ကြ ပါသနည်း"

"အရှင်ဂေါတမ. . . စွန့်ကြဲခြင်းကို အကျိုးအကြီးဆုံး ဟူ၍ သတ်မှတ်ကြပါသည်"

"သုဘလုလင်. . . ကြီးကျယ်ခမ်းနားစွာ ကျင်းပသော ယဇ်ပူဇော်ပွဲ၌ ပုဏ္ဏားတစ်ယောက်သည် အကောင်းဆုံးဖြစ်သော နေရာထိုင်ခင်းနှင့် စားသောက်ဖွယ်ရာတို့ကို ရလို၏၊ သို့သော် မရ၍ စိတ်ဆိုးခြင်း နှလုံးမသာယာခြင်း ဖြစ်ရာ၏၊ ယာဇ်ပူဇော် ခြင်း၏ အကျိုးကို ပုဏ္ဏားတို့က မည်သို့ သတ်မှတ်ကြပါသနည်း"

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့သည် မိမိအလှူဖြင့် တစ်ပါးသူများ စိတ်ဆိုးခြင်း၊ နှလုံးမသာယာခြင်းကို အလိုမရှိကြပါ၊ သနားငဲ့ညှာခြင်း ရှိကြကုန်သည်ဖြစ်၍သာလျှင် အလှူဒါနကို ပေးလှူကြပါသည်"

"သုဘလုလင်. . . ဤသို့ ဖြစ်သော် ပုဏ္ဏားတို့အား သနားငဲ့ညှာခြင်း ဟူသော ခြောက်ခုမြောက်ကောင်းမှုပြုခြင်း၏ အကြောင်းတရားသည် ရှိသည် မဟုတ်ပါလော"

"အရှင်ဂေါတမ. . . ဤသို့ဖြစ်သော် ပုဏ္ဏားတို့အား သနားငဲ့ညှာခြင်း ဟူသောခြောက်ခုမြောက် ကောင်းမှုပြုခြင်း၏ အကြောင်းတရားသည် ရှိပါ၏"

"သုဘလုလင်. . . ကောင်းမှုပြုခြင်း ကုသိုလ်တရားတို့ ပြည့်စုံစေခြင်းငှါ ပုဏ္ဏားတို့ သတ်မှတ်ထားသော တရားငါးပါးကို လူနှင့်ရဟန်းနှစ်မျိုးတို့တွင် အဘယ်သူ၌ များစွာ တွေ့မြင်ရပါသနည်း"

"အရှင်ဂေါတမ. . . ထိုတရားငါးပါးကို ရဟန်းတို့၌ များစွာ တွေ့မြင်ရပါသည်၊ လူတို့၌ကား အနည်းငယ်သာ တွေ့မြင်ရပါသည်၊ အကြောင်းမှာ လူတို့သည် ပြုဘွယ်ကိစ္စများ၍ ရဟန်းတို့က ပြုဘွယ်ကိစ္စ နည်းသောကြောင့် ဖြစ်ပါသည်"

"သုဘလုလင်. . . ကောင်းမှုပြုခြင်း ကုသိုလ်တရားပြီး မြောက်စေခြင်းငှါ ပုဂ္ဂိုလ်တို့ သတ်မှတ်ထားသော တရားငါးပါး ကို စိတ်၏အခြံအရံ ဟူ၍ ငါဆို၏၊

ထိုတရားငါးပါးသည် ရန်လိုခြင်း၊ နှောင့်ယှက်ဖျက်ဆီး ခြင်း ကင်းသော စိတ်ကို ပွားများရေး အတွက် အခြံအရံ ဖြစ်၏

အခြံအရံဖြစ်ပုံကား အမုန်းကိုဆိုလေ့ရှိသော ရဟန်း သည် ငါကားအမုန်းကိုဆိုသူဖြစ်၏-ဟူ၍ နှစ်သက်ဝမ်းမြောက် မှုကို ရ၏၊ ထိုနှစ်သက်ဝမ်းမြောက်မှုသည် စိတ်၏အခြံအရံပင် ဖြစ်၏၊

ခြိုးခြံသောအကျင့်၊ မြင့်မြတ်သောအကျင့်၊ မြတ်သော အကျင့် သင်အံလေ့ကျက်ခြင်း၊စွန့်ကြဲခြင်းရှိသော ရဟန်းတို့အား လည်း ထိုနည်းတူပင် နှစ်သက်ဝမ်းမြောက်မှုဖြစ်ပေါ်၍ ထိုနှစ် သက်ဝမ်းမြောက်မှုသည် စိတ၏အခြံအရံဖြစ်လေသည်၊

"အရှင်ဂေါတမသည် ဗြဟ္မာတို့၏အပေါင်းအဖေါ်ဖြစ် ရေးလမ်းစဉ်ကို သိပါသလော"

"သုဘလုလင်. . . ကျူထရံသည်တို့ရွာတွင် မွေးဖွား နေထိုင်ပြီး ထိုရွာမှထွက်လာသောရွာသားတစ်ဦးကို ထိုရွာသို့သွား သောလမ်းခရီးကိုမေးက နှုံနှေးဖင့်နွဲ့ခြင်း ရှိရာပါသလော"

"အရှင်ဂေါတမ. . . ကျူထရံရွာ၌ မွေးဖွားခဲ့သူဖြစ်၍ နှုံနှေးဖင့်နွဲ့ခြင်းမရှိနိုင်ပါ"

"သုဘလုလင်. . . ကျူထရံရွာ၌မွေးဖွားသူကို ရွာလမ်း ခရီးကိုမေးက နှုံနှေးဖင့်နွဲ့ကောင်း ဖင့်နွဲ့ပါမည်၊ ငါဘုရားသည် ကားဗြဟ္မာကိုလည်းသိ၏၊ ဗြဟ္မပြည်ရောက်ကြောင်းကိုလည်း

သိ၏၊ ဗြဟ္မာပြည်လောကကိုလည်းသိ၏၊ ဗြဟ္မာပြည်ရောက်ကြောင်းအကျင့်ကို လည်းသိ၏"

"အရှင်ဂေါတမ . . . ဤသို့ဆိုက ကျွန်ုပ်အားဗြဟ္မာအပေါင်းအဖေါ်ဖြစ်ခြင်းငှါ ဗြဟ္မာပြည်ရောက်ကြောင်း အကျင့်ကို ဟောကြားပေးပါ"

"သုဘလုလင် . . . ထိုသို့ဖြစ်က နားထောင်ပေလော့၊ ဗြဟ္မာတို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ကြောင်းအကျင့်ဟူသည် ဤသာသနာတော်၌မေတ္တာ၊ ကရုဏာနှင့် မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရ တရားဖြင့်ယှဉ်သောစိတ်ဖြင့် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့စေ၍နေသည်၊ ထိုဗြဟ္မဝိဟာရတရားများကို ပွားများသည်ရှိသော် အနှိုင်းယှဉ်ခံရသော ကာမာဝစရကံသည် ထိုမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစျာန်တို့၌မတည်၊ ဥပမာအားဖြင့် အားရှိသော ခရုသင်းမှုတ်သမားသည် အနည်းငယ် အပင်းပန်းခံမှုတ်ကာမျှဖြင့်သာလျှင် အရပ်လေးမျက်နှာတို့ကို သိနိုင်စေရာသကဲ့သို့ ထိုမေတ္တာ စသောစျာန်စိတ်တို့ကို ပွားများသည်ရှိသော် အနှိုင်းယှဉ်ခံရ၊ ထိုကာမာဝစရကံသည် ထိုမေတ္တာစျာန်၌ မကြွင်းကျန် မေတ္တာစျာန်၌မတည်၊ ဤတရားများသည် ဗြဟ္မာတို့၏အပေါင်း အဖော်အဖြစ်သို့ ရောက်ခြင်းငှါ ခရီးလမ်းကြောင်း အကျင့်တည်း"

"အရှင်ဂေါတမ . . . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

စသည်ဖြင့် လျှောက်ကာ ပြန်ခွင့်တောင်းသည်။

ဗုဒ္ဓက သင်၏သွားရန်အချိန်ကို သင်သာသိသည် ဟု မိန့်ကြားပြီး ပြန်ခွင့်ပြုသည်၊ သုဘလုလင်သည် ဗုဒ္ဓကိုရိုသေစွာ ရှိခိုး၍ ပြန်လည်ထွက်ခွာရာလမ်းတွင် အလုံးစုံဖြူသော မြင်းက,သော ရထားကိုစီး၍ ထွက်လာသော ဇာဏုသောဏိပုဏ္ဏား နှင့်တွေ့ဆုံမိလေသည်၊

"အရှင်ဘာရဒွါဇသည် ယခုကဲ့သို့ နေ့လည်မွန်းတည့်အချိန်အခါ၌ အဘယ်အရပ်မှ လာပါသနည်း"

"ငါသည်အမှန်ပြောရလျှင် ရဟန်းဂေါတမထံမှ လာခဲ့ပါ၏"

"အရှင်ဘာရဒွါဇ. . . ငါမေးအံ့သောအကြောင်းကို မည်သို့ထင်ပါသနည်း၊ ရဟန်းဂေါတမ၏ ပညာဉာဏ်ပြန့်ပြောသော အဖြစ်သည် ပညာရှိလက္ခဏာနှင့် ညီညွတ်ပါ၏လော"

"အရှင်. . . ကျွန်ုပ်သည် အဘယ်သို့သဘောရှိသောသူပါနည်း၊ ရဟန်းဂေါတမ၏ ပညာရှိသောအဖြစ်ကို အဘယ်မှာ မသိဘဲ နေပါအံ့နည်း၊ အကြင်သူသည် ရဟန်းဂေါတမ၏ ပညာရှိသောအဖြစ်ကို သိရာ၏၊ ထိုသူသည်လည်း ထိုအရှင်ဂေါတမကဲ့သို့ သဘောရှိသည် ဖြစ်ရာသည် မဟုတ်လော"

"အရှင်ဘာရဒွါဇသည် ရဟန်းဂေါတမကို လွန်ကဲသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းလေဘိတကား"

"အရှင်. . . ရဟန်းဂေါတမသည်ကား ချီးကျူးအပ်၊ ချီးကျူးသင့်သောသူတို့ထက် အထူးသဖြင့် ချီးကျူးအပ်ချီးကျူးထိုက်သူလည်း ဖြစ်ပါ၏၊ နတ်လူတို့ထက် ဆထက်လွန်ကျူး အထူးမြတ်သူ ဖြစ်ပါ၏"

အရှင်. . . ဤပုဏ္ဏားတို့သည် ကောင်းမှုပြုခြင်းငှာ-ကုသိုလ်တရားတို့ ပြည့်စုံစေခြင်းငှါ ငါးပါးသောတရားတို့ကို ပညတ်ကြပါကုန်၏၊ ထိုငါးပါးသော တရားတို့ကိုရဟန်းဂေါတမသည် ရန်ကင်းစေလိုသော မေတ္တာစိတ်ကို ပွားများခြင်းငှာ ထိုမေတ္တာစိတ်၏အခြံအရံတို့ ဟူ၍ဟောကြားပါ၏၊

ထိုသို့ သုဘလုလင်က ပြောကြားသောအခါ ဇာဏုသောဏိပုဏ္ဏားသည် ရထားမှဆင်းသက်၍ လက်ဝဲတင်ဘက်ပုခုံးထက်၌ ကိုယ်ဝတ်ကို စံပါယ်တင်သည်ကိုပြု၍ ဗုဒ္ဓရှိရာဘက်သို့လက်အုပ်ချီကာ-

"ကောသလမင်းကြီး အရတော်လေစွ၊ကောသလမင်းကြီးအား အရတော်လေစွ၊ကောသလမင်းကြီး၏တိုင်းနိုင်ငံ၌ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဟုတ်မှန်သောအကျင့်ရှိသော ဘုရားရှင်သည်သီတင်းသုံးနေတော်မူ၏" ဟုဥဒါန်းစကားကို မြွက်ဆိုကျူးရင့်လေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာဏဝဂ်၊ သုဘလုလင်သုတ်)

# ဗုဒ္ဓဂေါတမနှင့်ဝေဠုဒွါရရွာသားပုဏ္ဏားများ (ကောင်းသောလားရာ နတ်ပြည်ရောက်ကြောင်း)

ဗုဒ္ဓသည် ရဟန်းများစွာနှင့်အတူ ကောသလတိုင်းအတွင်း ဒေသစာရီလှည့်လည်စဉ် ဝေဠုဒွါရမည်သောပုဏ္ဏားတို့ ရွာသို့ ရောက်ရှိသွားသည်၊

ဝေဠုဒွါရရွာ ပုဏ္ဏားတို့သည် ဗုဒ္ဓ၏အရဟံ စသောဂုဏ် တော်ကိုးပါးနှင့်ပြည့်စုံမှုသတင်း ဗုဒ္ဓ၏ အစ,အလယ်,အဆုံး ကောင်းသောတရားဟောမှု၊ မြတ်သောပုဂ္ဂိုလ်အား ဖူးမြင်ရခြင်း သည် ကောင်းသည်-ဟူသောသတင်းစကားကို ကြားသိထားကြ ၍ ဝေဠုဒွါရပုဏ္ဏားနှင့်ရွာသားတို့သည် ဗုဒ္ဓထံသို့လာရောက်ဖူး တွေ့ကြသည်၊

ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကား ပြောဆိုကြ ပြီးနောက် သင့်ရာနေရာ အသီးသီး၌ထိုင်ကြပြီးနောက် ဝေဠုဒွါ ရပုဏ္ဏားကြီးကဗုဒ္ဓအား--

"အရှင်ဂေါတမ. . . ကျွန်ုပ်တို့သည် ဤသို့သောအလို ဆန္ဒရှိကုန်သည်ဖြစ်၍ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်နေရာ၌ နေကြပါကုန်၏၊ ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်ခံစားလိုကြပါ၏၊ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာ ပျောင်းလိမ်းခြင်း ပြုလိုကြပါကုန်၏၊ ရွှေ၊ ငွေကို လက်ခံသာယာလို ကြပါကုန်၏၊ သေပြီးနောက်လည်း ကောင်းသောသူတို့လား ရောက်ရာနတ်ပြည်သို့ ရောက်လိုကြပါ၏၊ အရှင်ဂေါတမသည်

တပည့်တော်၏ ဤအလိုဆန္ဒပြည့်ဝမည့်တရားကို ဟောကြားပေးတော်မူပါဘုရား”
ဟုလျှောက်ထားသည်။

“အမျိုးသားတို့. . . သင်တို့အားကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာကို ဟောကြားအံ့၊ ကောင်းစွာ နှလုံးသွင်း နာကြားကြကုန်လော့”

“အရှင်ဘုရား. . . ကောင်းပါပြီ”

“အမျိုးသားတို့. . . ငါသည်အသက်ရှင်လို မသေလို၊ ချမ်းသာလို၏၊ ဆင်းရဲကို စက်ဆုပ်၏”

အကြင်သူသည် အသက်ရှင်လို၊ မသေလို၊ ချမ်းသာလို၊ ဆင်းရဲသောစက်ဆုပ်သောငါ့အား ဇီဝိတိန္ဒြေမှချပြားအံ့၊ ငါသည် ထိုသူ၏ သတ်မှုကို မချစ်မနှစ်သက်၊ ငါသည်လည်း အသက်ရှင်လို မသေစေလို ကိုဆင်းရဲကို စက်ဆုပ်သော သူတစ်ပါးကို ဇီဝိတိန္ဒြေမှချထားအံ့၊ သူတစ်ပါးကလည်းထိုသတ်မှုကို မနှစ်သက်၊ ငါကလည်းမနှစ်သက်သော ထိုတရားနှင့်သူတစ်ပါးကို အဘယ်ကြောင့်ယှဉ်စေရာအံ့နည်း”

အရိယာတပည့်သည် ဤသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်၏၊ သူတစ်ပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်စေ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆို၏၊

ထိုသို့ဤသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏၊ ပုဏ္ဏား အလားတူ-

-ငါ၏ ဥစ္စာကိုခိုးယူက ငါ မနှစ်သက်သလို အခြားသူကလည်း သူ့ဥစ္စာခိုးယူမည်ကို မနှစ်သက်၊
-ငါ၏သားမယားတို့၌သူတစ်ပါးကျူးလွန်သည်ကို ငါမကြိုက်သလို အခြားသူကလည်း သူ့သားမယားကျူးလွန်မည်ကို မနှစ်သက်၊
ဤသို့လျှင် ထိုသူ၏ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။
-ငါသည်မမှန်မကန်ပြောဆိုခြင်းကို မကြိုက်သလို သူတစ်ပါးလည်း မမှန်မကန်ပြောဆိုမည်ကို မနှစ်သက်၊
-ငါသည်ကုန်းချောစကားဖြင့် မိတ်ဆွေနှစ်ယောက်ကွဲခြင်းကို မကြိုက်သလို၊ အခြားသူကလည်း မိတ်ဆွေကွဲပြားခြင်း၊ ကုန်းချောစကားပြောမည်ကို မနှစ်သက်၊
-ငါသည် ငါ့ကိုကြမ်းတမ်းသောစကား ပြောဆိုခြင်းကို မကြိုက်သလို အခြားသူကလည်း ကြမ်းတမ်းသောစကား ပြောမည်ကို မနှစ်သက်၊
-ငါသည် ပြိန်းဖျင်းသောစကားပြောဆိုခြင်းကို မကြိုက်သလို အခြားသူကလည်း ပြိန်းဖျင်းသောစကားပြောမည်ကိုမနှစ်သက်၊

ဤသို့လျှင် ထိုသူ၏နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏၊

အမျိုးသားတို့. . . အရိယာတပည့်သည် ဗုဒ္ဓ, ဓမ္မ, သံဃာ ရတနာသုံးပါးတို့၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ အရိယာတို့နှစ်သက်သော သီလနှင့်ပြည့်စုံ၏။

အမျိုးသားတို့. . . အရိယာတပည့်တို့သည် ဤသူတော်ကောင်းတရားခုနှစ်ပါးတို့နှင့်ပြည့်စုံခြင်းကြောင့် အလိုရှိအပ်ခဲ့သော်

ဤသို့လိုလားအပ်သောအကြောင်းလေးမျိုးတို့ဖြင့် မိမိကိုယ်ကို ကိုယ်တိုင်ပင် ငါအား ငရဲ, တိရစ္ဆာန်, ပြိတ္တာ ပဋိသန္ဓေကုန်ပြီး ငါသည် ပျက်စီးကျရောက်ခြင်းသဘောရှိသော ကျိန်းသေမြဲသော အထက်မင်္ဂသုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ် ၏-ဟုပြောကြားနိုင်ရာ၏၊

ဗုဒ္ဓကဤမိန့်ကြားသော် ဝေဠုဒွါရပုဏ္ဏားနှင့်ရွာသားတို့ သည် ဗုဒ္ဓ၏တရားကို အလွန်နှစ်သက်သဘောကျပြီးလျှင် ရတနာ သုံးပါးကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်ယူရန် လျှောက်ထားကြလေသည်။

(မဟာဝဂ္ဂသံယုတ်၊ သောတာပတ္တိသံယုတ်
ဝေဠုဒွါရဝဂ်- ဝေဠုဒွါရယျသုတ်)

## ဂေါတမဗုဒ္ဓနှင့် ဥဇ္ဇယပုဏ္ဏား
## (ပစ္စုပ္ပန်-တမလွန်ဘဝတို့ ၌အကျိုးစီးပွားရှိမှုနှင့်ချမ်းသာမှု)

ဥဇ္ဇယပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်လာ၍ ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောဆိုပြီးလျှင် နေရာတစ်ခု၌ထိုင်သည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် အရပ်တစ်ပါးသို့သွားရန် အလိုရှိပါ၏၊ အရှင်သည် ကျွန်ုပ်အားမျက်မှောက်ဘဝ အကျိုးစီးပွားချမ်းသာခြင်းငှါ တရားကိုဟောတော်မူပါလော့"

"ပုဏ္ဏား. . . ထကြွလုံ့လနှင့်ပြည့်စုံမှု၊ စောင့်ရှောက်ခြင်းနှင့် ပြည့်စုံမှု၊ မိတ်ဆွေကောင်းရှိမှု၊ မျှတစွာအသက်မွေးမှု ဟူသော တရားလေးပါးတို့သည် မျက်မှောက်ဘဝ အစီးအပွားချမ်းသာ အလို့ငှါ ဖြစ်ကြသည်၊

ပုဏ္ဏား. . . ထကြွလုံ့လနှင့်ပြည့်စုံမှုဟူသည် ဤလောက၌ အမျိုးကောင်းသားသည် အသက်မွေးကြောင်း အလုပ်ဖြစ်သော လယ်လုပ်ခြင်းဖြစ်စေ၊ ကုန်သွယ်ခြင်းဖြစ်စေ၊ နွားကျောင်းအလုပ်ဖြစ်စေ၊လေးသမားအတတ်ဖြစ်စေ၊ မင်းလုလင်အလုပ်ဖြစ်စေ၊ အခြားအတတ်ပညာတစ်မျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းမှုပြု၏၊ ထိုအလုပ်၌ ကျွမ်းကျင်၏၊ ပျင်းရိမှုမရှိ၊ ထိုလုပ်ငန်း၌အကြောင်း ကိုစုံစမ်းတင်သော ပညာနှင့်ပြည့်စုံ၏၊ ပြုလုပ်ခြင်းငှါလည်း စွမ်းနိုင်၏၊ စီရင်ခြင်းငှါလည်း စွမ်းနိုင်၏၊

ဤသည်မှာ ထကြွလုံ့လနှင့်ပြည့်စုံမှု(ဥဋ္ဌာနသမ္ပဒါ)ဟု ဆိုအပ်၏။

"ပုဏ္ဏား. . . စောင့်ရှောက်ခြင်းနှင့်ပြည့်စုံမှုဟူသည် ဤလောက၌အမျိုးကောင်းသားအား လက်ရုံးအားကိုး ဆည်းပူးအပ်ကုန်သော၊ ချွေးဒီးဒီးကျပြုအပ်ကုန်သောတရားနှင့် လျော်ညီစွာရအပ်ကုန်သော ဥစ္စာစည်းစိမ်တို့သည် ရှိကုန်၏၊ ထိုစည်းစိမ်ဥစ္စာတို့ကို အဘယ်သို့လျှင် မင်းအစိုးရတို့ မဆောင်ယူနိုင်ကုန်ရာသနည်း၊ ခိုးသူတို့ မဆောင်ယူနိုင်ကုန်သနည်း၊ မီးမလောင်ရာသနည်း၊ ရေမကျော်နိုင်ကုန်ရာသနည်း၊ မချစ်မနှစ်သက်သော အမွေခံဆိုးတို့ မယူဆောင်နိုင်ကုန်သနည်း-ဟုစောင့်ရှောက်ခြင်းလုံ့ခြုံခြင်းဖြင့် ပြည့်စုံစေ၏၊ ဤသည်ကို စောင့်ရှောက်မှုနှင့် ပြည့်စုံမှု (အာရက္ခ သမ္ပဒါ) ဟုခေါ်ပါသည်။

"ပုဏ္ဏား. . . မိတ်ဆွေကောင်းရှိမှုဟူသည် ဤလောက၌ အမျိုးကောင်းသားသည် အကြင်ရွာနိဂုံး၌ ဖြစ်စေနေ၏၊ ထိုရွာနိဂုံးနေသူသည် ငယ်သော်လည်းကြီးမြင့်သော ကိုယ်ကျင့်ရှိ၏၊ ကြီးသော် လည်းကြီးမြင့်သော ကိုယ်ကျင့်သိက္ခာရှိ၏၊ သဒ္ဓါတရား၊ သီလတရား၊ စာဂတရား၊ ပညာတရားတို့နှင့်ပြည့်စုံကုန်သော သူကြွယ်တို့နှင့်ဖြစ်စေ၊ သူကြွယ်သားတို့နှင့်ဖြစ်စေ၊ အတူနေ၏၊ အတူပြောဆို၏၊ အတူဆွေးနွေး၏-ယင်းသဒ္ဓါတရား၊ သီလ တရား၊ စာဂတရား၊ ပညာတရားတို့နှင့်ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏"

ဤသည်ကို မိတ်ဆွေကောင်းရှိခြင်း(ကလျာဏမိတ္တာသမ္ပဒါ) ဟု ဆိုအပ်ပါ၏။

ပုဏ္ဏား. . . မျှတသောအသက်မွေးမှုဟူသည် ဤလောက၌ အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွားမှု(ဝင်ငွေ)ကို လည်းကောင်း၊ ဆုတ်ယုတ်မှု(ထွက်ငွေ)ကို လည်းကောင်းသိရှိ၍ ဤသို့သုံးစွဲသော် ငါ၏တိုးပွားမှုဝင်ငွေသည် ဆုတ်ယုတ်မှုထွက်ငွေထက်များလိမ့်မည်မဟုတ်-ဟု မများလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကိုပြု၏၊

ပုဏ္ဏား. . . ဥပမာသော်ကား ရာဇူ(ချိန်ခွင်) ကိုင်သမားနှင့်တပည့်တို့သည် ချိန်ခွင်ကိုမြှောက်၍ ဤမျှလောက်ဖြင့် အောက်သို့နိမ့်၏၊ ဤမျှလောက်ဖြင့်အထက်သို့မြင့်၏-ဟု သိသကဲ့သို့ ဤအတူသာလျှင် အမျိုးကောင်းသားသည် ဝင်ငွေတိုးမှု၊ ထွက်ငွေဆုတ်ယုတ်မှုနှင့်ပတ်သက်၍ မများလွန်း-မနည်းလွန်း မျှတစွာအသက်မွေးမှုကိုပြု၏။

ပုဏ္ဏား. . . အမျိုးကောင်းသားသည် တိုးပွားမှုဝင်ငွေနည်းသည်ဖြစ်၍ အထက်တန်းကျသော အသက်မွေးခြင်းကို အကယ်၍ပြုပါမူ၊ ထိုအမျိုးသားအား ဤအမျိုးသားသည် အကြီးအကဲမရှိသော အားထားရာမဲ့သေခြင်းကဲ့သို့သေရလတံ့-ဟုဆိုဖွယ်ရာတို့ ဖြစ်ကုန်၏၊

ပုဏ္ဏား. . . အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ တိုးပွားမှုဝင်ငွေကိုလည်းကောင်းသိ၍ ဤသို့သုံးစွဲသော် ငါ၏ တိုးပွားမှုဝင်ငွေသည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက်များလတံ့၊ ငါ၏ဆုတ်ယုတ်မှုထွက်ငွေသည် တိုးပွားမှုဝင်ငွေထက် များလိမ့်မည် မဟုတ် ဟု မများလွန်း-မနည်းလွန်း မျှတစွာ အသက်မွေးမှုကို ပြု၏၊

ဤသည်ကို မျှတစွာ အသက်မွေးမှု(သမဇီဝိတာသမ္ပဒါ) ဟု ဆိုအပ်ပါ၏၊

ပုဏ္ဏား. . . ဤသို့ဖြစ်ပေါ်လာသော စည်းစိမ်ဥစ္စာ ပျက်စီးကြောင်းတရားတို့သည်-

-မိန်းမလိုက်စားမှု

-သေသောက်ကြူးမှု

-အလောင်းအစားပြုမှု

-ယုတ်မာသောအဆွေခင်ပွန်းနှင့်ချစ်ကျွမ်းဝင်မှု တို့ဖြစ်ကြသည်။

ပုဏ္ဏား. . . ဥပမာအားဖြင့် ကြီးစွာသောတစ်ဘက်ဆည် ကန်၏ ရေဝင်ပေါက်လေးခုရှိရာ၊ တစ်ဘက်ဆည်ကန်၏ ရေဝင် ပေါက်တို့ကို ပိတ်ရာ၏၊ ရေထွက်ပေါက်တို့ကိုဖွင့်ရာ၏၊ မိုးသည် လည်း ကောင်းစွာမရွာသွန်းရာ၊

ဤသို့ဖြစ်သည်ရှိသော် တစ်ဘက်ဆည်ကန်ကြီးသည်ရေ ယုတ်လျော့မည်သာ ကေန်ဖြစ်သည် တိုးပွားမည်မဟုတ်ပေ၊ ဖြစ် ပေါ်လာသောဥစ္စာစည်းစိမ်တို့ တိုးပွားကြောင်းတို့သည်-

-မိန်းမ,မလိုက်စားမှု

-သေသောက်မကြူးမှု

-အလောင်းအစားမကြူးမှု

-ကောင်းသောအဆွေခင်ပွန်းနှင့်ချစ်ကျွမ်းဝင်မှု တို့ဖြစ်ကြ၏။

ဥပမာသော်ကား တစ်ဘက်ဆည်ကန်၏ ရေဝင်ပေါက် လေးခု၊ ရေထွက်ပေါက်လေးခုရှိရာ၌ ရေဝင်ပေါက်တို့ကိုဖွင့်ပြီး ရေထွက်ပေါက်တို့ကိုပိတ်ရာ၏၊ မိုးလည်းသည်းထန်စွာ ရွာသွန်း ၏၊ ဤသို့ဖြစ်သော် တစ်ဘက်ဆည်ကန်သည် ရေဖြင့်တိုးပွားမည် သာဖြစ်သည်၊ ဆုတ်ယုတ်ပျက်စီးမည်မဟုတ်ရာ၊

ပုဏ္ဏား. . . ဤတရားလေးမျိုးသည်ကား အမျိုးကောင်း သားအား မျက်မှောက်ဘဝ၌ စီးပွားချမ်းသာခြင်းအကြောင်း ဖြစ်ကုန်၏၊

ပုဏ္ဏား. . .

-သဒ္ဓါတရားနှင့်ပြည့်စုံမှု -သီလတရားနှင့်ပြည့်စုံမှု

-စာဂတရားနှင့်ပြည့်စုံမှု -ပညာနှင့်ပြည့်စုံမှု

ဤလေးပါးတို့သည် အမျိုးကောင်းသားအား နောင်တမလွန်ဘဝ၌ စီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှါဖြစ်၏၊

သဒ္ဓါတရားနှင့်ပြည့်စုံမှုဟူသည် ဤလောက၌အမျိုးကောင်းသားသည် သဒ္ဓါတရားရှိ၏၊ ဗုဒ္ဓ၏အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ယုံကြည်၏၊ ဗုဒ္ဓ၏အရဲဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးကို ယုံကြည်၏၊

ဤသည်ကို သဒ္ဓါတရားနှင့်ပြည့်စုံမှု ဟုဆိုအပ်၏၊

အကျင့်သီလနှင့်ပြည့်စုံမှုဟူသည် အမျိုးကောင်းသားသည် ဤသာသနာတော်၌ အမျိုးကောင်းသားသည် သူ့အသက်သတ်ခြင်းစသော ငါးပါးသီလကိုရှောင်ကြဉ်၏၊

ဤသည်ကိုအကျင့်သီလနှင့်ပြည့်စုံမှု ဟူ၍ဆိုအပ်၏၊

စွန့်ကြဲခြင်းနှင့်ပြည့်စုံမှုဟူသည် အမျိုးကောင်းသားသည် ဤသာသနာတော်၌ လွတ်လပ်စွာ စွန့်ကြဲမှုရှိ၏၊စွန့်ကြဲအံ့ ဟုဆေးကြောအပ်သော လက်ရှိသူစွန့်ကြဲခြင်း၌ မွေ့လျော်သူ၊တောင်းခံခြင်းငှါထိုက်သူ၊ ပေးကမ်းဝေဖန်မှု၌ မွေ့လျော်သူဖြစ်၍ မစ္ဆရိယတည်းဟူသော အညစ်အကြေးကင်းသောစိတ်ဖြင့် အိမ်ကိုအစိုးအုပ်လျက်နေ၏၊

ဤသည်ကို စွန့်ကြဲခြင်း(စာဂ)နှင့်ပြည့်စုံမှုဟူ၍ဆိုအပ်၏။

ပညာနှင့်ပြည့်စုံမှုဟူသည် ဤသာသနာတော်၌အမျိုးကောင်းသားသည် ပညာရှိ၏၊ ဝဋ်ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အဖြစ်အပျက်ကို ထိုးထွင်း၍သိသော မြတ်သောပညာနှင့်ကောင်းစွာ ပြည့်စုံ၏။

ဤသည်ကို ပညာနှင့်ပြည့်စုံမှု ဟူ၍ဆိုအပ်၏။

ဤတရားလေးမျိုးသည်ကား တမလွန်ဘဝ၌ အစီးအပွားချမ်းသာအလို့ငှါ ဖြစ်ကုန်၏။

အလုပ် လုပ်ရာဌာနတို့၌ ထကြွလုံ့လရှိလျက် မမေ့မလျော့မူ၍ အထူးစီမံခြင်းနှင့်ပြည့်စုံသောယောကျ်ားသည် မျှတစွာအသက်မွေးမှုကိုပြု၏၊ ဆည်းပူးအပ်ပြီးသော ဥစ္စာကိုအစဉ်စောင့်ရှောက်၏။

သဒ္ဓါတရားရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ တောင်းခံသူတို့၏စကားကိုသိတတ်၏၊ မစ္ဆရိယကင်း၏၊ တမလွန်ဘဝ၌ ချမ်းသာကြောင်း ဖြစ်သော ကုသိုလ်လမ်းကို အမြဲသုတ်သင်၏။

ဤရှစ်ပါးတို့သည် အိမ်ထောင်ဘက်ကို ရှာမှီးလေ့ရှိသော သဒ္ဓါတရားနှင့်ပြည့်စုံသူအား မျက်မှောက်ကာလ၌ အစီးအပွားချမ်းသာအလို့ငှါ၊ တမလွန်ဘဝ၌ ချမ်းသာခြင်းငှါ နှစ်ပါးစုံသောဘဝ၌ ချမ်းသာကို ဆောင်တတ်ကုန်သည်ဟူ၍ ဗုဒ္ဓသည်ဟောကြားတော်မူ၏။

ဤသို့လျှင် လူဖြစ်သောသူတို့အားစွန့်ကြဲမှုစာဂ၊ ထိုမှကြွင်းသော ကောင်းမှုကုသိုလ်သည် တိုးပွား၏။

(အင်္ဂုတ္တရ်ပါဠိ၊ ဒုတိယပဏ္ဏာသက၊ ဂေါတမီဝဂ်ဥဇ္ဇယသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဥဇ္ဇယပုဏ္ဏား
# (မြင့်မြတ်သော ယာဇ်ပူဇော်မှု)

ဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဥဇ္ဇယပုဏ္ဏားသည် ဗုဒ္ဓထံသို့ချဉ်းကပ်လာပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမသည် ယာဇ်ပူဇော်ခြင်းကို ချီးမွမ်းသည် မဟုတ်ပါလော"

"ပုဏ္ဏား. . . ငါသည်အလုံးစုံသော ယာဇ်ကိုချီးမွမ်းသည် မဟုတ်၊ သို့သော်မချီးမွမ်းသည်က မဟုတ်သေးပေ၊ အကြင်သဘောရှိသော ယာဇ်၌နွားတို့သည် သေကျေပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်တို့ကို သတ်ရကုန်၏၊ အထူးထူးအပြားပြားသော သတ္တဝါတို့သည် သေကြေပျက်စီးရခြင်းသို့ ရောက်ရကုန်၏၊

ပုဏ္ဏား. . . ငါသည် ဤသို့သဘောရှိသော ညှင်းဆဲသတ်ဖြတ်မှုရှိသောယာဇ်ကို မချီးမွမ်း၊ထိုသို့မချီးမွမ်းခြင်းသည် အဘယ်ကြောင့်နည်း၊ ဤသို့သဘောရှိသော သတ်ဖြတ်ညှင်းဆဲမှုရှိသော ယာဇ်ကိုရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ရဟန္တာဖြစ်ရန်ကျင့်သောပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ မချဉ်းကပ်ကုန်သောကြောင့်တည်း"

ပုဏ္ဏား. . . အကြင်သို့သဘောရှိသော ယာဇ်၌ကား နွားတို့ကိုမသတ်ရကုန်၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်တို့ကို မသတ်ရကုန်၊ အထူးထူးအပြားပြားသော သတ္တဝါတို့သည် သေကြေရ၊ ပျက်စီး

ခြင်းသို့ မရောက်ရကုန်၊ ဤကဲ့သို့သဘောရှိသော ညှင်းဆဲ သတ်ဖြတ်မှုမရှိသော အမြဲလျှံနေကျဒါနနှင့် မျိုးရိုးစဉ်ဆက် အလှူ ယာဇ်ကို ငါချီးမွမ်း၏၊ အဘယ်ကြောင့်ချီးမွမ်းသနည်းဆိုသော် ဤသို့သတ်ဖြတ်ညှင်းဆဲခြင်းမရှိသောယာဇ်ကို ရဟန္တာပုဂ္ဂိုလ်သည် လည်းကောင်း၊ ရဟန္တာဖြစ်ရန်ကျင့်သောပုဂ္ဂိုလ်သည် လည်းကောင်း၊ ချဉ်းကပ်ကုန်သောကြောင့်တည်း၊

"အဿမေဓယာဇ် ပုရိသမေဓယာဇ် သမ္မာပါသယာဇ် ဝါဇပေယျယာဇ်နိရဂ္ဂဠယာဇ်-ဟူသော များသောပြုဘွယ်ရှိကုန် သော ထိုယာဇ်ကြီးတို့သည် အကျိုးမကြီးကုန်၊

ယာဇ်ကြီးတို့၌ အထူးထူးအပြားပြားသော ဆိတ်နှင့်သိုး နွားတို့ကို သတ်ရကုန်၏၊ ညီညွတ်ခြင်းသို့ရောက်ကုန်သောအမြတ် (သီလစသည်ဂုဏ်ထူး)ကိုရှာမှီးလေ့ရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုယာဇ်ကိုမချဉ်းကပ်ကုန်၊

အကြင်ယာဇ်တို့သည်ကား သူတစ်ပါးတို့ကို သတ်ဖြတ် ခြင်း၊ ညှင်းဆဲခြင်းမရှိကုန်၊ အခါခပ်သိမ်းမျိုးရိုးစဉ်ဆက် အလှူကို ပူဇော်ကုန်၏၊ ဤသို့အထူးထူးအပြားပြားသော ဆိတ်၊ သိုး၊ နွား တို့ကို မသတ်ဖြတ်ကုန်၊ ညီညွတ်ခြင်းသို့ရောက်ကုန်သောအမြတ် (သီလစသောဂုဏ်ထူး)ကိုရှာမှီးလေ့ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ သည်လည်း ထိုယာဇ်ကိုချဉ်းကပ်ကုန်၏၊

ပညာရှိပုဂ္ဂိုလ်တို့သည် ထိုယာဇ်ကိုပူဇော်ကုန်ရာ၏၊ထို ယာဇ်သည် ကြီးမြတ်သော အကျိုးရှိ၏၊ ထိုယာဇ်ကို ပူဇော်သော သူအား မြင့်မြတ်သည်သာဖြစ်၏၊ ယုတ်ညံ့မှုမဖြစ်၊ ယာဇ်သည် လည်းပြန့်ပြော၏၊ နတ်တို့သည်လည်း ကြည်ညိုကုန်၏။

(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ စက္ကဝဂ်၊ ဥဇ္ဇယသုတ်)

# ဗုဒ္ဓဂေါတမနှင့်ဒေဝဟိတပုဏ္ဏား
# (အကျိုးကြီးမြတ်သော အလှူပေးလှူမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်၊

သာဝတ္ထိပြည်တွင် ဒေဝဟိတ အမည်ရှိသော ပုဏ္ဏားသည် ချိုးရေကို ကျိုချက်၍ရေပူရေနွေး ချိုးရေရောင်းသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။

ရေပူရေနွေးဖြင့် ရေချိုးလိုကြသောသူတို့သည် ထိုပုဏ္ဏားထံသို့လာရောက်ပြီး အဖိုးအခကိုပေးကမ်းကာ ရေချိုးကြသည်၊ နံ့သာတို့ကိုလိမ်းကျံ၊ ပန်းကိုပန်ဆင်၍ သွားကြလေ့ရှိသည်။

ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်မရောက်မီ ခြောက်နှစ်ပတ်လုံးဒုက္ကရစရိယကျင့်စဉ်က ပဲနောက်ဟင်းမျှသော အစာကြမ်းကိုဘုဉ်းပေးခဲ့ရသဖြင့်လည်းကောင်း၊ ဝမ်း၌လေရောဂါဖြစ်ခဲ့သည်၊ လေရောဂါသည် ဘုရားဖြစ်သောအခါ၌လည်း တစ်ခါတစ်ရံ ဖြစ်ပေါ်လာလေ့ရှိသည်။

တစ်နေ့သော် ဗုဒ္ဓ၌ထိုလေနာရောဂါသည် ပြန်၍ဖြစ်ပေါ်လာသည်၊ ထိုအခါဗုဒ္ဓသည် မိမိထံ၌အတည်တကျပြုစုလုပ်ကျွေးသော ဗုဒ္ဓုပဋ္ဌာက ပုဂ္ဂိုလ်မရှိသေးသဖြင့်မိမိအား ယာယီလုပ်ကျွေးပြုစုနေသော ဥပဝါဏမထေရ်ကို ဒေဝဟိတပုဏ္ဏားထံ ရေနွေးအလှူခံရန် စေခိုင်းခဲ့သည်။

ဥပဝါဏမထေရ်သည် သင်္ကန်းရုံ၍ ထိုပုဏ္ဏားအိမ်ရှေ့သို့ သွားရောက်ရပ်သည်၊ ဒေဝဟိတ ပုဏ္ဏားသည်စကားမပြော

တိတ်တိတ်လာရပ်နေသော ဥပဝါဏမထေရ်ကိုမြင်၍ဂါထာဖြင့်-

"နှစ်လွှာစပ်ချုပ်ဒုကုဋ်နှင့်တကွသောသင်္ကန်းကို ဆင်မြန်းလျက် ဦးပြည်းကတုံးအရှင်သည် အိမ်ရှေ့မှာမှာ တိတ်ဆိတ်စွာလာရပ်နေသည်မှာ အဘယ်အရာကို အလိုရှိ၍တောင်းခံရန်လာပါသနည်း"

ဟုမေးသည်၊ဥပဝါဏမထေရ်ကလည်း ပုဏ္ဏားကို ဂါထာဖြင့်ပင်

"ဒါယကာပုဏ္ဏား. . . လောက၌ ပူဇော်အထူးကိုခံယူထိုက်ပြီး ကောင်းမွန်သောစကားကိုဆိုကာ တရားအပေါင်းကိုကောင်းစွာသိသော ဗုဒ္ဓသည်လေနာဖြစ်နေပါ၏၊ သင့်အားရေနွေးသည် အကယ်၍ရှိငြားအံ့၊ ရဟန်းမြတ်ဖြစ်သော ဗုဒ္ဓကိုပေးလှူစေလိုပါသည်"

"ရဟန်းမြတ်ဖြစ်သော ဗုဒ္ဓကို နတ်နှင့်တကွလူတို့သည် ပူဇော်ထိုက်ကုန်သော ရှစ်ကျိပ်သောမဟာထေရ်တို့ထက် အထူးသဖြင့် ပူဇော်ထိုက်ပါ၏၊ အလေးအမြတ်အရိုအသေပြုထိုက်ပါ၏ ထိုဗုဒ္ဓအတွက် ရေနွေးပေးလှူမည်ဆိုပါက ကျွန်ုပ်ဆောင်ယူသွားလိုပါသည်"

ဟုမိန့်ကြားလေသည်။

"ငါ့အား အရတော်လေစွတကား ငါ၏ထံသို့ဗုဒ္ဓကိုယ်တော်မြတ်က ရေနွေးအလို့ငှာ အလှူခံလွှတ်တော်မူလေပြီ" ဟု ဒေဝဟိတပုဏ္ဏားသည် အားရဝမ်းသာဖြစ်ကာ ဗုဒ္ဓအတွက် ရေနွေးကို တပည့်အား ထမ်းပိုးယူစေကာ လှူဒါန်းလေသည်၊ တစ်ဖန် လေရောဂါနှင့်သင့်လျော်သော တင်လဲခဲကိုပါ ဥပဝါဏမထေရ်အားလှူလိုက်ပြီး ရေနွေးဖြင့် ဖျော်ဆက်ကပ်ရန်ပါ လျှောက်ထားလိုက်လေသည်။

ဗုဒ္ဓသည် ရေနွေးဖြင့် ရေချိုးပြီးတင်လဲဖျော်ရည်ဘုဉ်းပေးပြီးသောအခါ လေနာရောဂါသည် ပျောက်ကင်းလေသည်။

"အဘယ်သူအား လှူဒါန်းအပ်သော အလှူသည်ကြီးကျယ်သော အကျိုးရှိသည်ဖြစ်သနည်း၊ ဗုဒ္ဓကိုမေးလျှောက်သင့်သည်"

ဟုပုဏ္ဏားသည် အကြံအစည်ဖြစ်ပေါ်လာပြီး ဗုဒ္ဓထံသို့လိုက်လာကာ-

"အရှင်ဂေါတမ. . . အဘယ်သို့သော ပုဂ္ဂိုလ်အားလှူဒါန်းဖွယ်ဝတ္ထုတို့ကိုလှူရမည်နည်း၊ အဘယ်ပုဂ္ဂိုလ်အားလှူဒါန်းသောအလှူသည် ကြီးသောအကျိုးဖြစ်ရပါသနည်း၊ အဘယ်သို့သောအကြောင်းကြောင့်သာလျှင် ပူဇော်လှူဒါန်းသောသူအား အဘယ်သို့လျှင် လှူဒါန်းသောအလှူသည် အကျိုးပြည့်စုံပါလေသနည်း" ဟုမေးလျှောက်လေသည်။

"ဒါယကာ ဒေဝဟိတပုဏ္ဏား-တရားအပေါင်းကို ကောင်းစွာသိသော-မုနိမည်သောအကြင်သူသည် ရှေးရှေးဘဝ၌နေခဲ့ဘူးသောခန္ဓာအစဉ်ကို ပုဗ္ဗေနိဝါသ အဘိညာဏ်ဖြင့်ဝေဖန်၍သိပြီးကောင်းမြတ်သောအရူပါရုံ စသည်တို့နှင့်ပြည့်စုံသောနတ်ဘုံနတ်ပြည်ကိုလည်းကောင်း၊ ချမ်းသာကင်းသော အပါယ်ကိုလည်းကောင်း၊ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သိမြင်ပေ၏၊ ထိုမှတစ်ပါးဇာတိကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ မဂ်အဆင့်ဆင့်တက်ရောက်ပေ၏၊ တရားအပေါင်းကို ကောင်းစွာမြင်သိ၊မုနိမည်သော ထိုသူသည် ဝိဇ္ဇာသုံးပါးကို ပိုင်းခြားသိမြင်၍ ရဟန်းကိစ္စအပြီးအဆုံးသို့ရောက်၏"

ဝိဇ္ဇာသုံးပါးထင်ရှားရှိ၍ မုနိမည်သောပုဂ္ဂိုလ်အားလှူဒါန်းဖွယ်ရာ ဝတ္ထုကို လှူဒါန်းရာ၏၊မုနိမည်သော ဤပုဂ္ဂိုလ်အား လှူဒါန်းအပ်သော အလှူသည် ကြီးကျယ်သော အကျိုးရှိသည်ဖြစ်ပေ၏၊

ဤသုံးမျိုးစင်ကြယ်သော အကြောင်းကြောင့်သာလျှင် ပူဇော်လှူဒါန်းသောသူအား ဤသို့သာလျှင်လှူဒါန်းသောအလှူသည် အကျိုးကြီးပေ၏”

ဟု အဖြေပေးတော်မူသည်။

ထို့နောက်ဗုဒ္ဓက-

“ရှေးဘဝ၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကိုသိမြင်သော နတ်ပြည်ကိုလည်းကောင်း၊အပါယ်ကိုလည်းကောင်း၊ဒိဗ္ဗစက္ခုဉာဏ်ဖြင့်သိမြင်သော ပဋိသန္ဓေတည်နေခြင်းကုန်ဆုံးရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအဘိညာဏ်ဖြင့် နိဗ္ဗာန်သို့ရောက်ပြီးသော သာသဝက္ခဉာဏ်ဖြင့် မုနိ အဖြစ်သို့ရောက်သောကြောင့် ကိလေသာအားလုံးကိုပယ်ဖြတ်ပြီး၍ မြတ်သောအကျင့်ဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်ကို “ဗြဟ္မဏ” ဟူ၍ငါဘုရားက ဟောတော်မူ၏”

ဟူ၍ ဆက်လက်မိန့်ကြားတော်မူရာ ဒေဝဟိတပုဏ္ဏားသည် ဗုဒ္ဓ၌ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ သရဏဂုံသုံးပါး၌ တည်လျက်ဥပါသကာအဖြစ်သို့ လျှောက်ထားလေသည်။

(ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၊ ဒေဝဟိတပုဏ္ဏား)

# ဗုဒ္ဓဂေါတမနှင့်သုန္ဒရိကဘာရဒွါဇပုဏ္ဏား (နို့ယနာကိုအလှူခံထိုက်သူ)

ဗုဒ္ဓသည် ကောသလတိုင်း သုန္ဒရိကာမြစ်ကမ်းနား၌သီတင်းသုံးနေတော်မူ၏၊ထိုအချိန်ဝယ် သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြစ်ကမ်းနား၌ မီးကိုပူဇော်သည်၊မီးပူဇော်ရာအရပ်ကိုတံမြက်စည်းလှည်းခြင်း စသည်ဖြင့်ဆည်းကပ်၏။

မီးပူဇော်ပြီးသော် နေရာမှထကာ-

"ဤမီးပူဇော်သည်မှ ကြွင်းသောနို့ယနာကို အဘယ်သူသည် စားထိုက်ပါသနည်း"

ဟုထက်ဝန်းကျင်အရပ်လေးမျက်နှာကို လှည့်လည်၍ကြည့်သည်၊မြစ်ကမ်းနားဘေးသစ်ပင်ရင်း၌ ဦးခေါင်းကိုသင်္ကန်းဖြင့်ဖုံးအုပ်ခြုံ၍ဗုဒ္ဓကိုမြင်သော် လက်ဝဲလက်ဖြင့်နို့ယနာ လက်ျာလက်ဖြင့်ကရားကိုယူပြီး ဗုဒ္ဓထံသို့သွားလေသည်။

ဗုဒ္ဓသည် ပုဏ္ဏား၏ခြေသံကိုကြား၍ သင်္ကန်းကိုဖွင့်ကြည့်သည်။

"အလို ဤအရှင်သည် ဦးပြည်းကတုံးယုတ်ပါတကား" ဟုပုဏ္ဏားသည် ကဲ့ရဲ့စကားကိုဆို၍ နောက်သို့ပြန်ဆုတ်သည်။

"ဤလောက၌ အချို့သောပုဏ္ဏားတို့သည်လည်းဦးပြည်းထားသူများလည်းရှိ၏၊ငါသည် ချဉ်းကပ်၍ဇာတ်ကိုမေးရမူကောင်းလေစွ"

ဟုပုဏ္ဏားသည် အကြံဖြစ်ပြီး တစ်ဖန်ဗုဒ္ဓထံသို့ပြန်ချဉ်းကပ်သွားပြန်သည်။

"အရှင်သည် အဘယ်အမျိုးဇာတ်ဖြစ်ပါသနည်း"

"ပုဏ္ဏား. . . ငါဘုရားသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး မည်သည့်အမျိုးဇာတ်မျှမဟုတ်၊ ပုထုဇဉ်တို့၏ အနွယ်ကိုပိုင်းခြားသိပြီး၍ ကြောင့်ကြမှုမရှိဘဲ ပညာဖြင့်သိလျက် လောက၌ လှည့်လည်နေထိုင်၏"

ပုဏ္ဏား. . . ငါသည်သင်္ကန်းကိုဝတ်လျက် တဏှာတည်းဟူသောအိမ်မရှိဘဲ ဆံပင်တို့ကိုရိတ်ပယ်ပြီးလျှင် ပူပန်မှုငြိမ်းပြီးသောစိတ်ရှိကာ ဤလောက၌ လူတို့နှင့်မရောယှက်မူ၍ ကျင့်၏၊ သို့ဖြစ်ပါလျက် သင်သည်မလျှောက်ပတ်သော အမျိုးအနွယ်နှင့်စပ်သောပြဿနာကို ငါ့အားမေးဘိ၏"

"အရှင် ပုဏ္ဏားတို့သည် ပုဏ္ဏားအချင်းချင်းလည်း အရှင်သည် ပုဏ္ဏားလော ဟုမေးတတ်ကြကုန်၏၊ငါပုဏ္ဏား ဟူ၍သင်အကယ်၍ဖြေဆိုခဲ့မူငါကိုလည်း ပြဟ္မဏမဟုတ် ဟူ၍ဆိုသည်မည်၏၊ထို့ကြောင့် သုံးပုဒ်ရှိ၍အက္ခရာ(၂၄)လုံးရှိသော သာဝိတ္တိမည်သောဗေဒင်ကို သင်အားမေးအံ့ ဖြေဆိုပါလော့"

"ဤလောက၌ ရသေ့တို့သည်လည်းကောင်း၊ လူတို့သည်လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ ပုဏ္ဏားတို့သည်လည်းကောင်း၊ အဘယ်ကိုမှီကုန်၍ နတ်ပြဟ္မာတို့အား ယာဇ်ပူဇော်မှုကို အများအပြားပြုကြကုန်သနည်း"

ဝဋ္ဋဆင်းရဲ၏အဆုံးသို့ရောက်၍ လေးပါးသောမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို ဖောက်ထွင်းသွားသူရဟန္တာသည် ပူဇော်ရာကာလ၌ အကြင်ပုဂ္ဂိုလ်၏ ပူဇော်ရာကိုရရာ၏၊ထိုပုဂ္ဂိုလ်၏ပူဇော်မှုသည် ပြည့်စုံ၏ ဟုငါဆို၏"

"အရှင်ဂေါတမ. . . အရှင်ကဲ့သို့သဘောရှိသော သိခြင်းသို့ရောက်သောရဟန္တာကို ကျွန်ုပ်ဖူးမြင်ပါ၏၊ ကျွန်ုပ်ပူဇော်အပ်သောအမှုသည် စင်စစ်ပြည့်စုံပေလိမ့်မည်၊ ရှေးအခါက အရှင်ဘုရားကဲ့သို့သဘောရှိကုန်သောပညာရှိတို့ကို မဖူးတွေ့ရသောကြောင့် အခြားသူအပေါင်းသည် ကျွန်ုပ်၏နို့ယနာထမင်းကို စားကြပါ၏"

"ပုဏ္ဏား. . . သင်သည်အကျိုးစီးပွားဖြင့် အလိုရှိပါမူငါ့ထံသို့ ချဉ်းကပ်၍ မေးပါ၊ ငြိမ်းအေး၍ အခိုးကင်းသူ၊ ဆင်းရဲမရှိသူ၊ တောင့်တခြင်းကင်းသူ၊ ပညာရှိကို ဤအရပ်၌ပင်ရနိုင်ပါသည်"

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် ပေးကမ်းမှု၌မွေ့လျော်ပါ၏၊ ကျွန်ုပ်သည်ပူဇော်ဖွယ်ကို ပူဇော်လိုပါသော်လည်း မသိနားမလည်ပါ၊ အရှင်သည် ကျွန်ုပ်ကိုဆုံးမတော်မူပါ၊ အကြင်ပုဂ္ဂိုလ်၌ပူဇော်ခြင်းသည် အကျိုးပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်ကို ကျွန်ုပ်အားဟောကြားပြပါ"

"ပုဏ္ဏား. . . သို့ဖြစ်လျှင် နားထောင်ပါလော့၊ ကောင်းစွာတရားဟောအံ့၊ပေးလှူခြင်း၏အကျိုးကြီးမှုကို အလိုရှိခဲ့မူ အမျိုးဇာတ်ကိုမမေးလင့်၊ သီလစသောအကျင့်ကိုသာ မေးပါ၊

မီးသည်အမှန်စင်စစ် ထင်းမှဖြစ်၏၊အမျိုးဇာတ်နိမ့်သော်လည်း ရဟန္တာပုဂ္ဂိုလ်သည် တည်ကြည်မှု(သမာဓိ)ရှိ၏၊ ရှက်, ကြောက်မှု(ဟိရိဩတပ္ပ)တရားဖြင့် မကောင်းမှုကို တားမြစ်၏၊ အကြောင်းဟုတ်သည်မဟုတ်သည်ကို ပိုင်းခြား၍သိ၏၊

ကောင်းမှုကိုအလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည်သင့်လျော်သောအခါဝယ် ကာမတို့ကိုပယ်စွန့်၍ တဏှာအိမ်မရှိဘဲ

ရက်ဖောက်ကဲ့သို့ ဖြောင့်တန်းစွာ စောင့်စည်းအပ်သော စိတ်ရှိကုန်လျက် ကျင့်ကြသူရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဖွယ်ဝတ္ထုကို ပေးလှူရာ၏။

သင့်လျော်သောအခါ၌ဝယ် ရာဂကင်းကြသူ၊ ကောင်းစွာတည်သော ဣန္ဒြေရှိကြသူ၊ ရာဟုဖမ်းခြင်းမှလွတ်သောလမင်းကဲ့သို့ ကိလေသာဖမ်းခြင်းမှလွတ်ကြသူ၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ပူဇော်ဝတ္ထုတို့ကို ပေးလှူရာ၏။

သင့်လျော်သောအခါဝယ် တဏှာ-ဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို စွန့်၍အခါခပ်သိမ်းသတိနှင့်ပြည့်စုံလျက် လောက၌ မကပ်ငြိကုန်ဘဲ အထူးကျင့်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့၌ ပူဇော်ဝတ္ထုကိုပေးလှူရာ၏။

အကြင်မြတ်စွာဘုရားသည် ကိလေသာကာမတို့ကိုပယ်စွန့်နှိမ်နင်းလျက် ကြွသွားတော်မူ၏၊ဗုဒ္ဓသည် ပဋိသန္ဓေနေခြင်း၊ သေခြင်းအဆုံးဖြစ်သော နိဗ္ဗာန်ကိုသိတော်မူ၏၊ရေအိုင်ကြီးသည်အေးသကဲ့သို့ ကိလေသာပရိနိဗ္ဗာန်ပြုသည်ဖြစ်၍ အေးချမ်းသောထိုဗုဒ္ဓသည် နို့ဃနာကို အလှူခံထိုက်၏။

ဗုဒ္ဓသည် ပဋိဝေဓ တူမျှကုန်သော ဝိပဿီစသောဘုရားတို့နှင့် တူတော်မူ၏၊ ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း၊ ကိလေသာတို့ဖြင့် မလိမ်းကျံ-မကပ်ငြိခြင်းကြောင့်ဗုဒ္ဓသည် နို့ဃနာကို အလှူခံထိုက်၏။

အကြင်ပုဂ္ဂိုလ်၌ လှည့်ပတ်မှု-မာယာသည် လည်းကောင်း၊ မာန်သည်လည်းကောင်း သက်နီးမဝတ်နိုင်၊ ဗုဒ္ဓသည် လောဘကင်းသူ၊ တဏှာဒိဋ္ဌိတို့ဖြင့် မြတ်နိုးမှုမရှိသူ၊ တပ်မက်မှု

အာသာကင်းသူ၊ အမျက်ဒေါသနှုတ်ပယ်ပြီးသူ၊ အလွန်ငြိမ်းအေးသော စိတ် ရှိသူဖြစ်တော်မူ၏၊စိုးရိမ်မှု(သောက)တည်းဟူသော အညစ်အကြေးကို ပယ်စွန့်ပြီးပြီ၊ ထိုဗုဒ္ဓသည် နို့ဃနာကိုအလျှုခံထိုက်၏၊

-ဗုဒ္ဓသည်စိတ်၌အမြဲနေရာ တဏှာ-ဒိဋ္ဌိ ဟူသောအိမ်ကို ပယ်စွန့်တော်မူ၏၊တဏှာဒိဋ္ဌိတို့ဖြင့် သိမ်းဆည်းအပ်သောတရားတို့သည် စိုးစဉ်းမျှမရှိကုန်၊ဤဘဝ၊တမလွန်ဘဝ၊တို့၌စွဲလမ်းမှုမရှိသော ဗုဒ္ဓသည်နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓသည် မဂ်တည်းဟူသော သမာဓိဖြင့်ကောင်းစွာတည်ကြည်သည်ဖြစ်၍ ဩဃလေးပါးကို ကောင်းစွာကူးမြောက်တော်မူ၏၊ သဗ္ဗညုတဉာဏ်ဖြင့် တရားကိုသိတော်မူ၏၊ အာသဝေါကုန်ပြီးဖြစ်၏၊ အဆုံးစွန်းသော ကိုယ်ကိုဆောင်၏၊ ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓအား-ဘဝါသဝတို့သည်လည်းကောင်း၊ ကြမ်းတမ်းသောစကားတို့သည်လည်းကောင်း၊ ဖျက်ဆီးမီးမြိုက် မီးတိုက်ကုန်ပြီး၊ ချုပ်ခြင်းသို့ရောက်စေကုန်ပြီး လေးပါးသောဝေဒနာတို့ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော အလုံးစုံခန္ဓာစသည်တို့၌ လွတ်ပြီးသော ထိုဗုဒ္ဓသည် နို့ဃနာကိုအလျှုခံထိုက်၏၊

ဗုဒ္ဓအား ကပ်ငြိမှုတို့မရှိကုန်၊ လွန်မြောက်ပြီး၍ ကာံ,ကိလေသာ ဟုဆိုအပ်သော လယ်ယာနှင့်တကွဖြစ်သော ဆင်းရဲကို ပိုင်းခြားသိပြီးလျှင် မာနဖြင့်ကပ်ငြိသောသူတို့၌ မာနဖြင့် မကပ်ငြိ၊ ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓသည် တောင့်တမှုကိုမမှီမူ၍ ငြိမ်းအေးမှုကိုမြင်လေ့ရှိ၏၊ သူတစ်ပါးတို့ကသိစေအပ်သောမိစ္ဆာအယူကို လွန်မြောက်၏၊ အနည်းငယ်မျှဖြစ်သော ဘဝသစ်၏အကြောင်းတို့သည် မရှိကုန်၊ ထိုဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓအား ကောင်း-မကောင်း၊ ကုန်သောတရားတို့သည် ဉာဏ်ဖြင့်ထိုးထွင်းသိပြီးဖြစ်သောကြောင့် ဖျက်ဆီး၍မြိုက်မီးတိုက်ကုန်ပြီး ချုပ်ခြင်းသို့ရောက်ပြီး ကိလေသာငြိမ်းအေးသော ဥပါဒါန်ကုန်ရာ နိဗ္ဗာန်၌အာရုံပြုသောအားဖြင့် လွတ်မြောက်သော ဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓသည် သံယောဇဉ်တို့၏ကုန်ခမ်းရာ အရဟတ္တဖိုလ်နှင့်ပဋိသန္ဓေကုန်ရာ၊နိဗ္ဗာန်ကိုမြင်တော်မူ၍ ရာဂတည်းဟူသောခရီးကို အကြွင်းမဲ့ပယ်ဖျောက်ပြီးသူ၊ စင်ကြယ်အပြစ်ကင်း-အညစ်အကြေးမရှိသူ ဖြစ်၍ ထိုဗုဒ္ဓသည်နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓသည် မိမိ၏အတ္တကိုမရှုမြင်၊ တည်ကြည်သည်ဖြစ်၍ ဖြောင့်မတ်ခြင်းသို့ ရောက်၏၊ မတုန်မလှုပ်တည်တံ့သောစိတ်ရှိ၏ တုန်လှုပ်မှုမရှိ၊ ငြောင့်တံသင်းမရှိ၊ ယုံမှားခြင်းမရှိသော ဗုဒ္ဓသည် နို့ဃနာကို အလျှုခံထိုက်၏၊

ဗုဒ္ဓအား မောဟမရှိ၊ သဗ္ဗညုတဉာဏ်ဖြင့် မြင်တော်မူလိမ့်ရှိ၏၊ အဆုံးကိုယ်ရှိ၏၊ အတုမရှိမြတ်၍ ဘေးမရှိ၊ အရဟတ္တဖိုလ်သို့ ရောက်၏၊ ဤမျှအတိုင်းအရှည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါအား-စင်ကြယ်နိုင်၏၊ ထိုဗုဒ္ဓသည် နို့ဃနာကိုအလျှုခံထိုက်၏၊"
ဟူ၍ဗုဒ္ဓကမိန့်ကြားသည်။

အရှင်ဂေါတမ. . . ကျွန်ုပ်သည် ထိုသို့သဘောရှိသော မဂ်ဉာဏ်သို့ရောက်ပြီးသော ရဟန္တာကိုပူဇော်ရန်ရပြီးဖြစ်ရကား ကျွန်ုပ်ပူဇော်ခြင်းဖြစ်ပါစေသတည်း၊ အရှင်သည် မျက်မြင်ကိုယ်တွေ့ဖြစ်သော ပြဟ္မာပါတည်း၊ဗုဒ္ဓသည် ကျွန်ုပ်နို့ယနာကို အလှူခံ၍ ဘုဉ်းပေးတော်မူပါ"

"ပုဏ္ဏား. . . ငါအား ဂါထာတို့ကိုသီဆို၍ ရအပ်သော ဘောဇဉ်ကိုစားခြင်းငှါ မထိုက်၊ ဤဘောဇဉ်ကိုစားခြင်းသဘောသည် စင်ကြယ်မှုကို ကောင်းစွာရှုမြင်ကုန်သော ဘုရားရှင်တို့၏ သဘောထံထွာ ဓမ္မတာမဟုတ်၊ ဗုဒ္ဓတို့သည် ဂါထာတို့ကို သီဆို၍ ရသောဘောဇဉ်တို့ကို ဖယ်တော်မူ၏၊

ပုဏ္ဏား. . . အသက်မွေးစင်ကြယ်မှုသဘောရှိလတ်သော် ဤတရားဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း၊

"ပုဏ္ဏား. . . နို့ယနာမှတစ်ပါးသော ဆွမ်း,အဖျော်ဖြင့် အလုံးစုံဂုဏ်နှင့်ပြည့်စုံသော သီလစသောကျေးဇူးကိုရှာမှီးလေ့ရှိသော သံသယငြိမ်းအေးပြီးသော ရဟန္တာကိုလုပ်ကျွေးလော့၊ ထိုကောင်းမှုသည် ကောင်းမှုကိုအလိုရှိသောသူ၏ လယ်ယာ ဖြစ်၏"

"အရှင်ဂေါတမ. . . အကြင်အလှူခံပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ကဲ့သို့သောသဘောရှိသူ၏အလှူကို သုံးဆောင်ရာ၏၊ အကြင်အလှူခံပုဂ္ဂိုလ်ကိုလည်း ယာဇ်ပူဇော်ရာအခါ၌ ရှာမှီးလျက်လုပ်ကျွေးရာ၏၊

အရှင်ဘုရား. . . တပည့်တော်တောင်းပန်ပါ၏၊ အရှင်ဘုရား၏အဆုံးအမသို့ရောက်၍ အကြင်အခြင်းအရာအားဖြင့်

မိန့်ကြားသည်ရှိသော် ထိုအလျှုံခံပုဂ္ဂိုလ်မျိုးကို ကျွန်ုပ်သိရာပါ၏၊ ထိုအခြင်းအရာအားဖြင့် မိန့်ကြားတော်မူပါလော့”

“အကြင်ပုဂ္ဂိုလ်က သူတစ်ပါးအားလုပ်ကျွေးခြင်းကင်းကုန်၏၊ စိတ်သည်နောက်ကျူခြင်းမရှိ ကာမတို့မှ လွတ်မြောက်၏၊ ထိန-မိဒ္ဓကိုလည်း ပယ်ဖျောက်ပြီးဖြစ်၏၊ အကျင့်တည်းဟူသော အပိုင်းအခြား၏အဆုံးဖြစ်သော ကိလေသာတို့ကို ပယ်ဖျောက်ပြီးသောပဋိသန္ဓေနေခြင်း၊ သေခြင်း၌လိမ္မာသော မောနေယျပညာနှင့် ပြည့်စုံသော လျှုဒါန်းပူဇော်ရာသို့ ရောက်လာသော ထိုထိုသဘောရှိသော ရဟန်း(မုနိ)ကို မျက်မှောင်ကုပ်ခြင်းကို ပယ်ကာ လက်အုပ်ချီလျက်ရှိခိုးကုန်လော့၊ ထမင်းအဖျော်ဖြင့် ပူဇော်ကုန်လော၊ဤသို့ရှိခိုးပူဇော်ကုန်သည်ရှိသော် အလှူတို့သည်ပြည့်စုံကုန်၏”

အရှင်သည် သစ္စာလေးပါးကို သိတော်မူသည်ဖြစ်၍ နို့ဃနာကို ခံထိုက်ပါ၏၊ အတုမရှိမြတ်သည်ဖြစ်၍ ကုသိုလ်မျိုးစေ့၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ပါ၏၊ လောကအားလုံး၏ ပူဇော်ရာလည်းဖြစ်၏၊ အရှင်အား လျှုခြင်းသည်အကျိုးကြီး၏”

ဟုလျှောက်ထားပြီး သုန္ဒရိကဘာရဒွါဇသည် ဗုဒ္ဓ၏တရားတော်ကို အလွန်နှစ်သက်သည်ဖြစ်၍ ဗုဒ္ဓထံ၌ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုခဲ့သည်။

ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာကပ်၍ တရားကိုကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာတစ်ပါးဖြစ်လေသည်။

(သုတ္တနိပါတ်၊ မဟာဝဂ်၊ သုန္ဒရိကဘာရဒွါဇသုတ်)

# ဗုဒ္ဓဂေါတမနှင့်သုန္ဒရိကဘာရဒွါဇပုဏ္ဏား
# (မီးပူဇော်ကြွင်းဃနာနို့ဆွမ်း-မစားကောင်းမှု)

ဗုဒ္ဓသည် ကောသလတိုင်း ဒေသစာရီလှည့်လည်စဉ်-သုန္ဒရိကမြစ်၏ကမ်းနား၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်တွင် သုန္ဒရိကပုဏ္ဏားသည် မီးပူဇော်လုပ်ကျွေးပြီး၍-

"အဘယ်သူသည် ဤမီးပူကြွင်းဃနာနို့ထမင်းကို စားရာအံ့နည်း"
ဟုထက်ဝန်းကျင်အရပ်လေးမျက်နှာသို့ လှည့်၍ကြည့်သည်။

တစ်ခုသောသစ်ပင်ရင်း၌ သင်္ကန်းကိုခေါင်းမြီးခြုံလျက်ထိုင်နေသော ဗုဒ္ဓကိုမြင်၍ လက်ဝဲလက်ဖြင့် ရေကရားကိုယူပြီးဗုဒ္ဓထံသို့လာခဲ့သည်။

ဗုဒ္ဓသည် ပုဏ္ဏား၏ခြေသံကိုကြား၍ သင်္ကန်းကိုဖွင့်၍ကြည့်သည်။

"အရှင်သည် ဦးပြည်းကတုံးပါတကား။ဦးပြည်းကတုံးပါလား"
ဟုဆို၍နောက်သို့ပြန်ဆုတ်လေသည်။

"ဤလောက၌ ဦးပြည်းကတုံးပြုသော ဗြာဟ္မဏအချို့တို့သည်လည်း ရှိတတ်ကုန်သေး၏၊ ငါသည် ထိုဦးပြည်းကတုံးကိုကပ်၍ ဇာတ်ကိုမေးရမူ ကောင်းလေစွ"
ဟူ၍အကြံဖြစ်ပေါ်လာပြန်သည်။

ထို့နောက်ဗုဒ္ဓထံသို့ ချဉ်းကပ်သွားပြီးမေးသည်။

"အရှင်သည် အဘယ်ဇာတ်ရှိပါသနည်း"

"ပုဏ္ဏား. . . ဇာတ်ကိုမမေးလင့်၊ အကျင့်(စရဏ)ကိုသာ မေးလော့၊ မီးသည် ထင်းမှဖြစ်၏၊ အမျိုးပင်ယုတ်သော်လည်း ရဟန်းသည် တည်ကြည်ခြင်းရှိ၏၊ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို သိတတ်၏၊ အရှက်ဖြင့် မကောင်းမှုကို တားမြစ်တတ်၏၊ မှန်ကန်မှု (သစ္စာ)ဖြင့်ယဉ်ကျေး၏၊ ဣန္ဒြေဆုံးမခြင်းနှင့်ပြည့်စုံ၏၊ ဉာဏ်တို့၏ အဆုံးသို့ရောက်၏၊ အကျင့်မြတ်ကို သုံးပြီးဖြစ်၏၊ ဆောင်အပ်ပြီးသော ပူဇော်မှုယာဇ်လည်းရှိ၏၊ ထိုရဟန်းကို လျှောက်ပတ်သောအခါ၌ ပင့်ခေါ်ရာ၏၊

ထိုပင့်ခေါ်တတ်သူသည် မြတ်သောအလှူခံတို့ကို ပူဇော်သည်မည်၏"

ဟုဗုဒ္ဓက မိန့်ကြားလေသည်။

"အရှင်ဂေါတမ . . . အကြင်ပူဇော်ခြင်းဟူသော အကြောင်းကြောင့် ထိုသို့သဘောရှိသော ဉာဏ်တို့၏အဆုံးသို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဖူးမြင်ရပါ၏၊ ထို့ကြောင့် မချွတ်ဧကန်ဤပူဇော်ခြင်းသည် ကျွန်ုပ်အား ကောင်းစွာပူဇော်ခြင်းဖြစ်လတံ့၊ ကောင်းစွာလုပ်ကျွေးခြင်းဖြစ်လတံ့၊ အရှင်ဘုရားတို့ကဲ့သို့သော ပုဂ္ဂိုလ်ကိုမဖူးရသောကြောင့် မီးပူဇော်ကြွင်းသောဃနာနို့ထမင်းကို တစ်ပါးသောသူသည်စား၏၊ အရှင်ဂေါတမသည် ပြဟ္မဏဖြစ်ပါ၏၊ ဘုဉ်းပေးတော်မူပါလော့"

"ပုဏ္ဏား. . . ဂါထာဖြင့် သီဆိုရသောဆွမ်းကို ငါဘုရား မသုံးဆောင်၊ အကျိုးအကြောင်းကို သိမြင်ကုန်သော သူတော်

ကောင်းတို့အား ဤသုံးဆောင်ခြင်းသည် တရားသဘောသို့ မသက်ဝင် ဘုရားရှင်တို့သည် ဂါထာဖြင့် သီဆို၍ရသောဆွမ်းကို ပယ်ကုန်၏၊

ပုဏ္ဏားႏ . . ဤသည်ပင်လျှင် သူတော်ကောင်းတရား၌ တည်ကုန်သော ဘုရားရှင်တို့၏အသက်မွေးခြင်းတည်း"

ပုဏ္ဏား. . . ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော၊ နောင်တစ်ဖန် ပူပန်မှုငြိမ်းပြီးသော အလုံးစုံကိစ္စပြီးပြီးသော၊ ထိုရဟန္တာ ပုဂ္ဂိုလ်ကို ဂါထာဖြင့်သီဆို၍ရသော ဆွမ်းမှတစ်ပါးအခြားသော ဆွမ်းမှတစ်ပါး အခြားသောဆွမ်း၊ အဖျော်ဖြင့် လုပ်ကျွေးစေ လော့"

ထိုရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုကိုအလိုရှိသောသူ၏ လယ်မြေကောင်းသဖွယ်ဖြစ်၏၊

"အရှင်ဂေါတမ. . . ဤသို့ဖြစ်လျှင် ဤနို့ယနာတို့ကို အဘယ်သူအား ပေးရအံ့နည်း"

"ပုဏ္ဏား. . . နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကသမဏ၊ ဗြဟ္မာ၊ မင်းများလူများနှင့်တကွသော လူ့လောက၌ ငါဘုရားနှင့်ငါဘုရားသာဝကကို ဖယ်ထား၍ မီးပူဇော်ကြွင်းဤ နို့ယနာကို စားသည်ရှိသော် ကောင်းစွာကြေညက်ခြင်းသို့ရောက်ရာသော သူကိုငါမမြင်၊ သို့ဖြစ်သောကြောင့် သင်သည် ဤယနာနို့ထမင်းကို စိမ်းသောမြက်သစ်ပင်မရှိရာ၌ စွန့်လော့၊ ပိုးမရှိသောရေ၌လည်း မျောတော့"

ထိုအခါ ပုဏ္ဏားသည် ထိုယနာကို ပိုးမရှိသောရေ၌မျောလေသည်၊ ထိုအခါ နို့ယနာသည် စိတ် စိတ် စိတ် စိတ်မည်၏၊

ထက်ဝန်းကျင်ပြင်းစွာ အခိုးထသကဲ့သို့ ထိုယနာနို့ထမင်းသည် စိတ် စိတ် စိတ် စိတ်ပြည်ကာ ထက်ဝန်းကျင် အခိုးထလေသည်၊

ထိုအခါပုဏ္ဏားသည် ကြက်သီးမွေးညှင်းထပြီး ထိတ်လန့် ကြောက်ရွံ့သည်ဖြစ်၍ ဗုဒ္ဓထံသို့ချဉ်းကပ်ကာ တစ်နေရာ၌နေလေ သည်။

“ပုဏ္ဏား. . . ထင်းကိုမီးရှို့သောသင်သည် မီးရှို့ကာမျှ ဖြင့် စင်ကြယ်၏-ဟုမအောက်မေ့လင့်၊ ထိုထင်းကို မီးရှို့ခြင်းသည် အပဥ္စသာဖြစ်၏၊ အပဥ္စဖြစ်သော မီးရှို့ခြင်းဖြင့် စင်ကြယ်ခြင်းသို့ အလိုရှိ၏၊ ထိုမီးရှို့ခြင်းကြောင့် ထိုသူသည် စင်ကြယ်၏ ဟူ၍ ပညာရှိတို့မဆိုကုန်”

ပုဏ္ဏား. . . ငါသည်ထင်းကိုမီးရှို့ခြင်းကိုပယ်၍ ကိုယ် တွင်းသန္တာန်၌သာလျှင် ဉာဏ်မီးကိုတောက်ပစေ၏။ မပြတ် တောက်ပသောဉာဏ်မီးရှိသောအမြဲမပြတ် တည်ကြည်သောစိတ် ရှိသော ရဟန္တာဖြစ်သော ငါသည်မြတ်သောအကျင့်ကိုကျင့်၏၊

ပုဏ္ဏား. . . သင်၏ထောင်လွှားခြင်းမာနသည် ထမ်းပိုး ဝန်သဖွယ်ဖြစ်၏၊ အမျက်ဒေါသသည် မီးခိုးသဖွယ်ဖြစ်၏၊ မမှန် ချွတ်ယွင်းပြောဆိုခြင်းသည် ပြာသဖွယ်ဖြစ်၏၊

ပုဏ္ဏား. . . ငါ၏လျှာသည် တရားတည်းဟူသော ယာဇ် ကိုပူဇော်ခြင်းငှါ ယာဇ်ယောင်းမသဖွယ်ဖြစ်၏၊ သတ္တဝါတို့၏ နှလုံးသည်တရားတည်းဟူသော ယာဇ်၏မီးတောက်ရာဌာနသ ဖွယ်ဖြစ်၏ သတ္တဝါအပေါင်းသည် ကောင်းစွာယဉ်ကျေးသော စိတ်သည်မီးသဖွယ်ဖြစ်၏၊

ပုဏ္ဏား. . . မဂ္ဂင်ရှစ်ပါးတရားသည် ထုံးအိုင်သဖွယ် ဖြစ်၏၊ သီလဟူသော ရေချိုးဆိပ်ရှိ၏၊ မနောက်ကျူ၊ သူတော် ကောင်းတို့သည် သူတော်ကောင်းတို့အား ချီးမွမ်းကြကုန်၏၊ အကြင်ထုံးအိုင်၌ ဉာဏ်၏အဆုံးသို့ရောက်ကြသူ ရဟန္တာပုဂ္ဂိုလ် တို့သည် ရေချိုးကြကုန်၏၊ ထိုထုံးအိုင်၌ မစွတ်သောကိုယ်ရှိ ကုန်သည်ဖြစ်၍သာလျှင် တစ်ဘက်ကမ်း(နိဗ္ဗာန်)သို့ ကူးကုန်၏၊

ပုဏ္ဏား. . . မှန်ကန်သောစကား တရားစောင့်စည်းမှု ဟူ သော ဤဗြဟ္မစရိယသည် မဖွဲ့မပင့်ပဒါမှိသည်ဖြစ်၍ မြတ်သော အဖြစ်သို့ ရောက်၏၊ သင်သည်ဖြောင့်မတ်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းကိုပြုလော၊ ထိုသူကိုတရားအနှစ်ရှိ၏-ဟု ငါ ဟော၏”

ဟူ၍ဗုဒ္ဓကဟောပြေသောအခါ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် ဘုရားရှင်၏တရား၌ အလွန်နှစ်သက်သည်ဖြစ်၍ ရဟန်းပြုခွင့်ကို တောင်းလေသည်၊

ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာသို့ ကပ်၍တရားကို ကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာတစ်ပါး ဖြစ်ရလေသည်။

(သဂါထာဝဂ္ဂသံယုတ်၊ ဗြဟ္မဏသံယုတ်၊
အရဟန္တဝဂ်၊ သုန္ဒရိကသုတ်)

## ဗုဒ္ဓဂေါတမနှင့်သေလပုဏ္ဏား
## (ဘုရားဟုတ်-မဟုတ်စစ်ဆေးမှုနှင့်တရားမင်းဘုရားဖြစ်ကြောင်းဝန်ခံပုံ)

ဗုဒ္ဓသည် ၁၂၅၀-သောရဟန်းများနှင့်အတူ အင်္ဂုတ္တရာပတိုင်းသို့ ဒေသစာရီလှည့်လည်ရင်း အာပဏ မည်သောနိဂုံးသို့ ရောက်ရှိသည်။

ထိုအချိန်တွင် ကေဏိယ ရသေ့သည်ဗုဒ္ဓ၏ကျော်စောသောကောင်းသတင်းကိုကြားပြီး ဗုဒ္ဓထံလာရောက်တွေ့ဆုံကာ တရားနာပြီး နောက်နေ့အတွက် ဗုဒ္ဓကိုသံဃာနှင့်တကွ ဆွမ်းဖိတ်ကြားသွားသည်။

ထို့နောက် မိမိသခ်မ်းကျောင်း၌ ဆွေမျိုးသားချင်းများနှင့်အတူ ဆွမ်းချက်ပြုတ်ရေးကိုစီမံသည်။

ထိုအာပဏနိဂုံး၌ သေလပုဏ္ဏားသည် တပည့်သုံးရာကိုဗေဒင်သုံးပုံသင်ကြားပေးလျက်ရှိပြီး လုလင်သုံးရာနှင့်အတူ လမ်းလျှောက်ထွက်ရင်း ကေဏိယရသေ့ကျောင်းသို့ရောက်ခဲ့ပြီး လူအများချက်ပြုတ်နေကြသည်ကိုတွေ့သော်-

"အရှင်ကေဏိယအား သမီးယူခြင်း(အာဝါဟ)၊သမီးပေးခြင်း(ဝိဝါဟ)မင်္ဂလာရှိပါသလော၊ ဒါမှမဟုတ် ယာဇ်ပူဇော်မှုနီးနေပြီလော၊ဒါမှမဟုတ် ဗိမ္ဗိသာရမင်းကို ဗိုလ်ပါနှင့်အတူ နက်ဖြန်အတွက် ဖိတ်ကြားထားပါသလော"
ဟုမေးသည်။

ထိုအခါကေဏိယရသေ့က ထိုအတွက်မဟုတ် ဗုဒ္ဓဂေါတမသည် အာပဏရွာသို့ ရောက်လာကြောင်းနှင့်ဗုဒ္ဓ၏ကျော်စောသတင်းကို ပြောပြပြီးနောက်နေ့ဆွမ်းစားဖိတ်ထားကြောင်းပြောပြသည်။

"ကေဏိယ. . . ဘုရားဟုဆိုလိုက်ပါသလော"

"သေလ. . . ဘုရား ဟု ငါဆိုပါ၏"

"လောကဌ်ဘုရား-ဘုရားဟူသောအသံမျှလည်းအလွန်ကြားရခဲ၏၊ငါတို့၏ဗေဒင်၌သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ပါကုန်၏၊ ယင်းလက္ခဏာနှင့် ပြည့်စုံသောယောကျ်ားသည် ဤလောက၌ လေးကျွန်းလုံးကို အစိုးရသောစကြာဝတေးမင်းသော်လည်းကောင်း၊ ကိလေသာအလုံးစုံကင်းစင်သောဗုဒ္ဓသော်လည်းကောင်း ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြစ်ရမည် ဟုပါသည်"

ဟူသော အကြံအစည်သည် ဖြစ်ပေါ်မိလေသည်။

"ထိုအရှင်ဂေါတမသည် ယခုအဘယ်အရပ်မှာ သီတင်းသုံးနေပါသနည်း"

ဟုဆက်လက်မေးသည်။

ထိုအခါ ကေဏိယရသေ့က ဂေါတမဗုဒ္ဓသီတင်းသုံးရာတောအုပ်ကို လက်ညှိုးညွှန်ပြသည်၊ သေလသည် တပည့်လုလင်သုံးရာနှင့်အတူ ထိုတောအုပ်သို့ဝင်ကာနီးတွင် သေလကတပည့်များကို-

"အမောင်တို့ ခြေလှမ်းညင်သာစွာလှမ်း၍ အသံမပြုဘဲလိုက်ခဲ့ကြပါ၊ ရဟန်းဂေါတမသည် ခြင်္သေ့မင်းကဲ့သို့ တစ်ပါးတည်း

ကျက်စားသူဖြစ်၍ ချဉ်းကပ်ရန်ခဲယဉ်းသည်၊ တစ်ဖန် ငါနှင့်ရဟန်းဂေါတမ ဆွေးနွေးစကားပြောနေစဉ် သင်တို့ကြားဖြတ်မပြောကြပါနှင့်၊ စကားပြီးဆုံးသည်တိုင်အောင် ဆိုင်းငံ့ပါ”
ဟုမှာထားသည်။

ထို့နောက် ဗုဒ္ဓထံသို့ချဉ်းကပ်ကာ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောပြီး သင့်ရာနေရာ၌ထိုင်ကာ ဗုဒ္ဓကို-၃၂-ပါးသောလက္ခဏာရှိ-မရှိ လေ့လာအကဲခတ်သည်၊ လက္ခဏာ(၂)ပါးကိုမတွေ့၊ ကျန်(၃၀)ကို တွေ့သည်။

ဗုဒ္ဓက ကျန်လက္ခဏာ(၂)ပါးတွင် အအိမ်ဖြင့်ဖုံးသောပုရိသ နိမိတ်ကိုတန်ခိုးဖြင့် ဖန်ဆင်းပြသည်၊လျှာကိုသုံးသပ်ပြသည်၊

“ရဟန်းဂေါတမသည်ကား သုံးဆယ့်နှစ်ပါးသောယောကျ်ားမြတ်လက္ခဏာနှင့်ပြည့်စုံသူကားမှန်၏၊ ဘုရားဟုတ်-မဟုတ်ကိုကား မသိရသေး၊ သမ္မာသမ္ဗုဒ္ဓ ဘုရားစစ်က မိမိ၏ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသည်ရှိသော် မိမိကိုယ်ကိုထင်စွာပြတတ်၏ ဟု ဆရာ ဆရာပုဏ္ဏားတို့ပြောဆိုသံကို ကြားရဘူး၏၊ ငါသည်ရဟန်းဂေါတမကို မျက်မှောက်၌ သင့်လျော်သောဂါထာဖြင့် ချီးကျူးပြောဆိုရသော် ကောင်းမြတ်၏”
ဟူ၍အကြံဖြစ်ပြီး-

“လုံ့လရှိတော်မူသော မြတ်စွာဘုရား. . . အရှင်ဘုရားသည်-

-၃၂-ပါးသော ယောကျ်ားမြတ်လက္ခဏာတို့နှင့်ပြည့်စုံသော ကိုယ်တော်မြတ်ရှိပါ၏၊

-တဝင်းဝင်းတလျှပ်လျှပ်နှင့်ကောင်းမြတ်သော
ကိုယ်ရောင် ရှိတော်မူပါ၏၊
-အလုံး,အရပ် မြတ်သောသဏ္ဍာန်တော်လည်းရှိပါ၏၊
-ကြည့်ရှုမဝ တင့်တယ်သောကိုယ်တော်ရှိပါ၏၊
-ရွှေစင်နှင့်တူသော အဆင်းတော်မြတ်ရှိပါ၏၊
-ငွေစင်ပမာ ကောင်းစွာဖြူဖွေးသော စွယ်တော်လည်း
ရှိပါ၏၊
-ငါးပါးသော အဆင်းကြည်လင်ခြင်းနှင့်ပြည့်စုံသော
မျက်စိတော်လည်းရှိပါ၏၊
-တင့်တယ်ကောင်းမြတ်သောယမျက်နှာတော်လည်း
ရှိပါ၏၊
-အလုံးအရပ်လွှားကျိုင်းတော်မူပြီး ဖြောင့်မတ်သော
ကိုယ်ရှိပါ၏၊
-ရဟန်းအပေါင်းအလယ်၌ ရောင်ခြည်တစ်ထောင်
ဆောင်သောနေမင်းကဲ့သို့ တင့်တယ်လှပါ၏၊
-ရွှေပြားဖြင့်ကပ်သကဲ့သို့ မြတ်သောအရေးအဆင်း
ရှိပါ၏၊
-ဤသို့မြတ်သော အဆင်းနှင့်ပြည့်စုံသော အရှင်ဘုရား
အား ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊
အရှင်သည် လေးကျွန်းလုံးကိုအစိုးရသော စကြာဝတေး
မင်း ဖြစ်သင့်ပါ၏၊ စကြာဝတေးမင်းပြုလုပ်ပါလော၊
မင်းတကာတို့သည် အရှင်ဘုရားကို စကြာဝတေးမင်း
အဖြစ် တင်မြှောက်ကြပါစေလော”

ဟုချီးကျူးစကားဆိုပြီး လျှောက်ထားသည်။

"သေလပုဏ္ဏား. . . ငါသည် အတုမရှိမွန်မြတ်သော တရားမင်းဖြစ်ပေ၏၊ တရားသဖြင့်တရားစက်ကိုလည်စေနိုင်၏၊ တစ်စုံတစ်ယောက်မျှ ငါလည်စေသောတရားကို မလည်နိုင်ကြပါ"

"အရှင်ဂေါတမ. . . အရှင်သည်တရားမှန်ကို ကိုယ်တိုင်သိသော ဘုရား ဟူ၍ဝန်ခံဘိသလော၊ အတုမဲ့မြင့်မြတ်သော တရားမင်းဖြစ်၍ တရားသဖြင့် တရားစကြာကိုလည်စေနိုင်ပါ၏လော၊ ဆရာအလိုသို့ အစဉ်လိုက်တတ်သော အရှင်၏တပည့်စစ်သူကြီးကား အဘယ်ပါနည်း၊ အရှင်လည်စေပြီးသော တရားစကြာကို မည်သူသည် အတုလိုက်၍လည်စေပါသနည်း"

"သေလ. . . ငါသည် အတုမရှိမွန်မြတ်သောဘုရားနှင့် တရားမင်းဖြစ်၏၊ ငါလည်စေအပ်သော အတုမဲ့တရားစကြာကို အနုဇာတသား သာရိပုတြာသည် ငါဘုရားသို့ အတုလိုက်၍ လည်စေ၏"

ပုဏ္ဏား. . . ငါသည် ထိုးထွင်း၍သိသင့်သည်တို့ကို သိခဲ့ပြီး၊ ပွားများအားထုတ်သင့်သည်တို့ကိုလည်း ပွားများအားထုတ်ပြီးပြီ၊ သို့အတွက် ငါသည် ဘုရားဖြစ်ခဲ့ပြီ၊

ပုဏ္ဏား. . . ငါ့အပေါ်၌ ယုံမှားသံသယ ပယ်ဖျောက်လေလော့၊ လွတ်လွတ်လပ်လပ်ယုံကြည်ပါလော့၊ ဘုရားရှင်တို့အား မပြတ်မလပ်ဖူးမျှော်ရခြင်းသည် အလွန်ရခဲလှ၏၊

ပုဏ္ဏား. . . လောက၌ ဗုဒ္ဓတို့၏မပြတ်မလပ်ထင်ရှားစွာ ပွင့်တော်မူခြင်းကိုရခဲ၏၊ ငါသည်ကိုယ်တိုင်မှန်စွာ သိသည်ဖြစ်၍ ကိလေသာအခြောင့်တံသင်းကို ပယ်ခွင့်ပြီးသော အတုမရှိမွန်မြတ်သူဖြစ်၏၊

မြတ်သူဖြစ်၍ နိုင်းယှဉ်စရာကို လွန်ပြီးဖြစ်၏၊ မာရ်စစ်သည်ကို နှိမ်နင်းပြီးသူဖြစ်၏၊ ရန်သူအားလုံးတို့ကို မိမိအလိုသို့ လိုက်စေ၍ မည်သည့်အတွက်မျှ ဘေးမရှိ၊ ဝမ်းမြောက်ရ၏”
ဟူ၍ ဗုဒ္ဓကမိန့်ကြားဟောတော်မူရာ သေလပုဏ္ဏားသည် အလွန်ပင် ကျေနပ်ဝမ်းမြောက်ပြီးလျှင် မိမိတပည့်လုလင်တို့ကို-

“မြတ်သူဖြစ်၍ နှိုင်းယှဉ်စရာ လွန်မြောက်ပြီး မာရ်စစ်သည်ကို နှိမ်နင်းပြီးသောဗုဒ္ဓကို ဖူးမြင်ရ၍ အဘယ်သူသည် မကြည်ညိုဘဲနေနိုင်အံ့နည်း၊လူရိုင်းမျိုးပင် မကြည်ညိုတတ် မကြည်ညိုဘဲ မနေနိုင်ရာ--

ငါ့ကို အလိုရှိသူသည် ငါ့နောက်သို့လိုက်ပါလော၊ အလိုမရှိသူသည် သွားပါလော့ ငါသည်ဤနေရာ၌ပင် မြတ်သောပညာရှိထံ ရဟန်းပြုတော့အံ့
ဟုပြောကြားသည်။

“အရှင်ဆရာသည် ဤဗုဒ္ဓ၏ဆုံးအမကို အကယ်၍နှစ်သက်ပါမူကား ကျွန်ုပ်တို့သည်လည်း ဆရာနှင့်အတူမြတ်သောပညာရှိထံ၌ရဟန်းပြုကြပါမည်”
ဟု တပည့်လုလင် အားလုံးကလည်းဝန်ခံကြသည်။

ဗုဒ္ဓသည် သေလပုဏ္ဏားနှင့်တကွ တပည့်တော်တို့ကိုအခါမလင့်အကျိုးပေးသော တရားကိုကောင်းစွာ ဟောကြားပြပြီး၊မြတ်သောအကျင့်၌ မမေ့မလျော့ အားထုတ်ကျင့်ကြံကြလော”
ဟုမိန့်ကြားကာ ရဟန်းပြုပေးလိုက်သည်။

နောက်နေ့မိုးလင်းသော် ဗုဒ္ဓသည် ကေဏိယရသေ့ထံ သို့ ဆွမ်းစားကြွသည်၊ ဆွမ်းစားပြီးသော် ဗုဒ္ဓက ကေဏိယ ရသေ့ကို

"ယာဇ်ပူဇော်ခြင်းတို့တွင် မီးကိုလုပ်ကျွေးပူဇော်ခြင်းသည် အစဦးဖြစ်သည်၊ သာဝိတ္တိသည် ဆန်းကျယ်၏အစဦးဖြစ်သည်။

-လူတို့တွင် မင်းသည်ပဓာနဖြစ်သည်၊

-မြစ်တို့တွင် သမုဒ္ဒရာသည် ပဓာနဖြစ်သည်။

-နက္ခတ်တို့တွင် လသည် ပဓာနဖြစ်သည်။

-အပူတို့တွင် နေသည်ပဓာနဖြစ်သည်။

-ကောင်းမှုကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင် သံဃာသည်ပဓာန ဖြစ်၏၊

ဟူ၍ အနုမောဒနာတရားကို ဟောတော်မူသည်။

အရှင်သေလသည် ပရိတ်သတ်နှင့်ကကွ တစ်ပါးစီ ဆိတ်ငြိမ်ရာ သို့ကပ်၍ မမေ့မလျော့တရားကို အားထုတ်ကြရာ မကြာခင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ထို့နောက်ရိသတ်နှင့်အတူ ဗုဒ္ဓထံသို့ချဉ်းကပ်ကြပြီး-

"စက္ခုငါးပါးနှင့်ပြည့်စုံသော မြတ်စွာဘုရား. . . လွန်ခဲ့သော (၈)ရက်မြောက်နေ့က ကျွန်ုပ်တို့သည် အရှင်ကိုဆည်းကပ်ကိုးကွယ်မှုပြုခဲ့သောကြောင့် မိမိတို့သည်အရှင်၏အဆုံးအမဖြင့် တည်ကာ အတုမရှိသော ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးကြပါကုန်ပြီ"

"အရှင်မြတ်သည် ဘုရားစစ်စစ်ဖြစ်ပါ၏၊ ဆုံးမတတ်သူဆရာပါတည်း၊ မာရ်ကိုနှိမ်နင်းနိုင်သူ မုနိပါတည်း၊ အနုသယကို ဖြတ်၍ ကူးမြောက်တော်မူပြီးသော အရှင်သည် ဤသတ္တဝါ အပေါင်းကို ကူးမြောက်စေတော်မူပါပြီ"

'အရှင်ဘုရားသည် ဥပမိကိုကောင်းစွာ လွန်မြောက်ပါပြီ အာသဝေါတရားတို့ကို ဖောက်ခွဲပြီးပါပြီ၊ ဥပါဒါန်မရှိ၍ ခြင်္သေ့မင်းကဲ့သို့ ကြောက်ထိတ်ခြင်းကင်းပါ၏"

သုံးရာသောဤရဟန်းတော်တို့သည် လက်အုပ်ချီလျက် ရပ်တည်နေကြပါ၏၊ မြတ်စွာဘုရား၏ခြေတော်ကို ဆန့်တော်မူပါလော့၊ ရဟန်းတို့သည် ဆရာအားရှိခိုးခွင့်ပြုပါလော့၊ ရဟန်းတို့သည် ဆရာအား ရှိခိုးခွင့်ပြုပါလော"
ဟုလျှောက်ထား၍ ဗုဒ္ဓ၏ခြေတော်ရင်း၌ ဝပ်စင်းကာ အသီးသီး ရှိခိုးကြလေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာယုဝဂ်၊ သေလသုတ်)

## ဗုဒ္ဓဂေါတမနှင့်တိကဏ္ဏပုဏ္ဏား
## (ပုဏ္ဏားတို့၏ဝိဇ္ဇာသုံးနှင့် အရိယာတို့၏ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်၊ တိကပုဏ္ဏားသည်ဗုဒ္ဓထံသို့ရောက်လာပြီးလျှင် ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်သည်။

အရှင်ဂေါတမ. . . ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသော ပုဏ္ဏားတို့ သည်.ဤသို့လည်းပညာရှိဖြစ်ကုန်၏၊ဤအကြောင်းကြောင့် လည်း ပညာရှိဖြစ်ကုန်ပါ၏၊

"ပုဏ္ဏား. . . အဘယ်သို့လျှင် ပုဏ္ဏားကို ဝိဇ္ဇာသုံးမျိုးနှင့် ပြည့်စုံ၏-ဟု ပုဏ္ဏားတို့ ပြောဆိုပညတ်ပါသနည်း"

"အရှင်ဂေါတမ. . . ဤလောက၌ ပုဏ္ဏားသည်မိဘ နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဘိုးဘေးခုနှစ်ဆယ်တိုင်အောင် ဇာတ်နှင့်စပ်သော စကားဖြင့် အပါယ်မခံရ၊ ကဲ့ရဲ့မခံရ၊ ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏ ဝေဒကျမ်းတို့ကိုဆောင်၏၊

အဘိဓာန်(နိဃဏ္ဍု)ကျမ်း၊ အလင်္ကာ(ကေဋုဘ)ကျမ်း၊ သဒ္ဒါ(အက္ခရပ္ပဘေဒ)ကျမ်း၊ ငါးခုမြောက် (ဣတိဟာသကျမ်း)နှင့် တကွသော ဗေဒင်သုံးပုံတို့၏ တစ်ဘက်ကမ်းရောက်၏၊

ပဒကျမ်း ဗျာကရဏ်ကျမ်း လောကယတကျမ်း မဟာ ပုရိသကျမးတို့၌ အကြွင်းမဲ့တတ်မြောက်၏-ဟုပုဏ္ဏားတို့ ပညတ် ကြပါသည်"

"ပုဏ္ဏား. . . ပုဏ္ဏားကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ၏ ဟု ပညတ်ပြောဆိုသည်ကား အခြားတစ်ပါးသော အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံခြင်းကား အခြားတစ်ပါး"

"အရှင်ဂေါတမ. . . အဘယ်သို့လျှင် အရိယာသူမြတ်၏ အဆုံးမအမ၌ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံခြင်းဖြစ်သနည်း၊ တောင်းပန်ပါ၏၊ ထိုအကြောင်းကို ဟောကြားပေးပါ"

"ပုဏ္ဏား. . . ဤသို့ဖြစ်လျှင် ကောင်းစွာနှလုံးသွင်းလော"

"အရှင်ဂေါတမ. . . ကောင်းပါပြီ"

"ပုဏ္ဏား. . . ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း၊ သုံးသပ်ဆင်ခြင်ခြင်းနှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ပထမစျာန်သို့ရောက်နေ၏၊

-ကြံစည်ခြင်း၊ သုံးသပ်ခြင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် မိမိ၏သန္တန်၌ စိတ်ကြည်လင်စေတတ်သော တည်ကြည်ခြင်းကို ဖြစ်စေတတ်သော ယင်း၏တည်ကြည်မှုကြောင့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ဒုတိယစျာန်သို့ ရောက်ရှိနေ၏၊

-နှစ်သိမ့်ခြင်းကိုလည်းကောင်း မတပ်မက်အပ်သောကြောင့် သတိသမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာကိုလည်းကောင်း၊ကိုယ်ဖြင့်ခံစား၏၊တတိယစျာန်သို့ရောက်ရှိနေ၏၊ ဤတတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာနေလေ့ရှိသူ ဟူ၍အရိယာပုဂ္ဂိုလ်တို့က ဆိုကြသည်။

-ချမ်းသာခြင်းကိုလည်းပယ်၊ ဆင်းရဲခြင်းကိုလည်းပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း၊ နှလုံးမသာခြင်းတို့ချုပ်ပျောက်ခြင်းကြောင့် ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှုကြောင့်ဖြစ်သည့် သတိစင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍နေ၏

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ထိုသူသည်ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့နိုင်သော (ပုဗ္ဗေနိဝါသနုဿတိ) ဉာဏ်အလို့ငှါ စိတ်ကိုရှေ့ရှုညွတ်စေ၏၊ ထိုသူသည်ဘဝအထောင်အသိန်းတို့ကိုလည်းကောင်း များပြားသောတက်ကပ်၊ ဆုတ်ကပ်၊ ဖြစ်ကပ်တို့ကိုလည်းကောင်း၊ ထိုထိုဘဝတို့၌ ဖြစ်ခဲ့သော ဆင်းရဲခံစားရမှု စသောရှေး၌ဖြစ်ခဲ့သော ဘဝမျိုးစုံကို ထိုသူအား အောက်မေ့နိုင်ခြင်း ဟူသောရှေးဦးစွာသောအသိဉာဏ်(ဝိဇ္ဇာ)ကို ရသည်။

မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာ အမှောင်ကင်း၍ ပညာဉာဏ်အလင်းဖြစ်ပေါ်သကဲ့သို့ မသိမှု(အဝိဇ္ဇာ)ပျောက်၍ အသိဉာဏ်(ဝိဇ္ဇာ)ဖြစ်ပေါ်လာပါသည်။

ထိုသူ၏စိတ်တည်ကြည်ငြိမ်သက်သော် သတ္တဝါတို့၏ သေခြင်း ဖြစ်ခြင်းကိုသိသော ဉာဏ်အလို့ငှါ စိတ်ကိုရှေ့ရှုညွတ်စေ၏၊

ထိုသူသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော "ဒိဗ္ဗစက္ခု" ဉာဏ်ဖြင့် သေဆဲ- ဖြစ်ဆဲသတ္တဝါ၊ယုတ်သော- မြတ်သောသတ္တဝါ၊အဆင်းလှ-မလှသတ္တဝါ၊ ကောင်း-မကောင်းလားရာဂတိရှိသောသတ္တဝါတို့ကိုမြင်သည်၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုသိ၏၊

"အချင်းတို့. . . ဤသတ္တဝါတို့သည် ကိုယ်,နှုတ်,စိတ်, မကောင်းမှုဒုစရိုက်နှင့်ပြည့်စုံ၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသောအယူရှိပြီး ထိုအယူဖြင့် ပြုအပ်သောကံရှိ၏၊ ထိုသူသည် သေပြီးနောက် ချမ်းသာကင်းရာ မကောင်းသောလားရာ ငရဲသို့ ရောက်ကုန်၏၊

အချင်းတို့. . . ဤသတ္တဝါတို့သည်ကား ကိုယ်,နှုတ်,စိတ် ကောင်းမှုသုစရိုက်နှင့်ပြည့်စုံ၏၊ အရိယာတို့ကို မစွပ်စွဲ၊ မှန်သောအယူရှိပြီး ထိုအယူဖြင့် ပြုအပ်သောကံရှိ၏၊ ထိုသူသည်သေပြီးနောက်ချမ်းသာပြည့်စုံပြီး ကောင်းသောလားရာ ဖြစ်သောနတ်ပြည်သို့ ရောက်၏ ဟုသိသည်၊

ဤသို့လျှင် စင်ကြယ်သောလူတို့၏မျက်စိအမြင်ကို လွန်သော နတ်မျက်စိဖြင့် အလုံးစုံကိုသိမြင်၏၊

ထိုပုဂ္ဂိုလ်အား နှစ်ခုမြောက်အသိဉာဏ် (ဝိဇ္ဇာ)ကိုရသည်၊ ဝိဇ္ဇာဉာဏ်အလင်းရောင်သည် မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍နေသောသူအား အဝိဇ္ဇာအမှောင်ပျောက်၍ ထိုသူ၏စိတ်တည်ကြည်ငြိမ်သက် သော် အာသဝေါတရားတို့ကို ကုန်ခမ်းစေတတ်သော အာသဝက္ခယဉာဏ်အလို့ငှါ စိတ်ကိုရှေ့ရှုညွတ်စေ၏၊ ထိုသူသည် ဤကား

ဆင်းရဲ-ဤကား ဆင်းရဲဖြစ်ကြောင်း ဤကား ဆင်းရဲချုပ်ရာ၊ ဤကားဆင်းရဲချုပ်ရာကျင့်စဉ်အမှန် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားကိုဖြစ်ရာ ဖြစ်ခြင်း၏အကြောင်း ချုပ်ရာ ချုပ်ရန် ကျင့်စဉ်အမှန်ကိုသိသည်။

ဤသို့မြင်သောထိုသူ၏စိတ်သည် ကာမာသဝ၊ဘဝါသဝ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဟူသော အာသဝေါတရားလေးပါးမှ လွတ်မြောက်ပြီး ဟုအသိဉာဏ်ဖြင့် ပေါ်လာ၏၊

ပဋိသန္ဓေနေမှုကုန်ပြီး မြတ်သောအကျင့်ကို ကျင့်ပြီးပြီ မဂ်ကိစ္စကိုပြုပြီးပြီ မဂ်ကိစ္စအလို့ငှါ တစ်ပါးသောပြုဘွယ်မရှိတော့ပြီ ဟုသိသည်။

ထိုသူအား သုံးခုမြောက် အသိဉာဏ် ဝိဇ္ဇာကိုရသည်။ မမေ့မလျော့ဘဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍နေသောသူအား အဝိဇ္ဇာအမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ်အလင်းရောင်ရောက်သည်။

နိမ့်တုံ-မြင့်တုံမဟုတ်၊ကြီးပွားသော သီလနှင့်ပြည့်စုံသော ရင့်သောပညာလည်းရှိသော ဈာန်ဝင်စားလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဈာန်ကိုလေ့လာပြီးဖြစ်၍ တစ်ခုတည်းသော အာရုံရှိ၏၊ကောင်းစွာတည်ကြည်၏၊

အဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ၍ မတွေဝေဘဲနေလေ့ရှိသော သစ္စာလေးပါးကိုသိသော အဆုံးစွန်သောကိုယ်ကိုဆောင်သော ဂေါတမနွယ်ဖြစ်သော ထိုပုဂ္ဂိုလ်ကို ရှိခိုးကြကုန်၏၊

အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ဘူးသည်ကိုသိ၏၊ နတ်ဘုံ အပါယ်ဘုံကိုလည်းမြင်၏၊ထိုမှတစ်ပါး ဇာတိကုန်ရာ အရဟတ္တ

ဖိုလ်သို့ ရောက်၏၊ ထူးသောဉာဏ်ဖြင့်သိ၍ အပြီးအဆုံးသို့ရောက်၏၊

ထိုပုဂ္ဂိုလ်သည် ဤဝိဇ္ဇာသုံးပါးတို့ဖြင့် တေဝိဇ္ဇ ပုဏ္ဏားဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူဟူ၍ ငါဆို၏၊ တစ်ပါးသူတို့ပြောသည်ကို လိုက်၍ပြောတတ်ကာမျှ ဖြစ်သူကိုဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသူဟူ၍ ငါမဆို၊

ပုဏ္ဏား. . . ဤသို့လျှင် အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့် ပြည့်သူဖြစ်၏၊

"အရှင်ဂေါတမ. . . ပုဏ္ဏားတို့၏ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံခြင်းကား တစ်ခြားတစ်ပါး အရိယာသူမြတ်၏ အဆုံးအမ၌ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံခြင်းကား အခြားတစ်ပါးဖြစ်ပါ၏၊ အရှင်ဂေါတမ ပုဏ္ဏားတို့၏ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံခြင်းသည် အရိယာသူမြတ်တို့၏ အဆုံးအမဖြစ်သော ထိုဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံခြင်းကို တစ်ဆယ့်ခြောက်စိတ် စိတ်၍တစ်စိတ်ကိုမျှလည်းမမှီနိုင်ပါ၊ အရှင်ဂေါတမ တရားသည် အလွန်နှစ်သက်မြတ်နိုးဖွယ် ရှိပါ၏"
စသည်ဖြင့် ပုဏ္ဏားသည် လျှောက်ထားပြီးရတနာသုံးပါး၌ အမြဲမပြတ် ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်ခံယူသွားလေသည်။

(အင်္ဂုတ္တိုရ် တိကနိပါတ် ဗြဟ္မဏဝဂ်၊ တိကဏ္ဏသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဥဂ္ဂတသရီရပုဏ္ဏား (ပုဏ္ဏားတို့၏ ယဇ်ပူဇော်မှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ဥဂ္ဂတသရီရပုဏ္ဏားသည် သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာပြီး အမျိုးဂုဏ်အားဖြင့် ထင်ရှားသူတစ်ယောက် ဖြစ်သည်၊ သူသည် နှစ်စဉ်နှစ်တိုင်း ပြဟ္မာကိုရည်မှန်း၍ ပူဇော် ပွဲ ကျင်းပပြုလုပ်လေ့ရှိသည်။

ယာဇ်ပူဇော်ပွဲ၌ တွင်းကြီးတစ်ခုတူးပြီး ယင်းထဲ၌ ယော ပတ်ဆီဦး၊ ပျားရည် စသည်များကို ထည့်၍ယင်းတို့၏အပေါ်မှ နံ့သာထင်းများဖြင့် မီးပူဇော်သည်၊ ထိုယာဇ်တွင်းအနီး၌ ယာဇ်တိုင် များစိုက်၍ များစွာသောနွား, သိုး, ဆိတ် တို့ကိုချည်ထားသည်။

ယာဇ်တွင်းမှ မီးများတောက်လောင်လာသောအခါအ သင့်ဖမ်းချည်ထားသော နွား,သိုး,ဆိတ်တို့၏တို့ကို လည်ဖြတ်စေ ပြီး ယင်းတို့၏လည်ချောင်းသွေးကို မီးပုံထဲသို့လောင်းထည့်သည်၊ နွား,သိုး,ဆိတ်တို့၏အသားများကိုလည်း ထိုမီးပုံထဲ၌ပင် ကင်စေ သည်။

ဥဂ္ဂတသရီရ ပုဏ္ဏားသည် ယာဇ်ပူဇော်ပွဲကျင်းပသော အခါ ကျယ်ဝန်းသောမိမိခြံအတွင်း၌ ဧည့်သည်ပရိသတ်များထိုင် ရန် နေရာထိုင်ခင်းများ အသင့်စီစဉ်ထားသည်၊ ထင်ရှားသော ပြဟ္မာဏဆရာကြီးများနှင့် များစွာသောဆွေမျိုးဉာတိတို့ကိုလည်း ဖိတ်ကြားထားသည်။

အိမ်ခြံတွင်း အတွင်းကျသောတစ်နေရာတွင် ပုဏ္ဏားကြီး၏ ကျေးကျွန်များက ကျွေးမွေးရန် စားသောက်ဖွယ်ရာများကို စီမံချက်ပြုတ်နေကြသည်၊ မိမိတို့အိမ်ပြုလုပ်နေမှုကိုအပြင်မှ မမြင်နိုင်စေရန် အကာအရံများဖြင့် လုံခြုံစွာကာရံထားပေးသည်။

ဤသို့လျှင် မိမိ၏အကုသိုလ်အပြစ်များကင်းစေရန်ဗြဟ္မာပြည်သို့ ရောက်စေရန်ဟူသော ယုံကြည်ချက်ဖြင့်ယာဇ်ပူဇော်ပွဲကြီးကို နှစ်ပေါင်းများစွာ ကျင်းပလာခဲ့သည်။

ဥဂ္ဂတသရီရ ပုဏ္ဏားကြီးသည် တစ်နေ့ယာဇ်ပူဇော်မျိုးကျင်းပရန်ပြင်ဆင်နေစဉ် -

"ဥစ္စာပစ္စည်းမြောက်များစွာ အကုန်အကျခံပြီး ယာဇ်ပူဇော်ပွဲကျင်းပလာခဲ့ရာ နှစ်ပေါင်းများစွာကြာခဲ့ပြီ၊ ဤသည်ကိုပြုလုပ်လျှင် အကုသိုလ်အပြစ်ကင်းစင်ပြီး ဗြဟ္မာပြည်သို့ ရောက်လိမ့်မည်ဟု ပြောခဲ့ကြသည်၊ ဟုတ်ပါ့မလား-ယာဇ်ပူဇော်မှုကို တစ်ချို့ကချီးမွမ်းကြပေမဲ့ တစ်ချို့ကကဲ့ရဲ့ကြသည်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို သတ်ဖြတ်ပြီး ပူဇော်တာဖြစ်၍ ကုသိုလ်မရဘဲ အလွန်အပြစ်ကြီးသော အလုပ်ဟူ၍ပြောကြသည်၊ သူတို့ပြောတာများဟုတ်နေပါသလား"

ဟု ပုဏ္ဏားကြီးသည် ကြံစည်စဉ်းစားမိလေသည်။

ဤပြဿနာကို တစ်ဦးတည်းသော ပညာရှိနှင့်ဆွေးနွေးရန်သင့်သည် ဟုဆုံးဖြတ်လိုက်ပြီး-

ရဟန်းဂေါတမထံ သွားမေးက သင့်မည် ဟုစဉ်းစားကာဗုဒ္ဓထံသို့ရောက်လာခဲ့လေသည်၊ ဗုဒ္ဓနှင့်ဝမ်းမြောက် ဝမ်းသာနှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . . ယာဇ်တိုင်ကိုစိုက်ထူ၍ ယာဇ်မီးကို ပူဇော်ခြင်းသည် များသောအကျိုးအာနိသင်ရှိ၏ ဟုကျွန်ုပ်ကြားဘူးပါသည်"

"ပုဏ္ဏား. . . ဤစကားကို ငါလည်းကြားဘူးပါ၏"

ပုဏ္ဏားကြီးသည်ထိုစကားကို သုံးကြိမ်တိုင်တိုင်လျှောက်ထားရာ ဗုဒ္ဓကလည်း သုံးကြိမ်ပင် ထိုကဲ့သို့ပြန်ဖြေပေးသည်။

"အရှင်ဂေါတမ. . . အရှင်ကြားသိချက်နှင့် ကျွန်ုပ်ကြားသိထားချက်မှာ တစ်ထပ်တည်းတူညီရပါလား"

ထိုအချိန်တွင် ရှင်အာနန္ဒာသည် ဗုဒ္ဓအနီးတွင်ရှိနေ၍ ပုဏ္ဏားကြီး၏စကားကို ကြားရသောအခါ-

"ဤပုဏ္ဏားကြီးတော့ လူလည်လုပ်နေပြီ ဘုရားရှင်ကို သူနှင့်ဉာဏ်ရည်တူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ပြောကြားနေသည်၊ ငါသည် သူနားလည်အောင် ငါကြားဝင်၍ပြောမှ ဖြစ်တော့မည်"

ဟုတွေးမိကာ-

"ပုဏ္ဏား. . . ဗုဒ္ဓတို့ကို ပြဿနာမေးလိုလျှင် သင်မေးသလို မမေးပါနှင့်၊ အရှင်ဘုရား တပည့်တော်သည် ယာဇ်တိုင်တို့ကိုစိုက်ထူ၍ ယာဇ်မီးကိုပူဇော်လိုပါ၏၊ ဤသို့ပူဇော်ခြင်းနှင့် ပတ်သက်၍ အရှည်သဖြင့် စီးပွားချမ်းသာဖြစ်ကြောင်း ကောင်းမြတ်သောနည်းလမ်းကို အကျွန်ုပ်အား ညွှန်ကြားပေးတော်မူပါ ဟုမေးလျှောက်သင့်သည်"

ထိုအခါ ပုဏ္ဏားကြီးသည် ရှင်အာနန္ဒာသည် မိမိ၏လူလည်ကျမှုကို သိရှိသွားသည် ဟုသဘောပေါက်ပြီး ရှက်သွားသော်လည်း အရှက်ကိုမသိမသာဖုံးကာ ရှင်အာနန္ဒာပြောကြားသည့်အတိုင်း ဘုရားကို လျှောက်သည်။

ပုဏ္ဏား. . . ယာဇ်တိုင်စိုက်ထူ၍ ယာဇ်မီးကို ပူဇော်သူ သည် ထိုပူဇော်မှုကို မပြုမီရှေ့အဖို့၌ပင် ဆင်းရဲခြင်းကိုဖြစ်ပွားစေ နိုင်သော အကုသိုလ်လက်နက် သုံးမျိုးဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံ လက်နက်တို့ကို စိုက်ထူရာရောက်၏၊

ပုဏ္ဏား. . . ယာဇ်တိုင်ထူ၍ မီးပူဇော်လိုသောသူသည် ထိုပူဇော်မှုမပြုမီ ရှေ့အဖို့၌ပင် ဤမျှသောနွားလား နွားငယ်၊ သိုး၊ ဆိတ်တို့ကိုသတ်စေ စသည်ဖြင့် စိတ်အကြံကိုဖြစ်စေ၏၊ ဤသို့ အားဖြင့် သူသည် ကောင်းမှုကိုပြုအံ့ကြံ၍ မကောင်းမှုကိုပြု၏၊ ကုသိုလ်ကံပြုအံ့ကြံ၍ အကုသိုလ်ကိုပြု၏၊ သုဂတိလမ်းကို လမ်းကို ရှာအံ့ကြံ၍ ဒုဂ္ဂတိလမ်းကို ရှာ၏၊ ဤသို့အားဖြင့် ဤသူသည် မနောကံ အကုသိုလ် လက်နက်ကိုစိုက်ထူ၏၊

ပုဏ္ဏား. . . ထိုမှတစ်ပါး ယာဇ်တိုင်ကိုစိုက်ထူ၍ ယာဇ်မီး ကိုပူဇော်သောသူသည် ဤပူဇော်မှုကို မပြုမီရှေ့အဖို့၌ပင် ဤမျှ သော နွားလား-နွားငယ်တို့ကို သတ်ကြကုန်လော ဟုအစရှိသော စကားတို့ကို ပြောဆို၏၊ ဤသို့အားဖြင့် သူသည်ကောင်းမှုကိုပြု အံ့ကြံ၍မကောင်းမှုကိုပြု၏၊ ကုသိုလ်ကိုပြုအံ့ကြံ၍အကုသိုလ်ကို ပြု၏၊ သုဂတိလမ်းကိုရှာအံ့ကြံ၍ ဒုဂ္ဂတိလမ်းကိုရှာ၏၊ ဤသို့ အားဖြင့် သူသည် ဒုတိယမြောက်ဖြစ်သော ဝစီကံလက်နက်ကို စိုက်ထူ၏၊

ပုဏ္ဏား. . . ထိုမှတစ်ပါး ယာဇ်တိုင်ကို စိုက်ထူ၍ ပူဇော် သောသူသည် ထိုပူဇော်မှုကို မပြုမီရှေ့အဖို့၌ပင် ရှေးဦးစွာ နွားထီး၊ နွားငယ်၊ သိုး၊ ဆိတ်တို့ကိုသတ်ရန် ကိုယ်တိုင် အားထုတ်၏၊ ဤသို့ အားဖြင့် သူသည်ကောင်းမှုကိုပြုအံ့ဟုကြံ၍ မကောင်းမှုကိုပြု၏၊

ကုသိုလ်ကိုပြုအံ့ကြံ၍ အကုသိုလ်ကိုပြု၏၊ သုဂတိလမ်းကို ရှာအံ့ကြံ၍ ဒုဂ္ဂတိလမ်းကိုရှာ၏၊ ဤသို့လျှင် ထိုသူသည် တတိယမြောက်ဖြစ်သော ဤကာယကံလက်နက်ကို စိုက်ထူ၏၊

ပုဏ္ဏား. . . ယာဇ်တိုင်ကိုစိုက်ထူ၍ ယာဇ်မီးပူဇော်သော သူသည် ထိုပူဇော်မှုမပြုမီ ရှေ့အဖို့၌ပင် ဆင်းရဲခြင်းကို ဖြစ်ပွားစေသော ဆင်းရဲသောအကျိုးကိုဖြစ်ပွားစေနိုင်သော ဤအကုသိုလ် လက်နက်သုံးမျိုးကို စိုက်ထူရာရောက်၏။

# ဗုဒ္ဓဂေါတမနှင့် အက္ကောသဘာရဒ္ဒွါဇပုဏ္ဏား (ဗုဒ္ဓကိုဆဲရေးသူ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးချိန်ဖြစ်သည်။

"ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမထံ၌ ရဟန်းဝတ်သွားသည်"

ဟူသောသတင်းကိုကြားသဖြင့် ဒေါသအမျက်ထွက်ကာ ဗုဒ္ဓထံချဉ်းကပ်ပြီး မလျှောက်ပတ်သော ကြမ်းကြုတ်သောစကားတို့ဖြင့် ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ထို့ကြောင့် ထိုပုဏ္ဏားကို အက္ကောသဘာရဒွါဇ ဟူ၍အမည်တွင်သည်။

ထိုဆဲရေးသော ပုဏ္ဏားကိုဗုဒ္ဓကမေးသည်။

"ပုဏ္ဏား. . . ထိုအရာကို အဘယ်သို့ထင်သနည်း၊ သင်၏ညှေ့သည်ဖြစ်သည့်အတွက် အဆွေခင်ပွန်းကို ဆွေမျိုးသားချင်းတို့သည် လာကုန်သည်မဟုတ်လော"

"အရှင်ဂေါတမ. . . တစ်ခါတစ်ရံလာကြပါ၏"

"ပုဏ္ဏား. . . သင်သည် အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့အား စားသောက်ဖွယ်တို့ကို ပေးသည်မဟုတ်လော"

"အရှင်ဂေါတမ. . . ပေးပါ၏"

"ပုဏ္ဏား. . . ထိုသူတို့က အကယ်၍မခံယူသည်ဖြစ်အံ့၊ ထို ဥစ္စာသည် အဘယ်သို့ရောက်သွားပါသနည်း"

"အရှင်ဂေါတမ. . ပေးသူကျွန်ုပ်လက်ထဲ ပြန်ရောက်ပါ၏"

"ပုဏ္ဏား. . . ဤအတူပင် သင်သည်အကြင်အကြောင်းကြောင့် သင်သည် မဆဲရေးထိုက်ကုန်သော ငါတို့ကိုဆဲရေး၏၊ မချုပ်ချယ်ထိုက်သော ငါတို့ကိုချုပ်ချယ်၏၊ မချောက်ချားထိုက်ကုန်သော ငါတို့ကိုချောက်ချား၏၊ သင့်၏ထိုဆဲရေးမှုတို့ကို ငါမခံယူကုန်၊ ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင်ရောက်၏"

ပုဏ္ဏား. . . အကြင်သူသည် ဆဲရေးတတ်သောသူကို ပြန်၍ ဆဲရေး၏၊ ချုပ်ချယ်တတ်သူကို ပြန်၍ချုပ်ချယ်၏၊ ချောက်ချားတတ်သူကို ပြန်၍ချောက်ချား၏၊

ပုဏ္ဏား. . . ဤသူကို အတူခံစားသူ၊ ပြုတုန့်ပြန်သူဟုဆိုအပ်၏၊ ငါဘုရားသည် သင်နှင့်အတူ ခံစားဖက်မဟုတ်ကုန် ပြုတုန့် မပြုကုန်၊ ဤဆဲရေးခြင်းသည် သင့်အားသာလျှင်ရောက်၏"

ဟုဗုဒ္ဓက မိန့်ကြားသည်။

"အရှင်ဂေါတမ. . . ရဟန်းဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်၏ ဟုမင်းနှင့်တကွ ပရိသတ်သည်သိ၏၊ ယင်းသို့သိလျက် အရှင်ဂေါတမသည် အမျက်ထွက်ဘိ၏"

"ပုဏ္ဏား. . . ယဉ်ကျေးသော တရားနှင့်အညီ အသက်မွေးလေ့ရှိသော သစ္စာလေးပါးတရားကိုကောင်းစွာသိ၍ ကိလေသာမှလွတ်သောစိတ်ရှိသော၊ ငြိမ်သက်သောစိတ်ရှိသော၊ တာဒိ

ဂုဏ်နှင့်ပြည့်စုံသော၊ အမျက်မထွက်သောပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းသည် အဘယ်အကျိုးရှိပါအံ့နည်း"

-အကြင်သူသည် အမျက်ထွက်သူကိုပြန်၍ အမျက်ထွက်သောကြောင့် ယုတ်မာ၏၊ အမျက်ထွက်သူကိုပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ရန်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည်မည်၏၊

-အကြင်သူသည် အမျက်ထွက်သောသူကို သိသည်ရှိသော် သတိနှင့်ပြည့်စုံသည်ဖြစ်၍ အမျက်ကိုငြိမ်းစေ၏၊ ထိုအမျက်ကို မတုန့်ပြန်သောသူသည် မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏၊

-အကြင်သူတို့သည် သစ္စာလေးပါးတရား၌ မသိ မလိမ္မာကြကုန်၊ ထိုသူတို့သည် မိမိ-သူတစ်ပါးနှစ်ဦးသားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအားဖြင့် ကုစားသူကို လူမိုက်ဟူ၍ မှတ်ထင်ကုန်၏၊

"အရှင်ဂေါတမ. . . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

အစရှိသည်ဖြင့် အက္ကောသဘာရဒွါဇ ပုဏ္ဏားသည်ဗုဒ္ဓအား လျှောက်ထားပြီး ဗုဒ္ဓထံရဟန်းပြုခွင့်တောင်းသည်၊ ရဟန်းပြုပြီးနောက် တရားကြိုးစားအားထုတ်ခဲ့ရာ မကြာခင် ရဟန္တာဖြစ်လေသည်။

(သဂါထာဝဂ် သံယုတ်၊ ဗြဟ္မဏသံယုတ်၊ အရဟန္တဝဂ်၊ အက္ကောသသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဝိလင်္ဂိကဘာရဒွါဇပုဏ္ဏား (ရဟန္တာကိုပြစ်မှားမှု)

အလားတူ ဘာရဒွါဇပုဏ္ဏား ဗုဒ္ဓထံ၌ ရဟန်းပြုမှုကြောင်း ကြားသိရပြီး ဗုဒ္ဓကိုလာရောက်ပြီး ဆိတ်ဆိတ်နေပြီး ထိုင်နေသည်၊ ဗုဒ္ဓသည် ပုဏ္ဏား၏စိတ်အကြံကိုသိ၍-

"အကြင်လူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာမရှိသော ရဟန္တာပုဂ္ဂိုလ်အားပြစ်မှားမိ၏၊ထိုသူ၏မ ကောင်းမှုသည် လေညာသို့လွှင့်အပ်သော သိမ်မွေ့သောမြူကဲ့ သို့ ထိုသူမိုက်ထံသို့သာလျှင် ပြန်ရောက်၏"

ဟုဗုဒ္ဓကမိန့်ကြားရာ ဝိလင်္ဂိကဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓ၏တရားကို များစွာနှစ်သက်ပြီး ဗုဒ္ဓထံရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြု ခဲ့သည်။

နောက်တရားအားထုတ်ရာ မကြာခင်ရဟန္တာဖြစ်လေ သည်။

# ဗုဒ္ဓဂေါတမနှင့် အဟိံသကဘာရဒွါဇပုဏ္ဏား (သူတစ်ပါးကို ကိုယ်၊ နှုတ်၊ စိတ်ဖြင့် မညှင်းဆဲမှု)

အလားတူ အဟိံသကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံ ရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ-ကျွန်ုပ်သည်အဟိံသကပါတည်း အဟိံသကပါတည်း"
ဟုလျှောက်ထားသည်။

"အကြင်သူသည် ကိုယ်, နှုတ်, စိတ်ဖြင့် သူတစ်ပါးကို မသတ်ဖြတ်မညှဉ်းဆဲ၊ ထိုသူသည်သာ အဟိံသကဖြစ်၏၊ သင်သည် အဟိံသက ဖြစ်ခဲ့မူ အမည်အားလျော်စွာ မညှဉ်းဆဲသူဖြစ်ပါလေလော့"
ဟုဗုဒ္ဓကမိန့်ကြားသောအခါ အဟိံသကဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ အလွန်နှစ်သက်ပြီး ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုလေသည်။

တရားကိုကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာဖြစ်လေသည်။

# ဗုဒ္ဓဂေါတမနှင့် ဇဋာဘာရဒွါဇပုဏ္ဏား (ဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်မှု)

ဇဋ္ဋာဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်ပြီး-

"အရှင်ဂေါတမ. . . ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သောတဏှာ၊ ကိုယ်ပ၌ဖွဲ့ယှက်တတ်သောတဏှာသည် သတ္တဝါတို့အပေါင်းကို ဖွဲ့ယှက်အပ်ပါ၏၊ ထိုဖွဲ့ယှက်တတ်သောတဏှာကို အဘယ်သူသည် ဖြေရှင်းနိုင်ပါအံ့နည်း"

ဟုလျှောက်ထားလေသည်။

"ပုဏ္ဏား. . . ပဋိသန္ဓေပညာရှိ၍ ပြင်းစွာ အားထုတ်မှုရှိသော ရင့်ကျက်သောပညာရှိသော သံသရာဘေးကိုရှုလေ့ရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိစိတ်ကိုလည်းကောင်း၊ ဝိပဿနာပညာကိုလည်းကောင်း၊ ပွားစေလျက် ဤဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်၏"

အကြင်ပုဂ္ဂိုလ်အား တပ်စွန်းမှု (ရာဂ)၊ အမျက်ထွက်မှု (ဒေါသ)၊ မသိမှု(အဝိဇ္ဇာ)တို့သည် ကင်းပြတ်ကုန်၏၊ အာသဝေါကုန်ပြီး၍ ရဟန္တာဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းအပ်ပြီ၊

အကြင်နိဗ္ဗာန်၌ နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ ထိပါးမှုဟူသော အမှတ်(ပဋိဃသညာ)သည်လည်းကောင်း၊ ရုပ်၌ဖြစ်သောအမှတ်(ရူပသညာ)သည် လည်း

ကောင်း၊ အကြွင်းမဲ့ချုပ်၏၊ ဤနိဗ္ဗာန်၌ ဖွဲ့ယှက်တတ်သော တဏှာသည်ကင်းပြတ်၏"

ဟုဗုဒ္ဓက မိန့်ကြားသောအခါ ဇဋ္ဌာဘာရဒ္ဒါဇပုဏ္ဏားသည် ဗုဒ္ဓ၏ တရားကို အလွန်နှစ်သက်သဖြင့် ဗုဒ္ဓထံရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုသည်။

တရားကိုကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာတစ်ပါး ဖြစ်ရလေသည်။

# ဗုဒ္ဓဂေါတမနှင့် သုန္ဒိကဘာရဒွါဇပုဏ္ဏား (အမျိုးဇာတ်ဖြင့် ပြဟ္မဏ မဖြစ်နိုင်မှု)

သုန္ဒိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်ပြီး

"လောက၌ မည်သည့်ပြဟ္မဏမျိုးမဆို ပြင်းထန်သော အကျင့်ကိုကျင့်လျက် သီလရှိပါသော်လည်း စင်ကြယ်သည်မဟုတ်၊ ဗေဒင်သုံးပုံ(ဝိဇ္ဇ)၊အကျင့်(စရဏ)နှင့်ပြည့်စုံ၍ အမျိုးသန့်သောပြဟ္မဏသည် စင်ကြယ်၏၊ ဝိဇ္ဇာ-စရဏကိုမသိသော ဤမှတစ်ပါး အခြားသတ္တဝါသည် မစင်ကြယ်"

ဟုလျှောက်ထားလေသည်။

"ပုဏ္ဏား. . . စင်ကြယ်၏ဟူသော စကားကိုများစွာဆိုပါသော်လည်း ယောက်သွားပုပ်ကဲ့သို့ ကိလေသာအတွင်းပုပ်သော ညစ်ညူးခြင်းရှိသော ဟန်ဆောင်မှုကိုမှီသူသည် အမျိုးဇာတ်ကြောင့် ပြဟ္မဏမဖြစ်နိုင်"

မင်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ ကုန်သည်ဖြစ်စေ၊ သူဆင်းရဲဖြစ်စေ၊ ဒွန်းစဏ္ဍားပန်းမှိုက်သွန်ပင်ဖြစ်စေ၊ ထက်သန်သောဝီရိယရှိ၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကာ မြဲမြံသောအားထုတ်မှုရှိသူသည်သာ မြင့်မြတ်စင်ကြယ်ခြင်းသို့ ရောက်နိုင်၏ဟုသိလော"

ဟုဗုဒ္ဓက မိန့်ကြားသောအခါ သုန္ဒိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ လွန်စွာနှစ်သက်သဖြင့် ရဟန်းပြုခွင့်တောင်းကာ ရဟန်းပြုလေသည်။

တရားတို့ကို ကြိုးစားအားထုတ်ရာ မကြာခင်ရဟန္တာတစ်ပါးဖြစ်လေသည်။

(သံ၊ဂါထာဝဂ်သံယုတ်)

## ဗုဒ္ဓဂေါတမနှင့် အင်္ဂုတ္တိုရ်ဇာရဒ္ဓါပုဏ္ဏား
## (ခလုတ်တိုက် ချေဆတ်မိက နမော ဗုဒ္ဓဿ ဆိုမိသောဓနဉ္စာနိ ပုဏ္ဏေးမ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

အင်္ဂုတ္တိုရ်ဇာရဒ္ဓါဇပုဏ္ဏား၏ အစ်ကိုကြီးဖြစ်သော ဘာရဒ္ဓါဇပုဏ္ဏား၏မယားဖြစ်သော ဓနဉ္စာနိ အမည်ရှိသော ပုဏ္ဏေးမသည် ဗုဒ္ဓ၏တပည့်အစစ် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသော သောတာပန် အရိယာမတစ်ဦးဖြစ်သည်။

ထိုပုဏ္ဏေးမသည် ချေဆတ်သည်ရှိသော်လည်းကောင်း၊ တစ်စုံတစ်ခုပြုလုပ်မှုချွတ်ယွင်းသော်လည်းကောင်း၊ နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ ဟူသောဥဒါန်းကို ရွှင်လန်းစွာ သုံးကြိမ်ကျူးရင့်ရွတ်ဆိုလေ့ရှိသည်။

လင်မယားနှစ်ယောက်တို့သည် အယူဝါဒမတူကြချေ၊ လင်ဘာရဒ္ဓါဇသည် မိစ္ဆာဒိဋ္ဌိအယူရှိပြီး ဘုရား၊ တရား၊ သံဃာ ဟူ ၍ ပြောဆိုသည်ရှိသော် နားနှစ်ဖက်ကိုပိတ်ထား၏၊ ကြမ်းတမ်း ခက်ကြုတ်သော ရှားသစ်ငုတ်နှင့်တူ၏၊

ထိုဘာရဒ္ဓါဇပုဏ္ဏားသည် အလှူပေးသည်ရှိသော် ငါးရာသောပုဏ္ဏားတို့အား ရေမရောသော နို့ထမင်းကိုပေးလှူသည်။

ပုဏ္ဏေးမဓနဉ္စာနိသည်ကား ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား အရသာရှိသော ဘောဇဉ်တို့ကို ပေးလှူ၏၊

ပုဏ္ဏား၏ အလှူပေးသောနေ့၌ ပုဏ္ဏေးမသည်ခင်ပွန်းလင်၏အလိုသို့လိုက်သောအားဖြင့်လည်းကောင်း၊ မပေးလှူလို

ဝန်တိုတတ်သော တရားကိုပယ်ရှားသမှုအပပြုပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိုယ်တိုင်မိမိလက်ဖြင့် ထိုပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးသည်။

ပုဏ္ဏေးမက ဘုရားအမှူးရှိသော သံဃာတော်များကို လှူဒါန်းသောနေ့၌ကား နံနက်စောစောကပင်လျှင် နေအိမ်မှထွက် ၍ တိမ်းရှောင်နေလေ့ရှိသည်။

တစ်နေ့သောအချိန်တွင် ပုဏ္ဏားသည်မယားနှင့်မတိုင်ပင်ဘဲ ငါးရာသောပုဏ္ဏားတို့ကို ဖိတ်ကြားကျွေးမွေးရန်စီမံသည်။

"ရှင်မ. . . မနက်ဖြန်ခါ ငါတို့၏နေအိမ်၌ ပုဏ္ဏားငါးရာတို့ ဘောဇဉ်စားသုံးလတ့်"

"အရှင်ပုဏ္ဏား. . . ကျွန်မသည် အဘယ်မည်သော အမှုကို ပြုပေးရမည်နည်း"

"အရှင်မ. . . သင့်အားသီးခြားပြုဘွယ် ကိစ္စမရှိ၊ အလုံးစုံသောချက်ပြုတ်မှုတို့ကို သူဇာစ်ပါးတို့ပြုလုပ်ကြလိမ့်မည်၊ အရှင်မသည် ရုပ်-ထိုင်-နေသော်လည်းကောင်း၊ ချေဆတ်,ချောင်းဟန့်၍ သော်လည်းကောင်း၊ နမောဗုဒ္ဓဿ စသည်တို့ဖြင့် ထိုဦးပြည်းကတုံးရဟန်းအားရှိခိုးမှုကို နက်ဖြန်ခါ တစ်နေ့လောက်မျှကို အောင့်အည်းသီးခံပေးပါ၊ ငါ့ကို အရှင်ပုဏ္ဏားတို့နှင့် မေတ္တာပျက်အောင် မလုပ်ပါနှင့်"

ဟု မေတ္တာရပ်ခံပြောကြားသည်။

ပုဏ္ဏားတို့သည် ထိုထိုသောစကားကိုကြားကုန်သော် နှလုံးမသာမယာ ဖြစ်ကြလေ့ရှိသည်။

"အရှင်ပုဏ္ဏား. . . အသင်သည် အသင်ဆရာပုဏ္ဏားတို့နှင့် ကွဲမူလည်းကွဲပါစေ၊ နတ်တို့နှင့်ကွဲမူလည်းကွဲပါစေ၊ ကျွန်မသည်ကား ဆရာဖြစ်သော ဗုဒ္ဓကိုသတိရအောက်မေ့သည်ရှိသော် လက်အုပ်ချီမိုး ရှိမခိုးဘဲ တည်နေခြင်းငှါ မစွမ်းနိုင်ပါ"

"ရှင်မ. . . အမျိုးတို့ဥစ္စာဖြစ်သော ရွှာဦးရွှာတံခါးကြီးကို ပိတ်ထားခြင်းငှါ အားထုတ်နိုင်ကြပါသေး၏၊ အသင်သည် လက်နှစ်ချောင်းတို့ဖြင့် ပိတ်ခြင်းငှါ တတ်နိုင်ကောင်းလောက်သောခံတွင်းကို ပုဏ္ဏားတို့စားသုံးဆဲကာလ အနည်းငယ်မျှကို ပိတ်ထားခြင်းငှါ မစွမ်းနိုင်တော့ပြီလော"

ဟုတားမြစ်သည်၊ ပုဏ္ဏားက မည်သို့ပြောပြော ပုဏ္ဏေားမကို မရ-ရအောင် ကြံဆောင်တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ဦးခေါင်းရင်း၌ထားသော အလွန်ထက်သောသန်လျက်ကို ကိုင်ကာ-

"ရှင်မ. . . မနက်ဖြန်ခါ ပုဏ္ဏားတို့ ထိုင်နေကုန်သည်ရှိသော် ထိုဦးပြည်းကတုံးရဟန်းကို အကယ်၍ ရှိခိုးခဲ့သည်ရှိသော် ဤထက်သောသန်လျက်ဖြင့် ခြေဖဝါးအပြင်မှစ၍ အထက်ဆံဖျားဆုံးသည့်တိုင်အောင် သစ်ညွန့်သစ်ညှောက်ကဲ့သို့ ရိုက်ခတ်,ခုတ်ပစ် အသင့်ကိုပြုပါအံ့"

ဟုပြောဆိုကာ ခြိမ်းခြောက်လေသည်။

အရိယာဖြစ်သော ဗုဒ္ဓ၏ တပည့်မ,ကား မဟာပထဝီအမည်တွင်ပြီး ဤမြေကြီးကဲ့သို့ပင် တုန်လှုပ်စေနိုင်ခဲ၏၊ မေရုမြင့်မိုရ်တောင်ကဲ့သို့ အောက်ထက် ပြောင်းပြန်ဖောက်ပြန်စေနိုင်ခဲ၏၊

"အရှင်ပုဏ္ဏား. . . ကျွန်မ၏ အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို ဖြတ်တောက်ပစ်စေကာမူ ဗုဒ္ဓ၏သတ်မှတ်ဆုံးမတော်မူသော သာသနာမှပယ်ခွါ၍ ကျွန်တော်မ မရှောင်ကြဉ်နိုင်ပါ" ဟုပုဏ္ဏေးမက ငါးရာသောဂါထာရှိသော ဓနဉ္ဇာနိဂဇ္ဇိတ မည်သော ကြုံးဝါးပြောဆိုခြင်းဖြင့် ပြန်ကြားပြောဆိုလေသည်။

ပုဏ္ဏားသည် ပုဏ္ဏေးမကို ချော့၍မရ၊ ချောက်၍မရဖြစ်၍-

"ရှင်မ. . . သင်သည် အကြင်အမှုကို ပြုလုပ်ရန်နှစ်သက်၏၊ ထိုအမှုကို သင်နှစ်သက်သလို ပြုပေတော့"

ဟုနှလုံးမသက်မသာ ပြင်းထန်စွာပြောဆိုလျက် သန်လျက်ကိုပစ်ချလေသည်။

နံနက်မိုးသောက်သောနေ့၌ နေအိမ်ကို စိမ်းစိုသောနွားချေးစသည်တို့ဖြင့် လိမ်းကျံခြင်းကိုပြုစေ၍ ပေါက်ပေါက်ဖြင့်ပြည့်သော ကြာသွတ်အိုး-ပန်း-နံ့သာ စသည်တို့ဖြင့် ထိုထိုသောနေရာဌာနတို့၌ တန်ဆာဆင်၍ ငါးရာသောပုဏ္ဏားတို့အား ဆီဦး,ထောပတ်, သကာ,ပျားရည်တို့နှင့် စပ်သောရေမရောသော နို့ထမင်းအဖျော်ကို စီရင်စေ၍ ကျွေးမွေးသည်။

ပုဏ္ဏေးမသည် နံနက်စောစောမှသာလျှင် နံ့သာရေဖြင့် မိမိကိုယ်ကို သန့်ရှင်းအောင်ရေချိုး၍ အဖိုးတစ်သိန်းထိုက်သော အဝတ်ကိုဝတ်ကာ အဖိုးငါးရာထိုက်သော အဝတ်တစ်ဘက်ကို ပုခုံးထက်၌တင်ပြီးလျှင် အလုံးစုံသောတန်ဆာတို့ကို ဆင်မြန်းလျက် ရွှေယောက်ချိုကို ကိုင်ပြီးလျှင်ဘောဇဉ်ကျွေးမွေးရာတင်းကုပ်၌ ပုဏ္ဏားတို့ကို ပြုစုလုပ်ကျွေးလေသည်။

ပုဏ္ဏားတစ်ဦးအား ထမင်းကိုချဉ်းကပ်ထည့်ပေးစဉ် သစ်သားစွန်းတစ်ခုနှင့် အမှတ်မထင်ထိခိုက်မိပြီး အလွန်နာကျင်မှုကိုခံစားရလေသည်၊

ထိုအခိုက်ဗုဒ္ဓကို သတိရအောက်မေ့ပြီး နို့စိမ်းခွက်ကိုအလျင်အမြန်လက်နှင့်ဖမ်းချုပ်ကိုင်ထားပြီး ငါးရာသောပုဏ္ဏား၏အလယ်၌ ဦးခေါင်းထက်၌ လက်အုပ်ချီထားပြီး ဗုဒ္ဓရှိရာ ဝေဠုဝန်ကျောင်းကို အာရုံပြုပြီး-

"နမောတဿ-ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ"
ဟုသုံးကြိမ်တိုင်တိုင်ရွတ်ဆိုကျူးရင့်မိလေသည်။

ဤကာလတွင် အချို့သောပုဏ္ဏားတို့သည် စားပြီးကုန်ပြီး အချို့ကားစားရန်ပြင်ဆင်ဆဲဖြစ်သည်၊ အချို့ကား ဘောဇဉ်ရှေ့မှ ချထားကာမျှဖြစ်သည်။

ထိုပုဏ္ဏားတို့သည် ပုဏ္ဏေးမ၏ ထိုဗုဒ္ဓပူဇော်သောဥဒါန်းကိုကြားသောအခါ မြင့်မိုရ်တောင်ပမာဏရှိသော ဆောက်ပုတ်ဖြင့် ရိုက်နှက်ပုတ်ခတ်မိသကဲ့သို့လည်းကောင်း၊ နားနှစ်ဘက်တို့၌ အသွားထက်သော တံကျင်ဖြင့်အထိုးခံရသကဲ့သို့လည်းကောင်းနှလုံးမသာမယာ ဆင်းရဲစွာ ခံစားကြရကုန်လေသည်။

"တစ်ပါးသောအယူရှိသော ဤပုဏ္ဏားသည် ငါတို့ကိုအိမ်သို့ ခေါ်သွင်းအပ်ကုန်၏"
ဟုအမျက်ထွက်ကုန်ကြပြီး လက်၌ကိုင်ထားသော ဘောဇဉ်တို့ကိုစွန့်ပစ်ကြသည်၊ ခံတွင်း၌ရှိသော ဘောဇဉ်ကိုထွေးထုတ်ပစ်ကြလေသည်၊

ဘာရဒွါဇပုဏ္ဏားသည် မယားကိုစိမ်းစိမ်းကြည့်ပြီးလျှင်-

"ဤသို့ဖြစ်မည့်ဘေးကို ငါသိမြင်ထင်သောကြောင့် ငါသည် မနေ့ကရှင်မကို တောင်းပန်ထားပါလျက် မရပါပေ"

ဟုအထွေထွေအကြောင်း စုပေါင်းပြစ်တင်ပြောဆိုပြီးလျှင်-

"ဤသူယုတ်မသည် ဟုတ်ဟုတ်ငြားငြား ဤသို့အားဖြင့်သာလျှင် ဦးပြည်းကတုံးရဟန်း၏ ဂုဏ်ကျေးဇူးကို အထူးမပြတ်အထပ်ထပ်ရွတ်ဆိုဘိ၏"

ဟုပြောဆိုသည်။

"ဟယ်-သူယုတ်မ. . . ယခု ငါသည် သင်၏ဆရာဖြစ်သော ဦးပြည်းကတုံးရဟန်းအား အပြစ်ဆိုဘွယ်တို့ကို တင်တော့အံ့"

ဟုဆိုလေသည်။

"အရှင်ပုဏ္ဏား. . . ဗုဒ္ဓအား စကားသင့်လျှင် အပြစ်တင်နိုင်ရာသော ပုဂ္ဂိုလ်မျိုးကို ကျွန်မ မတွေ့မမြင်ဘူးပါချေ၊ စင်စစ်သော်ကား အသင်သွား၍ ထိုဗုဒ္ဓကို အမေးများမေးပါလေ"

ဟုပြန်ပြောသောအခါ ဘာရဒွါဇသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဗုဒ္ဓထံသို့ထွက်လာခဲ့သည်၊ ဗုဒ္ဓထံရောက်သော် ရှိမခိုးဘဲသာလျှင် သင့်လျော်သောအရပ်၌ တည်လျက်-

"အရှင်ဂေါတမ. . . အဘယ်မည်သောအရာကို မကြွင်းမကျန် ဖြတ်တောက်ခြင်းကြောင့် မပင်မပန်းချမ်းချမ်းသာသာအိပ်စက်ရခြင်းစသော ကြိယာပထဖြင့် နေရပါသနည်း၊

အဘယ်မည်သောအရာရာကို မကျန်မကြွင်းဖြတ်တောက်ခြင်းကြောင့် မကြောင့်မကြ မစိုးရိမ်ရပါသနည်း၊

အဘယ်သို့သောသဘောရှိသည့် တရားတစ်ခု၏သေအောင်သတ်ခြင်းကို နှစ်သက်ပါလေသနည်း”
ဟုမေးသည်။

“ဘာရဒွါဇ ခိုက်ရန်အမျက်အကြွင်းမကျန်အောင် ဖြတ်တောက်ခြင်းကြောင့် မပင်မပန်း ချမ်းချမ်းသာသာ အိပ်ခြင်းစသော လေးပါးသော ဣရိယာပထဖြင့်နေရပေ၏၊ မကြောင့် မကြမစိုးရိမ်ရပေ”

လတ်တလောသေစေတတ်သော အရိပ်ကြောင့် အဆိပ်တည်းဟူသော အမြင်ရှိပေသော ကောင်းစွာမှတ်မှား အဖျားအဆုံးရှိသော မျက်ကြုတ်ကိုးတန်အကြောင်းခံလျက် အဖန်ဖန်ပေါ်ထွက်ခိုက်ရန် အမျက်အမြစ်မကြွင်းလေအောင် သတ်ခြင်းကိုဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းကြပါကုန်၏၊ အဘယ်ကြောင့် ချီးမွမ်းပါသနည်းဆိုသော် ခိုက်ရန်အမျက်ကို မကြွင်းမကျန်အောင် ပြတ်တောက်ခြင်းကြောင့် မစိုးရိမ်,မကြောင့်ကြ, မပူပန်ရပေ၊ ထို့ကြောင့် ချီးမွမ်းထိုက်ပေ၏။

ဘာရဒွါဇပုဏ္ဏားသည် ထိုတရားကိုကြားနာရသော် ဗုဒ္ဓ၌အလွန်ကြည်ညိုသောစိတ် ဖြစ်ပေါ်လာပြီး ဗုဒ္ဓ၏သာသနာတော်၌ရဟန်းပြုခွင့်တောင်းသည်၊

ဗုဒ္ဓက ရဟန်းပြုခွင့်ပေးသောအခါ သားမယားတို့ကို ပန်ကြားပြီး ရဟန်းပြုကာ တရားကိုအားထုတ်လျှင် မကြာခင်အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

# ဗုဒ္ဓဂေါတမနှင့် အက္ကောသကဘာရဒွါဇပုဏ္ဏား (ဗုဒ္ဓအားဆဲရေးမှု)

နောင်အခါ ဘာရဒွါဇပုဏ္ဏား၏ ညီငယ်ဖြစ်သော အက္ကောသကဘာရဒွါဇပုဏ္ဏားသည် ငါ၏အစ်ကိုကြီးသည်ရဟန်းပြုသတတ် ဟုသတင်းကြားသော် ပြင်းစွာအမျက်ထွက်လျက် ဗုဒ္ဓထံလျင်စွာလာပြီး ဗုဒ္ဓကို ကြမ်းကြုတ်ကုန်သောစကားတို့ဖြင့် ရမ်းကားဆဲရေးလေသည်။

ဗုဒ္ဓက ထိုအက္ကောသက ဘာရဒွါဇပုဏ္ဏားအား ဧည့်သည်အာဂန္တုတို့အား ခဲဘွယ်စသည်ကို ပေး၍-မယူသော် ထိုပစ္စည်းအဘယ်ရောက်သနည်း၊ ပေးသူထံသာပြန်ရောက်သည်၊ ယခုလည်း သင်ဆဲရေးသည်ကို ငါလက်မခံ၊ ထိုဆဲရေးမှုသည် သင်ထံသို့သာ ပြန်ရောက်ပေသည်၊
ဟုဟောကြားသောအခါ အက္ကောသကဘာရဒွါဇပုဏ္ဏားသည်သတိရကာ ဗုဒ္ဓ၌အလွန်ကြည်ညိုပြီးလျှင် ရဟန်းပြုပြီး တရားအားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အလားတူ ညီငယ်များဖြစ်ကြသော သုန္ဒရိကဘာရဒွါဇပုဏ္ဏား၊ ဗိလင်္ဂိကဘာရဒွါဇပုဏ္ဏား တို့သည်လည်း ဗုဒ္ဓကိုမကျေမနပ်ဆဲရေးရာမှ ဗုဒ္ဓကဆုံးမသောအခါ အမှန်တရားရပြီး ရဟန်းပြုကြကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။

ထိုညီအစ်ကိုလေးယောက်တို့၏ဆောက်တည်ရာ ရှုသွားမှုအကြောင်းနှင့်ပတ်သက်၍ ရဟန်းတို့၏အကြားဝယ် ပြောစမှတ်စကားဖြစ်လာသည်၊ ထိုသည်ကို ဗုဒ္ဓက-

"ချစ်သားရဟန်းတို့. . . ငါဘုရားသည် သည်းခံခြင်း ခွန်အားနှင့်ပြည့်စုံသည့် အဖြစ်ကြောင့် ပြစ်မှားကုန်သောသူတို့၌ ပြန်လှန်သောအားဖြင့် မပြစ်မှားဘဲ လူများအပေါင်း၏ ညွှတ်ပျောင်းရိုကျိုးအားကို ဆောက်တည်ရာဖြစ်တော့သည်သာတည်း"

"အဆိပ်ပါသော ဆဲရေးခြင်းကိုလည်းကောင်း၊ လက်ဖြင့် ပုတ်ခတ်ခြင်းနှောင်အိမ်စသည်တို့ဖြင့်နှောင်ဖွဲ့ခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းမပြုဘဲ သည်းခံခြင်းခွန်အားရှိ၍ အဖန်ဖန် သည်းခံနိုင်ခြင်းတည်း ဟူသောစစ်သည်ဗိုလ်ပါရှိသော ပုဂ္ဂိုလ်ကို မကောင်းမှုမှုအပပြုပြီးသူ ဟူ၍ ငါဘုရားဟောကြား၏"

ဓမ္မပဒ-ဗြာဟ္မဏဝဂ်-အက္ကောသက ဘာရဒွါဇဝတ္ထု

# ဗုဒ္ဓဂေါတမနှင့် ကသိဘာရဒွါဇပုဏ္ဏား (ဗုဒ္ဓသည်လည်း လယ်ထွန်ပါ၏)

ဗုဒ္ဓသည် မာဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံးနေတော်မူသည်။

ထိုအချိန်ဝယ် ကသိဘာရဒွါဇပုဏ္ဏားသည် စိုက်ပျိုးချိန်ရာသီရောက်၍ ထွန်တုံးငါးရာတို့ဖြင့် လယ်စတင်ထွန်ရန်စီမံပြီး လယ်တဲသို့လာကာ လယ်မထွန်ခင် လယ်ထွန်မည့်သူတို့ကို ထမင်းကျွေးသည်။

ထိုအချိန်တွင် ဗုဒ္ဓသည်ကြွလာပြီး ထမင်းကျွေးရာအရပ်၌ ရပ်တော်မူသည်။ ကသိဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓကိုမြင်၍ ဆွမ်းအလို့ငှါလာသည်ထင်ပြီး-

"ရဟန်းငါသည် ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏၊ စိုက်ပျိုးပြီးသော်စား၏၊ ရဟန်းသည်သင်လည်း ထွန်လည်းထွန်လော့၊ စိုက်လည်းစိုက်ပျိုးပါ၊ ထွန်စိုက်ပြီးမှစားပါလော" ဟုလျှောက်ထားလေသည်။

"ပုဏ္ဏား. . . ငါဘုရားသည်ထွန်လည်းထွန်၏၊ စိုက်လည်း စိုက်ပျိုး၏၊ ထွန်စိုက်ပျိုးပြီးစားပါ၏"

"ငါတို့သည် အရှင်ဂေါတမ၏ ထမ်းပိုး၊ ထွန်တုံး၊ ထွန်သွား၊ နှင်တံ၊ ခိုင်းနွားတို့ကို မမြင်ရပါ၊ ထိုအရာများမရှိ၊ မမြင်ပါဘဲလျက် ငါသည်ထွန်၏၊ စိုက်၏၊ ထွန်စိုက်ပြီးစား၏ ဟု ဆိုသေး၏၊

သင်သည် လယ်ထွန်ယောက်ျား(လယ်သမား)ဟုဝန်ခံဘိ၏၊ သင်၏လယ်ထွန်မှုက ငါသိနိုင်သောနည်းဖြင့် ပြောပြပါ”

“ပုဏ္ဏား. . . ငါ၏သဒ္ဓါတရားသည် မျိုးစေ့မည်၏၊ ငါ၏ ကုန္ဒြေစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏၊ ငါ၏ပညာသည် ထမ်းပိုးနှင့်ထွန်တုံးမည်၏၊ ငါ၏မကောင်းမှုမှ ရှက်ကြောက်မှု သည် ထွန်သန်မည်၏၊ ငါ၏စိတ်သည် ကြိုးလွန်မည်၏၊ ငါ၏ အောက်မေ့မှု(သတိ)သည် ထွန်သွားနှင့်နှင်တံမည်ပါ၏”

ပုဏ္ဏား. . . သင်သည် လယ်ကိုစောင့်ရှောက်သကဲ့သို့ ငါသည်လည်းကိုယ်ကိုစောင့်ရှောက်၏၊ နှုတ်ကိုလည်းစောင့်ရှောက်၏၊ အာဟာရ၌ အသက်မွေးမှု စင်ကြယ်စေရန် စောင့်ရှောက်၏၊ ဝမ်း၌အတိုင်းအရှည်ကို သိရန်စောင့်ရှောက်၏၊ မှန်စောစကားဖြင့် ချွတ်ယွင်းချက်စကား ဟူသောပေါင်းမြက်ကို ဖြတ်တောက်ပယ်နှုတ်၏၊ နိဗ္ဗာန်၌မွေ့လျော်မှုဟူသော ငါ၏ အရဟတ္တဖိုလ်သည် ပြုလုပ်ဖွယ်ရာ အားလုံးမှလွတ်မြောက်တော့၏။

ပုဏ္ဏား. . . ငါ၏ဝီရိယသည် ဝန်ကိုဆောင်သောနွား မည်၏၊ အကြင်နိဗ္ဗာန်သို့ရောက်သည်ရှိသော် မစိုးရိမ်ရ၊ ယောဂ လေးပါး ကုန်ရာမြတ်သော နိဗ္ဗာန်သို့ရှေ့ရှုဆောင်လျက် မဆုတ်မနစ်သွား၏၊

ပုဏ္ဏား. . . ဤသို့သောအခြင်းအရာအားဖြင့် ဤလယ်ထွန်ခြင်းကို ငါသည်ထွန်အပ်ထွန်ပြီ၊ ငါ၏လယ်ထွန်ခြင်းသည် နိဗ္ဗာန်တည်းဟူသော အသီးအနှံရှိ၏၊ ထိုလယ်ထွန်ခြင်းကို ထွန်ပြီးသောကြောင့် ဆင်းရဲအားလုံးမှလွတ်၏”

ထိုအခါ ပုဏ္ဏားသည် အဖိုးမျိုးစွာထိုက်သောရွှေခွက်၌ နို့ယနာကို ထည့်စေ၍ဗုဒ္ဓအား-

"အရှင်ဂေါတမသည် နို့ယနာကို စားတော်မူပါလော့၊ အရှင်သည် လယ်ထွန်ယောက်ျားမှန်ပါ၏၊ အရှင်သည် နိဗ္ဗာန်တည်းဟူသော အသီးအနှံရှိသော လယ်ထွန်ခြင်းကို ထွန်တော်မူပါ၏"

ဟုလျှောက်ထားပြီး ယနာနို့ကိုဆက်ကပ်လှူသည်။

"ပုဏ္ဏား. . . ငါအား ဤဂါထာကို သီဆို၍ရအပ်သောဘောဇဉ်တို့ကို စားခြင်းငှါမထိုက်၊ ဤဘောဇဉ်ကို စားခြင်းသဘောသည် စင်ကြယ်ခြင်းကို ရှုမြင်ကုန်သောဘုရားရှင်တို့၏သဘောမဟုတ်၊ ဘုရားတို့မည်သည် ဂါထာသီဆို၍ ရအပ်သောဘောဇဉ်ကိုပယ်တော်မူ၏၊

ပုဏ္ဏား. . . အသက်မွေးမှု စင်ကြယ်မှုသဘောရှိလတ်သော် ဤတရားဖြင့် ရှာမှီးခြင်းသည် ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း၊

ပုဏ္ဏား. . . နို့ယနာမှ တစ်ပါးသောဆွမ်း,အဖျော်ဖြင့်လည်းကောင်း၊ အလုံးစုံသောဂုဏ်နှင့်မြတ်သောသီလရှိသောကျေးဇူးအပေါင်းကိုရှာဖွေလေ့ရှိသော ကုက္ကုစ္စ(သံသယ)ငြိမ်းလေပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်ကိုလုပ်ကျွေးသော ထိုကောင်းမှုသည်ကောင်းမှုကို အလိုရှိသော သူ၏လယ်ယာဖြစ်ပါ၏၊

"အရှင်ဂေါတမ. . . ဤသို့ဖြစ်လျှင် ကျွန်ုပ်သည် ဤနို့ယနာကို အဘယ်သူအား လှူရပါအံ့နည်း"

"ပုဏ္ဏား. . . ဗုဒ္ဓနှင့်ဗုဒ္ဓ၏ သာဝကများကိုထား၍ စားအပ်ပြီးသော နို့ဃနာကို ကောင်းစွာကြေညက်ခြင်းကို ရောက်စေနိုင်မည့်သူကို ငါဘုရားမမြင်ပါ။ ထို့ကြောင့် သင်သည် နို့ဃနာကို စိမ်းသော မြက်မရှိရာ၌လည်းကောင်း၊ ပိုးမရှိသောရေ၌ လည်းကောင်း စွန့်ပစ်ပါလော"

ထိုအခါ ပုဏ္ဏားသည် နို့ဃနာကို ရေ၌မျှောချရာ နို့ဃနာသည်ရေ၌ တရှဲရှဲမြည်သံထွက်လေသည်၊ ထက်ဝန်းကျင်မှ အခိုးများထွက်သည်။

ကသိဘာရဒွါဇပုဏ္ဏားသည် ထိုအရာကိုမြင်ပြီး ထိတ်လန့်ကာ ကြက်သီးမွေးညှင်းထပြီး ဗုဒ္ဓထံသို့ချဉ်းကပ်ကာ ခြေတော်ကို ဦးတိုက်ပြီး-

"အရှင်ဂေါတမ. . . တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ ကျွန်ုပ်ကိုရတနာသုံးပါးကို ကိုးကွယ်သောဥပါသကာဟူ၍မှတ်တော်မူပါ။ ပြီးလျှင် ကျွန်ုပ်သည် အရှင်ဂေါတမထံ၌ ရဟန်းအဖြစ်ကို ရလိုပါ၏"

ဟူ၍လျှောက်ထားလေသည်။

ကာသိဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓထံ၌ရှင်ရဟန်းအဖြစ်ကိုရပြီးလျှင် ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်ပြီး တရားအားထုတ်ရာ မကြာခင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်လေသည်။

(သုတ္တနိပါတ်-ဥဂရဝဂ်-ကာသိဘာရဒွါဇသုတ်)

(သဂါထဝဂ်-ဗြဟ္မဏသံယုတ်-ဥပါသကာဝဂ်-ကသိဘာရဒွါဇသုတ်)

# ဗုဒ္ဓဂေါတမနှင့် ပဉ္စဂ္ဂဒါယကာပုဏ္ဏား
# (ရုပ်-နာမ်ခွဲခြားသိသူကို ဘိက္ခု-ဟုခေါ်ပုံ ထမင်းစားကြွင်းကျန် လှူဒါန်းကောင်းပုံ)

ဗုဒ္ဓသည်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

သာဝတ္ထိမြို့နေ ပုဏ္ဏားတစ်ဦးသည်-

-လယ်မြေကိုသုတ်သင်သောအခါ၌ လယ်ဦးအလှူကို ပေးလှူ၏၊

-ကောက်နယ်သောအခါ၌ ကောက်နယ်ဦးအလှူကို ပေးလှူ၏၊

-ကောက်နယ်ပြီးဘဏ္ဍာဖြစ်သောအခါ ဘဏ္ဍာဦးအလှူ ကို ပေးလှူ၏၊

-အိုးခွက်ထဲသို့ သိမ်းသောအခါ အိုးခွက်ဦးအလှူကို ပေးလှူ၏၊

-ထမင်းခွက်၌ခူးထည့်သောအခါ ထမင်းခွက်ဦးအလှူ ကိုပေးလှူ၏၊

ဤငါးပါးသော အဦးအလှူတို့ကို ပေးလှူလေ့ရှိသည်၊ ရောက်လာသောသူတို့အား မပေးလှူဖူး၍ စားဖူးသည်မည်သည် မရှိ၊

ထို့ကြောင့် ထိုပုဏ္ဏားအား ပဉ္စဂ္ဂဒါယကာ ဟူ၍အမည် ထင်ရှားလေသည်။

တစ်နေ့တွင် ဗုဒ္ဓသည် ထိုပစ္စေကဗုဒ္ဓါယကာ ပုဏ္ဏားနှင့်ဇနီး တို့ အနာဂါမိဖိုလ်တည်မည့်အကြောင်း ဥပနိဿယ ပြည့်စုံသည် ကို မြင်တော်မူသောကြောင့် ပုဏ္ဏားထမင်းစားသောအချိန်အခါ ၌ ကြွသွားတော်မူ၍ တံခါး၌ရပ်တည်တော်မူ၏၊

ပုဏ္ဏားသည် တံခါးမှဒ်ဦး အိမ်၏အတွင်းဘက်သို့ မျက်နှာ မူထိုင်လျက် ထမင်းစားသောက်နေသဖြင့် ဗုဒ္ဓရပ်တည်လာသည် ကို မမြင်ချေ၊

ပုဏ္ဏေးမသည်ကား ပုဏ္ဏားကိုပြုစုလုပ်ကျွေးရင်း ဗုဒ္ဓကို မြင်၍-

"ဤပုဏ္ဏားသည် ငါးပါးသောအရာတို့၌ အဦးကိုပေးလှူ ၍စား၏၊ ယခုအခါ၌ ရဟန်းဂေါတမသည် ကြွလာတော်မူ၍ အိမ်တံခါး၌ ရပ်တည်နေ၏၊ အကယ်၍ ပုဏ္ဏားသည် ရဟန်း ဂေါတမကိုမြင်သွားပါက မိမိစားရန်ထမင်းကို ယူဆောင်၍ ပေးလှူလတံ့၊ ဤသို့ပေးလှူသည်ရှိသော် ငါသည် တဖန်ထမင်း ပြန်ချက်ခြင်းကို မစွမ်းနိုင်တော့အံ့"

ဟူသော အကြံအစည်ဖြစ်ပေါ်လာခဲ့သည်။

"ဤသို့သော အခြင်းအရာဖြင့် ပြုလုပ်သော် ဤပုဏ္ဏား သည် ရဟန်းဂေါတမကို မမြင်လတံ့"

ဟုဗုဒ္ဓအား ကျောကုန်းကို မေး၍ပုဏ္ဏား၏နောက်မှ ပုဏ္ဏားကိုဖုံး ကွယ်လျက် ကိုယ်ကိုညွတ်၍ လပြည့်ဝန်းကို လက်ဖြင့်ဖုံးကွယ် သကဲ့သို့ တည်နေသည်။

ထိုသို့တည်နေရင်း ရဟန်းဂေါတမ ကြွသွားပြီးလော-ဟု ဗုဒ္ဓကို မျက်စိဖြင့် စောင်းငဲ့ကြည့်မိသည်၊ ဗုဒ္ဓသည် မကြွ-ရပ်တည်နေသည်ကို တွေ့ရသောအခါ ပုဏ္ဏားကြီးကြားမည်ကို လည်းကြောက်သောကြောင့် ရှေ့သို့လွန်မြောက် ကြွရောက် အလိုရှိပါကုန်လော့(ကန်တော့ဆွမ်းပါ) ဟု ပွင့်ပွင့်လင်းလင်း မပြောဆိုဝံ့သဖြင့် တိုးတိုးဖြည်းဖြည်းသာလျှင် ရှေ့သို့လွန်မြောက် ကြွရောက်အလိုရှိပါ---ဟူ၍ ပြောဆို၏၊

ဗုဒ္ဓက-ငါမသွားအံ့-ဟူသောအလိုတော်ဖြင့် ဦးခေါင်းကို လှုပ်ခါတော်မူ၏၊

ဗုဒ္ဓက ဦးခေါင်းကို လှုပ်ခါပြသည်ရှိသော် ပုဏ္ဏေးမသည် ပကတိတည်တံ့ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ပြင်းစွာသောရယ်ရွှင်ခြင်းကို ရယ်ရွှင်မိလေသည်။

ထိုအခိုက် ဗုဒ္ဓက နေအိမ်သို့ရှေ့ရှုအရောင်ကို လွှတ်တော်မူ၏၊ ပုဏ္ဏားသည်လည်း ကျောကုန်းကိုပေး၍ ထိုင်နေလျက်ပင် ပုဏ္ဏေးမရယ်ရွှင်သောအသံကြား၍လည်းကောင်း၊ ခြောက်သွယ်သော ဗုဒ္ဓ၏ရောင်ခြည်တော်တို့၏ အရောင်အလင်းကို ကြည့်ရှု၍လည်းကောင်း ဗုဒ္ဓကိုမြင်မိလေသည်။

ဘုရားရှင်တို့မည်သည် ရွာ၊ မြို့၊ တောတို့၌ မင်္ဂ၊ ဖိုလ် ရောက်ကြောင်းကောင်းမှုနှင့် ပြည့်စုံကုန်သောသူတို့အား မိမိ တည်းဟူသော ကိုယ်တော်ကိုတွေ့မြင်ရလေအောင်မပြုမူ မဖဲ့ကြွလေကုန်။

"အို-ရှင်မ. . . သင်သည်ပျက်စီးလေပြီ၊ အိမ်တံခါးဝ၌ ရပ်တော်မူနေသော သာကီဝင်မင်းသား ရဟန်းဂေါတမကို မြင်ပါ

လျက် ငါ့ကိုမပြောကြားဘဲ အသင်သည်ဝန်လေးသောအမှုကို ပြုအပ်ပေ၏”
ဟုပြောဆိုကာ ထက်ဝက်စားပြီး ထမင်းခွက်ကိုယူပြီးလျှင် ဗုဒ္ဓထံ သို့ထသွားကာ-

“အရှင်ဂေါတမ. . . ကျွန်ုပ်သည် ငါးပါးသောအရာတို့၌ အဦးကို ပေးလှူ၍သာလျှင် စားသုံးပါ၏၊ ဤထမင်းမှလည်း အလယ်၌ခွဲဝေ၍ တစ်ခုသောထမင်းအဖို့စုကိုသာလျှင် ကျွန်ုပ်စား အပ်ပြီ၊ တစ်ခုသောအဖို့သည် ကြွင်းကျန်ပါသေး၏၊ ကျွန်ုပ် ဤ ထမင်းကို အသင်ခံယူလတံ့လော့”
ဟူ၍မေးသည်။

“ပုဏ္ဏား. . . အဦးဖြစ်သော ထမင်းသည်လည်း ငါဘုရား အားလျှောက်ပတ်၏၊ အလယ်၌ခွဲဝေ၍ ထက်ဝက်စားပြီးသော ထမင်းသည်လည်းကောင်း၊ စားခြင်းကိစ္စလုံးဝပြီးဆုံး၍ ကျန်သော ထမင်းခဲသည်လည်းကောင်း၊ ငါဘုရားအား သင့်တင့်လျှောက် ပတ်ပေ၏၊

ပုဏ္ဏား. . . ငါတို့ဘုရားမည်သည် သူတစ်ပါးတို့ပေးကမ်း သည်ကိုမှီ၍ ဖြစ်တည်အသက်ရှည်ကုန်သော ပြိတ္တာနှင့်တူကုန် ၏”
ဟုမိန့်ဆိုပြီးလျှင်-

“အို ပုဏ္ဏား. . . သူတစ်ပါးပေးစာကမ်းစာဖြင့် အသက် မွေးရသောရဟန်းမည်သည် အဦးအဖျားဆွမ်း(သို့မဟုတ်)စားနေ စဉ် ထက်ဝက်ခွဲသော အလယ်ဆွမ်း(သို့မဟုတ်)စားကြွင်းဆွမ်း၊

ရရာဆွမ်းကို ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းမပြုထိုက်၊ ထိုပုဂ္ဂိုလ်ကို ပညာရှိတို့သည် မုနိ မည်၏ဟု ဆိုကုန်၏”

ဟုဆက်လက်မိန့်ကြားတော်မူရာ ပုဏ္ဏားသည် ထိုစကားကိုကြားရလျှင် ဗုဒ္ဓအား ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍-

“အော်-အံ့ဘွယ်ရှိပေစွ၊ တစ်ကျွန်းလုံး၏အရှင်ဖြစ်ထိုက်သော သာကီဝင်မင်းသားသည် အသင်၏စားကြွင်းထမင်းဖြင့်ငါ့အားအလိုမရှိဟု မပြောဆိုမူ၍ ဤသို့သောစကားကိုသာ ပြောကြားပေ၏”

ဟုချီးမွမ်း ထောပနာပြု၍ တံခါး၌ရပ်သာလျှင် ဗုဒ္ဓကို--

“အရှင်ဂေါတမ. . . အသင်တို့သည် မိမိ၏တပည့်တို့ကို ဘိက္ခု ဟူ၍ပြောဆိုကုန်၏၊ အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့် ဘိက္ခုမည်ပါသနည်း”

မေးလျှောက်လေသည်။

ဗုဒ္ဓသည် ဤပုဏ္ဏားအား အဘယ်သို့သဘောရှိသော တရားဒေသနာသည် သင့်လျော်လျောက်ပတ်ပါသနည်း”

ဟုစူးစမ်းဆင်ခြင်မိသည်။

“ဤပုဏ္ဏား လင်မယားတို့သည် ကဿပဘုရားရှင်လက်ထက်၌ ရုပ်-နာမ် တရားခွဲဝေဟောကြားသောပုဂ္ဂိုလ်၏ တရားစကားကို ကြားနာဖူးခဲ့ကြသည်၊ ရုပ်-နာမ်ကို မစွန့်လွှတ်မူ၍သာလျှင် ဤပုဏ္ဏားလင်မယားအား တရားကိုဟောကြားခြင်းငှါသင့်၏”

ဟုဆင်ခြင်တော်မူ၍-

"အသင်ပုဏ္ဏား. . . ရုပ်၌လည်းကောင်း၊ နာမ်၌လည်းကောင်း မတပ်မနှစ်သက် မကပ်ငြိသောသူသည် ဘိက္ခုမည်ပါသည်"

ဟုမိန့်ကြားပြီး-

"အလုံးစုံသော ရုပ်-နာမ်၌ ငါ-ငါ့ဥစ္စာ ဟူ၍စွဲလမ်းဖြစ်နိုင်ခြင်းမရှိ၊ မရှိသောကြောင့် မစိုးရိမ်၊ ထိုသူကို ဘိက္ခု ဟူ၍ဆိုအပ်၏"

ဟူ၍ ဂါထာကို ဆက်လက်ဟောတော်မူရာ ဂါထာ၏အဆုံး၌ ပုဏ္ဏားလင်မယားတို့သည် အနာဂါမ်ဖိုလ်၌ တည်ကြလေသည်။

(ဓမ္မပဒ-ဘိက္ခုဝဂ်-ပဉ္စဂ္ဂဒါယကာ ဗြဟ္မဏဝတ္ထု)

# ဗုဒ္ဓဂေါတမ၏ခမည်းတော်ပုဏ္ဏားလင်မယား (မြင်လျှင်မြင်ချင်း ချစ်ခင်ခြင်းဖြစ်ရသည့်အကြောင်းမှာ)

ဗုဒ္ဓသည် သာကေတမြို့ အဥ္စနတော၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်၊

ဗုဒ္ဓသည် ရဟန်းသံဃာအပေါင်းခြံရံလျက် သာကေတမြို့တွင်းသို့ ဆွမ်းခံကြွတော်မူသောအခါ သာကေတမြို့နေအသက်အရွယ်ကြီးသော ပုဏ္ဏားအိုတစ်ယောက်သည် အကြောင်းကိစ္စတစ်ခုဖြင့် မြို့မှထွက်သည်ရှိသော် လမ်းခရီးကြ အိမ်တံခါး၌ ဗုဒ္ဓကိုမြင်တော်မူ၍ ခြေတော်တို့၌ ဦးခိုက်ဝပ်ချတုပ်ကွ ညွတ်ကျိုး ခြေဖမိုး ခြေမပျက်တို့၌ မြဲမြံစွာဖက်ပြီးလျှင် --

"အမောင်. . . သားတို့မည်သည်ကား အိုမင်းလေပြီးသော မိခင်-ဖခင်တို့ကို သုတ်သင်ယုယရမည် မဟုတ်တုံလော၊ အဘယ်သို့သောအကြောင်းကြောင်းကြောင့်အချိန်ရှည်စွာ ကာလပတ်လုံး မိခင်-ဖခင်ဖြစ်ကုန်သော ငါတို့အား ထင်ရှားစေလို မိမိကိုမျှမပြဘဲနေပါလော၊ ငါသည်မူကား အစဦး မြင်ရပေပြီ၊ အသင်၏မိခင်ကိုလည်း၊ တွေ့မြင်းငှါ ယခုလာပါလော့"

ဟု အထူးထူးအပြားပြားလျှောက်ထားပြီးလျှင် ဗုဒ္ဓကို မိမိအိမ်သို့ ပင့်ဆောင်သွားလေသည်။

ဗုဒ္ဓသည် ထိုပုဏ္ဏားအိမ်သို့ကြွရောက်၍ ခင်းထားသောနေရာ၌ ရဟန်းသံဃာအပေါင်းနှင့် အတူနေတော်မူသည်။

ပုဏ္ဏားမကြီးသည်လည်း ဗုဒ္ဓထံမှောက်သို့ရောက်လာပြီး ဗုဒ္ဓ၏ခြေတော်တို့၌ ဝပ်စင်းပြီးလျှင် -

ချစ်သား. . . ဤမျှလောက်ကြာအောင် အဘယ်အရပ်သို့လှည့်ပတ်သွားရောက်နေဘိသနည်း၊ မိခင်ဖခင်တို့မည်သည်ကို ကြီးသောကာလ၌ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးအပ်ကုန်သည် မဟုတ်ပါလား"

ဟုပြောဆိုပြီးလျှင် မိမိ၏သားသမီးတို့ကို ဗုဒ္ဓနှင့်သံဃာတို့အား ရှိခိုးစေသည်။

ထိုပုဏ္ဏား လင်မယားတို့သည် ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ကောင်းမွန်သော ဘောဇဉ်တို့ဖြင့် ပြုပြင်လုပ်ကျွေးခဲ့သည်။

"အရှင်ဘုရား. . . ဤအိမ်၌သာလျှင် အမြဲမပြတ် ဆွမ်းကို ခံယူတော်မူပါဘုရား"

ဟုလျှောက်ထားပင့်ဖိတ်သည်။

"ပုဏ္ဏားကြီး. . . ဘုရားတို့မည်သည် တစ်ခုသောအရပ်၌သာလျှင် အမြဲမပြတ်ချဉ်းကပ် ရှေ့ရှုမခံယူကြကုန်"

"အရှင်ဘုရား. . . ထိုသို့ဖြစ်လျှင် အကြွင်းသူတို့သည် အရှင်မြတ်တို့အား ချဉ်းကပ်ဖိတ်ခြင်းငှါ လာရောက်ကုန်၏၊ ထိုသူတို့ကို တပည့်တော်တို့၏ အထံသို့စေလွှတ်တော်မူပါလော"

ဟုလျှောက်ထားသည်။

ဗုဒ္ဓသည် ထိုအခါမှစ၍ ပင့်ဖိတ်လာသော သူတို့ကိုသွားရောက်၍ ပုဏ္ဏားကြီးအား ပြောကြားကုန်လော ဟုပြောဆိုစေလွှတ်တော်မူလေသည်။

ပင့်ဖိတ်လာသူတို့သည် ပုဏ္ဏားကြီးထံသို့သွား၍-

"အကျွန်ုပ်တို့သည် နက်ဖြန်အလို့ငှါ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပါကုန်၏"

ဟူ၍ပြောကြားကြကုန်သည်။

ပုဏ္ဏားကြီးသည် တစ်ဖန်မိုးသောက်သော် မိမိနေအိမ်မှ ဆွမ်းခွက်တို့ကိုယူဆောင်၍ ဗုဒ္ဓသီတင်းသုံးနေထိုင်သောနေရာ အရပ်သို့ချဉ်းကပ်သွားရောက်၏၊ တစ်ပါးသော အရပ်၌ပင့်ဖိတ်ခြင်းမရှိသော်ကား ဗုဒ္ဓသည်ပုဏ္ဏားကြီးအိမ်၌သာလျှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူသည်။

ထိုပုဏ္ဏားလင်မယားတို့သည် မိမိတို့၏လှူဖွယ်ဝတ္ထုအစုစုတို့ကို အမြဲကာလပတ်လုံး ဗုဒ္ဓအားစိတ်ထားကြည်လင်သန့်ရှင်းစွာဖြင့် လှူဒါန်းကြသည်အပြင် တရားတော်ကိုနာကြားရာ၌ အနာဂါမ်ဖိုလ်၌ တည်လေသည်။

ထိုပုဏ္ဏားကြီးလင်မယား၏ ဗုဒ္ဓကိုသားအဖြစ်ခေါ်ဝေါ်မှုနှင့်ပတ်သက်၍ ဗုဒ္ဓ၌ဖခင် သုဒ္ဓေါဒန မိခင်-မယ်တော်မာယာထင်ရှားရှိပါလျက် ပုဏ္ဏားကြီးလင်မယားက အဘယ်ကြောင့်ဗုဒ္ဓကို သားဟူ၍ ခေါ်ဝေါ်ပါသနည်း၊ထိုသို့ခေါ်သည်ကိုလည်း ဗုဒ္ဓက ဝန်ခံသောအားဖြင့် တိတ်ဆိတ်စွာ သည်းခံနေပါ၏၊"

ဟူ၍ ရဟန်းတော်တို့တွင် စကားဆွေးနွေးမှုဖြစ်ကြသည်။

ဗုဒ္ဓသည် ရဟန်းတို့၏ထိုစကားကို ကြားသိ၍ ကြွလာပြီးလျှင် -

"ချစ်သားတို့. . . ဤပုဏ္ဏားလင်မယားတို့သည် မိမိတို့၏သားဖြစ်၍သာ သားဟုခေါ်ကြပါ၏၊ ရဟန်းတို့ရှေးအခါက

ဤပုဏ္ဏားကြီးသည် အဆက်မပြတ် ဘဝငါးရာပတ်လုံး ငါဘုရား၏ဖခင်ဖြစ်ခဲ့ဘူးပြီ၊ ဘဝဇာတ်ငါးရာတို့ပတ်လုံး ဖခင်၏ညီငယ်၊ ဘထွေးချည်း ဖြစ်ခဲ့ဘူးပြီ၊ ဘဝဇာတ်ငါးရာတို့ ပတ်လုံးဘကြီးဖြစ်ခဲ့ဘူးပြီ၊

ထိုပုဏ္ဏေးမကြီးသည်လည်း အစဉ်မပြတ်ဘဝဇာတ်ငါးရာတို့ပတ်လုံး မိခင်စစ်စစ်ဖြစ်ခဲ့ဘူးပြီ၊ ဘဝဇာတ်ငါးရာတို့ပတ်လုံး မိခင်၏ ညီမငယ် မိထွေးချည်းဖြစ်ခဲ့ဘူးပြီ၊ ဘဝငါးရာတို့ပတ်လုံး မိခင်၏အမကြီးချည်း ဖြစ်ခဲ့ဘူးသည်၊ ငါဘုရားသည် တစ်ထောင်ငါးရာသော ဘဝဇာတ်ပတ်လုံး ပုဏ္ဏားကြီး၏လက်၌ ကြီးပွားခဲ့ရဘူးပြီ၊ ဘဝဇာတ်တစ်ထောင်ငါးရာပတ်လုံး ဤပုဏ္ဏေးမကြီး၏ လက်၌ကြီးပွားခဲ့ရပြီ၊ ဤသို့လျှင် ဘဝဇာတ်သုံးထောင်တို့ပတ်လုံး ထိုပုဏ္ဏား-ပုဏ္ဏေးမကြီးတို့၏ သားဖြစ်ရသည်”
ဟုဟောကြားပြီး-

“ရှေး၌မမြင်ဘူးသောသူ၌ စိတ်ဝင်စားလာ၏၊ ကြည်ညိုသောစိတ်သည်လည်းဖြစ်၏၊ မမြင်ဘူးသော ထိုသူ၌ချစ်ကျွမ်းဝင်မှုဖြစ်တတ်သည်”

“ရှေးဘဝက အတူတကွပေါင်းသင်းနေထိုင်ခဲ့ဘူးခြင်းဖြင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားဆောင်ရွက်နေသဖြင့်လည်းကောင်း၊ ဤနှစ်ပါးသောအကြောင်းတို့ကြောင့် မြင်မြင်ချင်း ချစ်ခင်ခြင်းသည် ဖြစ်တတ်၏၊ ဥပမာ-ရေနှင့်ညှနိဟူသော အကြောင်းနှစ်မျိုးကြောင့် ရေထဲ၌ကြာပန်းသည် ပေါက်သကဲ့သို့တည်း”
ဟူ၍ဗုဒ္ဓက ဆက်လက်ဟောကြားပါသည်။

ဗုဒ္ဓသည် ဝါတွင်းသုံးလပတ်လုံး ထိုသာကေတမြို့၌ သီတင်းသုံးနေထိုင်သည်၊ ပုဏ္ဏားလင်မယားတို့သည် တရားကိုအားထုတ်ကြရာ အရဟတ္တဖိုလ်ဆိုက်ရောက်ပြီး ပရိနိဗ္ဗာန်စံလွန်ကြလေသည်။

ထိုအခါပုဏ္ဏားလင်မယားတို့၏ ရုပ်အလောင်းကိုအထွဋ်တပ်သောပြဿာဒ်၌တင်ကာ ကြီးကျယ်သောပူဇော်မှုကို ပြုကြသည်၊သုသာန်သို့ထုတ်ယူကြသည်။

ဗုဒ္ဓသည် ရဟန်းငါးရာခြံရံလျက် သုသာန်သို့လိုက်ပါပို့ဆောင်သည်၊ ဗုဒ္ဓသည် သုသာန်ရှိဇရပ်တစ်ခုသို့ဝင်၍ သီတင်းသုံးနေထိုင်သည်၊ လူတို့သည် ဗုဒ္ဓအနီးသို့ရောက်လာကြပြီး ရှိခိုးကြကာ-

"မြတ်စွာဘုရား. . . အရှင်ဘုရားတို့သည် မိဘနှစ်ပါးသေလွန်ခြင်းကို စိုးရိမ်ပူပန် စိတ်ညစ်နွမ်းခြင်း မဖြစ်ပါလင့်"
ဟုအားပေးစကား လျှောက်ထားကြသည်။

ဗုဒ္ဓက ထိုသူတို့ ဤသို့လျှောက်ထားသည်ကို မတားမြစ်ဘဲ ပရိသတ်ကို-

"လူ၏အသက်သည် တိုလှ၏၊ အနှစ်တစ်ရာအောက်၌လည်းသေလွန်၏၊ အကြင်သူသည် အိုမင်းခြင်းဖြင့်လည်းသေလွန်ရ၏"
ဟုဟောတော်မူရာ ပရိသတ်အပေါင်းတို့သည် သစ္စာလေးပါးကိုပိုင်းခြားသိသော အကျွတ်တရားကို ရကြလေသည်။

ရဟန်းတော်များသည် ပုဏ္ဏားကြီးလင်မယားသည် ပရိနိဗ္ဗာန်စံဝင်သည်ကို မသိကြသဖြင့်-

"မြတ်စွာဘုရား. . . ပုဏ္ဏား-ပုဏ္ဏားကြီးလင်မယားတို့၏ တမလားရာဂတိသည် အဘယ်သို့ရှိပါသနည်း ဘုရား" ဟူ၍ လျှောက်ထားကြသည်။

"ချစ်သားရဟန်းတို့. . . ဤသို့သဘောရှိသော အသေက္ခမုနိဖြစ်ဘိကုန်သောသူတို့အား လားရာဘဝ တမလွန် လောကမည်သည် မရှိတော့ပြီ၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်တို့ သည် သေခြင်းကင်းသောနိဗ္ဗာန်သို့သာလျှင် ရောက်ကြရကုန်၏"

"ရဟန္တာ-မုနိတို့သည် မညှင်းဆဲတတ်ကုန် ကာယဒွါရ ဖြင့် အမြဲစောင့်စည်းကုန်၏၊ထိုရဟန်းတို့သည် စိုးရိမ်ကင်းရာဖြစ် သော မရွေ့မလျောအမြဲတည်ရာသော ဌာနသို့ လာရောက်ရပေ ၏" ဟူ၍ဗုဒ္ဓကဟောပြတော်မူရာ ဒေသနာတော်၏အဆုံး၌ များစွာ သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကိုရောက်ကြကုန် သည်။

(ဓမ္မပဒ၊ ကောဓဝဂ်- ဗုဒ္ဓ၏ခမည်းတော်ပုဏ္ဏားကြီးဝတ္ထု)

# ဗုဒ္ဓဂေါတမနှင့် မာဃလုလင်ပုဏ္ဏား
# (မြတ်သောအလှူခံပုဂ္ဂိုလ်နှင့်စင်ကြယ်အလှူအင်္ဂါသုံးပါး)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ်တောင်၌ သီတင်းသုံး နေချိန်ဖြစ်သည်။

မာဃလုလင်ပုဏ္ဏားသည် ဗုဒ္ဓထံရောက်လာပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီးလျှင် တစ်နေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် ပေးလည်းပေးလှူ တတ်ပါ၏၊ အလှူရှင်လဲဖြစ်ပါ၏၊ အလှူခံတို့၏စကားကိုလည်း သိပါ၏၊ တောင်းခြင်းငှါသင့်သည်လည်း ဖြစ်ပါ၏၊ တရားသဖြင့် စည်းစိမ် ဥစ္စာကိုရှာမှီး၍ တရားသဖြင့်ရသော စည်းစိမ်ဥစ္စာတို့ဖြင့် တစ် ယောက်မှသည်တစ်ရာတို့ထက် အလွန်လည်းပေးလှူပါ၏၊

အရှင်ဂေါတမ. . . အသို့နည်း၊ ဤသို့ပေးလှူပူဇော် သောကျွန်ုပ်သည် များစွာသောကောင်းမှုကို ရပါ၏လော၊ ပွားများ ပါ၏လော"

ဟုလျှောက်ထားသည်။

"မာဃလုလင်. . . ဤသို့ပေးလှူပူဇော်သော သင်သည် များစွာသောကောင်းမှုကို ပွားများစေ၏၊ သင်ကဲ့သို့သဘောရှိ သောအလှူရှင်သည် များစွာသောကောင်းမှုကံကို ပွားများစေ ပါ၏"

ထို့နောက်မာဃလုလင်က ဗုဒ္ဓကိုဂါထာဖြင့် မေးလျှောက် သည်။

"ပြောဆိုအပ်သော စကားအဓိပ္ပာယ်ကိုသိ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ကာ ကိလေသာအိမ်မရှိတော့သော အရှင်ဂေါတမဘုရား ဤလောက၌ တောင်းခြင်းငှါသင့်သောဒါနရှင်ဖြစ်သော အကြင်သူသည် သူတစ်ပါးတို့အား ထမင်းအဖျော်ကို ပေးလှူပူဇော်သည်ရှိသော် ကောင်းမှုကိုအလိုရှိသည်၊ ကောင်းမှုကိုငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ ထိုပေးလှူပူဇော်သူ၏ အဘယ်သို့သော ပေးလှူပူဇော်ခြင်းသည် စင်ကြယ်ပါသနည်း"

"မာဃလုလင်. . . အလှူရှင်ဖြစ်သော အကြင်သူသည် သူတစ်ပါးတို့အား ထမင်းအဖျော်ကို ပေးလှူအပ်သည်ရှိသော် ကောင်းမှုကိုအလိုရှိ၍ ကောင်းမှုကိုငဲ့ကွက်သည်ဖြစ်၍ ပေးလှူပူဇော်၏၊ ထိုသို့သဘောရှိသော အလှူပေးပုဂ္ဂိုလ်သည် အလှူခံပုဂ္ဂိုလ်တို့ဖြင့် စင်ကြယ်စေရာ၏"

"အရှင်ဂေါတမ. . . ကောင်းမှုရှင်ဖြစ်သော ထိုသူ၏ မြတ်သောအလှူခံပုဂ္ဂိုလ်တို့ကို ကျွန်ုပ်အားညွှန်ကြားပေးပါ"

"ကောင်းမှုကိုအလိုရှိ၍ ပူဇော်လိုသော ပုဏ္ဏားသည် သင့်လျော်သောအခါဝယ် စင်စစ် ရာဂဖြင့်ကပ်ငြိမှုမရှိကုန်ဘဲ၊ ကြောင့်ကြမှုမရှိဘဲ ငြိမ်းငြိမ်းသောကိစ္စရှိကုန်သည်၊ စောင့်စည်းသောစိတ်ရှိကုန်သည်ဖြစ်၍ လောက၌ လှည့်လည်နေထိုင်ကြရသူ ရဟန္တာပုဂ္ဂိုလ်တို့၌ လှူဖွယ်ဝတ္ထုကို ပေးလှူရာ၏"

ထို့နောက် ဗုဒ္ဓက ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်အမျိုးမျိုးကို ထုတ်ဖော်ဟောကြား၍ ထိုရဟန္တာပုဂ္ဂိုလ်၌ လှူဖွယ်ဝတ္ထုတို့ကို လှူရန်ဟောကြားပြသသည်။

"အရှင်ဂေါတမသည် အလုံးစုံသောတရားတို့ကို သိသူဖြစ်၍ ကျွန်ုပ်မေးသမျှ အလျှုခံပုဂ္ဂိုလ်တို့ကို ဟောကြားပါ၏၊ ကျွန်ုပ်၏အမေးသည် အချည်းနှီးအလဟဿ မဖြစ်ရပါ"

အရှင်ဂေါတမ. . . ကျွန်ုပ်အား ကောင်းမှုရှင်ဖြစ်သော ထိုသူ၏လှူဘွယ်ဝတ္ထုပြည့်စုံမှုကို ဆက်လက်ဟောကြားပေးတော်မူပါဘုရား"

" မာဃလုလင်. . . သင်သည် လှူဒါန်းပူဇော်သည် ရှိသော် ကာလသုံးပါး၌ စိတ်ကိုအထူးသဖြင့် ကြည်လင်စေသော လှူဒါန်း ပူဇော်ဘွယ်ဖြစ်ဝတ္ထုသည် လှူဒါန်းသူ၏အာရုံတည်း၊ ဤပူဇော်ဘွယ်ဝတ္ထုစသည်၌တည်၍ အလှူရှင်သည် အပြစ်သုံးမျိုးကို ပယ်စွန့်နိုင်၏"

"မာဃလုလင်. . . အလှူရှင်သည် ပူဇော်ဖွယ်ဝတ္ထု၌ တပ်မက်ခြင်းကင်း၏၊ အလှူခံပုဂ္ဂိုလ်အပေါ်၌ အမျက်ဒေါသမရှိ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကိုပွားစေလျက် နေ့ညဉ့်ပတ်လုံး အမြဲမပြတ် မမေ့မလျော့ဘဲ မေတ္တာကိုအရပ်အားလုံးတို့သို့ ပျံ့နှံ့စေ၏"

"ဗြဟ္မာဖြစ်သော မြတ်စွာဘုရား. . . ယနေ့ကျွန်ုပ်သည် ကျွန်ုပ်တို့ဗြဟ္မာနှင့်တူသော အရှင်ဘုရားကိုအမှန်ဖူးတွေ့ရပါ၏၊ အဘယ်သူသည် စင်ကြယ်၍လွတ်မြောက်ပါသနည်း၊အဘယ်သူသည် ကပ်ငြိသနည်း၊အဘယ်ကြောင့် ဗြဟ္မာပြည်သို့ ကိုယ်တိုင် သွားနိုင်ပါသနည်း"

"မာဃလုလင်. . . အကြင်သူသည် သုံးပါးအင်္ဂါနှင့် ပြည့်စုံသောအလှူကို ပေးလှူ၏၊ ပူဇော်၏၊ ထိုကဲ့သို့သော အလှူရှင်ပုဂ္ဂိုလ်သည် အလှူခံပုဂ္ဂိုလ်တို့ဖြင့် စင်ကြယ်စေရာ၏၊ ဤသို့ကောင်းစွာလှူဒါန်းပူဇော်၍ တောင်းခြင်းငှါသင့်သော အလှူရှင်သည် ဗြဟ္မာပြည်သို့ ကပ်ရောက်နိုင်၏"

"အရှင်ဂေါတမ၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ ယနေ့မှစ၍ ကျွန်ုပ်သည်ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား"

(သုတ္တနိပါတ်၊ မဟာဝဂ်၊ မာဃသုတ်)

## ဗုဒ္ဓဂေါတမနှင့် လယ်သမားပုဏ္ဏား
## (လိုချင်မှုတဏှာကင်းမှ စိုးရိမ်ခြင်းကင်းမည်)

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် ဗုဒ္ဓသည်မြစ်ကမ်းနား၌ လယ်လုပ်ရန်ရှင်းလင်းနေသော မှားသောအယူရှိသော ပုဏ္ဏားတစ်ယောက်၏မဂ်ဖိုလ်ရကြောင်းကောင်းသော ဥပနိဿယရှိသည်ကို မြင်တော်မူ၍ ထိုပုဏ္ဏားလယ်ရှင်းရာ အရပ်သို့ကြွသွားလေသည်။

ထိုပုဏ္ဏားသည် ဗုဒ္ဓကိုမြင်လျက်လည်းရှိသေခြင်းအမှုကို မပြုမူ၍ ဆိတ်ဆိတ်သာနေလေသည်၊

"ပုဏ္ဏား. . . အသင်သည် အဘယ်အမှုကိုပြုနေပါသနည်း"

ဟုဗုဒ္ဓက ပထမဦးစွာ နှုတ်ဆက်သောအားဖြင့်မေးသည်။

"အရှင်ဂေါတမ. . . လယ်ကိုရှင်းလင်းပါသည်"

ဗုဒ္ဓသည် ဤမျှလောက်သောစကားကို ပြောကြား၍ပြန်ကြွလာခဲ့သည်၊ တစ်ဖန် နောက်နေ့မိုးသောက်သော် လယ်ထွန်သွားလိုသော ထိုပုဏ္ဏားထံသို့ကြွကာ-

"ပုဏ္ဏား. . . အသင်သည် အဘယ်အမှုကိုပြုနေပါသနည်း" ဟုမေးသည်။

"အရှင်ဂေါတမ. . . လယ်ကိုထွန်ပါသည်"

နောက်နေ့မိုးသောက်သောနေ့၌လည်း ရှေးနည်းတူသာလျှင် အစဉ်မပြတ်ကြွတော်မူ၍ မေးသည်။

-အရှင်ဂေါတမ. . . လယ်ကိုထွန်ပါသည်၊

-လယ်ကိုကောက်ပင်စိုက်ပါ၏၊

-လယ်ကိုစောင့်ရှောက်ပါ၏၊

ဟူ၍ပုဏ္ဏားသည် အစဉ်အတိုင်း မိမိအလုပ်ကို ပြောဆိုလျှောက်ထားသည်။

ထို့နောက် တစ်နေ့တွင် ဗုဒ္ဓကို ပုဏ္ဏားက-

"အရှင်ဂေါတမ . . . အသင်သည် ငါ၏လယ်ကို သုတ်သင်သောနေ့မှစ၍ကြွလာပေ၏၊ ငါအားကောက်သည် အကယ်၍ ပြည့်စုံသည်ရှိသော် အသင့်အားခွဲဝေခြင်းကိုပြုအံ့၊ အသင့်အား မပေးလှူမူ၍ မိမိသည်စားသုံးခြင်းကို မပြုအံ့၊ ယနေ့မှစ၍ အသင်သည် ငါ၏အပေါင်းအဖေါ် အဆွေခင်ပွန်းပေတည်း" ဟုပြောကြားလေသည်။

ထို့နောက် ကောက်များမှည့်ချိန်ရိပ်ချိန်တွင်-

"ငါ၏ကောက်များသည် ပြည့်စံလှသည်၊ နက်ဖြန်ရောက်လျှင် ကောက်ကိုရိတ်သိမ်းမည်"

ဟုကြံစည်ပြီးကောက်ရိပ်ရန်အတွက် စီမံရာတို့ကို စီမံထားလေသည်၊

ထိုညတွင်မိုးကြီးသည် သည်းထန်စွာ ရွာသွန်းပြီးလျှင် ပုဏ္ဏားကြီး၏လယ်မှ ကောက်စပါးတို့ကို မိုးရေမြစ်ရေတို့က တိုက်စားသွားရာ ပုဏ္ဏားကြီး၏လယ်မြေသည် ပြောင်သလင်းဖြစ်သွားလေသည်၊

ပုဏ္ဏားသည် နောက်နေ့မိုးလင်းသော် မိမိလယ်ကိုသွားကြည့်သည်၊ ပြောင်တလင်းခါနေသော လယ်ကိုတွေ့ရသော် ကြီးစွာသော သောကဝေဒနာကို ခံစားရလေသည်၊

"ရဟန်းဂေါတမသည် ငါ၏လယ်ကိုသုတ်သင်သော အချိန်မှစ၍ ကြွလာခဲ့သည်၊ ငါသည်လည်းရဟန်းဂေါတမကို ဤကောက်ပြည့်စုံသည်ရှိသော် အသင့်အားခွဲဝေပေးမည်-ဟု ပြောထားခဲ့ပြီ၊ ယခုမူ ငါသည် မပေးနိုင်တော့ပြီး ငါ၏အဆွေ ခင်ပွန်းအပေါ် ကတိပျက်ကွက်ရလေပြီ"

ဟုစိတ်မချမ်းမသာ ဖြစ်ပြီး အိမ်သို့ပြန်လာကာ မစားနိုင်၊ မသောက်နိုင်ဖြစ်ပြီး ညောင်စောင်းပေါ်၌ အိပ်၍နေလေသည်။

ထိုအခါ ဗုဒ္ဓသည် ပုဏ္ဏားအိမ်တံခါးတို့ ကြွတော်မူလေသည်၊ ပုဏ္ဏားသည် ဗုဒ္ဓကြွလာသည်ကို ကြားသိသောအခါ အလုပ်အကျွေးပြုသူတို့ကို-

"ငါ၏အဖော်မိတ်ဆွေကို ပင့်ဆောင်ခဲ့ကြ၍ ဤမည်သောနေရာ၌ နေထိုင်ပါစေ"

ဟုပြောကြားသည်။

အလုပ်အကျွေးတို့သည် နေရာထိုင်ခင်းပြုပြီး ဗုဒ္ဓကို ထိုနေရာ၌ ထိုင်သီတင်းသုံးစေသည်၊ ဗုဒ္ဓက-

"ပုဏ္ဏားသည် အဘယ်မှာနည်း"

ဟုမေးသည်။

"တိုက်ခန်း၌ အိပ်နေပါသည်ဘုရား"

"ထိုပုဏ္ဏားကို လျှောက်တင်၍ခေါ်ခဲ့ကြပါလော့"

အလုပ်အကျွေးတို့သည် ပုဏ္ဏားကို သွားရောက် ပြောကြားရာ ပုဏ္ဏားသည် ဗုဒ္ဓထံသို့ရောက်လာပြီး သင့်တင့်သောနေရာ၌ ထိုင်သည်။

"ပုဏ္ဏား. . . အသင့်အား အသို့ဖြစ်သနည်း"

"အရှင်ဂေါတမ. . . အသင်တို့သည် ငါ၏လယ်ကို သုတ်သင်သောနေ့မှစ၍ ကြွလာပေသည်၊ ငါသည်လည်း မိမိ၏ကောက်သည် ပြည့်စုံသည်ရှိသော် သင့်ကိုခွဲဝေမှုပြုအံ့- ဟုပြောဆိုမိပြီး ငါ၏နှလုံးအလိုသည် မပြီးပြည့်စုံတော့ပါ။ ထို့ကြောင့် ငါ့အား စိုးရိမ်ကြောင့်ကြဖြစ်ရပါသည်၊ ထမင်းသည် ငါကိုမနှစ်သက်တော့ပါ"

"ပုဏ္ဏား. . . အသင့်အား အဘယ်ကိုအမှီပြု၍ စိုးရိမ်ကြောင့်ကြ ဖြစ်ပွားရသည်ကို သိ၏လော"
ဟုဗုဒ္ဓကမေးသည်။

"အရှင်ဂေါတမ. . . ငါသည်မသိပါ၊ သင်သည်ကော သိပါသလော"

"ပုဏ္ဏား. . . ငါသည်ကား သိပေ၏၊ စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း၊ ရွံကြောက်ခြင်းသည်လည်းကောင်း၊ ဖြစ်သည်ရှိသော် တောင့်တသောတဏှာကို မှီ၍ဖြစ်ရသည်"

"တဏှာကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ တဏှာကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ တဏှာမှကင်းလွတ်သောသူအား အဘယ်မှာစိုးရိမ်မှု၊ ကြောက်ရွံ့မှုရှိတော့အံ့သနည်း"
ဟုဗုဒ္ဓက ဟောကြားသောအခါ တရားတော်၏အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေတော့သည်။

(ဓမ္မပဒ-ပိဋကတ်-ဗြဟ္မဏတစ်ယောက်ဝတ္ထု)

# ဗုဒ္ဓနှင့် ခေါမဒုဿနိဂုံးနေ ပုဏ္ဏားများ
# (လောဘ,ဒေါသ,မောဟပယ်တရားဟောတတ်သူ၊သူတော်ကောင်း)

ဗုဒ္ဓသည် သက္ကတိုင်း ခေါမဒုဿမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌ နေစဉ်ဖြစ်သည်။

ဗုဒ္ဓသည် နံနက်စောစော ထိုရွာထဲသို့ ဆွမ်းခံဝင်ကြ သည်၊ ထိုအချိန်တွင် ထိုခေါမဒုဿရွာနေ ပုဏ္ဏားနှင့်အမျိုးသား တို့သည် စည်းဝေးရာသဘင်၌ တစ်စုံတစ်ခုပြုဘွယ်ကိစ္စအတွက် စည်းဝေးနေကြသည်၊ မိုးကားတစ်ပေါက်ပေါက်ရွာနေ၏၊

ထိုအခါ ဗုဒ္ဓသည် ထိုစည်းဝေးရာသို့ ချဉ်းကပ်ကြွတော်မူသည်၊ ပုဏ္ဏားနှင့်အမျိုးသားတို့သည် ဗုဒ္ဓကြွလာသည်ကိုမြင်ကြသော်-

"ဦးပြည်းကတုံးနှင့် ရဟန်းယုတ်တို့သည်ကား အဘယ်သို့နည်း၊ အစည်းအဝေးကိစ္စကို အဘယ်သို့သိနိုင်ပါအံ့နည်း" ဟုဆိုကြလေသည်။

"ပုဏ္ဏားတို့. . အကြင်အစည်းအဝေး၌ သူတော်ကောင်းတို့သည်မရှိကုန်၊ ဤအစည်းအဝေးသည် သဘင်မမည်၊ အကြင်သူတို့သည် တရားကိုမပြောဆိုတတ်ကုန်၊ ထိုသူတို့သည် သူတော်ကောင်းမမည်ကုန်၊တပ်မက်မှု(ရာဂ)ကိုလည်းကောင်း၊ အမျက်ထွက်မှု (ဒေါသ)ကိုလည်းကောင်း၊ တွေဝေမှု(မောဟ)ကိုလည်းကောင်း၊ ပယ်၍တရားကိုဟောပြောတတ်လို့သာ သူတော်ကောင်းဖြစ်ကုန်၏"

ဟုဗုဒ္ဓကမိန့်ကြားရာ ပုဏ္ဏားနှင့်အမျိုးသားတို့သည် ဗုဒ္ဓ၏တရား စကားကို အလွန်နှစ်သက်ကြသည်ဖြစ်၍ ရတနာသုံးပါး၌ ဆည်း ကပ်ကိုးကွယ်သော ဥပါသကာမဖြစ်ခဲ့ယူကြလေသည်။

(သဂါထာဝဂ်-ဗြဟ္မဏသံယုတ်-ဥပါသကာဝဂ်-
ခေါမဒုဿသုတ်)

# ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝပုဏ္ဏား
# (ရေဖြင့်အကုသိုလ်အမှုကို မစင်ကြယ်နိုင်ပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေစဉ်ဖြစ် ပြီး တစ်နေ့တွင် ရှင်အာနန္ဒာသည် ဆွမ်းခံပြီးအပြန် ဗုဒ္ဓထံဝင်၍-

"မြတ်စွာဘုရား. . . အင်္ဂါရဝမည်သော ပုဏ္ဏားသည် သာဝတ္ထိပြည်၌နေပါ၏၊ရေဖြင့်စင်ကြယ်၏ ဟုအယူရှိသူဖြစ်၍ ရေဖြင့်စင်ကြယ်ခြင်းကို ယုံကြည်ပါ၏၊ နံနက်၊ ညနေတိုင်း ရေသို့ သက်ဆင်း၍ အကုသိုလ်အပြစ် စင်ကြယ်စေရန်အားထုတ်နေပါ၏၊ အရှင်ဘုရားတောင်းပန်ပါ၏ အရှင်ဘုရားသည် သနားသဖြင့် သင်္ဂါရဝပုဏ္ဏားအိမ်သို့ ကြွပေးတော်မူပါဘုရား"

ဟုလျှောက်ထားသည်၊ ဗုဒ္ဓသည် ဆိတ်ဆိတ်နေ၍ လက်ခံတော်မူသည်။

နောက်နေ့နံနက်တွင် ဗုဒ္ဓသည်ဆွမ်းအလို့ငှါ သင်္ဂါရဝ ပုဏ္ဏားအိမ်သို့ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူသည်။

သင်္ဂါရဝပုဏ္ဏားသည် ဗုဒ္ဓထံရောက်လာပြီး ဝမ်းမြောက် ဝမ်းသာနှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်သည်၊ ထိုအခါ ဗုဒ္ဓက ပုဏ္ဏားအား ရေဖြင့်စင်ကြယ်၏ဟူသော အယူရှိသည်မှာ မှန်သလော ဟုမေးရာ-

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် အကြင်မကောင်းမှုကို နေ့အခါ၌ပြုမိအံ့၊ ထိုမကောင်းမှုကို ညအခါ၌ ရေချိုးခြင်းဖြင့်မျှော ပါ၏၊ ကျွန်ုပ်သည် ဤအကျိုးထူးကို မြင်သောကြောင့် ရေဖြင့်စင်

ကြည်၏-ဟုအယူရှိသည်ဖြစ်၍ ရေဖြင့်စင်ကြယ်ခြင်းကိုယုံကြည်ပါ၏၊ ယခုအခါ ညဉ့်၊ နံနက်တိုင်း ရေသို့သက်ဆင်း၍ အားထုတ်မှုဖြင့် နေပါ၏"
ဟုလျှောက်ထားသည်၊

"ပုဏ္ဏား. . . မဂ္ဂင်ရှစ်ပါးတရားသည် ထုံးအိုင်သဖွယ်ဖြစ်၏၊ သီလဟူသော ရေချိုးဆိပ်ရှိ၏၊ မနောက်ကျု၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့အား ချီးမွမ်းအပ်၏၊ အကြင်မဂ္ဂင်ဟူသော ထုံးအိုင်၌ ဉာဏ်အဆုံးသို့ရောက်ကြရသူ ရဟန္တာပုဂ္ဂိုလ်တို့သည် ရေချိုးကုန်၏၊ ထိုထုံးအိုင်၌ မစွတ်သော ကိုယ်ရှိကုန်သည်ဖြစ်၍သာလျှင် တစ်ဘက်ကမ်း(နိဗ္ဗာန်)သို့ ကူးကုန်၏"
ဟုဗုဒ္ဓကမိန့်ကြားရာ သင်္ဂါရဝပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌လွန်စွာနှစ်သက်သဖြင့် ရတနာသုံးပါး၌ဆည်းကပ်သော ဥပါသကာအဖြစ်ခံယူလေသည်။

(သဂါထာဝဂ်-ဗြဟ္မဏသံယုတ်-ဥပါသကာဝဂ်သင်္ဂါရဝသုတ်)

# ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝပုဏ္ဏား
# (တစ်ကိုယ်ကောင်းအကျင့် ပြာဋိဟာသုံးမျိုး)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။

သင်္ဂါရဝကပုဏ္ဏားသည် ဗုဒ္ဓထံသို့ချဉ်းကပ်လာပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောဆိုပြီးလျှင် တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ . . . ကျွန်ုပ်တို့ပုဏ္ဏားမည်သည် ကိုယ်တိုင်လည်း ယာဇ်ပူဇော်ကြကုန်၏၊ သူတစ်ပါးကိုလည်း ပူဇော်စေကုန် ၏၊

အရှင်ဂေါတမ. . . ထိုယာဇ်ကပူဇော်ခြင်း၌ ကိုယ်တိုင် ပူဇော်သူ၊ သူတစ်ပါးကိုလည်း ပူဇော်စေသူ အားလုံးတို့သည် ယာဇ်ပူဇော်ခြင်းအကြောင်းကြောင့် အများအတွက်အကျင့်ကို ကျင့်ကုန်၏၊

အရှင်ဂေါတမ. . . အကြင်သူသည်ကား ထိုထို၌မျှ အမျိုးမှ ရဟန်းပြု၍ မိမိတစ်ကိုယ်တည်းကိုသာ ဆုံးမ၏၊ ငြိမ်သက်စေ၏ ကိလေသာမှငြိမ်းစေ၏၊ ဤသို့ဖြစ်သော် ဤသူ သည်ရဟန်းပြုခြင်းအကြောင်းကြောင့် တစ်ကိုယ်ကောင်းအကျင့် ကိုကျင့်၏၊

"ပုဏ္ဏား. . . ဤသို့ဆိုလျှင် ဤအရာ၌သင့်ကို တစ်ဖန် ပြန်မေးရပါမည်၊ သင်နှစ်သက်သည့် အတိုင်းဖြေပါ"

ဤစကားကို သင်မည်သို့ မှတ်ထင်ပါသနည်း---အရဟံ အစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသောဘုရား သည် ဤလောကဉ်ပွင့်တော်မူလာခဲ့၏၊ ထိုဘုရားသည် လာကြ ကုန်လော့၊ အတုမရှိသောမြတ်သောအကျင့်၏တည်ရာ နိဗ္ဗာန်ကို ငါကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခဲ့သော ဤလမ်းစဉ် အကျင့်ကို သင်တို့အားဟောကြားမည်၊ သင်တို့သည် ငါဟော ကြားသည့်အတိုင်း ကျင့်လျှင်သင်တို့သည် အတုမရှိမြတ်သော အကျင့်တည်ရာ နိဗ္ဗာန်ကိုထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေရမည်၊ ထိုလမ်းစဉ်အကျင့်ကို ထိုအတိုင်းကျင့်ကြကုန်လော့- ဟုမိန့်ကြားသည်။

မြတ်စွာဘုရားသည် ကိုယ်တိုင်လည်းတရားကိုဟော၏၊ တစ်ပါးသောသူတို့ကိုလည်း တရားဟော၍မြတ်သောအကျင့်ကို ကျင့်စေပြီး ထိုသူတို့သည်နိဗ္ဗာန်အကျိုးငှါကျင့်ကြ၏၊ ထိုသို့ကျင့် သူတို့ကား အရာ၊ အထောင်၊ အသိန်းမက များလှပါကုန်၏၊

ဤအတိုင်းဖြစ်ခဲ့လျှင် ရဟန်းပြုခြင်းဟူသော ဤအကျင့် သည် တစ်ကိုယ်ကောင်း အကျင့်မည်သလော၊ (သို့မဟုတ်)အများ အတွက် အကျင့်မည်သလော၊

"အရှင်ဂေါတမ. . . ဤအတိုင်းဖြစ်လျှင် ရဟန်းပြုခြင်း ဟူသော ဤအကျင့်သည် အများအတွက် အကျင့်မည်ပါ၏"

ထိုအခါ အနီးတွင်ရှိနေသော အရှင်အာနန္ဒာမထေရ်က-

"ပုဏ္ဏား. . . ဤအကျင့်နှစ်မျိုးတို့တွင် အဘယ်အကျင့် ကို သင်နှစ်သက်ပါသနည်း၊ အဘယ်အကျင့်သည်သာ၍ နည်း

သောကိစ္စရှိသနည်း၊ သာ၍နည်းသော အားထုတ်မှုရှိပါသနည်း၊ သာ၍ များသောအကျိုးအာနိသင်ရှိပါသနည်း”
ဟုမေးသည်။

“အရှင်အာနန္ဒာ. . . အရှင်ဂေါတမကဲ့သို့သော ပုဂ္ဂိုလ် မျိုး၊ အရှင်အာနန္ဒာကဲ့သို့သောပုဂ္ဂိုလ်မျိုးတို့ကို ကျွန်ုပ်ပူဇော်ပါ၏၊ ချီးမွမ်းပါ၏”

“ပုဏ္ဏား. . . သင့်အားအဘယ်ပုဂ္ဂိုလ်ကို ပူဇော်ရမည်၊ ချီးမွမ်းရမည်ကိုမေးသည်မဟုတ်ပါ။ အကျင့်နှစ်မျိုးတွင် အဘယ် အကျင့်ကို သင်နှစ်သက်သနည်း၊ အဘယ်အကျင့်က သာ၍ အကျိုးအာနိသင်ရှိသနည်းဟူ၍သာ သင့်ကိုငါ မေးပါ၏”

ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် နှစ်ကြိမ်မြောက် ဘုရားလို ပုဂ္ဂိုလ်မျိုး၊ ရှင်အာနန္ဒာလိုပုဂ္ဂိုလ်မျိုးကို ပူဇော်ချီးမွမ်းပါ၏-ဟုထပ် လျှောက်ပြန်လေသည်၊

ရှင်အာနန္ဒာက နောက်တစ်ကြိမ်ထပ်ပြောသော်လည်း ပုဏ္ဏားက ထိုအတိုင်းသာပြန်ဖြေပြန်သည်။

“အာနန္ဒာသည် သုံးကြိမ်တိုင်အောင်ပြဿနာကို တရား သဖြင့်မေးအပ်ပါလျက် သင်္ဂါရဝပုဏ္ဏားသည် ရှောင်လွှဲပြီးမဖြေ ဆို၊ ငါသည်နှစ်ယောက်စလုံးကို ပင်ပန်းခြင်းမှ လွတ်စေရမှုကား ကောင်းပေလိမ့်မည်”
ဟူ၍ဗုဒ္ဓသည်အကြံဖြစ်ပေါ်ပြီး-

“ပုဏ္ဏား. . . ယနေ့နန်းတော်တွင်း၌ အညီအညွတ် စည်းဝေးကြကုန်သော မင်းချင်းယောကျ်ားတို့အား အဘယ်သို့ သောစကားသည် ထင်ရှားဖြစ်သနည်း”
ဟုမေးတော်မူသည်။

"အရှင်ဂေါတမ . . . ယနေ့နန်းတော်၌ မင်းချင်း ယောကျာ်း တို့အား ဤသို့သောစကား ထင်ရှားဖြစ်ပါ၏၊ ရှေးအခါက ရဟန်း တို့သည် အလွန်နည်းကုန်လျက်လည်း လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါးထက် လွန်မွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြသူ ကား များကုန်၏၊ ယခုအခါ၌မူကား ရဟန်းတို့သည် အလွန်များ ကုန်လျက်လည်း တန်ခိုးပြာဋိဟာကိုပြသူ နည်းကုန်၏ ဟူသော အကြားစကားသည် ထင်ရှားဖြစ်ပါ၏"

"ပုဏ္ဏား. . . ပြာဋိဟာ သုံးမျိုးရှိပေ၏၊

-တန်ခိုးပြာဋိဟာ (ဣဒ္ဓိပါဋိဟာရိယ)

-အတပ်ဟောခြင်းပြာဋိဟာ(အာဒေသနပါဋိဟာရိယ)

-ဆုံးမခြင်းပြာဋိဟာ(အနုသာသနိပါဋိဟာရိယ)

တို့ဖြစ်ပေ၏။

တန်ခိုးပြာဋိဟာ ဟူသည်ကားအဘယ်နည်း၊

ပုဏ္ဏား . . . ဤလောက၌ အချို့ကသောသူသည် များပြား သော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တစ်ယောက်တည်း ဖြစ် လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တစ် ယောက်တည်းဖြစ်လာ၏၊ ကိုယ်ထင်ရှားဖြစ်စေ၏၊ ပျောက်စေ၏၊ နံရံတစ်ဘက်တံတိုင်းတစ်ဘက် တောင်တစ်ဘက်သို့မထိ-မငြိဘဲ ကောင်းကင်၌ကဲ့သို့သွား၏၊ မြေ၌လည်းငုပ်ချည်ပေါ်ချည်ဖြစ်ခြင်း ကို ရေ၌ကဲ့သို့ပြု၏၊ ရေ၌လည်းမကွဲစေဘဲ မြေ၌ကဲ့သို့သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက် ကဲ့သို့သွား၏၊ တန်ခိုးအာနုဘော်ကြီးသော လ၊နေတို့ကိုလည်း

လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာပြည်တိုင်အောင်လည်း မိမိအလိုအတိုင်း ဖြစ်စေ၏၊

ဤကားတန်ခိုးပြာဋိဟာတို့ဖြစ်ကြ၏။

အတတ်ဟောခြင်းပြာဋိဟာဟူသည် အဘယ်နည်း၊

ပုဏ္ဏား. . . ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့် သင်၏စိတ်သည် ဤသို့သဘောရှိ၏၊ ဤသို့အခြင်းအရာရှိ၏၊ သင့်၏စိတ်အကြံသည် ဤသို့ဖြစ်၏ ဟုအတပ်ဟော၏၊ ထိုသူသည်များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းပင်ဖြစ်၏၊ တစ်ပါးသောအခြင်းအရာအားဖြင့် မဖြစ်၊

ပုဏ္ဏား. . . ဤလောက၌ အချို့သောသူသည် နိမိတ်ဖြင့် အတပ်မဟော စင်စစ်သော်ကား လူတို့၏အသံ၊ ဘီလူးတို့၏အသံကိုကြား၍-

"သင့်၏စိတ်သည် ဤသို့သဘောရှိ၏၊ ဤသို့အခြင်းအရာရှိ၏၊ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏"

ဟု အတပ်ဟော၏၊ ထိုသူသည်များစွာအတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းဖြစ်၏၊ တစ်ပါးသောအခြင်းအရာအားဖြင့် မဖြစ်၊

ပုဏ္ဏား. . ဤလောက၌ အချို့သောသူတို့သည်အထက်ပါနှစ်မျိုးဖြင့် အတပ်မဟော ကြံစည်သုံးသပ်သူ၏ ကြံစည်မှုပျံ့နှံ့ခြင်းကြောင့်ဖြစ်သော အသံကိုကြား၍-

"သင်၏စိတ်သည် ဤသို့သဘောရှိ၏၊ ဤသို့အခြင်းအရာရှိ၏၊ သင်၏စိတ်အကြံ ဤသို့ဖြစ်၏"

ဟုအတတ်ဟော၏၊ ထိုသူသည် များစွာ အတပ်ဟောစေကာမူ

ထိုဟောသည့်အတိုင်းဖြစ်၏၊ တစ်ပါးသောအခြင်းအရာအားဖြင့် မဖြစ်၊

ပုဏ္ဏား . . ဤလောက၌ အချို့သောသူသည် အထက်ပါ သုံးမျိုးဖြင့် အတပ်မဟော ကြံစည်ခြင်း၊ သုံးသပ်ခြင်း မရှိသော သမာဓိဝင်စားသူ၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍-

"ဤအရှင်သည် စိတ်ဟူသောသင်္ခါရတို့ကိုထားသော အခြင်းအရာအားဖြင့် ဤစိတ်အခြားမဲ့၌ ဤမည်သောအကြံကို ကြံရလတ့်"

ဟု အကြားအားဖြင့်သိ၏၊ ထိုသူသည်များစွာ အတပ်ဟောစေကာမူ ထိုဟောသည့်အတိုင်းဖြစ်၏၊ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်၊

ပုဏ္ဏား . . ဤကားပြာဋိဟာကို အတပ်ဟောခြင်းဟုဆိုအပ်၏။

"ပုဏ္ဏား . . ဆုံးမခြင်းပြာဋိဟာ ဟူသည်အဘယ်နည်း"

ပုဏ္ဏား . . ဤလောက၌အချို့သောသူသည် . . ဤသို့ ကြံကုန်လော၊ ဤသို့မကြံကုန်လင့်၊ ဤသို့နှလုံးသွင်းလော၊ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤတရားကိုပယ်ကုန်လော၊ ဤတရားသို့ရောက်၍ နေကုန်လော့ ဟုဆုံးမ၏၊

ဤကားဆုံးမခြင်း ပြာဋိဟာ ဟုဆိုအပ်၏။

"ပုဏ္ဏား . . ဤပြာဋိဟာ သုံးမျိုးတို့တွင် အဘယ်ပြာဋိဟာကိုသာလွန် မွန်မြတ်သည်ဖြစ်၍ သင်နှစ်သက်ပါသနည်း"

"အရှင်ဂေါတမ. . တန်ခိုးပြာဋိဟာသုံးမျိုးတို့တွင် ပြုသူအားသာလျှင် ဖြစ်ပါ၏၊ ဤပြာဋိဟာသည် မျက်လှည့်နှင့်တူသောသဘောရှိသည် ဟုကျွန်ုပ်ထင်မိပါ၏၊

အရှင်ဂေါတမ. . . အတပ်ဟောခြင်းပြာဋိဟာသည်လည်း မျက်လှည့်နှင့်တူသည်ဟု ကျွန်ုပ်ထင်ပါ၏၊

အရှင်ဂေါတမ. . ဤပြာဋိဟာသုံးမျိုးတွင် ကျွန်ုပ်သည် ဆုံးမခြင်းပြာဋိဟာသာလျှင် သာလွန်မွန်မြတ်သည်ဟု ကျွန်ုပ်နှစ်သက်ပါ၏၊

"အရှင်ဂေါတမ. . အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပေစွ၊ အရှင်သည် ဤပြာဋိဟာသုံးမျိုးကို ကောင်းစွာဟောသလို အရှင်သည် ဤပြာဋိဟာသုံးမျိုးနှင့် ပြည့်စုံသည်ဟု ကျွန်ုပ်အသိအမှတ်ပြုပါ၏၊ အရှင်သည် ဤပြာဋိဟာတို့ကို ဟောကြား၍ဆုံးမပါ၏၊

"ပုဏ္ဏား. . စင်စစ်သင်သည် ငါ့ဂုဏ်ကို ထိပါးပုတ်ခတ်လျက် ဤစကားကိုဆိုဘိ၏၊ အမှန်အားဖြင့် ငါကသာ သင့်အားကြားရမည်၊ ငါသည်ပြာဋိဟာတို့ကို သိ၍ဆုံးမ၏"

"အရှင်ဂေါတမ. . အရှင်မှတစ်ပါး ဤပြာဋိဟာသုံးမျိုး နှင့်ပြည့်စုံသော အခြားရဟန်းရှိပါသေးသလော"

"ပုဏ္ဏား. . . ရဟန်းတရာသာမဟုတ်၊ နှစ်ရာသုံးရာ၊ လေးရာငါးရာ မဟုတ်၊ စင်စစ်ဤပြာဋိဟာသုံးမျိုးနှင့် ပြည့်စုံသော ရဟန်းတို့သည် များစွာပင် ရှိကုန်သည်သာတည်း"

"အရှင်ဂေါတမ. . ထိုရဟန်းတို့သည် ယခုအဘယ်၌နေကုန်ပါသနည်း"

"ပုဏ္ဏား. . ဤရဟန်းသံဃာအတွင်းမှာပင် နေကုန်၏"

"အရှင်ဂေါတမ. . . အရှင်၏တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

စသည်ဖြင့် လျှောက်ထားပြီး ပုဏ္ဏားသည် ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်ခံယူသွားလေသည်။

(အင်္ဂုတ္တရ်ိုဏ်.တိကနိပါတ်.ဗြဟ္မဏဝဂ်. သင်္ဂါရဝသုတ်)

## ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝပုဏ္ဏား
## (နီဝရဏတရား ပိတ်ဆို့နေက အမှန်တရား မမြင်နိုင်ပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် သင်္ဂါရဝပုဏ္ဏားသည် ဗုဒ္ဓထံသို့ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်ခုသောနေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . . ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်မှုပြုပါကုန်သော်လည်း တစ်ခါတစ်ရံဗေဒင်တို့သည် ဉာဏ်မထင်ကုန်၊ ရွတ်အံမှုမပြုပါက အဘယ်သို့ ဆိုဘွယ်ရာ ရှိပါအံ့နည်း၊ တစ်ခါတစ်ရံ ရွတ်အံမှုမပြုဘဲလျက် ဗေဒင်တို့သည် ဉာဏ်၌ထင်ကြပါကုန်၏၊ ယင်းအကြောင်းအထောက်အပံ့ကား အဘယ်ကြောင့်ပါနည်း'

"ပုဏ္ဏား. . . ကာမရာဂထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ထိုကာမရာဂ၏ လွတ်မြောက်ကြောင်းကိုလည်း အမှန်မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း အမှန်မသိမမြင် သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိမမြင်၊ အကျိုးနှစ်မျိုးကို လည်း ဟုတ်တိုင်းမှန်စွာ မသိမြင်"

ဥပမာသော်ကား. . ချိပ်, နံနွင်း၊ မဲနယ် ထန့်ကျင်မှုန့်ဖြင့် ရောနှောသောရေခွက်၌ မိမိမျက်နှာရိပ်ကို ကြည့်ပါက မျက်နှာအမှန်ကို ဟုတ်တိုင်းမှန်စွာ မသိသကဲ့သို့ပင်၊

ပုဏ္ဏား. . တစ်နည်းကား ပျက်စီးစေလိုမှု(ဗျာပါဒ)ထကြွနှိပ်စက်စိတ်ဖြင့် နေသောအခါထိုမှလွတ်မြောက်ကြောင်းကိုအမှန်မသိ၊ မိမိအကျိုး သူတစ်ပါးအကျိုး နှစ်ပါးစုံကို အမျိုးကိုလည်း အမှန်မသိမမြင်၊

ဥပမာသော်ကား. . မီးဖြင့်အပူပေးထားသော ရေခွက်သည် အခိုးအငွေ့ဖြစ်နေသဖြင့် မိမိ၏မျက်နှာရိပ်ကို ကြည့်ပါက ဟုတ်တိုင်းမှန်စွာ မသိသကဲ့သို့ပင် ။

ပုဏ္ဏား. . . တစ်နည်းကား. လေးလံထိုင်းမှိုင်းမှု( ထိန-မိဒ္ဓ) ထကြွနှိပ်စက်သောစိတ်ဖြစ်သောအခါ ထိုမှလွတ်မြောက်ကြောင်းကိုလည်း အမှန်မသိ၊ မိမိအကျိုး၊ သူတစ်ပါးအကျိုး အကျိုးနှစ်ပါးစုံ အကျိုးကိုလည်း အမှန်မသိ၊

ဥပမာသော်ကား မှော်သေး. ရေညှိတို့ဖြင့် ဖုံးလွှမ်းနေသော ရေခွက်၌ မိမိ၏မျက်နှာရိပ်ကို ကြည့်ပါက ဟုတ်တိုင်းမှန်စွာ မသိသကဲ့ပင် ။

ပုဏ္ဏား. . . တစ်နည်းကား. . စိတ်ပျံ့လွင့်မှု (ဥဒ္ဓစ္စ)၊ နောင်တစ်ဖန်ပူပန်မှု(ကုက္ကုစ္စ) ထကြွနှိပ်စက်သောစိတ်ဖြင့်နေသောအခါ ထိုမှလွတ်မြောက်ကြောင်းကိုလည်း အမှန်မသိ၊ မိမိအကျိုး တစ်ပါးအကျိုး နှစ်ပါးစုံကိုလည်း အမှန်မသိ. . မမြင်၊

ဥပမာသော်ကား လေတိုက်သောရေခွက်သည် လှုပ်ရှား၏၊ တုန်လှုပ်၏၊ လှိုင်းထ၏၊ မိမိမျက်နှာရိပ်ကို ကြည့်ပါက ဟုတ်တိုင်းမှန်စွာ မသိသကဲ့သို့ပင်၊

ပုဏ္ဏားတစ်နည်းသော်ကား မဝေခွဲနိုင်မှု( ဝိစိကိစ္ဆာ)ထကြွနှိပ်စက်သောစိတ်ဖြင့်နေသောအခါ ထိုမှလွတ်မြောက်ကြောင်းကိုလည်း အမှန်မသိ မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်ပါးစုံ အကျိုးကိုလည်းကောင်း အမှန်မသိမမြင်၊

ဥပမာသော်ကား ရေခွက်သည် နောက်ကျု၏၊ မငြိမ်သက်၊ ရွံ့နှစ်ရေဖြစ်၏၊ အမှောင်၌ထား၏၊ မိမိမျက်နှာရိပ်ကိုကြည့်ပါက ဟုတ်တိုင်းမှန်စွာ မသိသကဲ့သို့ပင် ။

ပုဏ္ဏား . . ဤသည်ပင် ဗေဒင်တို့ကို ဉာဏ်ဖြင့်ရွတ်ဆိုကုန်သော်လည်း မထင်မှု တို့သည် အကြောင်းအထောက်အပံ့ ဖြစ်ကြကုန်၏၊

ပုဏ္ဏား . . ကာမရာဂ စသောထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ထိုမှလွတ်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာသိ၏၊ မိမိအကျိုး သူတစ်ပါးကိုလည်း နှစ်ပါးစုံအကျိုးကို ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏၊ ကာလရှည်စွာ ရွတ်အံ့မှုကိုမပြုကုန်သော်လည်း ဗေဒင်ပညာတို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ မှုပြုကုန်လျှင်မူကား အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း၊

ပုဏ္ဏား . . ဥပမာသော်ကား ရေခွက်သည် ကြည်လင်ပြီး မနောက်ကျူ၊ အလင်းရောင်၌ထားပြီး မိမိမျက်နှာကို ဆင်ခြင်ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏၊

ပုဏ္ဏား . . ဤသတိစသော ဗောဇ္ဈင်(၇)မျိုးကား မပိတ်ပင်, မတားဆီးတတ်ကုန်၊ စိတ်ကိုမညစ်ညူးစေတတ်ကုန်၊ ပွားများမှုကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် အသိဉာဏ်(ဝိဇ္ဇာ) ရပြီး၊ ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ)အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏"

ဟုဗုဒ္ဓက မိန့်ကြားသောအခါ သင်္ဂါရဝပုဏ္ဏားသည် ဗုဒ္ဓ၏တရားကို အလွန်နှစ်သက်သဘောကျပြီးလျှင် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် ခံယူသွားလေသည်။

(မဟာဝဂ္ဂ သံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ သာကစ္ဆဝဂ်-သင်္ဂါရဝသုတ်)

## ဗုဒ္ဓဂေါတမ၏ ပြဟ္မဏတို့၏ပညတ်ချက်ကို ရဟန်းတို့အား ဟောကြားမှု
## ( ပြဟ္မဏတို့၏တပည့်တို့အား ကြီးပွားကြောင်း လမ်းစဉ်ချပေးမှု )

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ပြဟ္မဏတို့၏ ပညတ်ချက်နှင့်ပတ်သက်၍ ရဟန်းတို့အား ဟောကြားသည်မှာ -

"ပြဟ္မဏတို့သည် ကြီးပွားခြင်းသို့ရောက်မည် အကျင့် ကို ပညတ်ကုန်၏၊ တပည့်ကို ဤသို့ဆောက်တည်စေ၏"

"အချင်း-ယောကျ်ားလာလော့ သင်သည်စောစောထ၍ အရှေ့သို့ ရှေ့ရှုသွားလော၊ သင်သည်ချောက်၊ ကမ်းပါးပြတ်ကို မရှောင်လင့်၊ သစ်ငုတ် ဆူးရှိရာကို မရှောင်လင့်၊ တန်းစီအိုင်တွင်းကို မရှောင်လင့် ကျရာအရပ်မှာပင် သေခြင်းကိုလိုလားတောင့်တရာ၏၊

ဤအကျင့်ဖြင့်သင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးနောက် ကောင်းသောသူတို့၏ လားရာ နတ်ပြည်၌ဖြစ်လတ့်' ဟုဆိုကာ ဆောက်တည်စေ၏၊

ရဟန်းတို့. . . ဤအကျင့်သည် ပြဟ္မဏတို့၏မိုက်မဲမှုတွေဝေမှုမျှသာတည်း၊ ငြိမ်းငွေ့ခြင်း၊ စွဲမက်မှုကင်းချုပ်ခြင်း၊ ငြိမ်းအေးခြင်း၊ ထိုထွင်း၍သိခြင်း၊ ကိုယ်တိုင်သိခြင်းငှါမဖြစ်၊ နိဗ္ဗာန်အလို့ငှါ မဖြစ်။

ငါသည် အရိယာ၏ဝိနည်း၌ ကြီးပွားခြင်းသို့ရောက်ကြောင်း အကျင့်ကို သိစေအံ့၊ဤအကျင့်သည်ကား ငြီးငွေ့ခြင်းစသည် အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်၏၊

ဤအကျင့်သည်ကား သာသနာတော်၌ အရိယာတပည့်သည်-

-ဘုရား၊တရား၊သံဃာ၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသည်။

-မကျိုးမပေါက် , မပြောက်မကျားကုန်သော တည်ကြည်မှု သမာဓိကို ဖြစ်စေသော အရိယာတို့နှစ်သက်သော သီလနှင့် ပြည့်စုံ၏၊

ဤသည်တို့ကား ငြိမ်းငွေ့ခြင်းစသည်ကို ဖြစ်စေသော ကြီးပွားသို့ရောက်ကြောင်းအကျင့်ပင်ဖြစ်၏၊

(မဟာဝဂ္ဂသံယုတ်။ သောတာပတ္တိသံယုတ်။
ဗြဟ္မဏသုတ်)

# ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝ ပုဏ္ဏားလုလင် (အသိဉာဏ်အဆုံးရရှိမှု ပြဿနာ၊ နတ်ရှိမှုပြဿနာ)

ဗုဒ္ဓသည် ကောသလတိုင်း ဒေသစာရီ လှည့်လည်နေချိန်ဖြစ်သည်။

ထိုအချိန်ဝယ် ဓနဉ္စာနိပုဏ္ဏေးမသည် စဉ္စလိကပ္ပရွာ၌နေ၍ ဘုရား၊ တရား၊ သံဃာ၌ အလွန်ကြည်ညိုဖြစ်သည်။ သူမသည် ချော်လဲသည်ခြစ်စေ၊ တစ်စုံတစ်ရာ ထိခိုက်မှုဖြစ်စေ၊ ချေဆတ်သည်ဖြစ်စေ-

"နမောတဿ ဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ သုံးကြိမ်ဥဒါန်းကျူးရွတ်ဆိုလေ့ရှိသည်။

ထိုအခါ ထိုရွာ၌နေသော သင်္ဂါရဝ အမည်ရှိသောပုဏ္ဏားလုလင်သည် ဗေဒင်သုံးပုံကို တစ်ဘက်ကမ်း တတ်မြောက်သူဖြစ်သည်။ သူသည် ဓနဉ္စာနိ ပုဏ္ဏေးမ၏ ဗုဒ္ဓဂုဏ်ကိုရွတ်ဆိုမှုနှင့်ပတ်သက်၍ ကြားရပြီး-

"ဤဓနဉ္စာနိပုဏ္ဏေးမသည် မင်္ဂလာမရှိလေစွ၊ ကျက်သရေမရှိလေစွ၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားများရှိပါလျက် ဦးပြည်းရဟန်းယုတ်၏ ဂုဏ်ကိုရွတ်ဆိုဘိ၏"

ဟုအမျက်ထွက်ပြောဆိုလေသည်။

ထိုသင်္ဂါရဝပုဏ္ဏားလုလင်ပြောဆိုသံကို ဓနဉ္စာနိပုဏ္ဏေးမသည်ကြား၍ ပုဏ္ဏားလုလင်ကို-

"အမောင်လုလင်. . . သင်သည်ဗုဒ္ဓ၏ သီလဂုဏ်၊ ပညာဂုဏ်ကိုမသိလေစွတကား၊ ထိုဗုဒ္ဓ၏သီလဂုဏ်၊ ပညာဂုဏ်ကိုအကယ်၍ သိငြားအံ့၊ ထိုဗုဒ္ဓကို ဆဲရေးလိုက်သူ၊ ရေရွတ်ထိုက်သူဟူ၍ မအောက်မေ့တန်ရာ"
ဟုပြောဆိုလေသည်။

"အရှင်မ. . . သို့ဖြစ်မူ ဓနဥ္စလိကပ္ပရွာသို့ ရဟန်းဂေါတမရောက်လာပါက ကျွန်ုပ်အားပြောကြားပါလော့"

"အမောင်လုလင်. . ကောင်းပါပြီ၊ ပြောကြားပေးမည်"

ထိုအခါ ဗုဒ္ဓသည် ကောသလတိုင်း၌ ဒေသစာရီလှည့်လည်ရာ အစဉ်အတိုင်း စဥ္စလိကပ္ပရွာသို့ရောက်လာပြီး တောဒေယျပုဏ္ဏား၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေလေသည်။

ထိုသတင်းကို ဓနဉ္စာနီပုဏ္ဏေးမသည်ကြား၍ သင်္ဂါရဝပုဏ္ဏားလုလင်ထံသို့ အကြောင်းကြားပေးလေသည်။

ထိုအခါ သင်္ဂါရဝ ပုဏ္ဏားလုလင်သည် ဗုဒ္ဓထံသို့သွားရောက်ကာ ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောဆိုပြီး တစ်နေရာ၌ ထိုင်လေသည်။

"အရှင်ဂေါတမ. . ဤလောက၌ မျက်မှောက်ဘဝမှာပင် အသိဉာဏ်ထူး၏၊ အပြီးအဆုံး အထွဋ်အထိပ်သို့ရောက်သူများဖြစ်သည်ဟုဆိုကာ အစဦးဆုံးဖြစ်သော အကျင့်မြတ်ကို ဝန်ခံသော ရဟန်းပုဏ္ဏားအချို့တို့တွင် အရှင်ဂေါတမသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း"

"ဘာရဒွါဇ. . ငါသည် မျက်မှောက်ဘဝမှာပင် အထူးသိ၍ အဆုံးတစ်ဘက်ကမ်းသို့ ရောက်သူများ ဟုဆို၍ မြတ်သော အကျင့်ကို အစအဆုံးတီထွင်သူများ ဟုဝန်ခံကြသော သူတို့သော်လည်းကောင်း အထူးအကွဲအပြားရှိကြောင်း ငါဆိုပါ၏"

ဘာရဒွါဇ. . ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့ကဲ့သို့ တဆင့်ကြားနာမှတ်သားတတ်ကုန်သော ထိုတဆင့်ကြားဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးကမ်းတစ်ဘက်သို့ ရောက်သူဟူ၍ မြတ်သောအကျင့်ကို အစအဆုံးတီထွင်သူများ ဟုဝန်ခံကြကုန်သော အချို့သောရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။

ဘာရဒွါဇ. . . ကြံစည်သူ၊ စုံစမ်းသူများကဲ့သို့ သက်သက်ယုံကြည်ကာမျှဖြင့် မျက်မှောက်ဘဝ၌ပင် အထူးသိ၍ အဆုံးတစ်ဘက်သို့ရောက်သူများဟု ဆို၍မြတ်သောအကျင့်ကို အဆုံးတီထွင်သူများဟု ဝန်ခံကြကုန်သော အချို့သောရဟန်းပုဏ္ဏားများသည် ရှိကြ၏။

ဘာရဒွါဇ. . . ရှေးကမကြားဖူးသးကုန်သော တရားတို့၌ကိုယ်တိုင်သာလျှင် တရားသဘောကို ထိုးထွင်းသိ၍ အဆုံးကမ်းတစ်ဘက်သို့ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစအဆုံးတီထွင်သူများ ဟုဝန်ခံကြသော ရဟန်းပုဏ္ဏားအချို့တို့ သည် ရှိကြကုန်၏။

ဘာရဒွဇ. . . ထိုရဟန်း၊ ပုဏ္ဏားတို့တွင် ရှေးအခါက မကြားဘူးသေးကုန်သော တရားတို့၌ကိုယ်တိုင်သာလျှင် တရား

သဘောကို ထိုးထွင်းသိ၍ မျက်မှောက်ဘဝ၌ပင် အဆုံးတစ်ဘက် ကမ်းသို့ရောက်သူများဟုဆို၍ မြတ်သောအကျင့်ကို အစအဆုံး တီထွင်ဟု ဝန်ခံကြကုန်သော ရဟန်းပုဏ္ဏားတို့တွင် ငါဘုရားသည် တစ်ယောက်အပါအဝင်ဖြစ်သည်။ ငါဘုရားတစ်ယောက် အပါ အဝင်ဖြစ်ပုံကို ဤငါဘုရားဆိုလတ့်သော အကြောင်းဖြင့်သိရမည်။

ထို့နောက် ဗုဒ္ဓက မိမိဘဝ၏ မိဘဆွေမျိုးတို့က မလိုလား ပါပဲလျက် ထီးနန်းစည်းစိမ်ကို စွန့်ပြီးတောထွက်ခဲ့ပုံ-

တောထွက်ပြီး အာဠာရ ရသေ့နှင့် ရာမမင်းသား ဥဒကရသေ့ ထံ တပည့်ခံ၍ ကျင့်ခဲ့ရာစျာန်သမာပတ်ရခဲ့ပုံ-

ထိုတရားများသည် ငြီးငွေ့ခြင်းငှါမဖြစ်၊ တပ်မက်ခြင်း ကင်းခြင်းငှါမဖြစ်၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှါမဖြစ်၊ ကောင်းစွာ သိခြင်းအကျိုးငှါမဖြစ်၊ နေဝသညာနာသညာယတနာဘုံ၌ဖြစ်ရုံ မျှ အကျိုးသာဖြစ်သည်ကိုသိ၍ ထိုဆရာထံမှခွါကာ ဉရုဝေဠတော ၌ သေနနိဂုံးသို့ရောက်ပုံ၊ တော၌မြစ်ရေရှိပုံ၊ သာယာပုံ၊ ဆွမ်းခံ ရွာရှိပုံ၊ တရားကမ္မဋ္ဌာန်းအားထုတ်လျှင် သင့်ရာဖြစ်ပုံကို ကြံပြီး ထိုတောအုပ်၌ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ပုံ-

ထိုသို့အားထုတ်စဉ် အံ့ဩဖွယ်ရာ ဥပမာသုံးရပ်ထင်လာပုံ၊

-ရေ၌ချထားသောထင်းစိုသည် အစိုအစေးရှိ၍ မီးပွတ် ခုံဖြင့် မီးမွေးပါကမရနိုင်၊ ပင်ပန်းရုံသာရှိသလို ကိုယ်စိတ်ဖြင့်လို ချင်မှု အစေးရှိနေသမျှ လုံ့လကြောင့်ဖြစ်သော ကြမ်းတမ်းသော ဆင်းရဲကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ၊ အမြင်အကျိုး ငှါ၊ ထိုထွင်း၍သိခြင်းငှါမဖြစ်နိုင်ပုံ၊ ဆင်းရဲမခံစားရသော်လည်း ဉာဏ်အကျိုးစသည်မဖြစ်ပုံ-

-တစ်ဖန် ကုန်း၌ချထားသော အစိုအစေးရှိသောထင်းကို မီးမွှေးက မီးမရနိုင်၊ မီးမွှေးသူသာ ပင်ပန်းရဘိသကဲ့သို့ ကိုယ်စိတ်ဖြင့် လိုချင်မှုတို့မှကင်းဆိတ်၍နေ၏၊ သို့သော်အတွင်းသန္တာန်၌လိုချင်မှု စသည်ကို မပယ်ရသေးပါက လုံ့လကြောင့်ဆင်းရဲခံစားရသော်လည်း ဉာဏ်စသည်အကျိုးမဖြစ်၊ ဆင်းရဲမခံစားရသော်လည်း ဉာဏ်စသည်အကျိုးမဖြစ်ပုံ-

-ခြောက်သွေ့နေသော ထင်းပုံကိုမီးမွှေးပါက လွယ်ကူစွာမီးမွှေးနိုင်၍ မပင်ပန်းမဆင်းရဲသကဲ့သို့ ကိုယ်စိတ်ဖြင့် လိုချင်မှုကင်းဆိတ်နေ၏၊ ကိုယ်သန္တာန်မှာလည်း ပယ်ပြီးဖြစ်ပါက ကောင်းစွာငြိမ်းပြီးဖြစ်၍ လုံ့လကြောင့် ကြီးမားသောဆင်းရဲကို ခံစားရသော်လည်း ဉာဏ်စသည်အကျိုးငှါ ထိုက်တန်၏၊ ဆင်းရဲကိုမခံစားရသော်လည်း ဉာဏ်စသည်အကျိုးငှါထိုက်တန်ပုံ

ဟူသော ဥပမာ(၃)မျိုးထင်လာပုံ၊ ထို့နောက်မိမိကိုယ်ကို ဆင်းရဲပင်ပန်းခံခြင်းဟူသော ဒုက္ကရစရိယကျင့်ပုံ စျာန်အဆင့်ဆင့်ရပုံ၊

ထိုစျာန်ကိုပွားများပြီး ပုဗ္ဗေနိဝါသနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဟူသော ဝိဇ္ဇာဉာဏ်သုံးပါး အသီးသီးရပုံတို့ကို အကျယ်အားဖြင့် ဟောကြားပြတော်မူသည်။

ဤကဲ့သို့ ဟောကြားတော်မူသောအခါ သင်္ဂါရဝလုလင်သည် ဗုဒ္ဓ၏အသိဉာဏ်ထူး ရရှိရန် အားထုတ်ပုံအဆင့်ဆင့်ကို ချီးကျူးလျှောက်ထားပြီး-

"အရှင်ဂေါတမ. . နတ်တို့သည် ရှိပါကုန်သလော"

ဟုမေးလျှောက်သည်။

"ဘာရဒွါဇ. . နတ်တို့၏ရှိခိုးခြင်းကို အကြောင်းအားလျော်စွာ သိရ၏"

"အရှင်ဂေါတမ. . နတ်ရှိ. မရှိမေးရာ၌ အဘယ်ကြောင့် အကြောင်းအားလျော်စွာ သိရ၏ဟု ဆိုပါသနည်း"

"ဘာရဒွါဇ. . နတ်တို့သည်ရှိကုန်၏ဟု မြေသည်ဖြစ်စေ နတ်တို့ရှိခြင်းကို အကြောင်းအားလျော်စွာ သိရ၏ဟု ဖြေသည်ဖြစ်စေ၊ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်ကား နတ်တို့သည်ရှိကုန်၏ဟု တစ်ထစ်ချ ဆုံးဖြတ်နိုင်မည်ဖြစ်၏"

"အရှင်ဂေါတမ. . အစကပင် အဘယ့်ကြောင့် ဤသို့ မဖြေကြားပါသနည်း"

"ဘာရဒွါဇ. . . နတ်တို့သည်ရှိခြင်းကို လောက၌ ကျယ်လောင်သောအသံဖြင့် အသိအမှတ်ပြုပြီး ဖြစ်ပေ၏"

"အရှင်ဂေါတမ. . . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

စသည်ဖြင့် ချီးကျူးစကား အကျယ်လျှောက်ထားပြီး ဥပါသကာအဖြစ်ခံယူသွားလေသည်။

(မဇ္ဈိမပဏ္ဏာသ ပြဟ္မဝဂ်- သင်္ဂါရဝသုတ်)

## ဗုဒ္ဓဂေါတမနှင့် သင်္ဂါရဝပုဏ္ဏား (များယွင်းသောအမြင်သည် မှန်ကန်သောအမြင်စသည် ဟိုဘက်ကမ်း ထိုဘက်ကမ်းခေါ်ပုံ)

သင်္ဂါရဝပုဏ္ဏားသည် ဗုဒ္ဓထံချဉ်းကပ်ပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . . ဤမှာဘက်ကမ်းဟူသည် အဘယ်နည်း၊ ထိုမှာဘက်ကမ်းဟူသည်ပါ အဘယ်နည်း"

"ပုဏ္ဏား. . . များယွင်းသောအမြင်၊ အကြံအစည်၊ စကား၊ အလုပ်၊ အသက်မွေးမှု၊ လုံ့လ၊ သတိ၊ သမာဓိ၊ ပညာဉာဏ် လွတ်မြောက်သူတို့သည်ဟိုမှာဘက်ကမ်း တည်း"

မှန်ကန်သောအမြင်၊ အကြံအစည်၊ စကား၊ အလုပ်၊ အသက်မွေးမှု၊ လုံ့လ၊ သတိ၊ သမာဓိ၊ ပညာဉာဏ် လွတ်မြောက်မှုတို့သည် ဟိုမှာဘက်ကမ်းတည်း၊

ပုဏ္ဏား. . . ဤသည်ကား ဤမှာဘက်ကမ်းတည်း၊ ဤသည်ကား ဟိုမှာဘက်ကမ်းတည်း၊

"လူတို့တွင် အကြွင်သူတို့သည် ထိုမှာဘက်ကမ်း( နိဗ္ဗာန်သို့သွားရောက်ကုန်၏၊ ထိုလူတို့သည်ကား နည်းပါးလှ၏။ထို့ပြင် ထိုမှာဘက်ကမ်းသို့ သွားရောက်သူတို့ တစ်ပါးသူတို့ ဤသတ္တဝါအပေါင်းသည် ဤမှာဘက်ကမ်း( သက္ကာယဒိဋ္ဌိ) သို့သာလျှင်အဖန်ဖန်ပြေးသွားသည်။

အကြင်သူတို့သည်ကား ကောင်းစွာ ဟောတော်မူအပ်သော တရား၌ တရားအားလျော်စွာ ကျင့်ကုန်၏၊ ထိုသူတို့သည်ကား ကူးတတ်နိုင်ရန်ခက်ခဲသော သေမင်းတည်ရာ (ဝဋ္ဋတရား) ကို (ကူးတတ်ကာ) ဟိုမှာဘက်ကမ်း နိဗ္ဗာန်သို့ရောက်ကုန်လတ့်"

ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို ပယ်၍ ဖြူစင်သော ကုသိုလ်တရားများကိုပွားရာ၏၊ ကပ်ငြိရာ(ဝဋ်)မှ နိဗ္ဗာန်ကို အာရုံပြု၍ အကြင်ကင်းဆိတ်ရာ၌ မွေ့လျော်နိုင်ခဲ၏၊ထို ကင်းဆိတ်ရာ ကာမတို့ကို ပယ်စွန့်၍ ကြောင့်ကြခြင်းမရှိဘဲ အလွန်မွေ့လျော်ခြင်းကို အလိုရှိရာ၏၊ ပညာရှိ သည် စိတ်ညစ်ညူးခြင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အကြင်သူတို့၏စိတ်သည် သမာဓိ၏အင်္ဂါ(ဗောဇ္ဈင်)တို့၌ ကောင်းစွာပွားပြီးဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် စွဲလမ်းမှုမရှိပဲ စွဲလမ်းမှုတို့ကိုစွန့်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏၊ အာသဝေါတရားကုန်ပြီးကျန်သောတန်ခိုးအာနုဘော်ကြီးကုန်သော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လောက၌ ထက်ဝန်းကျင် ချုပ်ငြိမ်းပြီး ဖြစ်ကုန်၏။

(အင်္ဂုတ္တိုရ်၊ ဒသကနိပါတ်၊ ပစ္စောရောဟဏီဝဂ်၊ သင်္ဂါရဝသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဒေါ်ကာဗုလ္လား
# (စက်လက္ခဏာ ခြေရာနှင့်ဗုဒ္ဓ)

အခါတစ်ပါး၌ ဗုဒ္ဓသည် ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့ အကြား ခရီးရှည် ကြွတော်မူသည်။

ဒေါဏပုဏ္ဏားသည်လည်း ဥက္ကဋ္ဌမြို့နှင့်သေတဗျမြို့ အကြား၌ ခရီးရှည်သွားနေ၏။

ဒေါဏပုဏ္ဏားသည် ဗုဒ္ဓ၏ခြေတော်ရာ၌ အကန့်တစ်ထောင်ရှိသော အကွပ်နှင့်တကွဖြစ်ကုန်သော ပုန်းတောင်းနှင့်တကွဖြစ်ကုန်သော၊ အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံသော စက်(လက္ခဏာ) တို့ကိုမြင်လေသော်-

"အချင်းတို့ . . . အံ့ဖွယ်ရှိလေစွတကား၊ မဖြစ်ဖူးမြဲ ဖြစ်စွတကား၊ ဤခြေရာတို့သည် စင်စစ်လူဖြစ်သူ၏ခြေရာတို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ကုန်"

ဟု အကြံဖြစ်လေသည်။

ထိုအခါဗုဒ္ဓသည် ခရီးလမ်းမ, မှဖဲ့ခွါ၍ သစ်တစ်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေနေထိုင်ပြီးလျှင် ကမ္မဋ္ဌာန်းထိုင်နေလေသည်။

ဒေါဏပုဏ္ဏားသည် ဗုဒ္ဓ၏ခြေတော်ရာသို့ အစဉ်လိုက်လတ်သော် သစ်ပင်တစ်ပင်ရင်း၌ ကြည်ညိုဖွယ်စိတ်ကိုဖြစ်စေနိုင်သော၊ ငြိမ်သက်သောဣန္ဒြေရှိသော၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိသို့ရောက်လျက် ယဉ်ကျေးပြီး၊ စောင့်စည်းပြီး၊ ထိန်းသိမ်းပြီးသော၊ ဣန္ဒြေရှိသော ဆင်ပြောင်ကြီး အလားထိုင်နေသော

ဗုဒ္ဓကိုမြင်၍ ဗုဒ္ဓအနီးသို့ ချဉ်းကပ်သွားကာ-

"အရှင်သည် နတ်ဖြစ်ပါသလော"

ဟုမေးသည်။

"ပုဏ္ဏား. . . ငါသည်နတ်မဟုတ်ပါ"

"အရှင်သည် ဂန္ဓဗ္ဗ-နတ်မည်သလော"

"ပုဏ္ဏား. . ဂန္ဓဗ္ဗနတ်မဟုတ်ပါ"

"အရှင်သည် ဘီလူးဖြစ်ပါသလော"

"ပုဏ္ဏား. . ငါသည် ဘီလူးမဟုတ်ပါ"

"အရှင်သည်. . လူဖြစ်လိမ့်မည်လော"

"ပုဏ္ဏား. . လူလည်းမဟုတ်ပါ"

"အရှင်သည် မေးလိုက်တိုင်းမဟုတ်ဟူ၍သာ ဖြေသည်၊ အရှင်သည် အဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း"

"ပုဏ္ဏား. . ငါသည် အာသဝေါတရားတို့ကို မပယ်ရသေးသောကြောင့် နတ်, ဂန္ဓဗ္ဗ, ဘီလူး, လူဖြစ်ရာ၏၊ ထိုအာသဝေါတရားတို့ကို ငါပယ်ပြီးပြီ၊ အမြစ်ရင်းကိုဖြတ်ပြီးပြီ၊ နှုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ တစ်ဖန်မဖြစ်နိုင်အောင်ပြုပြီးပြီ၊ နောက်ထပ်တစ်ဖန်ဖြစ်ခြင်း သဘောမရှိပြီ"

"ပုဏ္ဏား. . ရေ၌ပေါက်၍ ရေ၌ကြီးပွားသော ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိပ်ကြာ တို့သည်လည်းကောင်း၊ ရေအထက်သို့တက်၍ ရေဖြင့်မလိမ်းကျံဘဲ တည်သကဲ့သို့ ဤအတူသာလျှင် လောက၌ကြီးပွားသောငါသည် လောကကိုလွှမ်းမိုး၍ (သင်္ခါရ) လောကနှင့်လိမ်းကျံကပ်ငြိခြင်းမရှိဘဲနေ၏၊ ထို့ကြောင့် ငါ့ကိုဗုဒ္ဓဟူ၍ သိမှတ်လေလော့"

"ပုဏ္ဏား. . အကြင်အာသဝေါတရားကြောင့် နတ်ဖြစ်ရာ၏၊ ကောင်းကင်သို့သွားသော ဂန္ဓဗ္ဗနတ်ဖြစ်ရာ၏၊ အကြင်အာသဝေါတရားကြောင့် ဘီလူးအဖြစ်၊ လူအဖြစ်သို့ရောက်ရ၏၊ ငါကား ထိုအာသဝေါတရားတို့ကုန်ပြီ၊ ဖျက်ဆီးအပ်ကုန်ပြီ၊ အနှောင်အဖွဲ့ကင်းအောင်ပြုပြီးပြီ၊

ကောင်းသောကြာပုဏ္ဏရိပ်သည် ရေဖြင့်မလိမ်းကျံသကဲ့သို့ ထိုအတူ သင်္ခါရလောကနှင့် မလိမ်းကျံပေ၊ ထို့ကြောင့် ငါသည် ဗုဒ္ဓဖြစ်၏"

(အင်္ဂုတ္တိုရ် စတုက္ကနိပါတ်(ပြ) ဒေါဏသုတ်)

# ဗုဒ္ဓဂေါတမနှင့် အဂ္ဂိကဘာရဒ္ဒါဇပုဏ္ဏား
# (နို့ယနာဆွမ်းကိုဂါထာဖြင့်ဆို၍ရသဖြင့်မစားရစကောင်း)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန် အဂ္ဂိကဘာရဒ္ဒါဇပုဏ္ဏားသည် မီးပူဇော်အံ့၊ မီးပူဇော်လုပ်ကျွေးအံ့-ဟူသော ထောပတ်နှင့်နို့ယနာကို ရောစပ်စီစဉ်နေသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံကြွရာ ထိုပုဏ္ဏားအိမ်ရှေ့သို့ချဉ်းကပ်ပြီး တစ်နေရာ၌ရပ်နေလေသည်။

ပုဏ္ဏားသည် ဆွမ်းအလို့ငှါရပ်လာသော ဗုဒ္ဓကိုမြင်၍-

"အရှင်ဂေါတမ. . . ဗေဒင်သုံးပုံ(ဝိဇ္ဇာ)တို့နှင့်ပြည့်စုံ၍ အမျိုးသန့်ပြီး များသောအကြားအမြင်နှင့်လည်း ပြည့်စုံလျက်၊ ဗေဒင်သုံးပုံ(ဝိဇ္ဇာ)၊ အကြားအမြင်(စရဏ) ပြည့်စုံသောသူသည် ဤသို့နို့ယနာဆွမ်းကို သုံးဆောင်ထိုက်ရာ၏"
ဟူ၍ ဂါထာဖြင့်လျှောက်ထားသည်။

"ပုဏ္ဏား. . ဇာတိ, သုတ, ဝိဇ္ဇာ, စရဏ ဟူသော စကားကို များစွာပြောဆိုသော်လည်း ယောက်သွားပုပ်ကဲ့သို့ ကိလေသာအတွင်းပုပ်သော ညစ်ညူးခြင်းရှိသော ဟန်ဆောင်မှုတို့ဖြင့် ခြံရံသူသည် အမျိုးဇာတ်ကြောင့် ပြဟ္မဏ မဖြစ်နိုင်"

"အကြင်ရဟန်းသည် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကိုသိ၏၊ နတ်ပြည်ကိုလည်းကောင်း၊ အပါယ်ကိုလည်းကောင်းမြင်၏၊ ထို့မှတစ်ပါးဇာတိကုန်ရာ အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုရဟန်းသည်သာ ထူးသောဉာဏ်ဖြင့်သိ၍ ဘဝ၏အဆုံးသို့ရောက်၏၊

ဤသုံးပါးသော အသိဉာဏ်(ဝိဇ္ဇာ)တို့ဖြင့် ဝိဇ္ဇာသုံးပါးရှိသူသည် ပြဟ္မဏမည်၏၊ ဝိဇ္ဇာ၊ စရဏနှင့်ပြည့်စုံသော ထိုပြဟ္မဏ

သည် ဤယနာနို့ဆွမ်းကို စားထိုက်၏”
ဟု ဗုဒ္ဓကဟောကြားသည်။

“အရှင်ဂေါတမသည် ပြဟ္မဏာမည်ပါပေ၏၊ ဤယနာနို့ကို ဘုဉ်းပေးတော်မူပါ”

“ပုဏ္ဏား. . . ဂါထာဖြင့်သီဆို၍ရသောဆွမ်းကို ငါဘုရားမသုံးဆောင်၊ အကျိုးအကြောင်းကို သိမြင်ကုန်သော သူတော်ကောင်းတို့အား ဤသုံးဆောင်ခြင်းသည် တရားသဘောသို့ မသက်ဝင်၊ ဘုရားရှင်တို့သည် ဂါထာဖြင့်သီဆို၍ရသော ဆွမ်းကို ပယ်ကုန်၏၊

ပုဏ္ဏား. . . ဤသည်ပင်လျှင် သူတော်ကောင်းတရား၌ တည်ကုန်သော ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း၊

ပုဏ္ဏား. . . ဂုဏ်ကျေးဇူးကိုရှာမှီးတတ်သော၊ နောင်တစ်ဖန်ပူပန်မှု ငြိမ်းပြီးသော၊ အလုံးစုံကိစ္စပြီးပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဂါထာဖြင့် သီဆို၍ရသော ဆွမ်းမှတစ်ပါး အခြားသောဆွမ်းအဖျော်ဖြင့် လုပ်ကျွေးသော ထိုရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုကို အလိုရှိသောသူ၏ လယ်မြေကောင်းသဖွယ်ဖြစ်၏”
ဟု ဗုဒ္ဓက မိန့်ကြားသောအခါ အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ အလွန်နှစ်သက်သဖြင့် ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကို ခွင့်တောင်းလေသည်။

ရဟန်းဖြစ်ပြီးနောက် ဆိတ်ငြိမ်ရာအရပ်ကပ်၍ တရားကို ကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာတစ်ပါးဖြစ်လေသည်။

(သဂါထာဝဂ်သံယုတ်၊ ဗြဟ္မဏသံယုတ်၊ အရဟန္တဝဂ်၊ အဂ္ဂိကသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဥဏ္ဏာဘပုဏ္ဏား
# (ကိလေသာမှလွတ်မြောက်မှု မှီခိုရာနိဗ္ဗာန်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ဥဏ္ဏာဘပုဏ္ဏားသည် ဗုဒ္ဓထံသို့ရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး သင့်ရာနေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . အာရုံအမျိုးမျိုး၊ ကျက်စားရာအမျိုးမျိုးရှိကုန်၏၊ အချင်းချင်း၏ကျက်စားရာ အာရုံကိုမခံစားကုန်သော စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ ဟူသော ဣန္ဒြေငါးပါးတို့၏ မှီခိုရာကား အဘယ်ပါနည်း၊ ထိုဣန္ဒြေငါးပါးတို့၏ကျက်စားရာ အာရုံကို အဘယ်တရားက ခံစားပါသနည်း" ဟုလျှောက်ထားသည်။

"ပုဏ္ဏား. . . ဣန္ဒြေငါးပါးတို့၏ မှီခိုရာကားစိတ်တည်း၊ ကျက်စားရာအာရုံကို စိတ်ကပင်ခံစား၏"

"အရှင်ဂေါတမ. . စိတ်၏မှီခိုရာသည် အဘယ်နည်း"

"ပုဏ္ဏား. . စိတ်၏မှီခိုရာသည် အောက်မေ့မှု(သတိ)ပင်ဖြစ်၏"

"အရှင်ဂေါတမ. . အောက်မေ့မှု(သတိ)၏ မှီခိုရာသည် အဘယ်နည်း"

"ပုဏ္ဏား. . . အောက်မေ့မှု (သတိ)၏ မှီခိုရာသည် ကိလေသာမှ လွတ်မြောက်မှု(ဝိမုတ္တိ)ဖြစ်ပါသည်"

"အရှင်ဂေါတမ. . . ကိလေသာမှ လွတ်မြောက်မှု၏ မှီခိုရာသည် အဘယ်နည်း"

"ပုဏ္ဏား. . ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ)၏ မှီခိုရာသည် နိဗ္ဗာန်တည်း"

"အရှင်ဂေါတမ. . နိဗ္ဗာန်၏မှီခိုရာသည် အဘယ်နည်း"

"ပုဏ္ဏား. . . အမေးပြဿနာသည် လွန်သွားခဲ့ပြီ၊ အမေးပြဿနာ၏အဆုံးကိုယူခြင်းငှါ သင်မတတ်နိုင်ပါ၊ နိဗ္ဗာန်လျှင်လဲလျောင်းရာရှိသည်၊ နိဗ္ဗာန်လျှင်အဆုံးရှိသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်သုံးရ၏"

ဟု ဗုဒ္ဓကမိန့်ကြားသောအခါ ဥဏ္ဏာဘပုဏ္ဏားသည် ဗုဒ္ဓ၏စကားကို အလွန်နှစ်သက်သဘောကျ ဝမ်းမြောက်ပြီးလျှင် ဗုဒ္ဓကိုရှိခိုးလျက် နေရာမှ ဖဲ့ခွါသွားလေသည်။

(မဟာဝဂ္ဂသံယုတ်၊ ဣန္ဒြိယသံယုတ်၊ ဇရာဝဂ်၊ ဥဏ္ဏာဘ ဗြဟ္မဏသုတ်)

## ဗုဒ္ဓဂေါတမနှင့် အနုတ္တပုစ္ဆကပုဏ္ဏား
## (လောက၌အကျိုးစီးပွား ချမ်းသာခြင်း၏အကြောင်း)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်၊ သာဝတ္ထိနေပုဏ္ဏားတစ်ယောက်သည်-

"အသို့နည်း. . ရဟန်းဂေါတမသည် အကျိုးစီးပွားတိုးပွားခြင်းအကြောင်းကောင်းသည်ကိုသိသလော၊ ဆုတ်ယုတ်ပျက်စီးကြောင်း မကောင်းသောအကျိုးမဲ့ကို သိသလော၊ ဤအကြောင်းနှစ်ရပ်ကို မေးလျှောက်အံ့"

ဟု အကြံဖြစ်ပေါ်ကာ ဗုဒ္ဓထံလာရောက်ပြီး ထိုပြဿနာကိုမေးလျှောက်လေသည်။

"ပုဏ္ဏားကြီး. . . ငါဘုရားသည် အကျိုးစီးပွားတိုးပွား မြင့်မြတ်သည်ကိုလည်းသိ၏၊ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်သည်ကိုလည်းသိတော်မူ၏"

"အရှင်ဂေါတမ. . . ထိုသို့ဖြစ်လျှင် အကျိုးစီးပွား ပျက်ပြားစေတတ်သည်တို့ကို ဟောကြားပြသတော်မူပါလော"

"ပုဏ္ဏားကြီး. . . နေမြင့်အောင်အိပ်ခြင်း၊ ပျင်းရိခြင်း၊ ကြမ်းကြုတ်ခြင်း၊ နေ့ရှည်ညဉ့်ပါ သေရည်သောက်ခြင်း၊ တစ်ယောက်တည်းခရီးရှည်သွားခြင်း၊ သူတစ်ပါးမယားပြစ်မှားခြင်းတို့ကို အမြဲပြုလုပ်သည်ရှိသော် အသင့်အား အကျိုးစီးပွားပျက်စီးလတ့်"

"ဂိုဏ်းဆရာ၊ ဂိုဏ်းအကြီးအကဲဖြစ်သော မြတ်စွာဘုရားကောင်းပါပေ၏၊ ကောင်းပါလေ၏၊ အရှင်သည် အကျိုးစီးပွားတိုးတက်မြင့်မြတ်သည်ကိုလည်း သိတော်မူကုန်၏၊ အကျိုးစီးပွားပျက်ပြားဆုတ်ယုတ်သည်ကိုလည်း သိတော်မူကုန်၏"

ဟု ဗုဒ္ဓကိုပုဏ္ဏားကြီးက ကောင်းချီးထောပနာ ပြုလေသည်။

"ပုဏ္ဏားကြီး. . အကျိုးစီးပွားရှိသည်၊ မရှိသည်၊ တိုးတက်ပွားများသည်၊ ဆုတ်ယုတ်သည်ကို သိသောအရာ၌ ငါဘုရားနှင့်တူသော တစ်စုံတစ်ယောက်သောသူသည် မရှိပါ"

ထို့နောက်ဗုဒ္ဓက ပုဏ္ဏားကြီး၏ အဇ္ဈာသယ(အလို)ကိုဆင်ခြင်၍-

"ပုဏ္ဏားကြီး. . အသင်သည် အဘယ်အမှုဖြင့် အသက်မွေးသနည်း"

ဟုမေးသည်။

"အရှင်ဂေါတမ. . ကြွေအန်လောင်းစကားခြင်းအမှုဖြင့် အသက်မွေးပါသည်"

"ပုဏ္ဏားကြီး. . . အသို့နည်း၊ ကြွေအန်လောင်းတမ်းကစားခြင်းအမှုကိုပြုသော အသင့်အား အောင်နိုင်ခြင်းဖြစ်သလော သို့မဟုတ် ရှုံးခြင်းဖြစ်သလော"

"အရှင်ဂေါတမ. . အောင်သောအခါရှိသလို ရှုံးသောအခါလည်းရှိပါ၏"

"ပုဏ္ဏားကြီး. . ဤသို့ကြွေအန်ကစားခြင်းတည်းဟူသော အနည်းငယ်မျှသော အောင်နိုင်ခြင်းဖြင့် အောင်သောသူသည် မြတ်လှသည်မဟုတ်သေးပါ၊ အကြင်သူသည် ကိလေသာကို အောင်နိုင်ခြင်းဖြင့် မိမိကိုယ်ကိုအောင်နိုင်စွမ်း၏၊ ထိုပုဂ္ဂိုလ်၏ အောင်နိုင်ခြင်းသည်သာလျှင် မြင့်မြတ်ပါ၏"

"ပုဏ္ဏားကြီး. . ထိုကိလေသာအောင်နိုင်ထားသောသူကို တစ်စုံတစ်ယောက်သောသူသည် ပြန်၍အောင်နိုင်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်"

"မိမိကိုယ်၌ဖြစ်သော ကိလေသာကိုအောင်နိုင်ခြင်းသည် မြတ်၍ သူတစ်ပါးအပေါ် အောင်နိုင်ခြင်းသည်မမြတ်၊ မိမိကိုယ်ကို ဆုံးမလျက် ကိုယ် နှုတ် နှလုံး သုံးပါးကို စောင့်စည်းသော အကျင့်ရှိသော ယောကျ်ားဏ်အောင်နိုင်ခြင်းကို နတ်, ဗြဟ္မာ, ဂန္ဓဗ္ဗ,မာရ်မင်းတို့သည် တစ်ဖန်ပြန်၍ ရှုံးအောင်မပြုနိုင်ကြပေ"

(လူများသည် ကြွေအန်ကစားခြင်းဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာဆောင်ယူခြင်းဖြင့်လည်းကောင်း၊ စစ်တိုက်ခြင်းဖြင့်လည်းကောင်း၊ အင်အားဖြင့်ဖိနှိပ်ခြင်းဖြင့်လည်းကောင်း အောင်နိုင်ရာ၏၊

ထိုသို့အောင်နိုင်ခြင်းသည် မြင့်မြတ်သည်မဟုတ်၊ မိမိကိုယ်ကိုအောင်နိုင်သောသူသည် ကာယကံစသည်ကို အမြဲစောင့်စည်း၏၊ ဤသို့စောင့်စည်းမှုရှိသော ပုဂ္ဂိုလ်အား နတ်, ဂန္ဓဗ္ဗနတ်, မာရ်နတ်တို့သည် ဗြဟ္မာမင်းနှင့်ပူးပေါင်း၍ ထိုသူကိုတစ်ဖန်ရှုံးစေမည် ဟု ကြိုးပမ်းငြားအံ့၊ မဂ်ဖြင့်ပယ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ပြန်ဖြစ်စေအံ့ ဟူ၍ကြိုးပမ်းငြားသော်လည်း မတတ်နိုင်ချေ။

စီးပွားဥစ္စာချင်းပြိုင်၍ ရှုံးသောသူသည် အခြားနေရာမှ အကူအညီရယူ၍ မိမိအပေါ် အနိုင်ယူသွားသူကို ပြန်လည်ရှုံးနိမ့်သွားအောင် ပြုလုပ်နိုင်၏၊ မိမိကိုယ်ကိုနိုင်သူအား ဤကဲ့သို့ တစ်ဖန် ရှုံးနိမ့်အောင် မပြုနိုင်ချေ။)

ဒေသနာတော်၏ အဆုံးဝယ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ရှိကြလေသည်။

(ဓမ္မပဒ၊ သဟဿဝဂ်၊ အနတ္တပုစ္ဆကဗြဟ္မဏဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် လောကာယတိကပုဏ္ဏား (အလုံးစုံသည် တူသောသဘောရှိ-မရှိ ပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် လောကာယတိကပုဏ္ဏားသည် ဗုဒ္ဓထံသို့ရောက်ရှိလာပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်သည်။

"အရှင်ဂေါတမ. . . အသို့နည်း အလုံးစုံသည် ရှိပါသလော"

"ပုဏ္ဏား. . အလုံးစုံသည်ရှိ၏ ဟူသော ဤအယူသည် တစ်ခုသောလောကခဲ့တရားပေတည်း"

"အရှင်ဂေါတမ. . . အလုံးစုံသည် မရှိပါသလော"

"ပုဏ္ဏား. . . အလုံးစုံသည်မရှိဟူသော ဤအယူသည် ဒုတိယ လောကခဲ့တရားပေတည်း"

"အရှင်ဂေါတမ. . . အလုံးစုံသည် တူသောသဘောရှိပါသလော"

"ပုဏ္ဏား. . . အလုံးစုံသည် တူသောသဘောရှိ၏ ဟူသော တတိယလောကခဲ့တရားပေတည်း"

"အရှင်ဂေါတမ. . . အလုံးစုံသည် ထူးခြားသော သဘောရှိပါသလော"

"ပုဏ္ဏား. . အလုံးစုံသည် ထူးခြားသောသဘောရှိ၏ဟူသော ဤအယူသည် စတုတ္ထအခဲ့တရားပေတည်း"

ပုဏ္ဏား ထိုနှစ်ပါးကုန်သော လောကအစွန်းတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အလယ်အလတ်ဖြင့် တရားတော်ကို ဟောတော်မူ၏။

မသိမှု(အဝိဇ္ဇာ)အကြောင်းကြောင့် ပြုပြင်စီရင်မှု(သင်္ခါရ) တို့ဖြစ်ကုန်၏၊ သင်္ခါရအကြောင်းကြောင့် ဝိညာဏ်ချုပ်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏"

ဟု ဗုဒ္ဓကဟောကြားသောအခါ လောကယတိကပုဏ္ဏားသည် ဗုဒ္ဓ၏တရားကို အလွန်နှစ်သက်သဘောကျကာ ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူသွားလေသည်။

(နိဒါနဝဂ်၊ နိဒါနသံယုတ်၊ ဂဟပတိဝဂ်၊
လောကာယတိကသုတ်)

## ဗုဒ္ဓဂေါတမနှင့် မာနတ္ထဒ္ဓပုဏ္ဏား
## (မာန်မာနမပြုသင့်ရာ ပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်ဖြစ်သည်။

မာနတ္ထဒ္ဓပုဏ္ဏားသည် သာဝတ္ထိပြည်၌နေသူဖြစ်ပြီး မိဘ၊ ဆရာသမား၊ အစ်ကိုတို့ကို ရိုခိုးမှုမပြုသူဖြစ်သည်။

ဗုဒ္ဓသည် ပရိသတ်အများကို တရားဟောနေလေသည်။

"ဤရဟန်းဂေါတမသည် ပရိတ်သတ်များစွာ ခြံရံလျက်တရားဟော၏၊ ငါသည်ရဟန်းဂေါတမထံ ချဉ်းကပ်ရမူ ကောင်းလေစွ၊ အကယ်၍ ရဟန်းဂေါတမသည် ငါနှင့်အတူစကားပြောအံ့၊ ငါနှင့်အတူစကားမပြောဆိုအံ့ ငါသည်လည်း ရဟန်းဂေါတမနှင့် စကားမပြောအံ့"

ဟူ၍ အကြံဖြစ်ပြီးလျှင် ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီး တိတ်ဆိတ်စွာနေလျက် နေရာတစ်ခု၌ရပ်နေလေသည်။

ထိုအခါဗုဒ္ဓသည် ထိုပုဏ္ဏားကိုစကားမပြောဘဲနေသည်။

"ဤရဟန်းဂေါတမသည် တစ်စုံတစ်ရာ ဘာမျှမသိ"

ဟုအကြံဖြစ်ပြီး ထိုနေရာမှ ပြန်ဆုတ်လိုသောစိတ် ဖြစ်ပေါ်လေသည်။ ဗုဒ္ဓသည်မာနတ္ထဒ္ဓပုဏ္ဏား၏ အကြံကိုသိ၍-

"ပုဏ္ဏား. . ဤလောက၌ မာန်မူခြင်းသည် မကောင်း အကျိုးစီးပွားကို အလိုရှိသောသူအား အကျိုးစီးပွားကြောင့် ငါထံသို့လာ၏၊ ထိုအလိုရှိသော အကျိုးစီးပွားကိုသာလျှင် ပွားစေရာ၏" ဟု မိန့်ကြားလေသည်။

"ငါ၏စိတ်ကို ရဟန်းဂေါတမသည် သိလေ၏"

ဟု ထိုခဏနှင့်ပင် ဗုဒ္ဓ၏ခြေတော်တို့ကို ဦးခေါင်းဖြင့်တိုက်၍ ခံတွင်းဖြင့် စုပ်သည်။ လက်တို့ဖြင့်လည်း ဆုပ်နယ်သည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် မာနတ္ထပုဏ္ဏားပါတည်း"

ဟု အမည်ကို သုံးကြိမ်မြွက်ဆိုကာ လျှောက်ထားလေသည်။ ထိုအခါ ပရိတ်သတ်တို့က-

"အချင်းတို့. . . အံ့ဘွယ်ရှိပေစွတကား မဖြစ်ဖူးမြဲ ဖြစ်လေစွတကား၊ အချင်းတို့ ဤပုဏ္ဏားသည် ရှေးက မိဘ, ဆရာ သမား၊ အစ်ကိုသော်မျှ ရှိခိုးသူမဟုတ်။ ယခုမူ ရဟန်းဂေါတမ၌မူ ဤကဲ့သို့ အရိုအသေပေးခြင်းကို ပြုဘိ၏"

ဟုဝမ်းမြောက်ဝမ်းသာမှု ဖြစ်ကြလေသည်။

"ပုဏ္ဏား. . . ငါ့အပေါ်၌ သင့်၏စိတ်ကြည်ညိုခြင်းသည် ဖြစ်ခဲ့လေပြီ၊ သင့်တော်လောက်ပြီ၊ ထ,လော့ မိမိနေရာ၌ ထိုင်လော့"

ထိုအခါ ပုဏ္ဏားသည် မိမိနေရာ၌ ထိုင်လျက် ဗုဒ္ဓအား-

"အရှင်ဂေါတမ. . အဘယ်ပုဂ္ဂိုလ်တို့၌ မာန်မာနကို မပြုရာသနည်း။ အဘယ်ပုဂ္ဂိုလ်တို့၌ အလေးအမြတ်ပြုအပ်ပါသနည်း၊ အဘယ်ပုဂ္ဂိုလ်တို့ကို အရိုအသေပြုအပ်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့ကို ကောင်းစွာပူဇော်အပ်ကုန်ပါသနည်း"

ဟု လျှောက်ထားမေးသည်။

"ပုဏ္ဏား. . မိဘ, အစ်ကို ဆရာသမားတို့၌ မာန်မာန မပြုအပ်၊ ထိုပုဂ္ဂိုလ်တို့၌ အလေးအမြတ်ပြုရာ၏။ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော်အပ်ကုန်ရာ၏"

ပူဇော်အထူးကို ခံတော်မူထိုက်လျက် ငြိမ်းအေးကုန်သော၊ အာသဝကင်း၍ ပြုအပ်ပြီးသော ကိစ္စရှိကုန်သော၊ အတုမဲ့ ဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့ကို မာန်မာနနှိမ့်ချလျက် မခက်ထန် သည်ဖြစ်၍ သင်ရှိခိုးရာ၏"

ဟူ၍ ဗုဒ္ဓက မိန့်ကြားသောအခါ မာနတ္ထဒ္ဓပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ အလွန်နှစ်သက်မြတ်နိုးသဖြင့် ရတနာသုံးပါး၌ ဆည်းကပ်သော ဥပါသကာအဖြစ် လျှောက်ထားလေသည်။

(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဥပါသကာဝဂ်၊ မာနတ္ထဒ္ဓသုတ်)

# ဗုဒ္ဓဂေါတမနှင့် ပစ္စနိကသာတ ပုဏ္ဏား
# (ဆန့်ကျင်ဘက်စိတ်ဖြင့် နားထောင်မှုပြုက အမှန်တရားကိုမသိနိုင်ပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

သာဝတ္ထိမြို့နေ ပစ္စနိကသာတမည်သော ပုဏ္ဏားသည်

"ငါသည်ရဟန်းဂေါတမထံ ချဉ်းကပ်၍ ဆိုတိုင်း ဆိုတိုင်း သောစကားကို ဆန့်ကျင်ဘက်ပြုရမှုကောင်းလေစွ"

ဟူသော အကြံအစည်ဖြစ်လေသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် လွင်တီးခေါင်၌ စင်္ကြံကြွနေတော်မူသည်။ ပုဏ္ဏားသည် ဗုဒ္ဓစင်္ကြံလျှောက်နေရာသို့သွား၍ စင်္ကြံလျှောက်နေသော ဗုဒ္ဓအား-

"အရှင်ရဟန်း. . . တရားကို ဟောပါလော"

ဟု အတင်းအကျပ်လျှောက်ထားသည်။

"ပုဏ္ဏားသည် ဆန့်ကျင်ဘက်ပြုမှုကို သာယာသောစိတ်ဖြင့်လည်းကောင်း၊ ညစ်နွမ်းသောစိတ်ဖြင့်လည်းကောင်း၊ ချုပ်ချယ်မှုများသောစိတ်ဖြင့်လည်းကောင်း၊နားထောင်သောသူသည် ကောင်းစွာဆိုအပ်သော စကားကိုမသိ နိုင်ရာ၊

"အကြင်သူသည် ချုပ်ချယ်လိုသောစိတ်ကိုလည်းကောင်း စိတ်မကြည်လင်ခြင်းကိုလည်းကောင်း၊ ပယ်ဖျောက်၍အမျက်ဒေါသကိုစွန့်လျက် ကြားနာ၏။ ထိုသူသည် ကောင်းစွာဆိုအပ် သောစကားကို စင်စစ်သိနိုင်ရာ၏"

ဟု ဗုဒ္ဓက မိန့်ကြားသောအခါ ပစ္စနီကသာတ ပုဏ္ဏားသည် ဗုဒ္ဓ၏ စကားကို အလွန်နှစ်သက်သဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူသွားလေသည်။

(သဂါထာဝဂ်-ဗြဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊
ပစ္စနီကသာတသုတ်)

# ဗုဒ္ဓဂေါတမနှင့် နဝကမ္မိကဘာရဒွါဇပုဏ္ဏား (ကိလေသာတောမရှိက မွေ့လျော်ဘွယ်ရာရှိပုံ)

ဗုဒ္ဓသည် ကောသလတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ထိုအချိန်တွင် နဝကမ္မိကဘာရဒွါဇပုဏ္ဏားသည် ထိုတောအုပ်၌ အလုပ်ကိစ္စကိုပြုလုပ်နေ၏။

"ငါသည်ကား. . . ဤတောအုပ်၌ အလုပ်ကိစ္စကိုပြုလုပ်စေလျက် မွေ့လျော်နေ၏။ ဤရဟန်းဂေါတမသည်ကား အဘယ်အမှုကို ပြုစေလျက် မွေ့လျော်နေသနည်း"

ဟု အကြံဖြစ်ကာ ဗုဒ္ဓထံချဉ်းကပ်သွားပြီး-

"ရဟန်း. . . သင်သည် အင်ကြင်းတော၌ အဘယ်မည်သောအမှုတို့ကို ပြုအပ်ကုန်သနည်း။ တောထဲ၌ တစ်ယောက်တည်းနေသော အရှင်သည် မွေ့လျော်မှုကိုရပါသော"

ဟု လျှောက်ထားသည်။

"ပုဏ္ဏား. . ငါ့အားတော၌ ပြုဘွယ်ကိစ္စမရှိ၊ ငါသည် တောကိုလည်းကောင်း၊ ခြောင့်ကိုလည်းကောင်း အမြစ်အရင်းနှင့်တကွ ဖြတ်အပ်ပြီးပြီ၊ ငါ၌ကိလေသာတောမရှိ၊ ကိလေသာခြောင့်ကန်သင်းမရှိသည်ဖြစ်၍ မမွေ့လျော်ခြင်းကို ပယ်လျက်တော၌ တစ်ယောက်တည်း မွေ့လျော်၏"

ဟု မိန့်ကြားရာ နဝကမ္မိကဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓ၏စကားကို အလွန်နှစ်သက်သဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဥပါသကာဝဂ်၊ နဝကမ္မိကသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဘာရဒွါဇအနွယ်ဝင် ပုဏ္ဏားတစ်ဦး (ဆိတ်ငြိမ်သောတောဌ ရဲရဲရင့်ရင့်နေရပုံ)

ဗုဒ္ဓသည် ကောသလတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ထိုအချိန်တွင် ဘာရဒွါဇအနွယ်ဝင်ဖြစ်သော ပုဏ္ဏားတစ်ယောက်၏ တပည့်တို့သည် တောထဲ၌ထင်းများခွေနေကြရင်း တောအုပ်၌ ကမ္မဋ္ဌာန်းထိုင်နေသော ဗုဒ္ဓကိုတွေ့မြင်ကြ၍ မိမိတို့၏ဆရာ ပုဏ္ဏားထံသို့သွားရောက်၍-

"အရှင်ပုဏ္ဏား. . သိပါလော၊ ဤမည်သော တောအုပ်၌ ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းထိုင်နေသည်ကို တွေ့ရပါ၏" ဟု ပြောကြားကြ၏။

ထိုအခါ ပုဏ္ဏားသည် လုလင်တို့နှင့်အတူ ဗုဒ္ဓရှိရာ တောအုပ်သို့ ချဉ်းကပ်လာကြပြီး-

"ရဟန်း. . . သင်သည် နက်ရှိုင်းသော သဘောရှိ၍ ကြောက်မက်ဖွယ်ဘေး များပြားသော တောအုပ်ကြီးအတွင်းဝယ် ဆိတ်ငြိမ်၍ လူသူကင်းသော အရပ်၌ မတုန်မလှုပ်တည်တံ့ ပြေပြစ်သောကိုယ်ဖြင့် ဈာန်ဝင်စားနေ၏။ သင်ကားအလွန်ကောင်းသော သဘောရှိပေစွတကား"

အကြင်တော၌ သီဆိုမှု၊ တီးမှုတ်မှုလည်းမရှိ၊ ထိုတော၌ အရှင်ရဟန်းသည် တစ်ယောက်တည်း တောမှီ၍နေ၏။ တစ်ယောက်တည်း နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ တော၌ နေတော်မူခြင်းဟူသော ဤအံ့ဩဖွယ်သဘောသည် ကျွန်ုပ်ဉာဏ်အား ရှေးရှု၍ ထင်ပါ၏။

အရှင်သည် အတုမရှိသော ဗြဟ္မပြည်၌ လောက၏ အကြီးအမှူး ဗြဟ္မပြည်၏အသင်းဝင်အဖြစ်ကို လိုလားတောင့်တသည် ဟု ကျွန်ုပ်မှတ်ထင်ပါ၏။

အဘယ်ကြောင့် အရှင်သည် လူသူကင်းသော တောကို မှီပါသနည်း။ ဗြဟ္မာပြည်သို့ ရောက်ခြင်းငှါ ဤတော၌အကျင့်ကို ကျင့်ပါသလော”

ဟု မေးလျှောက်သည်။

“ပုဏ္ဏား. . . တပ်မက်မှု၊ အလွန်နှစ်သက်မှု၊ အထူးထူး အပြားပြားသော အာရုံတို့၌ အခါခပ်သိမ်းမှီနေသော များစွာသော ကိလေသာမရှိခြင်းလျှင် အရင်းမူလရှိသော တဏှာဟူသော ဤတရားအားလုံးကို အမြစ်နှင့်တကွ ငါဖျက်စီးအပ်ပြီ၊

ထိုငါဘုရားသည် အလိုမရှိဘဲ မမှီဘဲ အစဉ်မလိုက်ဘဲ အလုံးစုံသောတရားတို့၌ စင်ကြယ်သော အမြင်ရှိသည်ဖြစ်၍ အတုမရှိချမ်းသာသော အရဟတ္တမဂ်ဉာဏ်သို့ရောက်ပြီး ဖြစ်ရကား ဆိတ်ငြိမ်သော တောကြီးထဲ၌ ရဲရဲရင့်ရင့် စျာန်ဖြင့်နေ၏”

ဟု ဗုဒ္ဓကမိန့်ကြားရာ ပုဏ္ဏားသည် ဗုဒ္ဓ၏တရား၌ များစွာနှစ်သက်သဘောကျသဖြင့် ရတနာသုံးပါး၌ ကိုးကွယ်သော ဥပါသကာ အဖြစ် ခံယူသွားလေသည်။

(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဥပါသကာဝဂ်၊ ကဏ္ဍဟာရသုတ်)

## ဗုဒ္ဓဂေါတမနှင့် အမိလုပ်ကျွေးသော ပုဏ္ဏား
## (မိဘလုပ်ကျွေးသူသည် ဤဘဝ၌ပင် ချီးမွမ်းခံရပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

အမိကိုလုပ်ကျွေးနေသော ပုဏ္ဏားတစ်ဦးသည် ဗုဒ္ဓထံသို့ ရောက်ရှိပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီး နေရာတစ်ခု၌ထိုင်နေသည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်သည် တရားသဖြင့် ထမင်းကိုရှာမှီး၍ မိဘတို့ကို လုပ်ကျွေးပါ၏။ အရှင်ဂေါတမ အသို့နည်း ဤသို့ ပြုလေ့ရှိသော ကျွန်ုပ်သည် ပြုဖွယ်ကိစ္စကို ပြုလေ့ရှိသူ ဖြစ်ပါသလော"

ဟုမေးလျှောက်သည်။

" ပုဏ္ဏား. . . ဤသို့ပြုလေ့ရှိသော သင်သည် ပြုဖွယ်ကိစ္စကို ပြုလေ့ရှိသူဖြစ်သည်။ အကြင်သူသည် တရားသဖြင့် ထမင်းကို ရှာမှီး၍ မိဘတို့ကိုလုပ်ကျွေး၏။ ထိုသူသည် များသော ကောင်းမှုကို ဖြစ်ပွားစေ၏။ ထိုမိဘကို လုပ်ကျွေးသောသူကို ပညာရှိတို့သည် ဤဘဝ၌ပင်လျှင် ချီးမွမ်းကုန်၏။ တမလွန်ဘဝ ဝယ် နတ်ပြည်၌မွေ့လျော်ရ၏"

ဟု ဗုဒ္ဓက မိန့်ကြားရာ မာတုပေါသကပုဏ္ဏားသည် ဗုဒ္ဓ၏ တရားတော်ကို အလွန်နှစ်သက် သဘောကျသဖြင့် ရတနာသုံးပါး၌ ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊
ဥပါသကာဝဂ်၊ မာတုပေါသကသုတ်)

## ဗုဒ္ဓဂေါတမနှင့် ဘိက္ခုပုဏ္ဏား
## (ဘိက္ခုဟုခေါ်သင့်သော ပုဂ္ဂိုလ်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ဘိက္ခုက ပုဏ္ဏားသည် ဗုဒ္ဓထံသို့ ချဉ်းကပ်လာပြီးလျှင် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင် သည်။

“အရှင်ဂေါတမ. . . ကျွန်ုပ်သည် တောင်းစားသူဖြစ်ပါ၏။ အရှင်သည်လည်း တောင်းစားသူဖြစ်ပါ၏။ ဤသို့ တောင်းစား ခြင်း၌ ကျွန်ုပ်တို့၏ ထူးခြားသော အကြောင်းသည် အဘယ်နည်း” ဟု မေးလျှောက်သည်။

“ပုဏ္ဏား. . . အနံ့မကောင်းသော အကုသိုလ်တရားကို ဆောက်တည်၍ သူတစ်ပါးတို့ကို တောင်းတတ်ကာမျှဖြင့် ဘိက္ခုက မမည်၊ တောင်းစားတတ်၍ ဘိက္ခုက အမည်ခံသူရှိသမျှ သည်လည်း တောင်းစားတတ်ကာမျှဖြင့် ဘိက္ခုမည်သည်မဟုတ်၊

ဤလောက၌ အကြင်သူသည် ကောင်းမှုကိုလည်း ကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ ပယ်၍မြတ်သောအကျင့် ကိုပညာဖြင့် ဆင်ခြင်လျက် ကျင့်၏။ ထိုသူကိုသာ စင်စစ်ဘိက္ခု ဟူ၍ ဆိုအပ်၏”

ဟု ဗုဒ္ဓက မိန့်ကြားကာ ဗုဒ္ဓ၏စကားကို ပုဏ္ဏားသည် အလွန် နှစ်သက်သဘောကျသည်ဖြစ်၍ ရတနာသုံးပါး ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဥပါသကာဝဂ်၊ ဘိက္ခုသုတ်)

## ဗုဒ္ဓဂေါတမနှင့် ပသာဒဗဟုလ ပုဏ္ဏား
## (ရဟန်းတို့ကို ကြည်ညိုလွန်း၍ ရဟန္တာဟူ၍ ခေါ်ဆိုမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ပုဏ္ဏားတစ်ယောက်သည် ဗုဒ္ဓ၏ တရားတော်ကို ကြားနာရပြီးနောက် ဗုဒ္ဓ၌ လွန်စွာကြည်ညိုသော စိတ်ရှိရကား မိမိ၏အိမ် (၁၆) ပါးသော သံဃာတော်များကို အမြဲမပြတ် ဆွမ်းဖိတ်ထား လေသည်။

ရဟန်းတို့ ဆွမ်းခံကြွလာသော်--

"အရှင်ရဟန္တာတို့သည် ကြွတော်မူလာပါကုန်လော၊ အရှင်တို့သည် သီတင်းသုံးကြပါလော"

ဤသို့ အစရှိသောအားဖြင့် ရဟန္တတို့အပေါ်၌ သင့်လျော်ကြောင်း တစ်စုံတစ်ရာပြောဆိုလျှင်လည်း ရဟန္တာ ဟူသောပြောဆိုခြင်းနှင့် စပ်ယှဉ်၍သာလျှင် အစဉ်မပြတ် ပြောလေ့ရှိသည်။

ထိုရဟန်းတို့တွင် ပုထုဇဉ်ရဟန်းတို့က-

"ဤပုဏ္ဏားသည် ငါတို့ကို ရဟန္တာဟု မှတ်ထင်အောက်မေ့လေသည်"

ဟု ကြံစည်ကြကုန်၏။

"ရဟန္တာ ဖြစ်ကြကုန်သော ရဟန္တာတို့ကမူ-

"ဤပုဏ္ဏားသည် ငါတို့၏ ရဟန္တအဖြစ်ကို သိလေဘိသည်"

ဟု ကြံစည်ကုန်၏။

ထိုသို့ကြံစည်မိပြီး သံသယ ကုက္ကုစ္စရှိကြသဖြင့် ထိုပုဏ္ဏား အိမ်သို့ တစ်ပါးမှ ဆွမ်းခံမကြွကြတော့ချေ။

ထိုအခါ ပုဏ္ဏားသည် ရဟန်းတို့ ကြွမလာသည့်အတွက် စိတ်ဆင်းရဲပြီး ဗုဒ္ဓထံသို့ သွားရောက်လျှောက်ထားလေသည်။

ဗုဒ္ဓသည် ရဟန်းတို့ကို ခေါ်တော်မူ၍-

"ချစ်သားတို့. . . ဒါယကာ ပုဏ္ဏားက ငါဘုရားအား လျှောက်ထားသော ထိုအကြောင်းသည် အဘယ်သို့နည်း"

ဟုမေးတော်မူသည်။

ထိုအခါ ရဟန်းတို့က မိမိတို့၏ သံသယဖြစ်မှုအကြောင်း စုံကို လျှောက်ထားပြကြပြီး ထိုသံသယကြောင့် ပုဏ္ဏားအိမ် ဆွမ်းခံ မဝင်ကြကြောင်း လျှောက်ထားကြသည်။

"ချစ်သားရဟန်းတို့. . . အသင်တို့သည် ပုဏ္ဏားကြည်ညို၍ ရဟန္တာဟု ခေါ်ဆိုသော ထိုစကားကို နှစ်မြို့သာယာကုန်ပါ သလော"

ဟု ဗုဒ္ဓကမေးသည်။

"မြတ်စွာဘုရား. . . တပည့်တော်တို့သည် မသာယာ ကုန်ပါဘုရား"

ဤသို့ မသာယာသည်ရှိသော် လူတို့ကြည်ညိုရိုသေမှု အလေးပြု၍ ခေါ်ဝေါ်ပြောဆိုခြင်းမျှသာဖြစ်၍ ချစ်သားရဟန်း တို့သည် ကြည်ညိုသည့်အလျှောက် ခေါ်ဝေါ်ပြောဆိုရာ၌ ခံယူ သော ရဟန်းတို့အား အာပါတ်မသင့်ချေ။ စင်စစ်သော်ကား ပုဏ္ဏားသည် ရဟန်းတို့အပေါ်၌ အတိုင်းထက်အလွန် ထူးချွန် လွန်ကဲ ကြည်ညို ချစ်ခင်ခြင်းရှိ၏"

ထို့ကြောင့် သင်ချစ်သားတို့သည်လည်း တဏှာအလျဉ်ကို ဖြတ်၍ အရဟတ္တဖိုလ်သို့သာရောက်ခြင်းငှါ သင့်လျော် လျောက်ပတ်ပေ၏”

ဟု မိန့်ကြားပြီးလျှင်-

“မကောင်းမှုကို အပပြုပြီးသော ရဟန်းသည် လုံ့လကြိုးကုတ်အားထုတ်၍ တဏှာတည်းဟူသော ရေအလျဉ်ကို ဖြတ်တောက်ပါလော၊ ကာမတို့ကို နှုတ်ပယ်စွန့်ပစ်ပါလော၊ ရဟန်းတို့သည် သင်္ခါရတရားတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်သိ၍ မပြုမပြင်အပ်သော နိဗ္ဗာန်ကို သိရတော့၏”

ဟုတရားဂါထာကို ဆက်၍ ဟောရာ ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကြရကုန်သည်။

(ဓမ္မပဒ၊ ဗြာဟ္မဏဝဂ်၊ ပသာဒဗဟုလဗြာဟ္မဏဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား
## (ပဗ္ဗဇိတခေါ်ဝေါ်မှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး စဉ်ဖြစ်သည်။

အမျိုးအနွယ်မထင်ရှားသော တစ်ယောက်သော ပုဏ္ဏား သည် ဗုဒ္ဓ၏သာသနာမှအပ ပြင်ဘက်ရဟန်းဘောင်၌ ရဟန်းပြု ၍ နေသည်။

"ရဟန်းဂေါတမသည် မိမိ၏တပည့်တို့ကို ဃရာဝါသ ကိစ္စဖွဲ့နှောင်အိမ်ရာထောင်သော လူ့ဘောင်ဘဝမှ ထွက်ခွါရှောင် ၍ ရဟန်းပြုကြသည်ကို ပဗ္ဗဇိတဟူ၍ မှည့်ခေါ်၏၊ ငါသည်တစ်မူ လည်း လူ့ဘောင်မှထွက်၍ ရဟန်းပြုသူဖြစ်၍ ငါ့ကိုလည်း ပဗ္ဗဇိတ-ဟု ခေါ်သင့်ပေ၏"
ဟု အကြံအစည်ဖြစ်လေသည်။

ထို့နောက် ဗုဒ္ဓထံသို့ သွားရောက်ပြီး မိမိ၏အကြံအစည် ကို လျှောက်ထားကြသည်။

ထိုအခါ ဗုဒ္ဓက-

"ပုဏ္ဏား. . ငါဘုရားသည် လူ့ဘောင်မှရှောင်ခွာလျက် ရဟန်းပြုခြင်းဟူသော ဤမျှအတိုင်းအရှည်ဖြင့် စင်စစ် ပဗ္ဗဇိတ မည်သည် ဟူ၍ ဟောတော်မမူချေ။ ကိလေသာတည်းဟူသော အညစ်အကြေးကို ပယ်ရှားထုတ်နှုတ် သုတ်သင်အပ်သည်၏ အဖြစ်ကြောင့် ပဗ္ဗဇိတ ဟူ၍ ခေါ်အပ်ပါ၏"
ဟူ၍ မိန့်ကြားတော်မူ၏။

"မကောင်းမှုကို အပပြုပြီးသောကြောင့် ဗြဟ္မဏမည်၏။ ငြိမ်းအေးအောင် ကျင့်တတ်သော သူတို့ကို သမဏ-ဟုဆိုအပ်၏ မိမိ၏အညစ်အကြေးကို နှင်ထုတ်သုတ်သင်သူကို ပဗ္ဗဇိတ ဟု ဆိုအပ်၏"

ဗုဒ္ဓ၏ ထိုတရားတော်အဆုံးဝယ် ပုဏ္ဏားရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ အညတရ ဗြဟ္မဏဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် ဇင်္ဂိလပုဏ္ဏား
## (သစ္စာသိသော ပုဂ္ဂိုလ်သာ ဗြာဟ္မဏ ဖြစ်သည်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။

ထိုတွင် ဇင်္ဂိလမည်သော ပုဏ္ဏားသည်-

"ငါသည်ကား မွေးဖွားသန့်စင် မိခင်ဘက်မှလည်းကောင်း၊ စောင့်ရှောက်ပြုပြင် ဖခင်ဘက်မှလည်းကောင်း၊ နှစ်ဦးနှစ်ဘက် ပြစ်ချက်မရှိသော သန့်စင်သောဗြာဟ္မဏမျိုးမှ ဖြစ်ခဲ့သည်။ ရဟန်းဂေါတမသည် သူ၏တပည့်များကို ဗြာဟ္မဏဟူ၍ ပြောဆို၏။ စင်စစ်ငါသည်လည်း ဗြာဟ္မဏ ဟူသောအမည်ဖြင့် ခေါ်ဆိုခြင်းငှာ သင့်လျော်လျောက်ပတ်သည်သာတည်း"

ဟု အကြံဖြစ်ပေါ်လာသည်။ ထို့နောက် ဗုဒ္ဓထံသို့ သွားရောက်ကာ ထိုအကြံအစည်ကို လျှောက်ထားပြလေသည်။

ထိုအခါ ဗုဒ္ဓက-

"ပုဏ္ဏား. . . ငါဘုရားသည် ဆံကျစ်ထုံးကာမျှဖြင့်လည်းကောင်း၊ အနွယ်စစ်ကာမျှဖြင့်လည်းကောင်း၊ အမျိုးကောင်းကာမျှ ဖြင့်လည်းကောင်း၊ ဗြာဟ္မဏဖြစ်သည်ဟု ငါမဟောပါ။ သစ္စာလေးပါးတရားကို သိမြင်၊ လောကုတ္တရာ ဉာဏ်အမြင်နှစ်ပါးလုံး တည်ရှိသော ပုဂ္ဂိုလ်သည် ညစ်ကြေးမတင် သန့်စင်၏။ ထိုပုဂ္ဂိုလ်မျိုးကိုသာ ဗြာဟ္မဏ ဟူ၍ ငါဘုရားဟောပါ၏"

ဟူ၍ ဟောတော်မူရာ ဒေသနာတော်၏ အဆုံး၌များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကုန်၏။

(ဓမ္မပဒ-ဗြာဟ္မဏဝဂ်-ဇင်္ဂိလဗြာဟ္မဏဝတ္ထု)

# ဗုဒ္ဓဂေါတမနှင့် ပုဏ္ဏားတစ်ဦး

# (ဗြဟ္မဏဟု အခေါ်ခံရမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

"ရဟန်းဂေါတမသည် မိမိ၏တပည့်တို့ကို ဗြဟ္မဏ-ဟူ၍ ပြောဆိုသတတ်၊ ငါသည်လည်း ဖြူစင်သန့်ရှင်းကြောင်းရင်းမူလ ဗြဟ္မဏမျိုးမှ ဖြစ်ခဲ့သည်။ ငါ့ကိုလည်း စင်စစ်ဧကန် ဗြဟ္မဏဟူ၍ ခေါ်ဆိုသင့်ပေသည်"

ဟုကြံစည်လေသည်။

ထိုပုဏ္ဏားသည် ထိုသို့ကြံစည်ပြီးနောက် ဗုဒ္ဓထံသို့ သွားရောက်ကာ ထိုအကြောင်းကို လျှောက်ထားပြသည်။

"ပုဏ္ဏား. . . ငါဘုရားသည် ပုဏ္ဏားခေါ် ဗြဟ္မဏမျိုး၌ ဖြစ်ကာမျှဖြင့်သာလျှင် ဗြဟ္မဏဟူ၍ မခေါ်ပါ၊ မဟောပါ၊ အကြင်ပုဂ္ဂိုလ်သည်ကား ရာဂစသည် ကိလေသာဆယ်ပါး တစ်စုံတစ်ရာကြောင့်ကြမရှိ၊ မကောင်းမှုမှန်သမျှကို အပပြုပြီးသော ပုဂ္ဂိုလ်မျိုးကိုသာ ဗြဟ္မဏ ဟူ၍ ငါဘုရားဟောတော်မူ၏"

"ဗြဟ္မဏမျိုး၌ဖြစ်သော ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေတည်နေထသော ပုဂ္ဂိုလ်ကို ဗြဟ္မဏဟူ၍ ငါဘုရားမဟောပေ၊ ကိလေသာအညှိအဟောက်မရှိသော၊ ကာမစသော စွဲလမ်းမှုဥပါဒါန်လေးမျိုး မရှိသောသူကို ဗြဟ္မဏဟူ၍ ငါဘုရားဟောပါ၏'

ဟူ၍ ဗုဒ္ဓက ဟောပြသောအခါ ဗုဒ္ဓ၏တရားအဆုံးဝယ် ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်၍ ဗုဒ္ဓ၏ဥပါသကာအဖြစ် ခံယူလေသည်။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ ဇာဝေဗြဟ္မဏဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် ဗဟုဓိတရပုဏ္ဏား
## (ချမ်းသာစွာနေရမှုပြဿနာ)

ဗုဒ္ဓသည် ကောသလတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံး နေချိန် ဖြစ်သည်။

ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားအား ခိုင်းနွား(၁၄) ကောင် ပျောက်ဆုံးသွားသဖြင့် တောအုပ်သို့ဝင်၍ ရှာရာမှ တောထဲ၌ ထက်ဝယ်ဖွဲ့ခွေကာ ကမ္မဋ္ဌာန်းထိုင်နေသော ဗုဒ္ဓကို တွေ့မြင်သော် ဗုဒ္ဓထံအနီးသို့သွားပြီး-

-ဤရဟန်းအား ခြောက်ရက်မြောက်ထိ ခိုင်းနွား (၁၄) ကောင် မပျောက်ဘူး၍ ချမ်းသာစွာနေရယောင်တကား၊

-ဤရဟန်းအား နှမ်းခင်း၌ တစ်ရွက်နှစ်ရွက်သာ ကြွင်းကျန် ရစ်သော နှမ်းငုတ်တို့ မရှိဘူး၍ ချမ်းသာစွာနေရယောင်တကား၊

-ဤရဟန်းအား အချည်းနှီးသော ကျီး၌ကြွက်တို့လှည့် လည် မမြူးထူးဘူးသောကြောင့် ချမ်းသာစွာနေရယောင်တကား

-ဤရဟန်းအား ခုနစ်လပတ်လုံး သုတ်သင်မှုကင်းသော မြက်အခင်းသည် ပိုးတို့ဖြင့် မဖုံးလွှမ်းဘူးသောကြောင့် ချမ်းသာစွာ နေရယောင်တကား၊

-ဤရဟန်းအား သားတစ်ယောက် နှစ်ယောက်ရှိကုန် သော မုဆိုးမဖြစ်သွားသော သမီး(၇)ယောက်မရှိဘူးသောကြောင့် ချမ်းသာစွာနေရယောင်တကား၊

-ဤရဟန်းအား မျက်စိနီကြောင်၍ မွဲမည်းရှိသော မိန်းမသည် အိပ်နေသူကိုခြေဖြင့် ကန်ကျောက်၍ မနိုးခံရဘူးသောကြောင့် ချမ်းသာစွာနေရယောင်တကား၊

-ဤရဟန်းအား . . မိုးသောက်သောအခါ ကြွေးရှင်တို့ကလာ၍ ပေးကုန်လော၊ ပေးကုန်လောဟု အတောင်းမခံရသော ကြောင့် ချမ်းသာစွာနေရယောင်တကား၊

ဟု ရွတ်ဆို၍ လျှောက်ထားသည်။

ထိုအခါ ပုဏ္ဏားကိုမိမိ၌ ထိုအရာများမရှိသောကြောင့် ချမ်းသာစွာနေရသည်ဟု ဖြေကြားပေးတော်မူရာ ပုဏ္ဏားသည် ဗုဒ္ဓ၏စကားကို အလွန်နှစ်သက် သဘောကျ၍ ဗုဒ္ဓထံ၌ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုသည်။

ရဟန်းပြုပြီး ဆိတ်ငြိမ်ရာသို့ကပ်၍ တရားကိုကြိုးစားအားထုတ်ရာ မကြာခင် ရဟန္တာတစ်ပါး ဖြစ်လေသည်။

(သဂါထာဝဂ်သံယုတ်၊ ဗြဟ္မဏသံယုတ်၊
အရဟန္တဝဂ်၊ဗဟုဓိတရသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဗုဒ္ဓနှင့် ဥဒယပုဏ္ဏား (ပညာနှံ့သူ အဖန်တလဲလဲ အမိဝမ်းဝင်ရမှု)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ဗုဒ္ဓသည် နံနက်အချိန် ဥဒယပုဏ္ဏား၏အိမ်သို့ ဆွမ်းခံရန် ချဉ်းကပ်သည်။ ဥဒယပုဏ္ဏားကလည်း ဗုဒ္ဓ၏သပိတ်ကို ဆွမ်း အပြည့်လောင်းလှူသည်။

ဗုဒ္ဓသည် နောက်နေ့ နောက်နေ့တို့၌လည်း ထိုပုဏ္ဏား အိမ်သို့သာ ဆွမ်းခံကြွသည်။ သို့သော် ဗုဒ္ဓက ဤပုဏ္ဏားက-

"ဤရဟန်းဂေါတမသည် အရသာ၌ တပ်မက်မောသည် ဖြစ်၍ ခဏ ခဏလာ၏"

ဟုလျှောက်ထားလေသည်။

"ပုဏ္ဏား. . . မျိုးစေ့ကို အဖန်တလဲလဲ စိုက်ပျိုးကုန်၏။ မိုးမင်းသည် အဖန်တလဲလဲ ရွာသွန်းကုန်၏။ လယ်ထွန်ယောက်ျား သည်လည်း အဖန်တလဲလဲ လယ်ထွန်ကုန်၏။ တိုင်းနိုင်ငံသူသည် အဖန်တလဲလဲ စပါးအလို့ငှာ ကပ်ရောက်၏။

-ဖုန်းတောင်းယာစကာတို့သည် အဖန်တလဲလဲ တောင်း ကုန်၏၊ အလှူရှင်တို့သည် အဖန်တလဲလဲ ပေးလှူကုန်၍ နတ်ပြည် သို့ ရောက်ရ၏။

-နို့ညှစ်သမားသည် အဖန်တလဲလဲ နို့ညှစ်ကုန်၏၊ နွား ငယ်သည် အဖန်တလဲလဲ အမိနွားမသို့ကပ်၏၊ အဖန်တလဲလဲ

ပင်ပန်း၏။ တုန်လှုပ်လည်း တုန်လှုပ်၏၊ ပညာနဲ့သောသူသည် အဖန်တလဲလဲ အမိဝမ်းသို့ ရောက်ရ၏။

-အဖန်တလဲလဲ ပဋိသန္ဓေနေရ၏၊ သေလည်းသေရ၏၊ အဖန်တလဲလဲ သင်္ချိုင်းသို့ ဆောင်ခံရ၏၊ ပညာကြီးသူသည် အဖန်တလဲလဲ ပဋိသန္ဓေမနေရ"

ဟု မိန့်ကြားရာ ပုဏ္ဏားသည် ဗုဒ္ဓတရားကို အလွန်နှစ်သက်သဘောကျသဖြင့် ဗုဒ္ဓကို ရတနာသုံးပါး၌ ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်ပါ-ဟု လျှောက်ထားလေသည်။

(သဂါထာဝဂ်သံယုတ်၊ ဗြဟ္မဏသံယုတ်၊
ဥပါသကဝဂ်၊ ဥဒယသုတ်)

## ဗုဒ္ဓဂေါတမနှင့် အသုရိန္ဒက ဘာရဒွါဇပုဏ္ဏား။
## ဗိလင်္ဂိက ဘာရဒွါဇပုဏ္ဏား
## (ဗုဒ္ဓကို ဆဲရေးမှု)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

အသုရိန္ဒက ဘာရဒွါဇအမည်ရှိသော ပုဏ္ဏားသည် ဘာရ ဒွါဇပုဏ္ဏားကြီး ရဟန်းပြုသွားမှုကို မကျေနပ်၊ ဒေါသထွက်ပြီး၊ ဗုဒ္ဓထံသို့လာရောက်ကာ ဗုဒ္ဓကိုဆဲရေးသည် ခြိမ်းခြောက်သည်။

ပုဏ္ဏားက ဤသို့ ဆဲရေးခြိမ်းခြောက်သော် ဗုဒ္ဓကဆိတ် ဆိတ်သာ နေလေသည်။ ထိုအခါ ပုဏ္ဏားက ဗုဒ္ဓအား-

"ရဟန်းအောင်ပြီ၊ ရဟန်းအောင်ပြီ"

ဟု ဆိုလေသည်။

"ပုဏ္ဏား. . . ကြမ်းကြုတ်သောစကားကို ဆိုသော သူမိုက်သည် စကားမျှဖြင့် သူတစ်ပါးကို အောက့်မေ့ပြီ ဟူ၍ အောက်မေ့၏၊ ပညာရှိပုဂ္ဂိုလ်၏ အကြင်သည်းခံမှုသည်ရှိ၏၊ ထို သည်းခံမှုသည်သာ ထိုပညာရှိအား အောင်ခြင်းဖြစ်၏"

-အကြင်သူသည် အမျက်ထွက်သူကိုပြန်၍ အမျက် ထွက်၏၊ တိုသူသည်သာ ထိုအမျက်ထွက်သောသူကိုပြန်၍ အမျက်ထွက်သောကြောင့် ယုတ်မာ၏၊ အမျက်ထွက်သူကိုပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည်မည်၏၊

-အကြွင်းသူသည် အမျက်ထွက်သောသူကို သိသည်ရှိသော် သတိနှင့်ပြည့်စုံသည်ဖြစ်၍ အမျက်ကိုငြိမ်းအေးစေ၏၊ ထိုအမျက်ကို မတုံ့ပြန်သောသူသည် မိမိ သူတစ်ပါးနှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏၊

-အကြွင်းသူသည် သစ္စာလေးပါးတရား၌ မသိ၊ မလိမ္မာကုန်၊ ထိုသူတို့သည် မိမိ၊ သူတစ်ပါးနှစ်ဦးသားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအားဖြင့် ကုစားသူကို လူမိုက်ဟူ၍ မှတ်ထင်ကုန်၏"

ဟုဗုဒ္ဓက မိန့်ကြားသောအခါ အသုရိန္ဒက ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏ တရားကိုအလွန်နှစ်သက်ပြီး ဗုဒ္ဓထံ၌ ရဟန်းပြုကာ တရားကိုအားထုတ်သဖြင့် မကြာခင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်လေသည်။

(သဂါထာဝဂ်သံယုတ်၊ ဗြဟ္မဏသံယုတ်၊
အရဟန္တဝဂ်၊ အသုရိန္ဒကသုတ်)

# ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား
# (အခွင့်ရတိုင်း ကုသိုလ်ပြုသင့်ပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

သာဝတ္ထိမြို့နေ ပုဏ္ဏားတစ်ယောက်သည် နံနက်စောစော မြို့မှထွက်၍ ရဟန်းတော်များ ဆွမ်းခံထွက်ရန် သင်္ကန်းသပ္ပါယ် ဝတ်ရုံသောနေရာအရပ်၌ ရဟန်းတို့ သင်္ကန်းသပ္ပါယ်ဝတ်ရုံသည် ကိုကြည့်လျက် ရပ်တည်နေသည်။

ထိုအရပ်၌ ကြီးပွားနေသော မြက်ပင်သည်ရှိပြီး ထိုမြက် ပင်မှရှိသော ဆီနှင်းပေါက်တို့သည် ရဟန်းတို့၏သင်္ကန်းနှင့် ထိခိုက်မိသဖြင့် သင်္ကန်းများ စိုစွတ်နေသည်ကို တွေ့ရသည်။

"ဤအရပ်၌ စိမ်းစိုသော မြက်ပင်သည်မရှိသည်ကို ပြု ခြင်းငှါသင့်၏"

ဟု ကြံစည်ပြီးလျှင် နောက်နေ့မိုးလင်းသော် ပေါက်တူးကိုယူ၍ ထိုအရပ်၌ မြက်တို့ကို ရှင်းလင်းကာ ကောက်သလင်းနယ်သဖွယ် ပြုလုပ်ထားလေသည်။

နောက်တစ်နေ့ ထိုအရပ်သို့သွား၍ ကြည့်ပြန်သော် ရဟန်းတစ်ပါး၏ သင်္ကန်းအစွန်းနားသည် မြေ၌လျော့ကျ၍ မြေမှုန့်လိမ်းကပ်သည်ကို တွေ့မြင်ရသောကြောင့်-

"ဤအရပ်ဒေသ၌ သဲကိုကြဲဖြန့်ခြင်းငှါ သင့်၏"

ဟု အကြံဖြစ်ပြီး သဲတို့ကိုယူကာ ကြဲဖြန့်ခင်းသည်။

တစ်နေ့နံနက် ဆွမ်းခံချိန်ခါ လွန်စွာကြမ်းသော နေပူသည်ဖြစ်၏၊ ထိုရဟန်းတို့၌ ကိုယ်မှစီးကျသော ချွေးတို့သည် ထွက်ကြကုန်သည်ကို မြင်၍-

"ဤအရပ်၌ ငါသည် မဏ္ဍပ်ကို ပြုခြင်းငှါသင့်၏"

ဟု အကြံဖြစ်ပြီး မဏ္ဍပ်ကို ပြုလုပ်ပေးပြန်သည်။

တစ်ဖန်တစ်နေ့ နံနက်စောစော၌ မိုးသည်ရွာ၏၊ ပုဏ္ဏားသည် ထုံးစံအတိုင်း ရဟန်းတို့ကိုသွားရောက်ကြည့်ရာ မိုးရေဖြင့် စွတ်စိုသော သင်္ကန်းရှိသည်ကိုဖြစ်၍-

"ဤအရပ်၌ ငါသည်ဇရပ်ကို ပြုလုပ်ခြင်းငှါ သင့်၏"

ဟု နှလုံးသွင်းပြီးလျှင် ဇရပ်ကိုလုပ်သည်၊ ဇရပ်ပြုလုပ်ပြီးသောအခါ

"ယခု ငါသည် ဇရပ်ပူဇော်ခြင်းကို ပြုအံ့"

ဟု ကြံစည်၍ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီးသော် ဇရပ်အတွင်း အပြင်၌ ရဟန်းတို့ကို ထိုင်စေပြီးဆွမ်းကို လုပ်ကျွေးသည်။ ဆွမ်းကိစ္စပြီးသော်

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်သည် ရဟန်းတော်တို့ သင်္ကန်းရုံသောအခါ ဤနေရာအရပ်၌ ချဉ်းကပ်ကြည့်ရှုတည်နေပါသည်၊ ဤသို့ -ဤသို့သော အမှုတို့ကိုလည်း ပြုလုပ်ပါ၏"

ဟု ဖြစ်ရင်းအစမှစ၍ အလုံးစုံ ဇရပ်ဆောက်သည်အထိ ဖြစ်ပေါ်လာပုံကို လျှောက်ထားပြလေသည်။

"ပုဏ္ဏား. . ပညာရှိတို့မည်သည် အခွင့်ရတိုင်း အခွင့်ရတိုင်းသော ခဏ၌ အနည်းငယ် အနည်းငယ်သော ကုသိုလ်

ကောင်းမှုတို့ကို ပြုစုအားထုတ်ကုန်လျက် အစဉ်အတိုင်းအားဖြင့် မိမိသန္တာန်၌ အဖန်ဖန် လိမ်းကျံကပ်ငြိတတ်သော အကုသိုလ် တည်းဟူသော အညစ်အကြေးကို ဆေးကြောထုတ်နှုတ် သုတ်သင် ပယ်ရှားကုန်တော့သည်သာတည်း”

“ပန်းထိမ်သည် ရွှေအညစ်အကြေးကို ထုတ်ပစ်သကဲ့သို့ ပညာရှိသည် မိမိ၏အညစ်အကြေးကို အစဉ်အတိုင်း အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း ထုတ်ပယ်ရာ၏” ဟူ၍ အနုမောဒနာတရားကို ဟောတော်မူရာ ဒေသနာတော်၏ အဆုံး၌ ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒမလဝဂ်၊ အညတရ ဗြဟ္မဏဝတ္ထု)

# ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏား (တောင်းခံသူတိုင်း ဘိက္ခုမဟုတ်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

သာဝတ္ထိပြည်သား အမျိုးအမည် မထင်ရှားသော ပုဏ္ဏား သည် ဗုဒ္ဓသာသနာတော်အပ အယူ၌ ရဟန်းပြုပြီး ဆွမ်းခံလှည့် လည်စဉ်-

"ရဟန်းဂေါတမသည် မိမိ၏တပည့်ကို ဆွမ်းအလို့ငှါ ကောင်းစွာအိမ်စဉ် လှည့်လည်သူကို ဘိက္ခုဟူ၍ ပြောဆို၏။ဤ စကားအရ ငါသည်လည်း ဆွမ်းခံလှည့်လည်သူဖြစ်၍ ဘိက္ခုဟု ဆိုခြင်းငှါ သင့်လျော်၏လျှောက်ပတ်၏"

ဟု အကြံဖြစ်ပေါ်လာလေသည်။

ထိုအကြံဖြင့် ထိုပုဏ္ဏားရဟန်းသည် ဗုဒ္ဓထံသို့ချဉ်းကပ် ကာ-

"ရဟန်းဂေါတမ. . . ငါသည်လည်း ဆွမ်းခံလှည့်လည်၍ အသက်မွေး၏၊ ငါကိုလည်း ဘိက္ခုဟူ၍ ခေါ်ပါလော"

ဟု လျှောက်ထားလေသည်။

" ပုဏ္ဏား. . ဆွမ်းခံလှည့်လည်ခြင်းမျှဖြင့် ဘိက္ခု မည်သည်ဟူ၍ ငါဘုရားမဟောပါ၊ မညီမညွတ်ယွင်းချက်မှောက် မှား အဆိပ်နံ့ကိလေသာတရားများကို လိုလားဆောက်တည် လှည့်လည် ကျင့်သုံးနေသောသူသည် ဘိက္ခုမမည်ပါ၊ အကြင်သူ

သည်ကား အလုံးစုံသော သဒ္ဓါရတာရားတို့၌ ပညာဖြင့်ဆင်ခြင်၍ အစဉ်လှည့်လည်၏၊ ထိုသူသည်သာ ဘိက္ခုမည်ပါ၏”

“သူတစ်ပါးတို့ကို လှည့်လည်တောင်းခံကာမျှဖြင့် ထိုပုဂ္ဂိုလ်သည် ဘိက္ခုမမည်ချေ၊ မညီမညွတ်အစိမ်းနံ့ရှိသော တရားကိုယူ၍ ကျင့်သောသူသည်လည်း ဘိက္ခု မမည်ပါချေ”

“ဤသာသနာတော်၌ ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း၊ မဂ်ဟူသောအကျင့်မြတ်ဖြင့် အပပြုမျှော်၍ ခန္ဓာအစရှိသော လောက၌ဉာဏ်ဖြင့် ဆင်ခြင်၍ကျင့်သုံးသော ပုဂ္ဂိုလ်ကို စင်စစ် ဘိက္ခု-ဟုဆိုအပ်၏”

ဟူ၍ ဗုဒ္ဓကဟောကြားတော်မူရာ ဒေသနာတော်၏အဆုံး၌ဝယ် ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်၊ အညတရ ဗြာဟ္မဏဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် အညတရ ပုဏ္ဏား
## (ပြုလုပ်သူ-ပြုလုပ်သူသာ ခံစားရပါသလော)

ဗုဒ္ဓသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ပုဏ္ဏားတစ်ယောက်သည် ဗုဒ္ဓထံရောက်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . . အသို့နည်း၊ ထိုသူသည် ပြုလုပ်၏၊ ထိုပြုလုပ်သူသည် ခံစားပါသလော"

" ပုဏ္ဏား. . ဤအယူသည် တစ်ခုသောအစွန်းရောက်မှုတည်း"

"အရှင်ဂေါတမ. . အသို့နည်း တစ်ပါးသောသူသည် ပြု၏၊ ပြုလုပ်သူမှတစ်ပါးသောသူသည် ခံစားပါသလော"

" ပုဏ္ဏား. . . ဤအယူသည်လည်း ဒုတိယအစွန်းရောက်မှုတည်း၊ ထိုနှစ်ပါးသောအစွန်းသို့ မကပ်ရောက်မူ၍ အလယ်အလတ်ဖြင့် ငါဘုရားသည် တရားကိုဟောတော်မူ၏"

-မသိမှုအကြောင်းခံကြောင့် ပြုပြင်မှုဖြစ်၏။

-ပြုပြင်မှု အကြောင်းခံကြောင့် အသိဖြစ်၏။

-သိမှုအကြောင်းခံကြောင့် နာမ်နှင့်ရုပ်ဖြစ်၏။

-နာမ်-ရုပ်ဖြစ်မှု အကြောင်းခံကြောင့် မျက်စိစသော အာယတန ခြောက်ပါးဖြစ်၏။

-မျက်စိစသော အာယတနခြောက်ပါးအကြောင်းခံကြောင့် အတွေ့အထိဖြစ်၏၊

-အတွေ့အထိ အကြောင်းခံကြောင့် ခံစားမှုဖြစ်၏၊

-ခံစားမှုအကြောင်းခံကြောင့် လိုချင်မှုဖြစ်၏၊

-လိုချင်မှုအကြောင်းခံကြောင့် စွဲလမ်းမှုဖြစ်၏။

-စွဲလမ်းမှု အကြောင်းခံကြောင့် ကုသိုလ်၊ အကုသိုလ် ဖြစ်၏။

-ထိုကုသိုလ်-အကုသိုလ်ဖြစ်မှုကြောင့် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်း၊ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ ဆင်းရဲခြင်း၊ စိုးရိမ်ခြင်းတို့ ဖြစ်ကြ၏။

-ပုဏ္ဏားကို မသိမှု(အဝိဇ္ဇာ)ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်သော် ပြုပြင်မှုစသည်တို့ အဆင့်ဆင့်ချုပ်၍ အလုံးစုံသော ဆင်းရဲတို့ချုပ်ရ၏။

"အရှင်ဂေါတမတရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏" စသည်ဖြင့် လျှောက်ထားပြီး ပုဏ္ဏားသည် ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

(နိဒါနသံယုတ်၊ ဂဟပတိဝဂ်၊ အညတရ ဗြဟ္မဏသုတ်)

# ဗုဒ္ဓဂေါတမနှင့် အသက်(၁၂၀)ရှိ ပုဏ္ဏားအိုနှစ်ယောက်
# (ကိုယ်, နှုတ်, စိတ် စောင့်ထိန်းခြင်းသည် တမလွန်ပြောင်းသူ၏ အားထားရာဖြစ်ပုံ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အသက်(၁၂၀) ရှိ ပုဏ္ဏားအိုကြီး နှစ်ဦးသည် ဗုဒ္ဓထံရောက်လာပြီး ဗုဒ္ဓနှင့် ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ကာ တစ်နေရာ၌ ထိုင်ကြသည်။

"အရှင်ဂေါတမ. . ကျွန်ုပ်တို့သည် အသက်(၁၂၀) နောက်ဆုံးအရွယ်ရောက်နေကြပါပြီ၊ ဒုဂ္ဂတိဘေးမှ စောင့်ရှောက်တားမြစ်ကြောင်း ကောင်းမှုကုသိုလ်ကိုမှု မပြုလုပ်ကြရပါကုန်သေး၊ အရှင်သည် ကျွန်ုပ်တို့အား ရှည်ကြာလေးမြင့် အကျိုးစီးပွားဖြစ်စေရန် သွန်သင်ဆုံးမပေးတော်မူပါ"

"ပုဏ္ဏားတို့. . အို, နာ, သေမှုသည် သတ္တလောကကို ဤသို့အဆင့်ဆင့် ပို့ဆောင်အပ်သည်ရှိသော် ဤမျက်မှောက်ဘဝ၌ ကိုယ်, နှုတ်, စိတ် စောင့်ဆည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူ၏ အားထားမှီခိုရာဖြစ်၏"

"အို, နာ, သေ ဒုက္ခဘေးတို့သည် ဇီဝိတိန္ဒြေကို အဆင့်ဆင့် ပို့ဆောင်အပ်၏၊ သတ္တဝါတို့၏ အသက်သည် တိုတောင်းလှ၏၊ အိုခြင်းတရားသည် အဆင့်ဆင့် ပို့ဆောင်အပ်သော သတ္တဝါအား ကိုးကွယ်ရာတို့မည်သည် မရှိနိုင်ကုန်၊ သေခြင်းတရား၌ ဤမည်

သောဘေးကို ပညာမျက်စိဖြင့် မြင်အောင်ရှုလျက် ချမ်းသာကို စွမ်းဆောင်နိုင်သော ကုသိုလ်ကို ပြုလုပ်ရာတည်း"

ဤမျက်မှောက်ဘဝ၌ ကိုယ်, နှုတ်, စိတ်ဖြင့်စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ဝိညာဉ်ရှင်နေစဉ် ကောင်းမှုပြုခြင်းသည်လည်းကောင်း၊ တမလွန်လောကသို့ ပြောင်းသွားသူအား ချမ်းသာခြင်းငှါ ဖြစ်သတည်း၊

(အင်္ဂုတ္တုရ်- ဒုတိယပဏ္ဏာသက၊ ဗြဟ္မဏဝဂ်၊ ပထမဒွေဗြာဟ္မဏသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဒုတိယပုဏ္ဏားအို(၂)ဦး
# (တမလွန်ပြောင်းသူ၏ ခိုကိုးရာ၊ မှီခိုရာတရား)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။

အသက်(၁၂၀) နောက်ဆုံးအရွယ်နေသော ပုဏ္ဏားအို (၂)ယောက်သည် ဗုဒ္ဓထံရောက်လာကြပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်း သာ နှုတ်ဆက်ကြပြီး တစ်နေရာ၌ ထိုင်ကြသည်။

"အရှင်ဂေါတမ. . ကျွန်ုပ်တို့သည် အသက်(၁၂၀) နောက်ဆုံးအရွယ်သို့ ရောက်ကြပါပြီ၊ ဒုဂ္ဂတိဘေးမှ ကင်းလွတ်ရန် ကျွန်ုပ်တို့အား ကောင်းမှုကိုလည်း မပြုလုပ်ရသေးပါ၊ ကျွန်ုပ်တို့ အား ၊ရှည်ကြာမြင့်စွာ အကျိုးစီးပွားဖြစ်ပြီး ချမ်းသာခြင်း၄ါ ဖြစ်နိုင် ရာသော သွန်သင်ဆုံးမမှုကို ဆုံးမပေးပါ"

"ပုဏ္ဏားတို့. . ဤသတ္တလောကကို အို၊ နာ၊ သေမီးတို့ သည် လောင်မြိုက်နေပါ၏၊ ဤမီးများလောင်မြိုက်နေစဉ်ဝယ် ဤမျက်မှောက် ကိုယ်ဘဝ၌ ကိုယ်, နှုတ်, စိတ် စောင့်စည်းခြင်း သည် တမလွန်ဘဝပြောင်းသွားသူ၏ ခိုကိုးအားထားရာ လဲလျောင်းရာ ဖြစ်ပါပေ၏"

-အိမ်ကိုမီးစွဲလောင်သည်ရှိသော် အကြင်အိုးခွက်စသော ပစ္စည်းကို ထုတ်ယူထားအပ်၏၊ ထိုထုတ်ယူထားသော ပစ္စည်း သည်လည်းကောင်း၊ မီးမလောင်ဘဲကျန်ရစ်ခဲ့သော ပစ္စည်းသည် လည်းကောင်း၊ အိမ်ရှင်၏ အကျိုး၄ါဖြစ်သကဲ့သို့ သတ္တလောကကို

ဒို နာ သေ မီးစွဲလောင်စဉ် ချမ်းသာကိုဆောင်နိုင်သော ကုသိုလ်ကောင်းမှုကို ပေးလှူခြင်းဖြင့် ထုတ်ယူအပ်သည်သာတည်း၊ ပေးလှူအပ်ပြီးသော အလှူဒါနသည် ကောင်းစွာထုတ်ယူထားအပ်ပြီးမည်၏၊

ဤမျက်မှောက်ဘဝ၌ ကိုယ်, နှုတ်, စိတ်ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ဝိညာဉ်ရှင်နေစဉ် ကောင်းမှုပြုခြင်းသည်လည်းကောင်း တမလွန်ဘဝသို့ ပြောင်းသွားသူအားချမ်းသာခြင်းငှါဖြစ်၏။

(အင်္ဂုတ္တိုရ်ပါဠိ၊ တိကနိပါတ်၊ ဗြဟ္မဏဝဂ်၊
ဒုတိယဒွေဗြဟ္မဏသုတ်)

# ဗုဒ္ဓငါ်တမနှင့် သားလေးယောက်ဖခင်ပုဏ္ဏား (ဖခင်ကို မလုပ်ကျွေးသောသားများ သေဒဏ်ပေးမှု)

ဗုဒ္ဓနှင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။

သာဝတ္ထိပြည်ပုဏ္ဏားတစ်ယောက်တွင် အသပြာရှစ်သိန်း ချမ်းသာသည်။ အရွယ်ရောက်သော သားလေးယောက်တို့ကို အိမ်ထောင်အသီးသီးချပေးပြီး သားတစ်ယောက်လျှင် တစ်သိန်းစီ အမွေခွဲဝေပေး ထားလေသည်။

ထို့နောက် မကြာခင် ပုဏ္ဏေးမကြီးသည် ကွယ်လွန်လေ ရာ သားတို့သည် ညှိနှိုင်း တိုင်ပင်ကြသည်။

"ဖခင်ဖြစ်သော ပုဏ္ဏားကြီးသည် အခြားမိန်းမတစ်ယောက် ကို ယူခဲ့သည်ရှိသော် ထိုမိန်းမမှ သားသမီးမွေးပါက ထိုသားသမီး ကို အမွေခွဲဝေပေးရသဖြင့် ငါတို့၏ အမျိုးဥစ္စာသည် ပျက်စီးမည်၊ ယခုအခါ ငါတို့သည် ဖခင်ကိုဝိုင်းဝန်း ပြုစုကြကုန်အံ့"

ဤသို့ တိုင်ပင်ကြပြီးလျှင် ဖခင်ကြီးကို သားတို့ကဝိုင်းဝန်း ပြုစုကြသည်။ မွန်မြတ်သော အစားအစာတို့ကို ကျွေးမွေးကြ သည်။ ခြေဆုပ်လက်နယ် ပြုကြသည်။

တစ်နေ့ နေ့လည် ဖခင်ကြီး အနားယူအိပ်ရာမှ ထသော အချိန်တွင် သားလေးယောက်တို့သည် ဖခင်ကြီးကို ခြေဆုပ် လက်နယ်ပြုကြရင်း. . .

"တစ်ဖန် အိမ်ယာအသစ်တည်ထောင်ခြင်းသည် ဆင်းရဲရောက်ပြီး၊ ရွံ့ကြောက်ဖွယ်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဖခင်ကို အသက်ရှင်သမျှ ကာလပတ်လုံးလုပ်ကျွေး ပြုစုကြပါမည်၊ အဖထံ၌ရှိသော ကျန်ငွေများကို ကျွန်ုပ်တို့အား ခွဲဝေပေးထားလိုပါသည်" ဟု တောင်းပန်ကြသည်။

ပုဏ္ဏားကြီးသည် သားသမီးတို့၏ စကားကို ယုံကြည်စိတ်ချပြီး မိမိထံတွင် ကျန်ရှိနေသေးသော အသပြာလေးသိန်းကို တစ်ယောက်တစ်သိန်း ခွဲဝေပေးလိုက်သည်။

ဘခင်ကြီးသည် သားကြီးအိမ်၌ ပထမဦးဆုံးနေ၍ နှစ်ရက်သုံးရက်မျှ ပြုစုလုပ်ကျွေးပြီးသော် သားကြီး၏မယားက ရေချိုးပြန်လာသော ပုဏ္ဏားကြီးကို တံခါးဝမှဆီးပြီး-

"အသင်ဖခင်ကြီးသည် ဥစ္စာပစ္စည်းကိုပေးရာ၌ သားကြီးအား တစ်ရာတစ်ထောင်ပို၍ ပေးသည်ရှိပါသလော၊ သားအားလုံးကို အသပြာနှစ်သိန်းဆီ အတူတူညီတူညီမျှ ခွဲဝေပေးထားသည် မဟုတ်ပါလော၊ အခြားသားတို့၏ နေအိမ်လမ်းခရီးကို မသိသလော"

ဟူ၍ ပြောလေသည်။

"သူယုတ်မ . . ပျက်လေလော"

ဟု ပုဏ္ဏားကြီးသည် စိတ်ဆိုးပြီး ဒုတိယသားအိမ်သို့ သွားလေသည်၊ ထိုအိမ်၌လည်း နှစ်ရက်သုံးရက်နေ အပြောခံရပြန်သည်၊ ကျန်သားများအိမ်သို့ အဆင့်ဆင့်သွားရောက်နေခဲ့ရာ နှစ်ရက်သုံးရက်သာ ပြုစုပြီး ထိုကဲ့သို့အပြောခံရပြန်သည်။

မည်သည်သားအိမ်မှ နေမရသောအခါ ပဋ္ဌာရင်ဂံ ရဟန်း အဖြစ်ကိုပြု၍ ဆွမ်းအလို့ငှါ လှည့်လည်ခံပြီး စားသောက်နေလေ သည်။

အသက်ကြီးရင့်လာသောအခါ အစား, အသောက်, အအိပ်အနေ ဆင်းရဲ၍ ညှိုးနွမ်းသော ကိုယ်ရှိလာသည်။ အိပ်ရာထ ဆွမ်းခံအလုပ်ကိုပင် လုပ်ရန်ခက်ခဲလာလေသည်။ သားတို့၌လည်း ခိုကိုးရာကို မမြင်၍ စဉ်းစားနေရာ-

"ရဟန်းဂေါတမသည် မျက်မှောင်မကြုတ်တတ်၊ ကြည် ရွှင်သောမျက်နှာရှိ၏၊ ပေါင်းဖေါ်လွယ်ကူ၏၊ ပဋိသန္ထာရ၌လည်း လိမ္မာ၏၊ ငါသည်ရဟန်းဂေါတမထံသို့ ကပ်၍ ပဋိသန္ထာရကို ရခြင်းငှါ တတ်ကောင်း၏"

ဟု ကြံစည်မိလေသည်။ ထို့နောက် အဝတ်ရုံကိုကောင်းစွာ ပြုပြင် ဆင်ယင်ဝတ်ရုံ၍ ဆွမ်းထည့်ရန်ခွက်ကို လက်ဖြင့်ကိုင်ယူပြီး တောင်ဝှေးကိုယူလျက် ဗုဒ္ဓထံသို့ သွားလေသည်။

ဗုဒ္ဓထံသို့ရောက်သော် သင့်လျော်ရာ၌ ထိုင်နေလေသည်၊ ဗုဒ္ဓက ပုဏ္ဏားကြီးကို ပဋိသန္ထာရစတင်ပြုလိုသဖြင့်-

"ပုဏ္ဏားကြီး. . . အသင်ကား ခေါင်းပါးကြုံလှီသော ကိုယ်ရှိ၏၊ ခေါင်းပါးသော အဝတ်အရုံရှိ၏၊ အကြောင်းကား အသို့နည်း"

ဟု မေးသည်။

"အရှင်ဂေါတမ. . . ဤအရပ်၌ ကျွန်ုပ်အား သားလေး ယောက်ရှိပါ၏၊ သားတို့သည် မိမိတို့၏ မယားတို့နှင့်တိုင်ပင်ပြီး ကျွန်ုပ်ကိုအိမ်မှ ထွက်ခွာသွားစေကုန်ပါ၏"

"ပုဏ္ဏားကြီး. . . ဤသို့ဖြစ်လျှင် ဤဂါထာကို သင်ယူ၍ အစည်းအဝေးပြုလုပ်ရာသဘင်၌ အစည်းအဝေဒရှိကြ၍ သင်၏ သားတို့လာရောက်ကြသော် ရွတ်ဆိုပါလေ"
ဟုမိန့်ကြားပြီး ဂါထာကိုသင်ပေးသည်။

ပုဏ္ဏားကြီးသည် ဗုဒ္ဓထံမှ ဂါထာကို သင်ပြီးသော် ပုဏ္ဏားတို့ အစည်းအဝေးရှိသောနေ့၌ ပုဏ္ဏားကြီးသည် ထိုအစည်းအဝေးသို့ သွားရောက်သည်၊ မိမိ၏သားတို့သည် လာရောက်ကြ၍ သားတို့သည် ပုဏ္ဏားတို့၏အလယ် ကြီးကျယ်သတ်မှတ် မြတ်သောသူတို့အား ထိုက်သောနေရာ၌ ထိုင်နေကြသည်ကို တွေ့ရသည်။

"ဤအခါကား. . ငါအား သင့်လျော်လျောက်ပတ်သော အခွင့်အခါတည်း"
ဟု ကြံစည်၍ အစည်းအဝေးသဘင် အလယ်၌ဝင်ရောက်ပြီး လက်ကိုပင့်မြှောက်ကာ -

"ငါသည် အသင်တို့အား ဂါထာကိုရွတ်ဆိုပြခြင်းငှါ အလိုရှိပါ၏၊ အသင်တို့ကြားနာလိုကြ ပါသလော"
ဟု ပြောကြားသည်၊ ပုဏ္ဏားအများတို့က-

"ဖခင်ပုဏ္ဏားကြီး ရွတ်သာရွတ်ဆိုပါလော၊ ငါတို့ကြားနာကုန်အံ့"
ဟု ပြောဆိုကြသော် ပုဏ္ဏားကြီးသည် ဗုဒ္ဓသင်ပေးလိုက်သော ဂါထာတို့ကို ရွတ်ဆိုလေသည်။

"သားလေးယောက် ဖွားမြောက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာနှစ်သက်ခဲ့ရပေပြီ၊ သားတို့၏ကြီးပွားခြင်းကိုလည်း တောင့်တ

တိုင်း ပြည့်စုံခဲ့ရပါပြီ၊ သို့သော် သားတို့သည် သူတို့၏မယားတို့နှင့် တိုင်ပင်ကာ ခွေးတို့သည် အိမ်နေဝက်ကိုဟောင်ဟိန်း ချောက်လှန့်သကဲ့သို့ ငါ့ကို တားမြစ်ထားကြကုန်သတတ်"

"သူတော်မဟုတ်၊ သူယုတ်ဘီလူးတို့သည် သားအသွင်ဆောင်၍ ငါ့ကိုဖခင်, ဖခင် ဟုခေါ်ခဲ့ကြကုန်၏၊ သူတော်မဟုတ်သူယုတ်သားတို့သည်၊ အရွယ်အိုမင်းလာသော ငါ့ကိုစွန့်ပစ်ကြကုန်ပြီတကား"

"အိုမင်းရင့်ရော်၍ အားအင်ကုန်ခမ်း အသုံးမကျတော့သည်၊ မြင်းအိုကြီးကို စားကျင်းမှထုတ်သကဲ့သို့ ငါအားလည်း ဖယ်ထုတ်ကြကုန်လေပြီ၊ သားမိုက်တို့၏ဖခင်၊ လူအိုကြီး ငါသည် သူတစ်ပါးတို့၌ လှည့်လည်တောင်းခံ စားသောက်ခဲ့ရပြီတကား"

"ငါ၏သားတို့သည် မှီခိုရာ မဖြစ်ကုန်၊ အလိုသို့မလိုက်ကုန်၊ ငါကိုင်သောတောင်ဝှေးကမှ ကောင်းမြတ်သည်။ နွားရိုင်းကိုလည်းကောင်း၊ နွားရိုင်းဘဝကိုလည်းကောင်း၊ ခွေးဆိုးကိုလည်း တောင်းဝှေးက ဖယ်ရှားတားမြစ်နိုင်ပေ၏၊ အမှောင်ထဲ၌လည်းကောင်း၊ ရေအနက်၌လည်းကောင်၊ တောင်ဝှေးကို အဖော်ပြု၍ သွားလာနိုင်သည်။ ချွတ်ချော်သည်ရှိသော်လည်း တောင်ဝှေးဖြင့် ဖေးကူ၍ မတ်နိုင်ပေး၏တကား ၊

ထိုအချိန်၌ လူတို့အား အကြင်သူတို့သည် မိဘတို့နှင့် ဥစ္စာပစ္စည်းကို သုံးဆောင်စားသောက်လျက် မိဘတို့ကို မလုပ်ကျွေး၊ မပြုစု၊ မမွေးမြူအံ့၊ ထိုသူကိုသတ်အပ်၏"

ဟု ကတိကဝတ် ပြုထားသော သတ်မှတ်ထားသော ဥပဒေ ရှိနေသည်။

-ထိုဂါထာကို ကြားနာရသော သားတို့သည် မိမိတို့နေရာမှ ဆင်းသက်ကာ ဖခင်၏ခြေ၌ ဝပ်ဆင်းကာ-

"ဖခင် . . ကျွန်ုပ်တို့အား အသက်ကိုပေးပါကုန်လော" ခခယယ ဝပ်တွားတောင်းပန်ကြကုန်သည်။

ပုဏ္ဏားကြီးသည် နူးညံ့သော နှလုံးသားရှိသူဖြစ်၍ သားတို့အပေါ်၌ မေတ္တာစိတ်ဝင်ကာ --

"အို . . အချင်းတို့ . . ငါ၏သားတို့ကို မဖျက်ဆီးကြပါလင့်၊ သားတို့သည် ငါ့ကိုကောင်းစွာ မွေးမြူကြပါလိမ့်မည်" ဟု ပုဏ္ဏားကြီးက ပုဏ္ဏားပရိတ်သတ်ကို မေတ္တာရပ်ခံလေသည်။

ထိုအခါ ပုဏ္ဏားပရိတ်သတ်လူတို့က ပုဏ္ဏားကြီး၏သားတို့ကို--

"သင်တို့သည် ယနေ့မှစ၍ ဖခင်ကို အကယ်၍ မလုပ်ကျွေး၊ မပြုစုငြားအံ့၊ အသင်တို့ကို သတ်မှတ်ထားသော စည်းမျဉ်းဥပဒေအရ သတ်ရပါလိမ့်မည်"

ဟု ပြောဆိုကြကုန်သည်။

ထိုသားတို့သည် အလွန်ပင်ရွံ့ကြောက် တုန်လှုပ်ကြကုန်သည်ဖြစ်၍ အင်ပျဉ်၌ ထိုင်စေပြီး၊ ကိုယ်တိုင်ပင်မ, မြှောက်ချီမကြ၍ အိမ်သို့ပို့ဆောင်ပေးကြသည်။

ထို့နောက် မိမိတို့၏မယားများကိုခေါ်၍-

"ယနေ့မှစ၍ ငါတို့ဖခင်ကို ကောင်းစွာပြုစုလုပ်ကျွေးကြကုန်လော့၊ အကယ်၍ မေ့လျော့ပါက သင်တို့အား ကြီးလေးသော အပြစ်ဖြင့်နှိပ်ကွပ်အံ့"

ဟု ပြောဆိုကြပြီး ဖခင်ကိုကောင်းမွန်သော အစားအစာတို့ဖြင့် ကျွေးမွေးပြုစုကြလေသည်။

ပုဏ္ဏားကြီးသည် ကောင်းမွန်သော ဘောဇဉ်ကိုစားသုံးခြင်း ချမ်းသာစွာအိပ်ရ, နေရခြင်းကိုစွဲ၍ နှစ်ရက်သုံးရက်လွန် သော် ကောင်းစွာခွန်အားတက်ပြီး ကိုယ်ခန္ဓာပြည့်ဖြိုးသော ကန္ဒြေရှိလာသည်၊ ပုဏ္ဏားကြီးသည် မိမိ၏ပြည့်ဖြိုးသော အတ္တဘောကို ကြည့်ရှုမိကာ-

"ငါအား. . ဤသို့သော စည်းစိမ်ချမ်းသာကို ရဟန်းဂေါတမကို အမှီပြုရအပ်ပေ၏"

ဟု ကြံစည်ပြီးလျှင် လက်ဆောင်အလို့ငှါ ပုဆိုးအစုံတစ်စုံကိုယူ၍ ဗုဒ္ဓထံသို့ သွားရောက်သည်။ ဗုဒ္ဓကိုနှုတ်ဆက်စကားလျှောက်ထားပြီး ပုဆိုးအစုံကို ဗုဒ္ဓ၏ခြေတော်ရင်း၌ထား၍-

"အရှင်ဂေါတမ. . ငါတို့ပုဏ္ဏားတို့မည်သည် ဆရာဖြစ်သောသူအား ဆရာ၏အဖို့ဥစ္စာကို ရှာမှီးရကုန်၏၊ ကျွန်ုပ်၏ဆရာဖြစ်သော အရှင်ဂေါတမသည် ဆရာအဖို့ဖြစ်သော ဤပုဆိုး အစုံကို ခံယူတော်မူပါ"

ဟု လျှောက်ထားလေသည်။

ဗုဒ္ဓသည် ပုဏ္ဏားကြီးအပေါ်၌ အစဉ်သနားကရုဏာ၊ မေတ္တာထားသဖြင့် ပုဆိုးအစုံကို ခံယူကာ တရားကိုဆက်လက်ဟောပြသည်။ တရားတော်၏ အဆုံး၀ယ် ပုဏ္ဏားကြီးသည် သရဏဂုံ တည်လေသည်။

"အရှင်ဂေါတမ. . ကျွန်ုပ်၏သားတို့သည် ကျွန်ုပ်အား လေးခုသောဘတ်ဖြင့် အမြဲမပြတ် ပြုစုလုပ်ကျွေးပေးကြပါကုန်၏၊

ကျွန်ုပ်ရသော ထိုလေးဘတ်တွင် နှစ်ဘတ်ကို အရှင်ဂေါတမအား အမြဲပေးလှူပါ၏”

“ပုဏ္ဏားကြီး . . ကောင်းလှပေ၏၊ ငါဘုရားကိုမူကား နှစ်ဘက်သောအရပ်တို့သာလျှင် သွားကုန်အံ့”
ဟု မိန့်တော်မူပြီး ပုဏ္ဏားကြီး ပြန်လွှတ်လိုက်သည်။

ပုဏ္ဏားကြီးသည် အိမ်သို့ပြန်ရောက်သော် သားတို့ကိုခေါ်ကာ--

“အမောင်တို့ . . ရဟန်းဂေါတမသည် ဖခင်၏အဖော် အဆွေခင်ပွန်းတည်း၊ ငါသည် သားတို့၏အမြဲဘက်လေးခုတွင် နှစ်ခုသောဘက်ကို ပေးလှူခဲ့၏၊ သားတို့သည် ထိုရဟန်းဂေါတမ လာရောက်သည်ရှိသော် မမေ့မလျော့ကုန်လင့်”
ဟု ပြောကြားသည်။ သားတို့ကလည်း ကောင်းပါပြီ၊ ဟုဝန်ခံကြလေသည်။

ဗုဒ္ဓသည် နောက်နေ့မိုးသောက်သော် ဆွမ်းအလို့ငှါ ဝင်သည်ရှိသော် ပုဏ္ဏားကြီး သားကြီးအိမ် တံခါးဝသို့ ကြွတော်မူသည်။

သားကြီးသည် ဗုဒ္ဓကိုမြင်လျှင် သပိတ်ကိုယူ၍ ပင့်ဆောင်ပြီးလျှင် မြင့်မြတ်သောသူတို့အားသာ ထိုက်သောပလ္လင်၌ ထိုင်စေ၍ မွန်မြတ်သော ဘောဇဉ်တို့ကို ပေးလှူလေသည်။

ဗုဒ္ဓသည် နောက်နေ့မိုးသောက်သော် ဒုတိယသား၏အိမ်တံခါးဝသို့ ကြွရောက်ရပ်သည်၊ ထိုသားကလည်း ဗုဒ္ဓကိုကောင်းမွန်စွာ လုပ်ကျွေးပြုစုသည်။

ဤသို့ အစဉ်အားဖြင့် ဗုဒ္ဓသည် ပုဏ္ဏားကြီးအိမ်သို့ ဆွမ်းအလို့ငှါရပ်ခဲ့သည်။ သားအားလုံးသည် ဗုဒ္ဓအား ရိုသေစွာ ပူဇော်သက္ကာရကို ပြုကုန်ကြသည်သာ ဖြစ်သည်။

တစ်နေ့သောအခါ သားကြီး၌ မင်္ဂလာပြုလုပ်ရန်ကိစ္စရပ်တစ်ခုဖြစ်ပေါ်လာသည်။ ထိုအခါ သားကြီးသည် ဖခင်ကို--

"ဖခင်အဘယ်သူအား မင်္ဂလာအလှူကို ပေးလှူပါကုန်သနည်း" ဟုမေးမြန်းသည်။

"ချစ်သား. . . ငါသည် တစ်ပါးသောသူတို့ကိုမသိ၊ ရဟန်းဂေါတမသည် ငါ၏အဖော် အဆွေခင်ပွန်းပေတည်း"

"ထိုသို့ဖြစ်မူ အသင်ဖခင်သည်ပင် နက်ဖြန်အလို့ငှါ ငါးရာသော ရဟန်းတို့နှင့်အတူတကွ ရဟန်းဂေါတမကို ပင့်ဖိတ်ပေးပါ"

ဟု ပြောဆိုသည်။ ပုဏ္ဏားကြီးသည် သားကြီးဆန္ဒအတိုင်း ဗုဒ္ဓကို ပင့်ဖိတ်ပေးသည်။

နောက်နေ့မိုးသောက်သော် ဘုရားအမှူးရှိသော သံဃာတော်များသည် သားကြီးအိမ်သို့ ဆွမ်းစားကြွလေသည်။ သားကြီးသည် ရေမရောသော ကောင်းမြတ်သော နို့ယနာဆွမ်းဖြင့်လည်းကောင်း၊ မွန်မြတ်သော ခဲဘွယ်တို့ဖြင့်လည်းကောင်း၊ ပြုစုလုပ်ကျွေးဆက်ကပ်သည်။

ဆွမ်းကိစ္စပြီးလတ်သော် သားလေးယောက်တို့သည် ဗုဒ္ဓအနီး၌ လာရောက်ထိုင်ကာ နေရာယူကြသည်။

"အရှင်ဂေါတမ. . . ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ ဖခင်ကို ကောင်းမွန်စွာ ပြုစုလုပ်ကျွေးကြပါကုန်၏၊ မမေ့မလျော့ကြပါ၊

ဖခင်၏အတ္တဘောကိုကြည့်က သိသာနိုင်ပါ၏”
ဟုလျှောက်ထားကြလေသည်။

“အသင်တို့ပြုအပ်သော အမှုသည် ကောင်းလှပေ၏၊ မိဘတို့ကို လုပ်ကျွေးမွေးမြူခြင်းမည်သည် ရှေးပညာရှိတို့၏ အလေ့အကျင့်သာတည်း”
ဟု ဗုဒ္ဓကမိန့်ကြားပြီး မိဘကိုလုပ်ကျွေးသော ဆင်မင်းဝတ္ထုကို ဟောကြားပေးတော်မူသည်။

(ဇာတ်လမ်းအကျယ်ကို ၅၅၀ ဇာတ်ဝတ္ထု မာတုပေါသက ဥပေါသထဆင်မင်းဝတ္ထုကို လေ့လာဖတ်ရှုပါ)

ဗုဒ္ဓသည် မိမိကိုယ်တော်၏ ရှေး၌ပြုစုလုပ်ကျွေးဘူးသော ဤဆင်မင်းဝတ္ထုကို ဟောတော်မူသည်ရှိသော် ပုဏ္ဏားကြီး, သား, ချွေးမတို့သည် မျက်ရည်ယိုစီးကျကြကာ နူးညံ့သောစိတ်နှလုံး ရှိကြလေသည်။

ဗုဒ္ဓသည် ထိုမိသားစုနှင့်လျှောက်ပတ်သော တရားတော်တို့ကို ဆက်လက်ဟောကြား ပြသရာ တရားတော်၏အဆုံးဝယ် ပုဏ္ဏားကြီး, သား, ချွေးမများအားလုံးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

(ဓမ္မပဒ၊ နာဂဝဂ်၊ ပုဏ္ဏားအိုကြီးနှင့်သားလေးယောက်ဝတ္ထု၊)
(သဂါထာဝဂ်၊ ဗြဟ္မဏသံယုတ်၊ ဥပါသကာဝဂ်၊
မဟာသာလသုတ်)

## ဗုဒ္ဓဂေါတမနှင့် အညတရပုဏ္ဏားတစ်ဦး (ဗြဟ္မဏဟူသော အမည်ခေါ်ဆိုထိုက်သူ)

ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ထိုအချိန်တွင် မထင်ရှားသောပုဏ္ဏားတစ်ယောက်သည် "ဗုဒ္ဓသည် မိမိ၏တပည့်တို့ကို သိရှိရသမျှ ဗြဟ္မဏ ဟူ၍သာ ပြောဆို၏၊ ငါသည်တစ်မူလည်း အမျိုးမြင့်မြတ်၊ ဇာတ်အနွယ် အားဖြင့် ဗြဟ္မဏဖြစ်ခဲ့ပေ၏၊ ငါ့ကိုမူလည်း ဤအကြောင်းကြောင့် ဗြဟ္မဏ ဟူ၍ပြောဆိုခြင်းငှါသင့်၏"
ဟူ၍ အကြံအစည်ဖြစ်မိသည်။

ထိုပုဏ္ဏားသည် ဗုဒ္ဓထံမှောက်သို့ သွားရောက်ကာ မိမိ၏ အကြံအစည်ကို လျှောက်ထားသည်။

"ပုဏ္ဏား. . ငါဘုရားသည် မိမိ၏ဇာတ်အမျိုးဖြင့် ဗြဟ္မဏ မည်သည်ဟု ဟောကြားတော်မမူသေး၊ အလွန်အကြူးအထူးမြင့် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ရှိသောသူကိုသာလျှင် ဗြဟ္မဏ ဟူ၍ ဟောတော်မူပေ၏"

"ဈာန်ဝင်စားလျက် ကာမမှကင်းလျက် ဆိတ်ငြိမ်စွာနေ လေ့ရှိသော ရဟန်းကိစ္စပြုပြီးသော အာသဝေါတရားမရှိသော မြတ်သောအရဟတ္တဖိုလ် အစဉ်အတိုင်းရောက်သော ထိုရဟန်း ကိုသာ ငါဘုရားသည် ဗြဟ္မဏဟူ၍ ခေါ်တော်မူ၏"
ဟူ၍ ဟောတော်မူရာ ဗုဒ္ဓ၏တရားတော် အဆုံးဝယ် ထိုပုဏ္ဏား သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ အညတရ ဗြဟ္မဏဝတ္ထု)

# ဗုဒ္ဓဂေါတမနှင့် အရှင်သာရိပုတ္တရာ၏ဦးရီးပုဏ္ဏား (ပြဟ္မာပြည်ရောက်ကြောင်း ခရီးစဉ်)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

အရှင်သာရိပုတ္တရာမထေရ်သည် တစ်နေ့တွင် မယ်တော်၏မောင်ဖြစ်သော ပုဏ္ဏားကြီး၏ထံသို့ သွားရောက်ကာမေးသည်။

"ဒါယကာ ပုဏ္ဏားကြီး. . တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ပါ၏လော"

"အရှင်ဘုရား. . လတိုင်း လတိုင်းတစ်ထောင်သော အသပြာကို စွန့်ကြဲသဖြင့် ပေးကမ်းလှူဒါန်းနေပါ၏"

"အဘယ်သူတို့အား ပေးလှူနေပါသနည်း"

"နိဂဏ္ဌတို့အား ပေးလှူနေပါ၏"

"အဘယ်သို့သောဆုကို တောင့်တရည်မှန်းပြီး အလှူကို ပြုပါသနည်း"

"အရှင်ဘုရား. . ပြဟ္မာပြည်သို့ တောင့်တရည်မှန်းပြီး လှူပါသည်"

"ဒါယကာ ပုဏ္ဏားကြီး. . ဤသို့ပြုလုပ်ခြင်းသည် ပြဟ္မာပြည်သို့သွားရာ လမ်းခရီးဟူ၍ သင်မှတ်ထင်သလော"

"အရှင်ဘုရား. . ထင်မှတ်ပါ၏"

"ဒါယကာ ပုဏ္ဏားကြီး. . အဘယ်သူသည် ဤကဲ့သို့ ပြောပါသနည်း"

"အရှင်ဘုရား. . တပည့်တော်မှီဝဲဆည်းကပ်လာသော ဆရာနိဂဏ္ဌတို့က ဟောပြောပါသည်"

"ဒါယကာ ပုဏ္ဏားကြီး. . အသင်သည် ဖြဟ္မာပြည်ရောက်ကြောင်း ကောင်းမြတ်သောလမ်းခရီးကိုမသိ၊ သင်၏ဆရာတို့သည်လည်း မသိ၊ ငါတို့၏ဆရာ မြတ်စွာဘုရားတစ်ပါးတည်းသာ ဤဗြဟ္မာပြည်ရောက်ကြောင်း ကောင်းသောလမ်းစဉ်ကို သိတော်မူပါသည်"

ရှင်သာရိပုတ္တရာသည် ဤသို့မိန့်ကြားပြီးလျှင် ဦးရီးတော်ပုဏ္ဏားကြီးကို ဗုဒ္ဓထံသို့ ခေါ်ဆောင်လာရာ ဗုဒ္ဓကို အကြောင်းစုံလျှောက်ထားပြီး--

"မြတ်စွာဘုရား. . တပည့်တော်တောင်းပန်ပါ၏၊ တပည့်တော်၏ဦးရီးတော်ပုဏ္ဏားကြီးကို ဗြဟ္မာပြည်၏လမ်းခရီး ကို ညွှန်ကြားပေးတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်က-

"ပုဏ္ဏားကြီး. . . ဤသို့ ပြုလုပ်ပြောဆိုသည်မှာ ဟုတ်မှန်ပါသလော"

"အရှင်ဂေါတမ. . . ဟုတ်မှန်ပါ၏"

"ပုဏ္ဏားကြီး. . . အသင်သည် ဤသို့ပေးကမ်းစွန့်ကြဲလှူဒါန်းသဖြင့် အနှစ်တစ်ရာပတ်လုံး ပေးလှူအပ်သော ဒါနထက် သော်လည်း တစ်မုဟုတ်တစ်ခဏမျှ ကြည်ညိုလှစွာသောစိတ်ဖြင့် ငါဘုရား၏တပည့်သား သံဃာတော်အား ကြည်ညိုဖူးမြော်ခြင်း

သည်လည်းကောင်း၊ တစ်ယောက်ချို၊ တစ်ဇွန်းမျှသောဆွမ်းကို ပေးကမ်းလှူဒါန်းခြင်းသည် လည်းကောင်း အကျိုးကြီးလှပေ၏" ဟု မိန့်ကြားပြီးဆက်လက်၍-

"အကြင်ပုဂ္ဂိုလ်သည် လတိုင်း-လတိုင်း တစ်ထောင်သော ဥစ္စာကိုစွန့်လျက် နှစ်တစ်ရာပတ်လုံး ယစ်ပူဇော်၏၊ အကြင်ပုဂ္ဂိုလ်သည်ကား ဘာဝနာဖြင့်ဖုံးလွှမ်းနေသော ရဟန်းတို့အား တစ်မုဟုတ်မျှ ပူဇော်ရာ၏၊ ထိုပူဇော်သူနှစ်ဦးတို့တွင် ဘာဝနာပွားသော ရဟန်းတို့အား ပူဇော်ခြင်းသည်သာလျှင်မြတ်၏၊ အနှစ်တစ်ရာ ယစ်ပူဇော်ခြင်းသည် မမြတ်"

ဟု ဟောကြားရာ ဒေသနာတော်၏အဆုံး၌ ဝယ် အရှင်သာရိပုတ္တရာ၏ဦးရီးတော်ပုဏ္ဏားနှင့်တကွ အခြားပရိသတ်အပေါင်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကြကုန်လေသည်။

(ဓမ္မပဒ၊ သဟဿဝဂ်၊
အရှင်သာရိပုတ္တရာဦးရီးပုဏ္ဏားကြီးဝတ္ထု)

# ဂေါတမဗုဒ္ဓနှင့် ရှင်သာရိပုတ္တရာ၏တူပုဏ္ဏား (မီးပူဇော်မှုနှင့် သီလသမာဓိရှိသူ ပူဇော်မှု)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေစဉ်ဖြစ်သည်။

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏တူဖြစ်သော ပုဏ္ဏား၏ထံသို့ ကြွရောက်တော်မူ၍ မေးသည်။

"ပုဏ္ဏား. . အသင်သည် တစ်စုံတစ်စုံသော အကုသိုလ် ကောင်းမှုကို ပြုပါ၏လော"

"အရှင်ဘုရား. . ပြုပါ၏"

"အဘယ်သို့သော ကောင်းမှုကို ပြုသနည်း"

"အရှင်ဘုရား လတိုင်း, လတိုင်း တစ်ကောင် တစ်ကောင် သောဆိတ်ကိုသတ်ပြီးသောအခါ မီးကိုလုပ်ကျွေးပူဇော်ပါသည်"

"အဘယ်အကျိုးငှါ ပြုလုပ်ပါသနည်း"

"အရှင်ဘုရား. . ဤသို့ပြုလုပ်ခြင်းသည် ဗြဟ္မာပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီး ဖြစ်ပါသတဲ့ဘုရား"

"အဘယ်သူပြောပါသနည်း"

"ကျွန်ုပ်ဆရာမြတ်တို့သည် ဆုံးမဟောပြောကြပါသည်"

"ပုဏ္ဏား. . အသင်သည်လည်း ဗြဟ္မာပြည်၏ လမ်းခရီး ကိုမသိ၊ အသင်ဆရာတို့သည်လည်း ဗြဟ္မာပြည်သွားရာလမ်းခရီး ကိုမသိ၊ အသင်ပုဏ္ဏား လာလှည့် ငါတို့၏ဆရာ မြတ်စွာဘုရား

သည် ထိုဖြဟ္မာပြည်သွားကြောင်းလမ်းကို သိသည်။ ဘုရားထံ လိုက်ခဲ့တော့"

ဟု ရှင်သာရိပုတ္တရာသည် တူပုဏ္ဏားကို ခေါ်ဆောင်ကာ ဗုဒ္ဓထံ ရောက်လာပြီး အကြောင်းအကျိုး လျှောက်ထားပြသည်။

"ပုဏ္ဏား. . ဤအတိုင်းမှန်ပါသလော"

"အရှင်ဂေါတမ. . ဦးရီးတော်လျှောက်ထားသည့် အတိုင်း မှန်ပါသည်"

"ပုဏ္ဏား. . အနှစ်တစ်ရာပတ်လုံးလည်း ဤသို့မီးကို လုပ်ကျွေးနေသောသူအား ထိုမီးကိုလုပ်ကျွေးခြင်းသည် ငါဘုရား၏ သားတော် သံဃာတော်များအား တစ်ခဏမျှ ပူဇော်ရသည်ကို မမှီနိုင်ပါ"

"ပုဂ္ဂိုလ်တစ်ယောက်သည် တောဒွ်နေ၍ အနှစ်တရာ ပတ်လုံး မီးကိုလုပ်ကျွေး၏၊ ပုဂ္ဂိုလ်တစ်ယောက်သည်ကား သီလ, သမာဓိ, ပညာ အစရှိသောဂုဏ်တို့နှင့် ပြည့်စုံသောရဟန်းတို့အား တစ်ကြိမ်တစ်ခါသာ ပူဇော်၏။ ထိုနှစ်ယောက် ပူဇော်ကြခြင်းတို့တွင် သီလ, သမာဓိ, ပညာ ရှိသူတို့အား ပူဇော်ခြင်းသည်သာ မြတ်ပါ၏၊ အနှစ်တစ်ရာမီးကို လုပ်ကျွေးခြင်းကား မမြတ်သည်သာတည်း"

ဟူ၍ ဟောတော်မူရာ တရားတော်အဆုံးဝယ် ရှင်သာရိပုတ္တရာ၏ တူ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ သဟဿဝဂ္ဂ၊ ရှင်သာရိပုတ္တရာ တူ ပုဏ္ဏားဝတ္ထု)

## ဗုဒ္ဓဂေါတမနှင့် ရှင်သာရိပုတ္တရာ၏အပေါ်ပုဏ္ဏားကြီး (အရိယာပုဂ္ဂိုလ်၌လျှို့ခြင်း၊ ရှိခိုးခြင်းသာ မြတ်ပုံ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာမထေရ်သည် ငယ်စဉ်ကမိမိနှင့်အတူ သူငယ်ချင်းမိတ်ဆွေဖြစ်ခဲ့သော ပုဏ္ဏားကြီးအိမ်သို့ ကြွရောက်၍-

"ပုဏ္ဏားကြီး. . အသို့နည်း၊ တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ပြုပါ၏လော"

ဟုမေးလေသည်။

"အရှင်ဘုရား. . . ပြုပါသည်"

"အဘယ်သို့သော ကောင်းမှုမျိုးကို ပြုပါသနည်း"

"အရှင်ဘုရား. . များစွာသော ဥစ္စာတို့ကို စွန့်ကြဲ၍ ယာဇ်ပူဇော်သော ကောင်းမှုကုသိုလ်ကို ပြုပါသည်"

"အဘယ်အကျိုးငှါ တောင့်တရည်သန်ပြီး ပြုပါသနည်း"

"အရှင်ဘုရား. . ဗြဟ္မာပြည်ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီးဖြစ်လိမ့်မည်ဟု တောင့်တရည်သန်ပြီး ပြုလုပ်ပါသည်"

"အဘယ်သူသည် ဟောပြောပြပါသနည်း"

"အရှင်ဘုရား. . တပည့်တော်တို့၏ ဆရာသမားများက ပြောပြပါသည်"

"အသင်ပုဏ္ဏားကြီး. . သင်သည်လည်း ဗြဟ္မာပြည် ရောက်လမ်းစဉ်ကိုမသိ၊ သင်၏ဆရာတို့သည်လည်း ဗြဟ္မာပြည် ရောက်လမ်းစဉ်ကို မသိကြ၊ ဗြဟ္မာပြည်ရောက်လမ်းစဉ်ကို ငါတို့ ဆရာမြတ်စွာဘုရားတစ်ပါးသာလျှင် သိပါသည်။ သင်သည် ငါနှင့် အတူလိုက်ခဲ့ပါလော"

ဟုမိန့်ကြားကာ သူငယ်ချင်းအဖော် ပုဏ္ဏားကြီးကို ဗုဒ္ဓထံသို့ခေါ် ဆောင်လာပြီး အကြောင်းစုံလျှောက်ထားပြီး-

"မြတ်စွာဘုရား. . တပည့်တော်၏အဖော် သူငယ်ချင်း အား သနားသောအားဖြင့် ဗြဟ္မာပြည်ရောက်ရေးခရီး လမ်းစဉ်ကို ဟောကြားပေးတော်မူပါဘုရား"

ဟု လျှောက်ထားလေသည်။

"အသင်ပုဏ္ဏား. . သာရိပုတ္တရာလျှောက်ထားသည့် အတိုင်း မှန်ပါသလော"

"မှန်ပါသည်. . အရှင်ဘုရား"

"ပုဏ္ဏား. . သင်သည် တစ်နှစ်ပတ်လုံး ယာဇ်ပူဇော်ခြင်း ကို ပူဇော်သဖြင့် လောကီဘုံသား လူသားများအား အလှူပေးခြင်း သည် ငါဘုရား၏ တပည့်သားရဟန်းတော်တို့အား ရိုသေညွတ် ကျိုး ရှိခိုးရသောသူတို့အား ထင်ရှားဖြစ်ပေါ်လာသော ကောင်း မြတ်သော ကုသိုလ်စေတနာ၏ လေးဖို့တစ်ဖို့မျှလောက်သော် လည်း အဖိုးမထိုက် မမွန်မြတ်ပါ"

"လောက၌ကောင်းမှုကိုငဲ့၍ အလုံးစုံသော ထိမ်းမြား မင်္ဂလာပြုခြင်းစသည်အခါ လှူသောအလှူကိုလည်းကောင်း၊ ပကတိရိုးရာအခါ၌ လှူသောအလှူကိုလည်းကောင်း၊ တစ်နှစ်

ပတ်လုံးပေးလှူပူဇော်ခြင်းသည် မဇ္ဈိမပဋိပဒါ အကျင့်မြတ်ကို ဖြောင့်မတ်စွာ ကျင့်ကုန်သော အရိယာပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းကုသိုလ် စေတနာ၏ လေးဖို့-တစ်ဖို့ကိုပင် မမှီပါချေ၊ ထို့ကြောင့် အရိယာ ပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းသည်သာ မြတ်ပါ၏"

ဟု ဟောကြားရာ တရားတော်၏အဆုံး၀ယ် ရှင်သာရိပုတ္တရာ၏ အဖေါ် သူငယ်ချင်း ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ သဟဿဝဂ်၊
ရှင်သာရိပုတ္တရာ၏အဖေါ်ပုဏ္ဏားကြီး)

# ဗုဒ္ဓဂေါတမနှင့် ဥစ္စာကြွယ်ဝသော ပုဏ္ဏားတစ်ဦး (လူဦးရေနည်းပါးသွားရခြင်း၏အကြောင်းရင်း)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

ဥစ္စာကြွယ်ဝသော ပုဏ္ဏားတစ်ယောက်သည် ဗုဒ္ဓထံသို့ရောက်လာပြီးလျှင် ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ထိုင်သည်။

"အရှင်ဂေါတမ. . အသက်အရွယ်ကြီးရင့်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ရှေးပုဏ္ဏားတို့က ရှေးအခါက ဤလူ့ဘုံလောကသည် အဝီစိငရဲကြီးကဲ့သို့ပင် လူတို့ပြည့်နှက်၍နေ၏၊ ရွာနိဂုံး, မင်းနေပြည်တို့သည် ကြက်ပျံမကျရှိကုန်၏ဟူ၍ ပြောဆိုကြသည်ကို ကြားဘူးပါသည်။ ယခုအခါ၌ လူများနည်းပါးကုန်ခမ်း၏၊ ကျေးတို့ကျဲတဲ ထင်ပါ၏၊ ရွာ နိဂုံး မြို့ ဇနပုဒ်တို့သည်လည်း ရွာ နိဂုံး၊ မြို့ ဇနပုဒ်တို့နှင့် မတူကုန် ဤသို့ဖြစ်ရခြင်းအကြောင်းကား အဘယ်ပါနည်း"

"ပုဏ္ဏား. . . ယခုအခါ၌ လူတို့သည် မတရားသော (အဓမ္မ) လောဘဖြင့် တပ်မက်ကုန်၏၊ မညီမျှသော ဝိသမလောဘဖြင့် နှိပ်စက်အပ်ကုန်၏၊ မှောက်မှားသော အကျင့်(မိစ္ဆာဓမ္မ)နှင့် ပြည့်စုံကုန်၏၊

ထိုသူတို့သည် မတရားသော လောဘဖြင့် တပ်မက်ကုန်သည်ဖြစ်၍ မှောက်မှားသောအကျင့်နှင့် ပြည့်စုံကုန်သည်ဖြစ်၍

ထက်မြက်သော ယက်နက်တို့ကို စွဲကိုင်ကြကုန်လျက် အချင်းချင်း သတ်ဖြတ်ကြကုန်၏၊ သို့အတွက် လူပေါင်းမြောက်မြားစွာ သေကုန်၏၊ ဤအကြောင်းကြောင့် ယခုအခါ လူများနည်းကုန်၏၊

ပုဏ္ဏား. . . ဤသည်လည်း အကြောင်းတစ်ရပ် အထောက်အထားတစ်ခုပေတည်း။

ပုဏ္ဏား. . နောက်တစ်မျိုးကား ယခုအခါ၌ ထိုသို့သဘော ရှိသော လူတို့ထံ အကြီးအကဲဖြစ်သော ဘီလူးတို့သည် ကြမ်းတမ်း သော ဘီလူးတို့ကို စေလွှတ်ကုန်၏၊ ထို့ကြောင့် လူပေါင်းများစွာ သေကုန်၏၊ ဤအကြောင်းကြောင့်လည်း လူတို့နည်းကုန်၏၊ ရွာ နိဂုံး မြို့ ဇနပုဒ်တို့သည် ရွာ နိဂုံး မြို့ ဇနပုဒ်တို့နှင့်မတူကုန်" ဟု ဗုဒ္ဓက မိန့်ကြားသည်။

"အရှင်ဂေါတမတရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏" စသည်ဖြင့် လျှောက်ထားသော ပုဏ္ဏားသည် ရတနာသုံးပါး၌ ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် ခံယူလေသည်။

(အင်္ဂုတ္တိုရ်၊ တိကနိပါတ၊ ဗြာဟ္မဏဝဂ်၊ ပလောကသုတ်)

## ဗုဒ္ဓဂေါတမနှင့် မထင်ရှားသောပုဏ္ဏားတစ်ဦး
## (ကိုယ်တိုင်သိမြင်ပြီး အခါမလင့်အကျိုးပေးသောတရားဟူသည်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အမျိုးအမည် မထင်ရှားသော ပုဏ္ဏားတစ်ဦးသည် ဗုဒ္ဓထံရောက်လာပြီး ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး တစ်နေရာ၌ ထိုင်နေလေသည်။

"အရှင်ဂေါတမ. . အဘယ်တရားသည် ကိုယ်တိုင်သိမြင်ထိုက်၍ အခါမလင့် အကျိုးပေးပါသနည်း၊ လာလှည့်ရှုလှည့်ဟူ၍ အစီရင်ခံထိုက်ပါသနည်း၊ မိမိ၏ကိုယ်စိတ်ထဲ၌ ဆောင်ယူထားထိုက်ပါသနည်း၊ အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်င သိရှိခံစားနိုင်ပါသနည်း"

"ပုဏ္ဏား. . ရာဂ, ဒေါသ, မောဟ တစ်မျိုးတပ်စွန်းသောသူသည် ထိုတရားတစ်မျိုးမျိုး ဖိစီးအပ်သည်ဖြစ်၍ ရာဂ, ဒေါသ, မောဟ တစ်မျိုးမျိုးဖြင့် သိမ်းကျုံးဆွဲဆောင်အပ်သော စိတ်ရှိရကား မိမိ၏ဆင်းရဲကိုလည်း ကြံစည်၏၊ မိမိ-သူတစ်ပါး၏ဆင်းရဲကိုလည်း ကြံစည်၏၊ မိမိ သူတစ်ပါးနှစ်ပါးစုံဆင်းရဲကိုလည်း ကြံစည်၏၊ စိတ်ကိုစွဲမှီ၍ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏၊

-ပုဏ္ဏား. . . ရာဂ, ဒေါသ, မောဟကို ပယ်ခွါခဲ့သည်ရှိသော် မိမိဆင်းရဲရန်လည်း မကြံစည်၊ သူတစ်ပါးဆင်းရဲရန်လည်း မကြံစည်၊ မိမိ သူတစ်ပါး နှစ်ပါးစုံဆင်းရဲရန်လည်း မကြံစည်၊ စိတ်ကိုစွဲ၍ဖြစ်သော ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းလည်း မခံစားရ

-ပုဏ္ဏား. . ရာဂ, ဒေါသ, မောဟ တပ်စွန်းသောသူသည် ကိုယ်, နှုတ်, စိတ်ဖြင့် မကောင်းသောအကျင့်ကိုကျင့်၏၊ ရာဂ, ဒေါသ, မောဟကိုပယ်ခွါသော် ကိုယ်, နှုတ်, စိတ်ဖြင့်မကောင်းသောအကျင့်ကိုမကျင့်”

“ရာဂ, ဒေါသ, မောဟတပ်စွန်းသောသူသည် မိမိအကျိုးသူတစ်ပါးအကျိုး၊ မိမိ သူတစ်ပါး နှစ်ပါးအစုံအကျိုးကို ဟုတ်တိုင်းမှန်စွာ မသိ၊ ရာဂ, ဒေါသ, မောဟကို ပယ်ခွါခဲ့သော မိမိအကျိုး၊ သူတစ်ပါးအကျိုး မိမိ သူတစ်ပါး နှစ်ပါးစုံ အကျိုးတို့ကို ဟုတ်တိုင်းမှန်စွာသိ၏၊

ပုဏ္ဏား. . ဤသို့လျှင် တရားသည် ကိုယ်တိုင်သိမြင်ထိုက်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု အစီရင်ခံထိုက်၏၊ မိမိစိတ်ထဲ၌ဆောင်ယူထားထိုက်၏၊ အရိယာပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိရှိခံစားထိုက်၏”

“အရှင်ဂေါတမတရားသည် အလွန်နှစ်သက်ဖွယ် ရှိပါ၏’ စသည်ဖြင့် ပုဏ္ဏားသည် လျှောက်ထားပြီး ဥပါသကာအဖြစ် ခံယူသွားလေသည်။

(ပုဏ္ဏားမျိုးဖြစ်သောပရိဗိုဇ်တစ်ဦးကလည်း အလားတူမေးခဲ့၍ ဗုဒ္ဓကလည်း အလားတူ အဖြေပေးခဲ့သည်။ ဇာဏုသောဏိပုဏ္ဏားကမူ အဘယ်မျှဖြင့် ကိုယ်တိုင်သိမြင်ထိုက်သောနိဗ္ဗာန်ဟု ဆိုပါသနည်း ဟု မေးသောအခါ ဗုဒ္ဓက အလားတူဖြေခဲ့ပါသည်)

(အင်္ဂုတ္တိုရ်၊ ထိကနိပတ်၊ ဗြာဟ္မဏဝဂ်၊ အညတရ ဗြာဟ္မဏသုတ်၊ ပရိဗ္ဗာဇကသုတ်၊ နိဗ္ဗုတသုတ်)

# ဗုဒ္ဓဂေါတမနှင့် မထင်ရှားသောပုဏ္ဏားတစ်ဦး (မကောင်းမှုမှအပပြုပြီးသော ပုဂ္ဂိုလ်ဟူသည်)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ် ဖြစ်သည်။

အမျိုးအမည် မထင်ရှားသော ပုဏ္ဏားတစ်ယောက်၏ ကျွန်ယောကျ်ားတစ်ဦးသည် ဗုဒ္ဓက ကျွန်အဖြစ်မှ တော်လှန်အပ် သောသူမဟုတ်သော သူတစ်ပါးကျေးကျွန်ကို ရဟန်းမပြုပေးအပ်' ဟူသော ဝိနည်း သိက္ခာပုဒ်ကို မပညတ်ခင် အချိန်ကာလတွင် တစ်ရပ်တစ်ကျေးသို့ ထွက်ပြေးတိမ်းရှောင်ပြီးလျှင် သာသနာ တော်၌ ရဟန်းပြုပြီးခဲ့ပြီ တရားကိုအားထုတ်ခဲ့ရာ မကြာခင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင်ဖြစ်သော ထိုပုဏ္ဏားသည် မိမိ၏ကျေးကျွန်ကို ရှာဖွေစုံစမ်းလျက်ရှိရာ အချိန်ကြာမြင့်စွာ မတွေ့မမြင်ရလဲ ရှိလေ သည်။

တစ်နေ့သောအခါ ဗုဒ္ဓနှင့်အတူ မြို့ထဲသို့ ဆွမ်းခံဝင်သော အခါ ပုဏ္ဏားသည် ထိုကျွန်သားရဟန်းကို တွေ့မြင်ရ၍ သင်္ကန်းကို မြဲမြံစွာ ဖမ်းယူခဲ့သည်။ ဗုဒ္ဓသည် ထိုအခြင်းအရာကို မြင်၍ ပြန် လည် ဆုတ်နစ်ကြွလာကာ-

"ပုဏ္ဏား. . ဤအမှုကား အကြောင်းအသို့နည်း" ဟုမေးသည်။

"အရှင်ဂေါတမ. . ဤသူကား ကျွန်ုပ်၏ကျွန်ပါတည်း"

"အချင်းပုဏ္ဏား. . ဤရဟန်းသည် ပယ်ချအပ်ပြီးသော ခန္ဓာတည်းဟူသော ဝန်ရှိ၏"
ဟု ဗုဒ္ဓက မိန့်ကြားသောအခါ ပုဏ္ဏားက ရဟန္တာပေတည်း. . ဟု မှတ်ထင်မိသည်။

"အရှင်ဂေါတမ. . ပယ်ချအပ်ပြီးသော ခန္ဓာကိုယ်ရှိသည် ဟုတ်မှန်ပါသလော"

"အချင်းပုဏ္ဏား. . ဟုတ်မှန်ပေ၏၊ ပယ်ချအပ်ပြီသော ခန္ဓာကိုယ်ဝန်ရှိ၏"

"ယခုပစ္စုပ္ပန်ဘဝ၌ပင် ဆင်းရဲကုန်ရာ အမြိုက်နိဗ္ဗာန်ကို မဂ် ဖိုလ် ဉာဏ်ဖြင့်သိ၍ ခန္ဓာဝန်ထုပ်ကို ပယ်ချပြီးသော ကာမယောဂစသည်နှင့် မယှဉ်သော ပုဂ္ဂိုလ်ကို မကောင်းမှုမှအပပြုပြီးသူဟု ငါဘုရားဟောကြားတော်မူပါ၏"
ဟူ၍ ဗုဒ္ဓက ဆက်လက်၍ တရားဟောရာ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ အညတရဗြဟ္မဏဝတ္ထု)

# ဗုဒ္ဓဂေါတမနှင့် ဝါသေဋ္ဌ, ဘာရဒွါဇ ပုဏ္ဏားလုလင်(၂)ဦး (အမျိုးလေးပါးနှင့်မြင့်မြတ်မှုခွဲခြားခြင်း)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဝိသာခါကျောင်းအမ၏ ဝိသာခါ၏ ပြဿာဒ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်တွင် ဝါသေဋ္ဌပုဏ္ဏားလုလင်နှင့် ဘာရဒွါဇ ပုဏ္ဏားလုလင်တို့သည် ဗုဒ္ဓထံ၌ ရဟန်းပြုပြီး တရားအားထုတ်နေချိန်ဖြစ်သည်။

ဝါသေဋ္ဌရဟန်းသည် ညချမ်းအချိန် သမာပတ်ဝင်စားလျက် တစ်ပါးတည်း ကိန်းအောင်းနေတော်မူရာမှ ထ၍ ပြဿာဒ်မှ သက်ဆင်းပြီးလာစဉ် ပြဿာဒ်ရိပ် လွင်တီးခေါင်၌ စင်္ကြံ၌ ကြွနေတော်မူသော ဗုဒ္ဓကိုမြင်၍ ဘာရဒွါဇရဟန်းကို ဗုဒ္ဓထံ သွားရောက်တရားနာရန်ပြောပြီး နှစ်ပါးစလုံး ဗုဒ္ဓစင်္ကြံ လျှောက်ရာသို့ သွားကြသည်။ ဗုဒ္ဓနောက်မှလိုက်၍ စင်္ကြံလျှောက်ကြသည်၊

"ဝါသေဋ္ဌ ပုဏ္ဏားဇာတ်ရှိကုန်သော ပုဏ္ဏားအမျိုးကောင်း ဖြစ်ကုန်သော သင်တို့သည် ပုဏ္ဏားမျိုးမှထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ကြကုန်၏၊ ဝါသေဋ္ဌ အသို့နည်း၊ သင်တို့ကို ပုဏ္ဏားတို့သည် မဆဲရေး၊ မရေရွတ်ကုန်သလော"

"မြတ်စွာဘုရား. . ပုဏ္ဏားတို့သည် ကျွန်ုပ်တို့ကို မိမိအလို အားလျော်သော ပြည့်စုံစေစပ်သော ဆဲရေးရေရွတ်ခြင်းဖြင့် ဆဲရေး ရေရွတ်ခဲ့ကြပါသည် ဘုရား"

"ဝါသေဋ္ဌ. . အဘယ်သို့ဆဲရေး ရေရွတ်ကြပါကုန်သနည်း"

"မြတ်စွာဘုရား. . ပုဏ္ဏားမျိုးသာလျှင် မြတ်၏၊ တစ်ပါးသောအမျိုးတို့သည် ယုတ်ကုန်၏၊ တစ်ပါးသောအမျိုးတို့သည် မည်းနက်ကုန်၏၊ ပုဏ္ဏားတို့သာလျှင် အမျိုးအနွယ် စသည်အားဖြင့် စင်ကြယ်ကြကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန် ပုဏ္ဏားတို့သာလျှင် ဗြဟ္မာ၏ခြေရင်း၌ ဖြစ်ကုန်၊ ဗြဟ္မာ၏ခံတွင်းမှ ဖွားကုန်သော ဗြဟ္မာကြောင့်ဖြစ်ကုန်သော ဗြဟ္မာဖန်ဆင်းကုန်သော၊ ဗြဟ္မာအမွေခံဖြစ်ကုန်သော၊ ဗြဟ္မာ၏သားတို့တည်း"

သင်တို့သည်မြတ်သော ပုဏ္ဏားအမျိုးကိုစွန့်၍ မာရ်မင်း၏ အသင်းဝင်ဖြစ်ကုန်သော၊ ဗြဟ္မာ၏ ခြေဖမိုးမှဖွားသောသားဖြစ်ကုန်သော ဇာတ်နိမ့် မည်းညစ်နက်ကုန်သော ဦးပြည်းရဟန်းညံ့တို့ထံ ကပ်ရောက်ခြင်းသည် ညမကောင်းသည်သာတည်း၊ မလျှောက်ပတ်သည့်သာတည်း ဟုရေရွတ်ဆဲရေးကြပါသည် ဘုရား"

"ဝါသေဋ္ဌ. . ပုဏ္ဏားတို့သည် ရှေးလောကဖြစ်စဉ်ကို မအောက်မေ့နိုင်ကြကုန်၍သာ ဤသို့ ဆိုကြပါသည်။ ပုဏ္ဏားတို့၏ ပုဏ္ဏေးမတို့ ဥတုလာသည်ကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်သည်ကိုလည်းကောင်း၊ သားဖွားသည်ကိုလည်းကောင်း၊ နို့တိုက်သည်ကိုလည်းကောင်း၊ သိမြင်ရကုန်၏၊

ထိုပုဏ္ဏားတို့သည် အင်္ဂါဇာတ်မှမွေးဖွားလာသူများဖြစ်ပါလျက် ပုဏ္ဏားမျိုးသာ မြတ်သည်၊ တစ်ပါးအမျိုးယုတ်ညံ့သည် စသည်ဖြင့် ဆိုကြခြင်းသည် ထိုပုဏ္ဏားတို့က ဗြဟ္မာကို ရှုတ်ချရာရောက်ကုန်၏၊ မမှန်သောစကားကို ဆိုရာလည်း ရောက်ကုန်၏၊ များစွာသော မကောင်းမှုကိုလည်း ပွားစေရာ ရောက်ကုန်၏၊

"ဝါသေဋ္ဌ . . မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုးအားဖြင့် လေးပါးတို့ရှိကြ၏၊ ဤလူပြည်၌ အချို့သော မင်းမျိုးသည်လည်းကောင်း၊ ပုဏ္ဏားမျိုးသည်လည်းကောင်း၊ ကုန်သည်မျိုးသည်လည်းကောင်း၊ သူဆင်းရဲမျိုးသည်လည်းကောင်း၊ သူအသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါးဟူသော အကုသိုလ်ဟုဆိုအပ်သော မမှီဝဲအပ်သော၊ အရိယာမဖြစ်နိုင်သော၊ မည်းညစ်ဆင်းရဲသော အကျိုးရှိကုန်သော ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့ကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရ၏၊

ဝါသေဋ္ဌ . . အချို့သော မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး သူဆင်းရဲမျိုးတို့သည် သူ့အသက်မသတ်ခြင်းစသော သုစရိုက်ဆယ်ပါးဟူသော ကုသိုလ်ဟုဆိုအပ်သော မှီဝဲအပ်သော အရိယာဖြစ်နိုင်သော ဖြူစင်၍ ချမ်းသာသော အကျိုးကိုပေးတတ်သော ပညာရှိတို့ ချီးမွမ်းထိုက်သော တရားတို့ကို ပြုလုပ်လျက်ရှိသည်ကိုတွေ့ရ၏၊

ဝါသေဋ္ဌ . . အမျိုးလေးပါးတို့၌ ပညာရှိတို့ကဲ့ရဲ့အပ်၊ ချီးမွမ်းအပ်၊ အဖြူ အမည်း၊ ဒုစရိုက်၊ သုစရိုက်၊ အကုသိုလ်တရားနှစ်ပါးတို့ရောပြွမ်းသည် ဖြစ်ပါလျက် ပုဏ္ဏားအမျိုးသည်သာ မြတ်သည်၊ အခြားအမျိုးသည် ယုတ်ကုန်၏၊ စသည်ဖြင့် ပုဏ္ဏားတို့ဆိုကြခြင်းကို ပညာရှိတို့သည် ဝန်မခံကြကုန်၊

အဘယ်ကြောင့်ဆိုသော်. . ဤအမျိုးလေးပါးတို့တွင် အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ အာသဝေါတရားကုန်ပြီးဖြစ်၏၊ မဂ်အကျင့်ကိုကျင့်သုံးပြီးဖြစ်၏၊ ခန္ဓာဝန်ချပြီးဖြစ်၏ မိမိအမျိုး အရဟတ္တဖိုလ်ရောက်ပြီးဖြစ်၏၊ ဘဝသံယောဇဉ်ကုန်

ပြီးဖြစ်၏၊ ကောင်းစွာသိ၍ လွတ်မြောက်ပြီးဖြစ်၏၊ ထိုရဟန်းကို အမျိုးလေးပါးတို့တွင် အမြတ်ဆုံးဟူ၍ တရားသဖြင့်သာလျှင် ဆိုအပ်၏၊ မတရားသဖြင့် မဆိုအပ်၊

"ဝါသေဋ္ဌ . . ဤသတ္တလောက၌ တရားသည်သာလျှင် ဤလောက၊ တစ်ပါးသောလောက၌ အမြတ်ဆုံးဖြစ်၏၊

ဤလူအပေါင်း၌ တရားသဘောသည်သာလျှင် မျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ အမြတ်ဆုံးဖြစ်၏၊ ဤတရား၏ အမြတ်ဆုံးအဖြစ်ကို ဤအကြောင်း ဖြင့် သိအပ်၏၊

မိမိထက် လွန်မြတ်သောသူမရှိသော ရဟန်းဂေါတမသည် သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သည်ဟူ၍ ပသေနဒီကောသလမင်းသည် အမှန်သိခဲ့၏၊

စင်စစ်သာကီဝင် မင်းမျိုးတို့သည် ကောသလမင်း၏ အလိုသို့လိုက်ရ၏၊ သာကီဝင်မင်းမျိုးတို့သည် ကောသလမင်း၌ နှိမ့်ချခြင်း၊ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီရိုသေခြင်းကို ပြုကြရကုန်၏၊

ဝါသေဋ္ဌ . . သာကီဝင်မင်းတို့က ကောသလမင်းကို ထိုကဲ့သို့ ပြုလုပ်သလို ကောသလမင်းကလည်း-

"ရဟန်းဂေါတမသည် ကောင်းမြတ်သော ဇာတ်ရှိ၏၊ ငါသည်ယုတ်ညံ့သော ဇာတ်ရှိ၏၊ ရဟန်းဂေါတမသည် အားနှင့်ပြည့်စုံ၏၊ ငါသည်အားနှင့် မပြည့်စုံ၊ ရဟန်းဂေါတမသည် ကြည်ညိုဖွယ်ရှိ၏၊ ငါသည် ကြည်ညိုဖွယ်မရှိ ရဟန်းဂေါတမသည် ကြီးကျယ်သော ဘုန်းတန်ခိုးရှိ၏၊ ငါသည် အနည်းငယ်သော ဘုန်း

တန်ခိုးရှိ၏ ဟုနှလုံးသွင်း၍ ငါဘုရား၌ နှိမ့်ချခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးခြင်း၊ ရိုသေခြင်းကိုပြု၏၊

စင်စစ်သော်ကား. . တရားကိုသာလျှင် အရိုအသေပြု အလေးအမြတ်ပြု၊ မြတ်နိုးမှု၊ ပူဇော်မှုပြု၍ ကောသလမင်းသည် ငါဘုရား၌ နှိမ့်ချခြင်း၊ ရှိခိုးခြင်း၊ ရိုသေခြင်းကိုပြု၏၊

ထို့ကြောင့် ဤသတ္တလောက၌ တရားသာလျှင် အမြတ်ဆုံးဖြစ်ပြီး ဤလောက၊ တစ်ပါးသောလောက၌လည်း တရားသာလျှင် အမြတ်ဆုံး ဖြစ်ကြောင်းသိအပ်၏၊

ဝါသေဋ္ဌ. . အသီးသီးသောဇာတ်၊ အမည်၊ အနွယ်၊ အမျိုးတို့ရှိကုန်အပ်သော သင်တို့သည် လူဘောင်မှရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏၊ သင်တို့သည် အဘယ်သူတို့နည်းဟု မေးလာသော်. . ငါတို့သည် သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတို့တည်း. . . ဟု ဝန်ခံကြကုန်လော့'

ဝါသေဋ္ဌ. . စင်စစ် အကြင်သူသည် မြတ်စွာဘုရား၌ မတုန်မလှုပ်တည်၏၊ မဂ်အမြင်ပေါ်ခြင်းကြောင့် ဖြစ်၏၊ ထိုမဂ်အမြင်ဖြင့် တည်၏၊ မြဲ၏၊

ရဟန်းသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း၊ နတ်သည်လည်းကောင်း၊ မာရ်သည်လည်းကောင်း၊ လောက၌ တစ်စုံတစ်ယောက်သောသူသည်လည်းကောင်း၊ လှုပ်ရှားခြင်းငှါ မတတ်နိုင်၊

ထိုအခါ ထိုသူသည်. . ငါသည် ရင်၌တည်၍ ခံတွင်းမှ ထွက်သောတရား၏ အစွမ်းဖြင့်တည်သောကြောင့်-

"မြတ်စွာဘုရား၏ ရင်မှဖြစ်သော မြတ်စွာဘုရား၏ ခံတွင်းမှ မွေးဖွားသော တရားကြောင့်ဖြစ်သော တရားသည် ဖန်ဆင်းအပ်သောတရားအမွေခံတည်း

ဟုဆိုခြင်းငှါသင့်၏၊ အဘယ်ကြောင့် သင့်သည်ဟုဆိုသော် ဓမ္မကာယ, ဗြဟ္မကာယ, ဓမ္မဘူတ, ဗြဟ္မဘူတ ဟူသော အမည်သည် ငါဘုရား၏အမည်ဖြစ်သော ကြောင့် ဖြစ်ပါသည်။

(ထို့နောက် ဗုဒ္ဓကဆက်လက်၍ ကမ္ဘာပျက်ပုံ၊ ပြန်တည်ပုံ မြေဆီဖြစ်ပေါ်ပုံ၊ လ, နေ တို့ဖြစ်ပေါ်လာပုံ၊ မြေလွှာဖြစ်ပေါ်လာပုံ နွယ်ချိုပေါက်လာပုံ၊ သလေးဆန် အလိုလျောက်ပေါ်လာပုံ၊ မိန်းမ ယောက်ျား လိင်ထင်ရှားဖြစ်ပေါ်လာပုံ၊ မေထုန်အကျင့် ဖြစ်ပေါ်လာပုံ၊ သလေးဆန်ခွဲကြပုံ၊ မဟာသမ္မတမင်းပေါ်လာပုံ၊ အမျိုးလေးပါးပေါ်လာပုံတို့ကို အကျယ်ဟောပြော ပြတော်မူသည်)

"ဝါသေဋ္ဌ . . အမျိုးလေးပါးတို့တွင် တစ်မျိုးမျိုးသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို ကျင့်၍ မှားသော အယူဝါဒရှိ၏၊ မှားသောအယူဝါဒဖြင့် ကံကိုပြု၏၊ ထိုသို့ပြုသော ကြောင့် သေဆုံးသောအခါ ချမ်းသာကင်းသော မကောင်းသဖြင့် လားရောက်ရာ ငရဲသို့ရောက်ရ၏"

"ဝါသေဋ္ဌ . . ရဟန်းမျိုးသည်လည်းကောင်း၊ ထိုကာယကံ၊ ဝစီကံ၊ မနောကံကို ကျင့်ကာမှားသော အယူဝါဒဖြင့် ထိုကံများကို ပြုမိပါက သေဆုံးသောအခါ မကောင်းသောလားရာ ငရဲသို့ကျ ရောက်ရ၏၊

'ဝါသေဋ္ဌ . . အမျိုးလေးပါးနှင့် ရဟန်းတို့သည် ကာယ သုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တို့ကိုကျင့်၍ မှန်သော

အယူဝါဒရှိကာ ထိုကံများကို ပြုလုပ်၏၊ သေပြီးနောက်တွင် ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရ၏၊

'ဝါသေဋ္ဌ . . အမျိုးလေးပါးနှင့်ရဟန်းတို့သည် ကိုယ်, နှုတ်, စိတ်ဖြင့် ဒုစရိုက်၊ သုစရိုက်၊ နှစ်မျိုးကိုကျင့်လေ့ရှိ၏၊ ကောင်းသောအယူ၊ မကောင်းသောအယူ၊ နှစ်မျိုးရှိပြီး ထိုနှစ်မျိုးဖြင့် ကံများကိုပြု၏၊ သေပြီးနောက်၌ ချမ်းသာ ဆင်းရဲကို ခံစားရ၏၊'

'ဝါသေဋ္ဌ . . အမျိုးလေးပါးနှင့်ရဟန်းသည် ကိုယ်, နှုတ် စိတ်ကို စောင့်စည်းသည်ဖြစ်၍ ၃၇-ပါးသော ဗောဓိပက္ခိယတရား တို့ကို ပွားများအားထုတ်၍ ဤမျက်မှောက်ဘဝ၌ပင် ကိလေသ ပရိနိဗ္ဗာန်ပြု၏'

'ဝါသေဋ္ဌ . . အမျိုးလေးပါးတို့တွင် ရဟန်းသည် ပူဇော် အထူးကို ခံထိုက်၏၊ အာသဝေါကုန်ပြီးဖြစ်၏၊ မဂ်ကိစ္စပြီး၍ ဒန္တာ ဝန်ချပြီးဖြစ်၏၊ ထိုရဟန်းကို အမျိုးလေးပါးတွင် တရားသဖြင့်သာ လျှင် မြတ်သည်ဟု ဆိုအပ်၏၊ ဤလောက၌ တရားသည် ဤပစ္စုပ္ပန်လောက၊ တမလွန်လောက၌ အမြတ်ဆုံးဖြစ်၏'

'ဝါသေဋ္ဌ . . သနင်္ကုမာရ ဗြဟ္မာသည်---

"လူအပေါင်း၌ အကြင်သူသည် အမျိုးအနွယ်ကို အား ကိုးလေ့ရှိ၏၊ ထိုသူတို့တွင် မင်းမျိုးသည်မြတ်၏၊ နတ်, လူအပေါင်း သည် အသိဉာဏ်(ဝိဇ္ဇာ)၊ အကျင့်(စရဏ)၊နှင့်ပြည့်စုံသောသူသည် မြတ်၏'

ဟုဆိုခဲ့ပါသည်။

ဝါသေဋ္ဌ . . သနင်္ကုမာရဗြဟ္မာသည် ဤဂါထာကို ကောင်းစွာသီဆိုပေ၏၊ မကောင်းသဖြင့် သီဆိုသည်မဟုတ်၊ အကျိုးနှင့်စပ်၏၊ ငါသဘောတူ၏”

ဗုဒ္ဓက ဤသို့သော တရားတော်ကို ဟောတော်မူသော အခါ ဝါသေဋ္ဌ ဘာရဒွါဇ ပုဏ္ဏားလုလင်ဘဝမှ ရဟန်းပြုခဲ့ကြသော ရဟန်းနှစ်ပါးတို့သည် တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်လေသည်။

(ပါထိကဝဂ်၊ အဂ္ဂညသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဝါသေဋ္ဌ + ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး (အဘယ်သို့သောသူသည် ဗြဟ္မဏမည်ပါသလဲ)

ဗုဒ္ဓသည် ကုစ္ဆနင်္ဂလနိဂုံး ကုစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်၌ အလွန်ကျော်စောထင်ရှားသော စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ တောဒေယျပုဏ္ဏားနှင့် ထင်ရှားကြသော အခြားပုဏ္ဏားတို့သည်လည်း ကုစ္ဆာနင်္ဂလရွာသို့ ရောက်နေကြသည်။

တစ်နေ့တွင် ပေါက္ခရသာတိပုဏ္ဏား၏တပည့် ဝါသေဋ္ဌနှင့် တာရုက္ခပုဏ္ဏားကြီး၏တပည့် ဘာရဒွါဇလုလင်တို့သည် လမ်းလျှောက်ထွက်ကြရင်း-

"အချင်းဘာရဒွါဇ. . အဘယ်သို့သော အခြင်းအရာဖြင့် ဗြဟ္မဏမည်ပါသလဲ"

ဟုမေးသည်။

"အချင်းဝါသေဋ္ဌ. . မိဘနှစ်ဘက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိသူ၊ ဇာတ်နှင့်ပတ်သက်၍ အပယ်မခံရ၊ အကဲ့ရဲ့မခံရသောသူသည် ဗြဟ္မဏမည်ပါသည်"

"အချင်းဘာရဒွါဇ. . သီလလည်းရှိ၏၊ ဝတ်အကျင့်နှင့်လည်းပြည့်စုံ၏၊ ဤအရည်အချင်းရှိက ဗြဟ္မဏမည်ပါ၏"

ဘာရဒွါဇနှင့် ဝါသေဋ္ဌတို့သည် ဗြဟ္မဏာမည်ပုံနှင့်ပတ်သက်၍ အမြင်သဘောထား မတူကြဘဲ ဖြစ်နေသည်။

"အချင်းဘာရဒွါဇ. . သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းတစ်ပါးသည် ဤဣစ္ဆာနင်္ဂလတောအုပ်၌ ရောက်နေသည်။ ထိုရဟန်းသည် အရဟံစသောဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသည်ဟူ၍ ကျော်စောပျံ့နှံ့နေသည်၊ ရဟန်းဂေါတမထံသို့သွား၍ ဤပြဿနာကိုမေးပြီး သူ၏အဖြေကို မှတ်သားကုန်အံ့"

"အချင်း. . ဝါသေဋ္ဌ ကောင်းပြီ"

သူတို့သည် ဤသို့သဘောတူပြီး ဗုဒ္ဓထံသို့ လာခဲ့ကြသည်၊ ဗုဒ္ဓနှင့်ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီး တစ်နေရာ၌ ထိုင်ကြသည်။

"အရှင်ဂေါတမ. . ကျွန်ုပ်သည် ပေါက္ခရသာတိပုဏ္ဏားကြီး၏ တပည့်ကြီးဖြစ်ပြီး ဤလုလင်အား တာရုက္ခပုဏ္ဏားကြီး၏ တပည့်ကြီးဖြစ်ပါ၏၊ ကျွန်ုပ်တို့နှစ်ဦးစလုံးပင် ဗေဒင်သုံးပုံ တစ်ဘက်ကမ်း တတ်မြောက်ကြပါ၏၊ ကျွန်ုပ်တို့သည် အမျိုးဇာတ် ဝါဒကို အကြောင်းပြု၍ ငြင်းခုံပြောဆို နေမိကြပါ၏"

ဘာရဒွါဇ. . ဇာတ်အမျိုးကြောင့် ဗြဟ္မာမည်၏ဟုဆိုပါသည်၊ ကျွန်ုပ်က မိမိပြုသော အမှုကြောင့် ဗြဟ္မဏာမည်၏ဟုပြောပါ၏၊ ကျွန်ုပ်တို့နှစ်ယောက်၏ ငြင်းခုံမှုအဖြေကို သိလိုပါသည်"

"ဝါသေဋ္ဌ. . ငါသည် သင်တို့အား သတ္တဝါတို့၏ ဇာတ် (အမျိုး) အကျယ်ကို ဟောပြအံ့၊ ဇာတ်အမျိုးမျိုးတို့သည် ကွဲပြားကုန်၏၊

မြက်, သစ်ပင်, ပိုးဖလံ, နှံကောင်, ပိုးရွချပုံ, အငယ်-အကြီး အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေနှစ်ချောင်းရှိ သတ္တဝါ၊ ဝမ်းရေလျောခြေရှိသောမြွေ၊ ရေ၌ကျက်စားသောငါး၊လိပ် ကောင်းကင်၌ပျံကြသော ငှက်အမျိုးမျိုး၊ ဤသတ္တဝါဇာတ်တို့၌ ပုံသဏ္ဌာန်သည် အသီးသီး၊ အမျိုးဇာတ်တိုင်း ဖြစ်ကြသကဲ့သို့ လူတို့၏ ပုံသဏ္ဌာန်သည် အသီးသီး အမျိုးဇာတ်တိုင်း ဖြစ်ခြင်း မရှိပါ။

ဆံပင်, ဦးခေါင်း, နား, မျက်စိ, လက်, ခြေ, မျက်ခုံး, လည်ပင်း, ပုခုံး, ကျောက်ကုန်း, ခါး, ပေါင်, ဒူးခေါင်း, ခြေသလုံး လက်ချောင်း, ခြေချောင်းတို့ကွဲပြားခြင်းမရှိ အဆင်း, အသံ, ကွဲ ပြားခြင်းမရှိ၊အခြားသတ္တဝါ အမျိုးဇာတ်တို့ကဲ့သို့ ပုံသဏ္ဌာန်သည် အမျိုးဇာတ်အတိုင်း ကွဲပြားမှု သဘောမရှိပါ။ လူအတူတူသာလျှင် ဖြစ်ပါသည်။

လူတို့၏ ဥစ္စာဖြစ်သော ကိုယ်တို့၌ အသီးအခြား ကွဲလွဲ ချက်မရှိပါ။ လူတို့၌ကွဲလွဲချက်ကို အခေါ်အဝေါ်အားဖြင့်သာ ဆို ကြလေ့ရှိပါသည်။

လူတို့တွင် လူတစ်ယောက်သည် လယ်လုပ်ခြင်းကို အမှီ ပြု၍ အသက်မွေး၏၊ ထိုသူသည် အခေါ်အဝေါ်အားဖြင့် လယ်သမားမည်၏၊

တစ်ယောက်သောသူ အတတ်ပညာဖြင့် အသက်မွေး၏၊ ထိုသူသည် အတတ်ပညာသည် မည်၏၊

တစ်ယောက်သောသူသည် ကုန်သွယ်ခြင်းကို မှီ၍ အသက်မွေး၏၊ ထိုသူသည် ကုန်သည်မည်၏၊

တစ်ယောက်သောသူသည် သူတစ်ပါးတို့ အခိုင်းအစေ အဖြစ် အသက်မွေး၏၊ ထိုသူသည် အစေခံသာမည်၏၊

တစ်ယောက်သောသူသည် လက်နက်ကိုမှီ၍ အသက် မွေး၏၊ ထိုသူသည် စစ်သားမည်၏၊

တစ်ယောက်သောသူသည် ခိုးယူခြင်းကိုမှီ၍ အသက် မွေး၏၊ ထိုသူသည် ခိုးသူမည်၏၊

တစ်ယောက်သောသူသည် ပုရောဟိတ် အမှုဖြင့် အသက်မွေး၏၊ ထိုသူသည် ယာဇ်ပူဇော်သမား မည်၏၊

တစ်ယောက်သောသူသည် ရွာ၊ နိဂုံး၊ တိုင်းနိုင်ငံကို အပိုင် စားရ၏၊ ထိုသူသည် မင်းသားမည်၏၊

ထိုသူအားလုံးသည် ဗြာဟ္မဏမမည်၊ မျိုးရိုးအားဖြင့် ဖြစ်ကာမျှ၊ အမိဝမ်းတိုက်၌ ဖြစ်ကာမျှကို ဗြာဟ္မဏမည်၏ဟူ၍ ငါမဆို၊ ထိုသူသည်ကြောင့်ကြမှု ရှိနေသေးမူ "ဘောဝါဒိ"သာမည်၏၊

-အကြင်သူသည် ကြောင့်ကြမှုမရှိသူ၊ စွဲလမ်းမှုမရှိသူကို ဗြာဟ္မဏဟူ၍ ငါဆို၏၊

-အလုံးစုံသော သံယောဇဉ်ကို ဖြတ်တောက်၍ စင်စစ် တပ်မက်တွယ်တာမှုမရှိ၊ တပ်မက်မှုကိုကျော်လွန်၍ ကိလေသာ ကင်းပြီးသောသူကို ဗြာဟ္မဏ ဟူ၍ငါဆို၏၊

-ရန်ငြိုးဖွဲ့ခြင်း၊ နှောင်ဖွဲ့တတ်သော ကြိုးသဖွယ်ဖြစ်သော တဏှာ၊ အစဉ်မပြတ်ကိန်းအောင်းတတ်သော အနုသယနှင့်တကွ ဖြစ်သော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကိုဖြတ်၍ ပယ်အပ်ပြီးသော

အဝိဇ္ဇာတံခါးကျင်ရှိသော ၊ သိပြီးသော သစ္စာလေးပါးရှိသောသူကို ပြဟ္မဏ ဟူ၍ ငါဆို၏၊

-သူတစ်ပါးဆဲရေးမှု၊ ပုတ်ခတ်မှု၊ နှောင်ဖွဲ့မှုတို့ကို အမျက်မထွက်ဘဲ သည်းခံနိုင်၏၊ အကြိမ်ကြိမ် သည်းခံစွမ်းအားရှိသောသူကို ပြဟ္မဏဟူ၍ ငါဆို၏၊

-ကြာဖက်၌ရေကဲ့သို့လည်းကောင်း၊ ပွတ်ဆောင်ဖျား၌ မုန့်ညှင်းဆီကဲ့သို့လည်းကောင်း၊ ကာမဂုဏ်တရားတို့၌ မလိမ်းကျံမကပ်ငြိသောသူကို ပြဟ္မဏ ဟူ၍ငါဆို၏၊

-ဤဘဝ၌ပင် မိမိ၏ဒုက္ခကုန်ရာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ သိ၏၊ ချထားပြီးသော ဝန်၊ ကိလေသာနှင့်မယှဉ်သောသူကို ပြဟ္မဏ ဟူ၍ငါဆို၏၊

-နက်နဲသော အာရုံတို့၌ဖြစ်သော ပညာဉာဏ်ရှိသော မိုးကြိုးစက်ကဲ့သို့ ဗကတေ့ ထက်မြက်ပညာရှိသော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော လမ်းကြောင်းဟုတ်-မဟုတ်၌လိမ္မာသော မြတ်သောအကျိုးစီးပွားသို့ အစဉ်ရောက်ပြီးသောသူကို ပြဟ္မဏဟူ၍ ငါဆို၏၊

အိမ်ရာတည်ထောင်သောလူ အိမ်ရာမထောင်သော ရဟန်း နှစ်မျိုးတို့နှင့် မရောယှက်၊ ဝတ္ထုကာမ, ကိလေသာကာမတို့၌ မကပ်ငြိ၊ နည်းသောအလိုရှိသောသူကို ပြဟ္မဏဟူ၍ ငါဆို၏၊

-ထိတ်လန့်တတ်သော ပုထုဇဉ်သတ္တဝါ၊ မထိတ်လန့်တတ်သော ရဟန္တာတို့၌ တုတ်၊ လက်နက်ကို ချထားပြီဖြစ်၍ မသတ်ဖြတ်၊ မညှင်းဆဲသော သဘောရှိသောသူကို ပြဟ္မဏဟူ၍ ငါဆို၏၊

-ရန်ငြိုးဖွဲ့တတ်သောသူတို့၌ တုံ့ပြန်၍ ရန်ငြိုးမဖွဲ့တတ်၊ လက်နက်လုံ့တံစွဲကိုင်သော သဘောမရှိ ကိလေသာရန်ငြိမ်းအေးပြီး စွဲလမ်းမှုမရှိသောသူကို ဗြဟ္မဏဟူ၍ ငါဆို၏။

-ရာဂ, ဒေါသ, မာနသည်လည်းကောင်း၊ သူကျေးဇူးကို ချေဖျက်ခြင်းသည်လည်းကောင်း၊ ပွတ်ဆောက်များမှ မုန်းညင်းစေ့ကဲ့သို့ လျှော့ကျသောသဘောရှိသူကို ဗြဟ္မဏ ဟူ၍ငါဆို၏။

-တစ်စုံတစ်ယောက်သောသူကိုမျှ မငြိစွန်းစေတတ်၊ မကြမ်းကြုတ်သောသဘောကို သိစေတတ်သော မှန်ကန်သော စကားကို ပြောဆိုတတ်သောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-လောက၌ အတို, အရှည်, အငယ်, အကြီး, ကောင်း-မကောင်းဖြစ်သော အရှင်မပေးသော ဥစ္စာကို မခိုးယူတတ်သောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-ဤလောက၊ တမလွန်လောက၌ တဏှာ တောင့်တမှု အာသာတဏှာ၊ ကင်းသောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-သို့လော၊ သို့လော၊ တွေးတောမှုမရှိ၊ မှန်ကန်သော သဘောသိပြီး တဏှာ အာဃာတမရှိ၊ နိဗ္ဗာန်အတွင်းသို့ ဝင်ရောက်ပြီးသောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-ဤသာသနာတော်၌ ကုသိုလ်၊ အကုသိုလ် ကပ်ငြိမှုမရှိ လွန်မြောက်ပြီး၍ ပူဆွေးခြင်းမရှိ ကိလေသာမြူကင်း၍ စင်ကြယ်သောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-လကဲ့သို့အညစ်အကြေးကင်းစင်သော အထူးသဖြင့် ကြည်လင်ပြီးမနောက်ကျသော ကုန်ပြီးသောတဏှာဘဝရှိသော သူကို ဗြဟ္မဏ ဟူ၍ ငါဆို၏။

-လွန်မြောက်နိုင်ခဲ့သော ခရီးသွားဖြစ်သော အဖန်ဖန် ကျင်လည်တတ်၊ တွေဝေတတ်သော လောကကိုလွန်မြောက် တတ်၏၊ သြဃလေးပါးကို ကူးမြောက်ပြီးသူဖြစ်၏၊ နိဗ္ဗာန်တစ် ဘက်ကမ်းသို့ရောက်ပြီးသူဖြစ်၏၊ အာရုံလက္ခဏာယဉ်ကို ရှုသော အားဖြင့် ကပ်၍ရှုတတ်၏၊ တဏှာဟူသော ဇောမရှိ၊ သို့လော ဟူ၍ ယုံမှားမှုမရှိ၊ မစွဲလမ်း မှု၍ ငြိမ်းအေးသောသဘောရှိသော သူကို ပြဟ္မဏ ဟူ၍ ငါဆို၏၊

-ဝတ္ထုကာမ ကိလေသာကာမကို ပယ်စွန့်၍ အိမ်ရာ မတည်ထောင်ဘဲ ရဟန်းပြု၏၊ ကုန်ပြီးသော ဘဝရှိသော၊သူကို ပြဟ္မဏ ဟူ၍ ငါဆို၏၊

-လူ၌ဖြစ်သော ကာမဂုဏ်၊ နတ်၌ဖြစ်သော ကာမဂုဏ် တို့နှင့်ယှဉ်ခြင်းကို လွန်မြောက်သောသူကို ပြဟ္မဏ ဟူ၍ငါမဆို၊

-ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း၊ ကုသိုလ်ပွားများမှု၌မမွေ့ လျော်ခြင်းကို ပယ်ဖျောက်၍ ငြိမ်းချမ်းပြီးသော ဥပဓိကင်းသော လောကအလုံးစုံကို နှိမ်နင်း၍ တည်သောလုံ့လ ဝီရိယရှိသောသူ ကို ပြဟ္မဏ ဟူ၍ ငါဆို၏၊

-သတ္တါတို့၏စုတိ၊ ပဋိသန္ဓေကိုအချင်းခပ်သိမ်းသိ၏၊ ငြိ ကပ်တွယ်တာမှုမရှိ၊ ကောင်းမြတ်သောနိဗ္ဗာန်အရပ်သို့ရောက်ပြီး သော သစ္စာလေးပါးကို သိသောသူကို ပြဟ္မဏ ဟူ၍ငါဆို၏၊

-လားရောက်ရမည့်ဂတိကို နတ်, ဂန္ဓဗ္ဗနတ်, လူတို့သည် မသိကြကုန်၊ ကုန်ပြီးသော အာသဝရှိသော ပူဇော်အထူးကို ခံယူတော် မူထိုက်သောသူကို ပြဟ္မဏ ဟူ၍ ငါဆို၏၊

-ရှေး၌ဖြစ်သောအတိတ်၊ နောက်၌ဖြစ်သောအနာဂတ်၊ အလယ်၌ဖြစ်သောပစ္စုပ္ပန်တို့၌ ကြောင့်ကြမှုမရှိ၊ စွဲလမ်းမှုမရှိသော

သူကို ဗြဟ္မဏ ဟူ၍ ငါဆို၏၊

-ရှေ့ဆောင်နွားလားဥသဘနှင့်တူသော၊ မြတ်သော ဝီရိယရှိသော၊ မြတ်သောသိလက္ခန္ဓ စသောကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးပြီးသော၊ အောင်အပ်ပြီးသော အောင်ပွဲရှိသော၊ ကင်းပြီးသော တဏှာဇောရှိသော၊ ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးသော၊ သစ္စာလေးပါးကို သိပြီးသောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏၊

• -ရှေးကနေခဲ့သော ဘဝအဆက်ဆက်ကိုသိ၏၊ နတ်ရွာ ရောက်ကြောင်း ကောင်းမြတ်သော လမ်းခရီးကိုလည်းမြင်၏၊ ပဋိသန္ဓေနေမှုကုန်ရာ နိဗ္ဗာန်သို့လည်း ရောက်သောသူကို ဗြဟ္မဏ ဟူ၍ ငါဆို၏၊

-ဤဗြဟ္မဏဟူသောအမည်သည် လောက၌ခေါ်ဝေါ် ပြောဆိုရသော အမည်မျှသာတည်း၊ ဗြဟ္မဏ ဝါသေဋ္ဌ၊ ဘာရဒွါဇ စသောအမည် အနွယ်ကိုလူတို့ကြံဆထား၏၊ အဆင့်ဆင့် ခေါ်ဝေါ် ပြောသောအမည်အားဖြင့် လာ၏၊ ထိုမွေးဖွားရာ ကာလ စသည် တို့၌ ဆွေမျိုးတို့သည် ကြံဆထား၏၊

ဗြဟ္မဏဟူသော အမည်သည် ခေါ်ဝေါ်ခြင်းငှါ သမုတ် ထားသော အမည်မျှသာတည်း-ဟု မသိသောသူတို့၏ ရှည်လျား ကြာမြင့်စွာသော ကာလပတ်လုံး အစဉ်ကိန်းအောင်းနေသော မှားသောအယူအဆမျှသာတည်း၊ မသိသောသူတို့သည် ဗြဟ္မဏ ဟူသည် ဇာတ်အားဖြင့်ဖြစ်၏ ဟုအစဉ်အဆက်ပြောဆိုကြကုန်၏၊

ဇာတ်ကြောင့် ဗြဟ္မဏ မဖြစ်နိုင်၊ ဇာတ်ကြောင့် ဗြဟ္မဏ မဟုတ်သူ မဖြစ်နိုင်၊ မိမိပြုလုပ်သောအလုပ်ကြောင့် ဗြဟ္မဏဖြစ် ၏၊ မိမိပြုလုပ်သော အလုပ်ကြောင့် ဗြဟ္မဏမဟုတ်သူ ဖြစ်၏၊

မိမိပြုလုပ်သောအမှုကြောင့် လယ်သမား၊ အတတ်ပညာသည်၊ ကုန်သည်၊ အစေခံ၊ ခိုးသူ၊ စစ်သား၊ ယာဇ်ပူဇော်သမား၊ မင်းဖြစ်ကြရ၏၊

-အကြောင်းကိုစွဲ၍အကျိုးဖြစ်၏ ဟု ပဋိစ္စသမုပ္ပါဒ်ကို မြင်လေ့ရှိကုန်သော ကံ-ကံ၏အကျိုး၌ လိမ္မာကုန်သော ပညာရှိသည် ဟုတ်တိုင်းမှန်စွာ ကံတရားကို မြင်ကြကုန်၏၊

လောကသည်ကံကြောင့်ဖြစ်သည်၊ သတ္တဝါအပေါင်းသည် ကံကြောင့်ဖြစ်သည်၊ သွားသောရထား၏ နားပန်းစွန့်ကဲ့သို့ သတ္တဝါတို့ကို ကံကဖွဲ့စပ်ထား၏၊

ကိလေသာကို ခါတွက်တတ်သော ဓုတင်အကျင့်ဖြင့်လည်းကောင်း၊ မေထုန်အကျင့်ကို ရှောင်ကြဉ်ခြင်းဖြစ်လည်းကောင်း၊ စောင့်စည်းအပ်သော သီလဖြင့်လည်းကောင်း၊ ဣန္ဒြေခြောက်ပါးကိုဆုံးမခြင်းဖြင့်လည်းကောင်း၊ ဤချီးမွမ်းအပ်သော အထူးစင်ကြယ်သော အကြောင်းကံကြောင့် ဗြာဟ္မဏမည်၏၊

ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မြတ်သော ဗြာဟ္မဏဟူ၍ ငါဆို၏၊

ဝါသေဋ္ဌ. . သုံးပါးသောဝိဇ္ဇာဉာဏ်တို့နှင့် ပြည့်စုံသော၊ ငြိမ်းအေးပြီးသော ကိလေသာရှိသော၊ တစ်ဖန်ဘဝသစ်၌ ဖြစ်ခြင်းကုန်ပြီးသောသူသည် သိကြား နားလည်သူတို့၏ ဗြာဟ္မဏလည်းမည်၏၊ သိကြားလည်း မည်၏ဟု သင်သိပါသလော၊

"အရှင်ဂေါတမ. . အရှင်၏တရားသည် အလွန်နှစ်သက်ဖွယ်ရှိပါ၏"

ဟု စသည်လျှောက်ထားကာ ဥပါသကာအဖြစ် ခံယူကြလေသည်

(မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၊ ဝါသေဋ္ဌသုတ်)

# ဗုဒ္ဓဂေါတမနှင့် ဝါသေဋ္ဌ+ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး (ဗြဟ္မာပြည်သို့ရောက်စေသော နည်းလမ်းအကျင့်)

ဗုဒ္ဓသည် ရဟန်းငါးရာတို့နှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်စဉ် မနသာကဋမည်သော ပုဏ္ဏားရွာသို့ ရောက်၍ ထိုရွာ၏မြောက်ဘက် အစီရဝတီ မြစ်ကမ်းနား သရက်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုစဉ်အခါ၌ အလွန်ထင်ရှား ကျော်စောကုန်သောပုဏ္ဏား သူဌေးများ ဖြစ်ကြသည့် စင်္ကီပုဏ္ဏား၊ တာရုက္ခပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ တောဒေယျပုဏ္ဏားနှင့် အလွန်ထင်ရှားကုန်သော၊ အခြားပုဏ္ဏားသူဌေးများစွာတို့သည် "မနသာကဋရွာ၌ ပုဏ္ဏားတို့အစည်းအဝေး ပြုလုပ်ရန် လာရောက် တည်းခိုနေထိုင်ကြသည်။

တစ်ညနေတွင် ဝါသေဋ္ဌလုလင်နှင့် ဘာရဒွါလုလင်ပုဏ္ဏား ငယ်နှစ်ဦးသည် လမ်းလျှောက်ထွက်ကြရင်း၊ ဗြဟ္မာဖြစ်ကြောင်း လမ်းစဉ်နှင့် ပတ်သက်၍ စကားပြောဆိုလာကြသည်။

ဝါသေဋ္ဌပုဏ္ဏားလုလင်က ပေါက္ခရသာတိပုဏ္ဏား မိန့်ကြားသောလမ်းစဉ်သည်သာလျှင် ဗြဟ္မာ၏အပေါင်းအဖော်ဖြစ်ရန်အတွက် ဖြောင့်မတ်သောလမ်းစဉ် ဖြစ်သည်။ ထိုလမ်းစဉ်ကို ပြုကျင့်သောသူသည် ဗြဟ္မဏာအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ဆိုသည်။

ဘာရဒွဇပုဏ္ဏားလုလင်ကလည်း တာရုက္ခပုဏ္ဏား မိန့်ကြားသော လမ်းစဉ်သည်သာလျှင် ဗြဟ္မာ၏အပေါင်းအဖော် ဖြစ်နိုင်ရန်

အတွက် ဖြောင့်မတ်သော လမ်းစဉ်ဖြစ်သည်။ ထိုလမ်းစဉ်ကို ပြုကျင့်သောသူသည် ပြဟ္မာအဖြစ်သို့ ရောက်နိုင်သည်ဟု ပြောဆိုသည်။

လုလင်နှစ်ယောက်တစ်ယောက်ကိုတစ်ယောက် အကြောင်းပြချက်ခိုင်လုံစွာဖြင့် မပြောဆိုနိုင်ဘဲ ရှိကြသဖြင့် နောက်ဆုံးဗုဒ္ဓထံသွားရောက် အဆုံးအဖြတ်ခံရန် ဗုဒ္ဓ၏ အဆုံးအဖြတ်အတိုင်းမှတ်သားရန် ဝါသေဋ္ဌလုလင်၏ အကြံပေးချက်ကို သဘောတူ ကြပြီးဗုဒ္ဓထံသို့ ဆက်လက်ထွက်ခွါခဲ့ကြသည်။

ဗုဒ္ဓထံသို့ရောက်သောအခါ မိမိတို့ငြင်းခုံပြောဆိုသောအကြောင်းအရာအစုံတို့ကို ဗုဒ္ဓအားလျှောက်ထားပြသည်။

"ဝါသေဋ္ဌ. . သင်က ပေါက္ခရသာတိပုဏ္ဏား ဟောကြားသော လမ်းစဉ်ကသာနည်းလမ်းမှန်ဟု ပြော၏၊ ဘာရဒွါဇကတာရုက္ခပုဏ္ဏား ဟောကြားသောလမ်းစဉ်ကသာ ပြဟ္မာဖြစ်ရန်နည်းလမ်းမှန်ဟု ပြော၏၊ ထိုသို့ဖြစ်လျှင် အဘယ်အချက်၌အငြင်းထွက်ကြကုန်သနည်း"

"အရှင်ဂေါတမ. . . ပြဟ္မာဖြစ်ရေးလမ်းစဉ် ဟုတ်-မဟုတ်၌ အငြင်းပွားကြပါသည်။ အမှန်မှာ အဒ္ဓရိယပုဏ္ဏား၊ တိတ္တိရိယပုဏ္ဏား၊ ဆန္ဒောကပုဏ္ဏား၊ ဗဝှါရိဇ္ဇပုဏ္ဏားတို့သည် လမ်းစဉ်အမျိုးမျိုးတို့ကို ဟောကြားပညတ်ကြကုန်သော်လည်း လမ်းစဉ်အားလုံးတို့သည် ထိုအတိုင်းပြုကျင့်သောသူတို့အား ပြဟ္မာအပေါင်း အဖော်အဖြစ်သို့ရောက်စေနိုင်ကြသည်သာ ဖြစ်ကြပါသည်။

ဥပမာအားဖြင့် ရွာ၊ နိဂုံး၊ မနီးမဝေး၌ရှိသော လမ်းအမျိုးမျိုးတို့သည် အားလုံးပင်ရွာ၌ ပေါင်းဆုံမိကြသကဲ့သို့ပင် ထိုပုဏ္ဏား

တို့ ဟောကြားပညတ်သော လမ်းစဉ် အမျိုးမျိုးတို့သည် အားလုံး ပင် ထိုအတိုင်းပြုကျင့်သော သူတို့အား ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်စေနိုင်ကြပါသည်။

"ဝါသေဋ္ဌ. . . ဗြဟ္မာပေါက်လမ်းစဉ် ဟုဆိုပါသလော"

"အရှင်ဂေါတမ. . ဗြဟ္မာရောက်လမ်းစဉ်ဟု ဆိုပါသည်။

(ဗုဒ္ဓကသုံးကြိမ်မေး၍ ဝါသေဋ္ဌကလည်း သုံးကြိမ်ဝန်ခံ ပြောဆိုသည်)

"ဝါသေဋ္ဌ. . . တေဝိဇ္ဇာခေါ် ဗေဒင်သုံးပုံတတ် ပုဏ္ဏား တို့တွင် ဗြဟ္မာကို ကိုယ်တိုင်မြင်ဖူးသော ပုဏ္ဏားရှိပါသလော"

"အရှင်ဂေါတမ. . . မရှိပါ"

"ဝါသေဋ္ဌ. . . ပုဏ္ဏားတို့၏ ဆရာ့ဆရာတို့တွင် ဆရာစဉ် ခုနှစ်ရက်တိုင်အောင် ဗြဟ္မာကို ကိုယ်တိုင်မြင်ဘူးသောဆရာရှိပါ သလော"

"အရှင်ဂေါတမ. . မရှိပါ"

"ဝါသေဋ္ဌ. . ဗေဒင်ကိုပြုစုခဲ့ကြသော အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တာရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒ္ဒါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပရသေ့၊ ဘဂုရသေ့တို့သည်လည်း ဗြဟ္မာဘုံ၊ ဗြဟ္မာဖြစ်ကြောင်းအကျင့်၊ ဗြဟ္မာ့နေရာကို ငါတို့သိမြင်ကြသည်ဟု ပြောဆိုခဲ့ကြပါကုန် သလော"

"အရှင်ဂေါတမ. . . ထိုသို့မပြောဆိုခဲ့ပါ"

"ဝါသေဋ္ဌ. . . ဤသို့လျှင် ပုဏ္ဏားတို့တွင် တစ်ယောက်မျှ လည်း ဗြဟ္မာကို ကိုယ်တိုင်မြင်ဖူးသူမရှိ၊ ပုဏ္ဏားတို့၏ ဆရာ့ဆရာ

တို့တွင်လည်း ခုနစ်ဆက်တိုင်အောင် ဗြဟ္မာကို ကိုယ်တိုင်မြင်ဖူးသူ တစ်စုံတစ်ယောက်မျှ မရှိ၊ ဗေဒင်ကျမ်းပြုသွားသော ရသေ့တို့က လည်း ဗြဟ္မာဘုံ၊ ဗြဟ္မာဖြစ်ကြောင်းအကျင့်၊ ဗြဟ္မာ၏နေရာကို ငါတို့သိမြင်ကြသည်ဟု မဆိုခဲ့ကြ"

ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည်သာ ငါတို့ကား ဗြဟ္မာအကြောင်းကို မသိမမြင်ကြကုန်၊ ဗြဟ္မာ၏အပေါင်းအဖော် ဖြစ်ရန်အတွက် လမ်းစဉ်ကိုသာ ဟောကြားကြရသည်ဟု ပြောဆို ကြကုန်၏၊

"ဝါသေဋ္ဌ. . ဤဆိုလတ္တံ့သောစကားကို အဘယ်သို့ထင် ပါသနည်း၊ ဤသို့ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏စကား သည် အံ့ဩဖွယ်ရာ အဓိပ္ပာယ်ရှိသော စကားဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . ဤသို့ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့ဩဖွယ်ရာများ အဓိပ္ပါယ်မရှိသော စကားမျိုးသာဖြစ်ပါသည်"

"ဝါသေဋ္ဌ. . ကောင်းလှပေ၏၊ ဗေဒင်သုံးပုံတတ် ပုဏ္ဏား တို့သည် မိမိတို့မမြင်သော ဗြဟ္မာ၏အပေါင်းအဖော်ဖြစ်ရန် အတွက် ဤလမ်းစဉ်သာ ဖြောင့်မှန်သည်၊ ဤလမ်းစဉ်ကို ပြုကျင့် သောသူအား၊ ဗြဟ္မာအပေါင်းအဖော်အဖြစ်သို့ ရောက်စေနိုင် သည်ဟု ဗြဟ္မာလမ်းစဉ်ကို ဟောကြားညွှန်ပြခြင်းမှာ ဖြစ်နိုင်စရာ အကြောင်းမရှိပေ။

ဝါသေဋ္ဌ. . ဥပမာအားဖြင့် အဆင်ဆင့်ကိုင်တွယ်ဆက် စပ်၍နေသော အကန်းတွဲသည် ရှေးကလည်းကမမြင်၊ အလယ် ကလည်းမမြင်၊ နောက်ကလည်း မမြင်သကဲ့သို့၊ ဗေဒင်သုံးပုံတတ်

ပုဏ္ဏားတို့၏ ပြဟ္မာဖြစ်ကြောင်း စကားသည် အကန်းတွဲ ဥပမာနှင့် သာတူခဲ့၏၊ ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် ရယ်ဖွယ်သာဖြစ်ခဲ့၏၊ နာမည်သာရှိသည်၊ အချည်းနှီးသာ ဖြစ်ခဲ့၏၊

"ဝါသေဋ္ဌ. . ဤသို့ဆိုလတ့်သောစကားကို အဘယ်သို့ ထင်သနည်း၊ ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့နှင့် လူအများတို့သည် လ, နေ တို့ကို မြင်တွေ့ကြသည် မဟုတ်ပါလော၊ လ, နေတို့၏ ထွက်ရာအရပ်၊ ဝင်ရာအရပ်ကိုလိုက်၍ ဆုဆတောင်းကြ၊ ချီးကျူးကြ၊ လက်အုပ်ချီ၍ ရှိခိုးကြ၊ လှည့်လည်ကြသည် မဟုတ်ပါလော'

"အရှင်ဂေါတမ. . မှန်ပါသည်"

"ဝါသေဋ္ဌ. . ဤသို့လ. နေတို့ကို အများတို့မြင်ကြ၊ ဆုတောင်းကြ၊ ချီးကျူးကြ၊ လက်အုပ်ချီရှိခိုးကြရာ၌ ဗေဒင်တတ်ပုဏ္ဏားတို့သည် လ, နေတို့၏ အပေါင်းအဖော်ဖြစ်ရန်အတွက် ဤလမ်းစဉ်သာ လမ်းဖြောင့်ဖြစ်သည်၊ ဤလမ်းစဉ်ကို ပြုကျင့်သောသူအား လ, နေ ဖြစ်လမ်းစဉ်ကို ဟောကြားဖို့အကြောင်း လုံလောက်ကြပါ၏လော"

"အရှင်ဂေါတမ. . အကြောင်းမလုံလောက်ပါ"

"ဝါသေဋ္ဌ. . ဤသို့ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ်ရာ၊ အဓိပ္ပာယ်ရှိသော စကားမျိုး ဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . အမှန်စင်စစ်အားဖြင့် ဤသို့ဖြစ်ခဲ့သော် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ စကားသည် အံ့သြဖွယ်ရာ အဓိပ္ပာယ်မရှိသော စကားမျိုးသာ ဖြစ်ပါသည်။

"ဝါသေဋ္ဌ. . ကောင်းလှပေ၏၊ ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် မိမိတို့မသိ မမြင်သော ပြဟ္မာ၏အပေါင်းအဖော်ဖြစ်ရန်အတွက် အကျင့်လမ်းစဉ်ကို ဟောကြားညွှန်ပြခြင်းမှာ ဖြစ်နိုင်စရာအကြောင်းမရှိပေ"

ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ဤနိုင်ငံ၌ အလှဘုရင်မကို လိုချင်သည်ဟု ပြောဆို၏၊ ထိုယောကျ်ားကို-

"အမောင်ယောကျ်ား. . သင်အလိုရှိသော အလှဘုရင်မသည် အဘယ်အမျိုးအနွယ်ရှိသူ ဖြစ်သနည်း၊ အဘယ်အမည်ရှိသနည်း၊ ရှည်သလော၊ ပုသလော၊ အလယ်အလတ် ဖြစ်သလော၊ ကြမ်းပိုးအရောင်ရှိအဆင်းရှိသလော အဘယ်ရွာ နိဂုံး၌ နေသနည်း" ဟုမေးသောအခါ မသိပါဟု ဖြေဆို၏၊

"သင်သည် အမျိုးအနွယ်၊ အမည်ရုပ်အဆင်းကို မသိသောသူကို အလိုရှိနေခြင်း ဖြစ်ရပါသလော"

ဟုမေးသောအခါ မှန်ပါသည်ဟု ဖြေဆိုရာ၏။

"ဝါသေဋ္ဌ. . ဤသို့ဖြစ်ခဲ့လျှင် ထိုယောကျ်ား၏စကားသည် အံ့သြဖွယ်ဖြစ်၊ အဓိပ္ပာယ်ရှိသောစကားအမျိုး ဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . မဖြစ်နိုင်ပါ"

"ဝါသေဋ္ဌ. . ဤဥပမာ အတူသာလျှင် ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် မိမိတို့မသိ-မမြင်ဖူးသော ပြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်အတွက် ဤလမ်းစဉ်သာ ဖြောင့်မှန်သည်ဟု ဟောကြားညွှန်ပြကြကုန်၏"

"ဝါသေဋ္ဌ . . ဥပမာအားဖြင့် ပြဿာဒ်လှေကားလုပ်သူ ယောကျ်ားတစ်ယောက်သည် လမ်းလေးခွ၌ ပြဿာဒ်လှေကား တစ်ခုကို ပြုလုပ်ရာ၏၊ ထိုယောကျ်ားကို-

"အမောင်ယောကျ်ား . . သင်လှေကားပြုလုပ်သော ပြဿာဒ်သည် အဘယ်အရပ်၌ ရှိသနည်း၊ နိမ့်သလော၊ မြင့်သလော၊ မနိမ့် မမြင့်သလောဟု မေးသောအခါ မသိပါဟု ဖြေဆို၏"

"သင်သည် မိမိမသိ၊ မမြင်ဖူးသော ပြဿာဒ်ကိုတက်ရန် လှေကားလုပ်ခြင်း ဖြစ်ပါသလော-ဟုမေးကြသောအခါ မှန်ပါသည်ဟု ဖြေဆိုရာ၏၊"

ဝါသေဋ္ဌ . . ဤသို့ဖြစ်ခဲ့သော် ဤယောကျ်ား၏စကား သည် အံ့ဩဖွယ်ရာ အဓိပ္ပာယ်ရှိသော စကားဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ . . မဖြစ်နိုင်ပါ"

"ဝါသေဋ္ဌ . . ဤဥပမာအတူသာလျှင် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် မိမိတို့မသိ-မမြင်ဖူးသော ဗြဟ္မာ၏အပေါင်းအဖော် ဖြစ်ရန်အတွက် ဤလမ်းစဉ်သာ ဖြောင့်မှန်သည်ဟု ဟောကြား လမ်းညွှန်ပြကြကုန်၏'

"ဝါသေဋ္ဌ . . ဥပမာအားဖြင့် ဤအစိရဝတီမြစ်သည် ကမ်းပေါ်မှနေ၍ ကျီးသောက်နိုင်လောက်အောင် ကမ်းလုံးပြည့် ၍နေ၏၊ ထိုအခါ ယောကျ်ားတစ်ယောက်သည် တစ်ဘက်ကမ်း သို့ကူးရန် ရောက်လာပြီး ဤမှာဘက်ကမ်းမှ ရပ်လျက်-

"ဟိုမှာဘက်ကမ်းလာလော, ဟိုမှာဘက်ကမ်းလာလော" ဟုခေါ်ရာ၏၊

"ဝါသေဋ္ဌ . . ထိုယောကျ်ား၏ ခေါ်မှုကြောင့်ဖြစ်စေ၊ တောင်းပန်မှုကြောင့်ဖြစ်စေ၊ဆုတောင်းခြင်းကြောင့်ဖြစ်စေ၊ တောင့်တခြင်းကြောင့်ဖြစ်စေ၊ လိုလားနှစ်သက်ခြင်းကြောင့်ဖြစ်စေ၊ အစိရဝတီမြစ်၏၊ ဟိုမှာဘက်ကမ်းသည် ဤမှာဘက်ကမ်းသို့ ရောက်လာပါမည်လော"

"အရှင်ဂေါတမ . . ရောက်မလာနိုင်ပါ"

"ဝါသေဋ္ဌ . . ဤဉပမာအတူသာလျှင် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် ဗြဟ္မ အဖြစ်ပြုတတ်သော တရားတို့ကိုပယ်စွန့်၍ ဗြဟ္မအဖြစ်ကို မပြုတတ်သောအကျင့်တို့ကို ဆောက်တည်ကျင့်ကြံကုန်လျက်-

"ဣန္ဒနတ်ကိုပင့်ခေါ်ကြကုန်၏၊ သောမနတ်ကို၊ ဝရုဏနတ်ကို၊ ဤသာနနတ်ကို၊ ပဇာပတိနတ်ကို၊ ဗြဟ္မာကို၊ မဟိဒ္ဓိ နတ်ကို၊ ယာမနတ်ကို ပင့်ခေါ်ကြကုန်၏-ဟု ဆိုကြကုန်၏။

ဤပုဏ္ဏားတို့၏ ခေါ်ဝေါ်ခြင်းကြောင့်ဖြစ်စေ၊ တောင်းပန်ခြင်းကြောင့်ဖြစ်စေ၊ သေလွန်ပြီးနောက် ဗြဟ္မာ၏အပေါင်းအဖော်အဖြစ်သို့ ရောက်ကြလိမ့်မည်ဟု ယုံကြည်စရာအကြောင်း မရှိပေ၊

"ဝါသေဋ္ဌ . . ဉပမာအားဖြင့် ဤအစိရဝတီမြစ်သည် ကမ်းပေါ်မှနေ၍ ကျီးသောက်နိုင်လောက်အောင် ကမ်းလုံးပြည့်နေ၏၊ ထိုယောကျ်ားတစ်ယောက်သည် တစ်ဘက်ကမ်းသို့ ကူးမည်ဟု ရောက်လာ၏၊ ထိုယောကျ်ားသည် ဤမှာဘက်ကမ်းမှာပင် ခိုင်ခဲ့သောနှောင်အိမ်၌ လက်ပြန်ကြိုးချည်နှောင်ခြင်း ခံနေရ၏၊

ထိုယောကျ်ားသည် အစီရဝတီမြစ် တစ်ဘက်ကမ်းသို့ ရောက်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . မရောက်နိုင်ပါ"

"ဝါသေဋ္ဌ. . ဤဥပမာအတူသာလျှင် လိုလားအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, တပ်မက်စွဲလမ်းအပ်၍ ကာမချမ်းသာ၏ အစီးအပွားဖြစ်ကြသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဟူသော ကာမဂုဏ် အာရုံငါးပါးတို့ကို အရိယဝိနည်းခေါ် သာသနာတော်၌ နှောင်အိမ်ဟူ၍ ခေါ်ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့ကြီးဟူ၍လည်း ခေါ်ဆိုအပ်ကုန်၏"

"ဝါသေဋ္ဌ. . ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် ဤငါးဖြာအာရုံ ကာမဂုဏ်တို့၌ တပ်မက်တွေဝေ၍ သက်ဝင်ကြကုန်၏၊ အပြစ်ရှိသည်ဟု မထင်ကြဘဲ ထွက်မြောက်မှု အသိပညာမရှိဘဲ ခံစားကြကုန်၏"

ဗြဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ကို ပယ်စွန့်၍ ဗြဟ္မဏမဟုတ်သည်ကို ပြုတတ်သောတရားတို့ကို ဆောက်တည်ကျင့်ကြံပြီးလျှင် ကာမဂုဏ်တို့ကို တပ်မက် တွေဝေစွာ ခံစားကြကုန်လျက် ကာမဂုဏ်နှောင်အိမ်၌ အနှောင်အဖွဲ့ ခံနေကြရကုန်သော ထိုဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် ဗြဟ္မာ၏အပေါင်းအဖော် အဖြစ်သို့ရောက်ကြလိမ့်မည်ဟု ယုံကြည်စရာ အကြောင်းမရှိပါပေ"

"ဝါသေဋ္ဌ. . ဥပမာအားဖြင့် အစီရဝတီမြစ်သည် ကမ်းလုံးပြည့် ရေပြည့်နေသည်။ တစ်ဘက်ကမ်းသို့ ကူးလိုသော ယောကျ်ားသည် ရောက်လာပြီး ဤမှာဘက်ကမ်း၌ ခေါင်းမြီးခြုံ

ကာ အိပ်နေရာ၏၊ ထိုယောက်ျားသည် အစီရဝတီမြစ် တစ်ဘက် ကမ်းသို့ ရောက်နိုင်ပါမည်လော"

"အရှင်ဂေါတမ. . မရောက်နိုင်ပါ"

"ဝါသေဋ္ဌ. . ဤဥပမာအတူသာလျှင် ကာမဆန္ဒစသော နီဝရဏတရားငါးပါးတို့ကို အရိယဝိနည်းခေါ် ဗုဒ္ဓသာသနာတော်၌ အတားအဆီးဟူ၍ ခေါ်ဆိုအပ်၏၊ အပိတ်အပင်ဟူ၍ ခေါ်ဆို အပ်၏၊ အမြှေး အယှက်ဟူ၍လည်း ဆိုအပ်၏၊ ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် ဤနီဝရဏတရားငါးပါးတို့ဖြင့် ပိတ်ပင်တားဆီး မြှေးယှက်နေကြကုန်၏"

"ဝါသေဋ္ဌ. . ပြဟ္မဏအဖြစ်ကို ပြုတတ်သော တရားတို့ ကို ပယ်စွန့်၍ ပြဟ္မဏမဟုတ်သည်ကို ပြုတတ်သောတရားတို့ကို ဆောက်တည်ကျင့်သုံးနေကြသည်အပြင်--

-ကာမဂုဏ်တပ်မက်မှု

-သူတစ်ပါးကိုပျက်စီး

-ငိုက်မျဉ်း-တွေဝေမှု

-စိတ်ပျံ့လွင့်မှု- ပူပန်မှု

-ယုံမှားသံသယရှိနေမှု ဟူသော နီဝရဏတရား ငါးပါး တို့ဖြင့် ပိတ်ပင်တားဆီး မြှေးယှက်၍နေကြကုန်သော ထိုဗေဒင် သုံးပုံတတ် ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် ပြဟ္မာအပေါင်း အဖော် အဖြစ်သို့ရောက်ကြလိမ့်မည် ယုံကြည်စရာ အကြောင်း မရှိပေ"

"ဝါသေဋ္ဌ. . ဆိုလတ့်သောစကားကို မည်သို့ထင်ပါသ နည်း။ သင်သည် အသက်, ဂုဏ်ကြီးရင့်ကြကုန်သော သင်၏

ဆရာ့ဆရာ ပုဏ္ဏားတို့ထံမှ အဘယ်သို့ကြားဖူးပါသနည်း၊ ဗြဟ္မာသည် ဥစ္စာပစ္စည်း၊ သားမယားတို့ကို သိမ်းပိုက်မှုရှိပါသလော"

"အရှင်ဂေါတမ. . သိမ်းပိုက်မှု မရှိပါ"

"ဝါသေဋ္ဌ. . ဗြဟ္မာသည် ရန်လိုစိတ်မျိုးရှိသည်၊ မိတ်ဆွေစိတ်မျိုး(မေတ္တာ)စိတ်မျိုးရှိသည်ဟု ကြားဘူးပါသလော"

"အရှင်ဂေါတမ. . မိတ်ဆွေစိတ် (မေတ္တာစိတ်) ရှိသည်ဟုကြားဖူးပါသည်"

"ဝါသေဋ္ဌ. . ဗြဟ္မာသည် ဖျက်ဆီးလိုစိတ်ရှိသလား၊ သနားကြင်နာစိတ် ရှိသလား"

"အရှင်ဂေါတမ. . သနားကြင်နာစိတ် ရှိပါသည်"

"ဝါသေဋ္ဌ. . ဗြဟ္မာသည် ညစ်ညမ်းသောစိတ်ရှိသလော၊ ဖြူစင်သောစိတ်ရှိသလော"

"အရှင်ဂေါတမ. . ဖြူစင်သောစိတ် ရှိပါသည်"

"ဝါသေဋ္ဌ. . ဗြဟ္မာသည် ယုံမှားသံသယကင်း၍ အလိုပါသောစိတ် ရှိပါသလော၊ ယုံမှားသံသယရှိနေ၍ အလိုမပါသောစိတ် ရှိပါသလော"

"အရှင်ဂေါတမ. . ယုံမှားသံသယကင်း၍ အလိုပါသောစိတ် ရှိပါသည်"

"ဝါသေဋ္ဌ. . ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် အထက်ပါ အချက်များ၌ အဘယ်သို့သော စိတ်မျိုးရှိကြပါသနည်း"

"အရှင်ဂေါတမ. . ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် ရန်သူစိတ်၊ ဖျက်ဆီးလိုစိတ်၊ ညစ်ညမ်းမိသောစိတ်၊ အလိုမပါစိတ်များရှိကြပါသည်"

"ဝါသေဋ္ဌ. . ကောင်းလှပေ၏၊ ဤရန်သူစိတ် စသည်ရှိကြသော ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် မေတ္တာစိတ်၊ စသည်ရှိကြသော ပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ် ရောက်ကြလိမ့်မည်ဟု ယုံကြည်စရာ အကြောင်းမရှိပေ"

"ဝါသေဋ္ဌ. . ဤသို့သောနည်းဖြင့် ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် ပြဟ္မာဖြစ်နည်းလမ်းမဟုတ်သည်ကို နည်းလမ်းအစစ်ဟု ညွှန်ကြားပြောဆိုကြကုန်၏၊ နစ်မြုပ်လျက်ရှိကြကုန်၏၊ နစ်မြုပ်၍ အပါယ်လေးပါးတို့၌ ပျက်စီးခြင်းသို့ ရောက်ကြကုန်၏"

ရေမတင်သော မြေပြင်မှာ အချောက်တိုက်ကူးသည်နှင့် တူကြကုန်၏၊ ထို့ကြောင့် ဤအချက်ကို ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့၏ ရွာမရှိသောတော၊ ရေမရှိသောတော၊ ပျက်စီးနေသော သဘောဟု ဆိုထိုက်ပေသည်"

"အရှင်ဂေါတမ. . အရှင်သည် ပြဟ္မာဖြစ်လမ်းစဉ်ကို သိသည်ဟု ကြားသိရပါသည်၊ ကျွန်ုပ်တို့အား ဟောကြားပေးတော်မူပါ"

"ဝါသေဋ္ဌ. . မနသာကဋရွာပုဏ္ဏားရွာ၌ မွေးဖွား၍ကြီးသော ပုဏ္ဏားကို မနသာကဋရွာမှ ထွက်သောအခါ၌ မနသာကဋရွာသို့ သွားရာလမ်းကိုမေးလျှင် ဖြေဆိုရန်နှောင့်နှေးကြန့်ကြာပါမည်လော"

"အရှင်ဂေါတမ. . နှောင့်နှေးကြန့်ကြာမည် မဟုတ်ပါ၊ အကြောင်းမှာ ဤသူသည် မနသာကဋရွာ၌ ကြီးပြင်းလာသူ ဖြစ်၍ လမ်းများကိုသိပြီး ဖြစ်ပါသည်"

"ဝါသေဋ္ဌ. . ဤအတူပင် ငါဘုရားသည် ဗြဟ္မာနှင့်ဗြဟ္မာ ဖြစ်ကြောင်းလမ်းစဉ် အမှန်ကို သိမြင်တော်မူပြီး ဖြစ်ပါသည်"

"အရှင်ဂေါတမ. . ပုဏ္ဏားသူငယ်များကို သနားကယ် ဆယ်တော်မူသောအားဖြင့် ဗြဟ္မာလမ်းစဉ်ကို ဟောကြားပေးပါ ရန် တောင်းပန်အပ်ပါသည်"

"ဝါသေဋ္ဌ. . ထိုသို့ဖြစ်လျှင် နာယူလော့၊ ကောင်းစွာနှလုံး သွင်းပါလော"

ထိုအခါ ဗုဒ္ဓသည် ဘုရားဖြစ်တော်မူသည်မှစ၍ ချာန်ရ သည်အထိ ကျင့်စဉ်တို့ကို သာမညဖလသုတ်အတိုင်း ဟောကြား ပြီးနောက်---

"ဤသို့နီဝရဏငါးပါးကို ပယ်ခွါပြီးသောအခါ ငါသည် နီဝရဏ ငါးပါးကို ပယ်ခွါနိုင်ပေပြီဟု ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်း မြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်ခြင်းဖြစ်သူအား ကိုယ်၏ငြိမ်းအေးခြင်းဖြစ်၏၊ ကိုယ်ငြိမ်းအေးခြင်း ဖြစ်သူအား ချမ်းသာဖြင်းဖြစ်၊ ချမ်းသာခြင်းဖြစ်သူအား တည်ကြည်ခြင်းဖြစ်၏၊ တည်ကြည်ခြင်းဖြစ်လာသောအခါ မေတ္တာကမ္မဋ္ဌာန်း ပွား၍ရ သော ဈာန်စိတ်ဖြစ်ပေါ်၏၊ ထိုအခါ မေတ္တာဈာန်ဖြင့် အရပ်ဆယ် မျက်နှာအားလုံး အပိုင်းအခြားမရှိ မေတ္တာစိတ်ကို ပျံ့နှံ့စေ၍ နေထိုင်၏၊

ထိုမေတ္တာဈာန်စိတ် ဖြစ်ပေါ်လာသောအခါ ကာမာဝစရ ကံဟူသမျှသည် အကြွင်းမရှိ ဆောက်တည်ရာမရ မပေါ်လာကြ ပြီ၊ သေလွန်သောအခါ ကာမကံ ပဋိသန္ဓေကို မပေးနိုင်ကြပြီ၊

ခရုသင်းကို မှုတ်သောသူသည် အသံဖြင့် အရပ်ဆယ်မျက်နှာကို ပျံ့နှံ့ဟေသကဲ့သို့ ဤသို့မေတ္တာစျာန်စိတ်ဖြင့် ပျံ့နှံ့နေခြင်းသည်လည်း ဗြဟ္မာပြည်ရောက်ကြောင်း ဗြဟ္မာဖြစ်ရန် လမ်းစဉ်တစ်ပါးပင်ဖြစ်ပါ၏။

အလားတူ ကရုဏာစျာန်, မုဒိတာစျာန်, ဥပေက္ခာစျာန်တို့ကို ရရှိ၍ ကရုဏာစိတ်, မုဒိတာစိတ်, ဥပေက္ခာစိတ်ဖြင့် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့စေ၍ နေထိုင်ခြင်းသည်လည်း ဗြဟ္မာပြည်ရောက်ကြောင်း၊ ဗြဟ္မာဖြစ်ရန် လမ်းစဉ်တစ်ပါးပင် ဖြစ်ပါသည်၊

"ဝါသေဋ္ဌ. . ဤသို့ ဗြဟ္မာလမ်းစဉ်လေးပါးတို့ဖြင့် နေထိုင်သော ရဟန်းသည် ပစ္စည်းဥစ္စာ၊ သားမယားတို့ကို သိမ်းပိုက်ခြင်းမရှိခြင်း စသည်ဖြင့် ဗြဟ္မာနှင့်ညီမျှသည် မဟုတ်ပါလော"

"အရှင်ဂေါတမ. . ညီမျှပါ၏"

"ဝါသေဋ္ဌ. . ဤသို့မျှသော ရဟန်းသည် သေသည်မှ နောက်၌ ဗြဟ္မာ့ပြည်သို့ ရောက်မည်ဟု ယုံကြည်စရာ အကြောင်းရှိလေသည်"

ဤသို့ဗုဒ္ဓက ဟောကြားသောအခါ ဝါသေဋ္ဌနှင့်ဘာရဒွါဇတို့သည် အလွန်နှစ်သက် ဝမ်းမြောက်ကြပြီး ဗုဒ္ဓထံ၌ သရဏဂုံဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူလေသည်။

(ဒီဃနိကာယ် တေဝိဇ္ဇသုတ်)

# ဗုဒ္ဓဂေါတမနှင့် အဿလာယနပုဏ္ဏားလုလင် (အမျိုးလေးပါးတွင် ပုဏ္ဏားမျိုးသာမြတ်သည်ဟူသော ပြဿနာ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ငါးရာမျှသော နိုင်ငံရပ်ခြားမှ ပုဏ္ဏားတို့သည် သာဝတ္ထိ ပြည်သို့ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် ရောက်နေကြသည်။ သူတို့ သည် ဗုဒ္ဓ၏ ကျော်စောဂုဏ်သတင်းကို ကြားကြသည်။

"ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ် ခြင်းကို ပညတ်၏၊ အဘယ်သူသည် ရဟန်းဂေါတမနှင့်အတူ စကားအရာ ပြိုင်ဆိုင်ပြောဆိုခြင်းငှါ စွမ်းနိုင်ပါအံ့နည်း"
ဟု စဉ်းစားကြံစည်ကြသည်။

ထိုအချိန်တွင် အသက်(၁၆) နှစ်မျှသာ ရှိသေးသော အဿလာယန လုလင်သည် ဗေဒင်သုံးပုံ တစ်ဘက်ကမ်းတတ် မြောက်ပြီး သာဝတ္ထိ၌ နေသည်။

ပုဏ္ဏားတို့သည် အဿလာယနလုလင်သည် ဗုဒ္ဓဂေါတမ နှင့်စကားအရာ၌ ပြိုင်ဆိုင်ပြောဆိုရန် စွမ်းနိုင်၏ဟု စဉ်းစားကြပြီး ထိုလုလင်ထံ သွားရောက်ကြကာ အကျိုးအကြောင်း ပြောကြားပြီး မေတ္တာရပ်ခံကြသည်။

"အရှင်တို့ ရဟန်းဂေါတမသည် သဘာဝကျကျပြောဆို လေ့ရှိပါသည်။ သဘာဝကျကျပြောဆိုလေ့ရှိသူတို့သည် ပြိုင်ဆိုင် ပြောဆိုရန် ခဲယဉ်းပါ၏၊ ကျွန်ုပ် ရဟန်းဂေါတမနှင့် စကားပြိုင်ဆိုင် ပြောဆိုရန် မစွမ်းနိုင်ပါ"

"အမောင်အဿလာယန. . ဤရဟန်းဂေါတမသည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ အမောင်သည် ရဟန်းဂေါတမနှင့် ဤစကားအရာ၌ ပြိုင်ဆိုင်ပြောဆိုပေးပါ၊ အမောင်သည် ပရိဗ်ဇ် အစီအစဉ်(ဗေဒင်)ကိုလည်း ကျင့်ဆောင်သင်ယူပြီးပါပြီ၊ အမောင်သည် စစ်မထိုးဘဲ ရှုံးနည်းမျိုးမရှုံးပါစေလင့်"

ဟု ပုဏ္ဏားတို့က ဝိုင်းပြောကြသည်။

ပထမတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ်၊ အဿလာယနက ငြင်းဆိုသော်လည်း ပုဏ္ဏားတို့က အတင်းတိုက်တွန်းကြပြန်သဖြင့်-

"ကျွန်ုပ်သည် အရှင်တို့၏ စကားဖြင့် သွားပါတော့အံ့" ဟု ဝန်ခံလိုက်ပြီး များစွာသော ပုဏ္ဏားအပေါင်းနှင့်အတူ ဗုဒ္ဓထံသို့ သွားရောက်လေသည်။

ဗုဒ္ဓထံရောက်ကြ၍ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်စကားပြောကြပြီး သင့်ရာတစ်နေရာ၌ ထိုင်ကြသည်။

"အရှင်ဂေါတမ. . . ပုဏ္ဏားမျိုးသည်သာလျှင် မြတ်၏၊ ဖြူစင်၏၊ စင်ကြယ်၏၊ အခြားအမျိုးတို့သည် ယုတ်၏၊ မည်းညစ်၏၊ မစင်ကြယ်ကုန်၊ ပုဏ္ဏားမျိုးတို့သာ ဗြဟ္မာ၏သားရင်းတို့ ဖြစ်၏၊ ခံတွင်းမှ ပေါက်ဖွားသူများ ဖြစ်ကြ၏၊ ဗြဟ္မာမှပေါက်ဖွား၍ ဗြဟ္မာဖန်ဆင်းထားသူများ ဖြစ်ကြ၏၊ ဗြဟ္မာ၏အမွေခံထိုက်သူဖြစ်၏ဟု ပုဏ္ဏားတို့သည် ပြောဆိုကြပါ၏၊ ပုဏ္ဏားတို့ ပြောဆိုရာ၌ အရှင်ဂေါတမသည် အဘယ်သို့ ဆိုလိုပါသနည်း"

ဟုမေးလျှောက်သည်။

"အဿလာယန. . ပုဏ္ဏားတို့တွင် ဥတုလာသူ၊ ကိုယ်ဝန်ဆောင်သူ၊ သားဖွားသူ၊ နို့တိုက်သူ၊ ပုဏ္ဏေးမတို့ကို မြင်ရကုန်သည် မဟုတ်လော၊ ထိုပုဏ္ဏားတို့သည် ပုဏ္ဏေးမတို့၏ အင်္ဂါဇာတ်မှ ဖြစ်ပေါ် မွေးဖွားလာကြပါလျက် ပုဏ္ဏားမျိုးသာမြတ်သည် အစရှိသည်တို့ကို ဆိုနေကြကုန်သည် မဟုတ်ပါလော"

'အရှင်ဂေါတမ. . . ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားတို့က ပုဏ္ဏားမျိုးသာ မြတ်သည် အစရှိသည် ဤအရာကိုသာ မှတ်ထင်ကြပါကုန်၏"

"အဿလာယန. . သင်မည်သို့ ထင်သနည်း၊ မင်းမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့သည် သူအသက်သတ်ခြင်း စသောဒုစရိုက်ဆယ်ပါးဟူသော မကောင်းမှုတို့ကို ပြုလုပ်၏၊ ထိုသူတို့ သေပြီးနောက် ငရဲသို့ကျရာတွင် မင်းမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးသာ ကျရောက်ရသလော၊ ပုဏ္ဏားမျိုးသည် မကျရောက်ရသလော"

"အရှင်ဂေါတမ. . ဤသို့မဖြစ်ပါ၊ မကောင်းမှု ဒုစရိုက်ပြုသူ အမျိုးလေးပါးလုံး ငရဲသို့ ကျရပါမည်"

"အဿလာယန. . ဤသို့ဆိုလျှင် ပုဏ္ဏားမျိုးသာ မြတ်သည် စသည်ဆိုခြင်း၏ အားကိုးအားထား အထောက်အထားကား အဘယ်နည်း"

"အရှင်ဂေါတမ. . ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားမျိုးသာ မြတ်သည် အစရှိသည် ဤအရာကိုသာ မှတ်ထင်ကြပါသည်"

"အဿလာယန. . သင်မည်သို့ ထင်သနည်း၊ မင်းစသော အမျိုးလေးပါးတို့သည် သူ့အသက်မသတ်ခြင်းစသော သုစရိုက်

တရား ကောင်းမှုတို့ကို ပြုလုပ်ပြီး သေသည်နောက် ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြရာဝယ် ပုဏ္ဏားမျိုးသာ ကပ်ရောက်ရသလော၊ မင်းမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးသာတို့ရော မကပ်ရောက်ရဘူးလော"

"အရှင်ဂေါတမ. . ဤသို့ကား မဖြစ်သင့်ပါ၊ ထိုစကားသည် မှန်ပါ၏၊ အမျိုးလေးပါးတို့သည် သုစရိုက်ကောင်းမှုသာ ပြုကြပါက ပုဏ္ဏားမျိုးသာမက မင်းမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့လည်း နတ်ပြည်သို့ရောက်နိုင်ပါ၏"

"အဿလာယန. . ဤသို့ဆိုလျှင် ပုဏ္ဏားမျိုးသာမြတ်သည် စသည်ဆိုခြင်း၏ အားကိုးအထောက်အထားကား အဘယ်နည်း"

"အရှင်ဂေါတမ. . ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားမျိုးသာ မြတ်သည် အစရှိသည် ဤအရာတို့သာ မှတ်ထင်ကြပါသည်"

"အဿလာယန. . သင်မည်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားမျိုးသာ ရန်ကင်းစေကြောင်း မေတ္တာစိတ်ကို ပွားများရန် စွမ်းနိုင်သလော၊ ကျန်သော အမျိုးများကော မစွမ်းနိုင်ဘူးလော"

"အရှင်ဂေါတမ. . ဤသို့ကား မဖြစ်သင့်ပါ၊ ကျန်အမျိုးများလည်း မေတ္တာစိတ် ပွားများရန်စွမ်းနိုင်ပါ၏"

"အဿလာယန. . ဤသို့ဆိုလျှင် ပုဏ္ဏားမျိုးသာ မြတ်သည် စသည်ဆိုခြင်း၏ အားကိုးအားထား အထောက်အထားကား အဘယ်နည်း"

"အရှင်ဂေါတမ. . ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားမျိုးသာ မြတ်သည် အစရှိသည် ဤအရာတို့သာ မှတ်ထင်ကြပါကုန်၏"

"အဿလာယန. . သင်မည်သို့ မှတ်ထင်သနည်း၊ ပုဏ္ဏားမျိုးသည်သာ မြူအညစ်အကြေးကင်းရန် ဆပ်ပြာယူ၍ မြစ်သို့သွားကာ မြူအညစ်အကြေးကို မျှောရန်စွမ်းနိုင်ပါသလော၊ အခြားအမျိုးများကော မစွမ်းနိုင်ဘူးလော"

"အရှင်ဂေါတမ. . ဤသို့ကား မဖြစ်သင့်ပါ၊ အမျိုးလေးပါးအားလုံး မြစ်သို့သွားကာ မြူအညစ်အကြေးကို မျှောရန်စွမ်းနိုင်ကြပါ၏"

"အဿလာယန. . ဤသို့ဆိုလျှင် ပုဏ္ဏားမျိုးသာ မြတ်သည် စသည်ဆိုခြင်း၏ အားကိုးအားထား အထောက်အထားကား အဘယ်နည်း"

"အဿလာယန. . သင်မည်သို့ မှတ်ထင်သနည်း၊ ဘိသိတ်သွန်းပြီးသော မင်းသည် ဤအရပ်၌ ဇာတ်အမျိုးမျိုးရှိသောယောကျ်ား တစ်ရာကို စည်းဝေးစေပြီး မင်းမျိုး၊ ပုဏ္ဏားမျိုး၊ မြို့စားမျိုးတို့သည် မီးပွတ်ခုံကိုယူ၍ ကျွန်းသား၊ အင်ကြင်းသား၊ ထင်းရှူးသား၊ စန္ဒကူးသား၊ ပဒုမသား၊ မီးကိုဖြစ်စေကုန်လော၊ အပူဓာတ်ကို ဖြစ်စေကုန်လော"

ဒွန်းစဏ္ဍားမျိုး၊ မုဆိုးတံငါမျိုး၊ နှီးသမားမျိုး၊ ရထားလုပ်သမားမျိုး၊ အမှိုက်မစင်ကျုံးမျိုးတို့သည်လည်း မီးပွတ်ခုံကိုယူ၍ ခွေးစားကျင်း၊ ဝက်စားကျင်း၊ ဆိုးရည်စားကျင်း၊ ကြက်ဆူသားထင်း မီးတို့ကို ဖြစ်စေကုန်လော၊ အပူဓာတ်ကို ဖြစ်စေကုန်လော၊ ထိုမီးသည် အလျှံအဆင်း၊ အရောင်အလင်း မရှိသလော၊ ထိုမီးဖြင့် မီးနှင့်ဆိုင်ရာ ကိစ္စအဝဝကို ပြုခြင်းငှါ မစွမ်းနိုင်သလော၊ မင်းမျိုး

စသောမီးသာ အရောင်အဆင်းရှိပြီး မီးဖြင့်ပြုအပ်သော ကိစ္စ အဝဝကို ပြုလုပ်နိုင်သလော"

"အရှင်ဂေါတမ. . ထိုသို့မဟုတ်ပါ၊ အလုံးစုံသော အလျှံ အဆင်း အလင်းရောင်ရှိပါ၏၊ အလုံးစုံသောမီးဖြင့်၊ မီးဖြင့်ပြုလုပ် အပ်သော ကိစ္စတို့ကို ပြုလုပ်ရန် စွမ်းနိုင်ပါ၏"

"အဿလာယန. . ဤသို့ဆိုလျှင် ပုဏ္ဏားမျိုးသာ မြတ် သည် စသည်ဆိုခြင်း၏ အားကိုးအားထား အထောက်အထား ကား အဘယ်နည်း"

"အရှင်ဂေါတမ. . ဤသို့ပင် ဆိုစေကာမူ ပုဏ္ဏားမျိုးသာ မြတ်သည် အစရှိသည် ဤအရာကိုသာ မှတ်ထင်ကြပါကုန်၏"

"အဿလာယန. . သင်မည်သို့ မှတ်ထင်ပါသနည်း၊ ဤ လောက၌ မင်းမျိုးသတို့သားသည် ပုဏ္ဏားမျိုးသတို့သမီးဖြင့် ပေါင်း ဖော်ရာ သားဖွားမြင်၏၊ ထိုသားသည် အမိနှင့်လည်းတူသည်၊ အဖနှင့်လည်းတူသဖြင့် မင်းသားဟူ၍လည်း ဆိုသင့်သည်။ ပုဏ္ဏားဟူ၍လည်း ဆိုသင့်သည် မဟုတ်ပါလော"

"အရှင်ဂေါတမ. . ဆိုသင့်ပါ၏"

"အဿလာယန. . မည်သို့မှတ်ထင်ပါသနည်း၊ ပုဏ္ဏားမျိုး သတို့သားနှင့် မင်းမျိုးသတို့သမီးပေါင်းဖော်ရာ သားဖွားမြင်၏၊ ထိုသားသည် အမိနှင့်လည်းတူသည်၊ အဖနှင့်လည်းတူသဖြင့် မင်းသား ဟူ၍လည်း ဆိုသင့်သည်၊ ပုဏ္ဏားဟူ၍လည်း ဆိုသင့် သည် မဟုတ်ပါလော"

"အရှင်ဂေါတမ. . ဆိုသင့်ပါသည်"

"အဿလာယန. . မည်သို့မှတ်ထင်ပါသနည်း၊ မြင်းမကို မြည်း(လား)နှင့် စပ်ကုန်၍ သားဖွား၏၊ အမိနှင့်လည်းတူ၊ အဖနှင့်လည်းတူသဖြင့် မြင်းဟူ၍လည်း ဆိုသင့်သည်၊ မြည်းဟူ၍လည်း ဆိုသင့်သည် မဟုတ်ပါလော"

"အရှင်ဂေါတမ. . အညံ့စား၊ အဿတိုရ်ဖြစ်ပါ၏၊ ဤအဿတိုရ်၏ ထူးခြားမှုကို မြင်ရပါ၏၊ ဤရှေးစကားနှစ်မျိုး၌ သတို့သားသည် တစ်စုံတစ်ခု ထူးခြားမှုကို မမြင်ပါ"

"အဿလာယန. . မည်သို့မှတ်ထင်ပါသနည်း၊ ဤလောက၌ တစ်မိတစ်ဝမ်းတည်းပေါက် ညီအစ်ကိုနှစ်ယောက်တို့ရှိရာ တွင် တစ်ယောက်က ဝေဒကျမ်းကို သရဇ္ဈာယ်တတ်၏၊ ဝေဒကျမ်းကို ဆောင်ထား၏၊ တစ်ယောက်သောသူကား ဝေဒကျမ်းကို မသရဇ္ဈာယ်တတ်၊ ဝေဒကျမ်းကို မဆောင်ထားတတ်၊ ဤနှစ်ယောက် တို့တွင် အဘယ်သူအား ပုဏ္ဏားတို့သည် သေသူအကျိုးငှါ ကျွေး သော (ကုမ္ဘီ) ထမင်းမင်္ဂလာ ထမင်းယာဇ်ပူဇော်သော ထမင်း၊ ဧည့်သည်အကျိုးငှါ ပြုအပ်သော ထမင်းတို့ကို ရှေးဦးစွာ ကျွေး ကုန်ရာသနည်း"

"အရှင်ဂေါတမ. . ဝေဒကျမ်း သရဇ္ဈာယ်တတ်သူ ဝေဒကျမ်းဆောင်သူကိုသာ ထမင်းကိုရှေးဦးစွာ ကျွေးပါသည်။ မဆောင်မ တတ်သူကိုကျွေးက အဘယ်မှာ အကျိုးများပါအံ့နည်း'

"အဿလာယန. . သင်မည်သို့ ထင်သနည်း၊ ဤလောက၌ တစ်မိဝမ်းပေါက် ညီအစ်ကို နှစ်ယောက်ရှိရာတွင် တစ်ယောက်သည် ဝေဒကျမ်းကို သရဇ္ဈာယ်တတ်၏၊ ဝေဒကျမ်းကို ဆောင်

ထား၏၊ သီလမရှိ ယုတ်မာသောအကျင့်ရှိ၏၊ တစ်ယောက်သည်ကား ဝေဒကျမ်းကို မသရဇ္ဈာယ်တတ်၊ ဝေဒကျမ်းကို မဆောင်ထား၊ သီလရှိ၏၊ ကိုယ်ကျင့်တရား ကောင်းမြတ်၏၊

ဤနှစ်ယောက်တို့တွင် အဘယ်သူအား ပုဏ္ဏားတို့သည် သေသူအကျိုးငှါကျွေးသော (ကူဋ္ဌိ) ထမင်း၊ မင်္ဂလာထမင်း၊ ယာဇ်ပူဇော်သော ထမင်းဧည့်သည်အကျိုးငှါ ပြုထားသော ထမင်းတို့ကို ရှေးဦးစွာ ကျွေးမွေးရကုန်သနည်း”

“အရှင်ဂေါတမ. . သီလရှိသူ၊ ကောင်းသောအကျင့်ရှိသူကိုသာ ထိုထမင်းများကို ရှေးဦးစွာ ကျွေးမွေးရာ၏၊ သီလမရှိသူ၊ ယုတ်မာသူအား ကျွေးက အဘယ်အကျိုးရှိပါအံ့နည်း”

“အဿလာယန. . သင်သည် ရှေးဦးစွာ ဇာတ်အမျိုးကို လိုက်၏၊ ထို့နောက် ဝေဒကျမ်းကို လိုက်၏၊ ထို့နောက်အကျင့်ကိုလိုက်၏၊ နောက်ငါဘုရား ပညတ်သော အမျိုးလေးပါး၏ စင်ကြယ်ခြင်းကို တစ်ဖန်လိုက်ပြန်၏၊

ဗုဒ္ဓက ဤသို့မိန့်ကြားသောအခါ အဿလာယနလုလင်သည် ဆိတ်ဆိတ်ဖြစ်လျက် မျက်နှာမလှ လည်ကုတ်ကျိုးကာ အောက်သို့မျက်နှာငုံ့လျက် စကားဆက်မဆိုတော့ချေ၊ ထိုအခါ ဗုဒ္ဓက ဆက်၍မိန့်ကြားသည်။

“အဿလာယန. . ရှေးကဖြစ်ခဲ့ဖူးသည်ကား တောကြီးအတွင်း သစ်ရွက်မိုးကျောင်း၌ တိုင်ပင်ဆွေးနွေးနေကြသော ပုဏ္ဏားရသေ့(၇)ယောက်တို့သည် ပုဏ္ဏားမျိုးသာ မြတ်သည်စသည်ဖြင့် ယုတ်မာသော အယူသည်ဖြစ်ကြ၏၊

ထိုအခါ အသားမည်းနက်သော ဒေဝလရသေ့သည် ထိုပုဏ္ဏားတို့၏ ယုတ်မာသောအယူကို သိ၍၊ ဆံမုတ်ဆိတ်တို့ကို ရိတ်ပြီး မည်းနက်သော အဆင်းရှိသော ပုဆိုးကိုဝတ်ရုံကာ အထပ်ထပ်သော ဘိနပ်ကိုစီးလျက် ငွေတောင်ဝှေးကို ကိုင်၍ ပုဏ္ဏားတို့၏ သစ်ရွက်မိုးကျောင်း ပရိဝုဏ်သို့ ရောက်လာကာ ကျောင်းပရဝုဏ်အတွင်း၌ စင်္ကြံနှင့်လျှောက်လျက်--

"အရှင်တို့ . ပုဏ္ဏားမျိုး၊ ရသေ့တို့သည် ယခုအဘယ်သို့ သွားကြသနည်း"

ဟု ဆိုနေသည်။

ပုဏ္ဏားရသေ့(၇)ယောက်တို့သည် ထိုဒေဝလရသေ့၏ အသံကိုကြား၍--

"ယခုဆိုရွတ်နေသူကား အဘယ်သူနည်း၊ ယခုငါတို့သည် ထိုသူကို ကျိန်ဆဲကုန်အံ့ဟူသော အကြံဖြစ်ကြသည်"

ထို့နောက်ပုဏ္ဏားရသေ့တို့က ဒေဝလရသေ့ကို-

"သူယုတ်မာ ပြာဖြစ်လေလော၊ သူယုတ်မာ ပြာဖြစ်လေလော"

ဟု ကျိန်ဆဲကြသည်။

ပုဏ္ဏားမျိုးရသေ့တို့ ကျိန်ဆဲတိုင်း ကျိန်ဆဲတိုင်း ဝေဒလ ရသေ့၏အဆင့်သည် အထူးသဖြင့်လှပြီး ရှုချင်စဖွယ် ကြည်ညို ဖွယ် ဖြစ်လာလေသည်။

"ငါတို့၏ အကျင့်ကား အချည်းနှီးဖြစ်စွတကား၊ ငါတို့၏ မြတ်သောအကျင့်သည် အကျိုးမရှိလေစွတကား၊ ငါတို့သည် ရှေး

အခါက သူယုတ်ပြာဖြစ်လေလော့ ဟုကျိန်ဆဲတိုင်း ကျိန်ဆဲတိုင်း ကျိန်ဆဲခံရသူသည် ပြာဖြစ်ကုန်၏၊ ဤရသေ့ကား ငါတို့ကျိန်ဆဲ တိုင်း ကျိန်ဆဲတိုင်း အထူးသဖြင့် လှပြီး ရှုချင်စဖွယ် ကြည်ညိုဖွယ် ဖြစ်သွားနေ၏"

ဟူ၍ ရသေ့များသည် အကြံဖြစ်လေသည်။

"အရှင်ရသေ့တို့. . သင်တို့၏အကျင့်သည် အချည်းနှီး မဟုတ်၊ မြတ်သောအကျင့်သည် အကျိုးမရှိသည်မဟုတ်၊ အရှင်တို့ ငါ့အပေါ်၌ စိတ်ပြစ်မှားခြင်းကို စွန့်လွှတ်ကြကုန်လော"

ဟု ဒေဝလရသေ့က ပြောကြားသည်။

"အရှင်. . ငါတို့သည် သင့်အပေါ်၌ စိတ်ပြစ်မှားခြင်းကို စွန့်လွှတ်ပါ၏၊ အသင့်ကား အဘယ်သူနည်း"

"မည်းနက်သော ဒေဝလရသေ့ ဆိုသည်ကို ကြားဘူးကြ သည် မဟုတ်လော"

"အရှင်. . ကြားဘူးပါသည်"

"ငါသည် မည်းနက်သော ဒေဝလရသေ့ပင် ဖြစ်သည်"

ထိုအခါမှ ပုဏ္ဏားရသေ့(၇)ဦးသည် ဒေဝလရသေ့ကို ရှိခိုးကြသည်။

"အချင်းတို့. . အမိသည် ပုဏ္ဏားမျိုး ယောကျ်ားကိုသာ သံဝါသပြု၏၊ ပုဏ္ဏားမျိုး မဟုတ်သော ယောကျ်ားကို သံဝါသမပြု ဟု သိကြပါကုန်သလော"

"အရှင်. . မသိကြပါကုန်"

"အရှင်တို့ . . အဖွားခုနစ်ဆက်တိုင်အောင် အဖွားတို့သည် ပုဏ္ဏားမျိုး ယောကျ်ားတို့ကိုသာ သံဝါသပြုခဲ့ကြ၏၊ အခြားယောကျ်ား ကို သံဝါသမပြုဟု သိကြပါကုန်လော"

"အရှင်. . မသိကြပါကုန်"

"အရှင်တို့. . အဖသည် ပုဏ္ဏေားမကိုသာ သံဝါသပြု၏၊ အခြားမိန်းမကို သံဝါသမပြုဟု သိကြပါကုန်လော"

"အရှင် မသိကြပါကုန်"

"အရှင်တို့. . အဖိုးခုနစ်ဆက်တိုင်အောင် ပုဏ္ဏေားမကို သာ သံဝါသပြု၏၊ အခြားကို သံဝါသမပြုဟု သိကြပါကုန်လော"

"အရှင်. . မသိကြပါကုန်"

"အရှင်တို့. . ကိုယ်ဝန်တည်ပုံ အခြင်းအရာကို သိကြကုန်၏လော"

"အရှင်. . ကျွန်ုပ်တို့သည် ကိုယ်ဝန်တည်ပုံ အခြင်းအရာကို သိကြပါကုန်၏၊

-ဤလောက၌ မိဘတို့သည် သံဝါသပြု၍ ပေါင်းသင်းဆက်ဆံကြ၏၊

-အမိသည် ဥတုပွင့်ဆဲဖြစ်၏၊

-ရောက်အပ်သော သတ္တဝါသည် ရှေ့ရှုတည်ဆဲဖြစ်၏၊

ဤသုံးပါးသော အကြောင်းသည် ကိုယ်ဝန်အသက်ဝင်၍ တည်ခြင်းဖြစ်ပါ၏။

"အရှင်တို့. . ထိုရောက်ဝင်စားမည့် သတ္တဝါလေးသည် မင်း, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲ ဟူ၍ သိကြပါကုန်၏လော"

"အရှင်. . မည်သည်အမျိုးဟူ၍ မသိနိုင်ကြပါကုန်"

အဿလာယန. . . ဝေဒလရသေ့က မိမိ၏ဇာတ်အမျိုး ဝါဒ၌ မေးစီစစ်သည်လည်းရှိသော် ထိုပုဏ္ဏားရသေ့တို့သည် ပြည့်စုံစွာ မဖြေဆိုနိုင်ကြပေ၊

ယခု ငါဘုရားက မိမိဇာတ်အမျိုး၊ ဝါဒ၌မေးစီစစ်အပ်သည်ရှိသော် သင်အဘယ်မှာ ပြည့်ပြည့်စုံစုံ ပြောကြားနိုင်လတ့်နည်း၊ သင်သည် သင်ဆရာနှင့်တကွ ထိုခုနှစ်ယောက်သော ပုဏ္ဏားရသေ့တို့၏ ယောင်းမကိုင် ပုဏ္ဏားမျိုး အဆင့်ကိုမျှ မမှီသေးပါ၊

ဗုဒ္ဓက ထိုသို့မိန့်ကြားသောအခါ အဿလာယနလုလင်သည် ဗုဒ္ဓ၏တရားကို အလွန်နှစ်သက်သွားကာ ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာအဖြစ် ခံယူသွားလေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊ အဿလာယနသုတ်၊)

## အရှင်သာရိပုတ္တရာနှင့် ဓနဉ္စာနိပုဏ္ဏား
## (ငရဲနှင့်တိရစ္ဆာန်၊ တိရစ္ဆာန်နှင့်ပြိတ္တာ ဘယ်သူကပိုမြတ်သလဲ)

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေပြီး အရှင်သာရိပုတ္တရာသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ဒေသစာရီ ကြွချီနေသော အချိန်ကာလဖြစ်သည်။

ဝါကျွတ်သောအချိန် ရဟန်းတစ်ပါးသည် ရာဇဂြိုဟ်ပြည်မှနေ၍ အရှင်သာရိပုတ္တရာရှိရာသို့ ကြွလာသည်။ အရှင်သာရိပုတ္တရာက ထိုရဟန်းကို မြတ်စွာဘုရားနှင့် ရဟန်းသံဃာအပေါင်းအနာကင်း-မကင်း ချမ်းသာမှုရှိ-မရှိမေးတော် မူပြီးနောက်-

"ငါ့ရှင်. . တဏ္ဍုလပါလိ တံခါးအနီး၌နေသော ဓနဉ္စာနိပုဏ္ဏားကြီးကော အနာကင်းပါ၏လော၊ အားရှိပါ၏လော၊ မမေ့မလျော့ ရှိပါ၏လော"

ဟုမေးသည်။

"ဓနဉ္စာနိပုဏ္ဏားအား မမေ့မလျော့ခြင်းသည် အဘယ်မှာရှိပါအံ့နည်း၊ သူသည် မင်းကိုအမှီပြုပြီး ပုဏ္ဏားသူကြွယ်တို့ကိုလုယက်၏၊ ပုဏ္ဏား သူကြွယ်တို့ကို အမှီပြု၍ မင်းကိုလုယက်၏၊ ထိုပုဏ္ဏား၏ သဒ္ဓါတရားရှိသော မယားသည် သေခဲ့ပြီးနောက် သဒ္ဓါတရားမရှိသော အခြားမျိုးမှ မယားကို ဆောင်ယူထား၏၊ ငါတို့သည် ဤပုဏ္ဏားနှင့် ပတ်သက်၍ မကောင်းသောသတင်းသာကြားရကုန်၏၊ မေ့လျော့မှုရှိနေသည်ဟု ကြားရကုန်၏၊ ငါတို့ သည်

ထိုပုဏ္ဏားနှင့် တစ်နေ့နေ့တွေ့ဆုံ ဆွေးနွေးခွင့်ရမည် ထင်ပါ သည်" ဟု အရှင်သာရိပုတ္တရာက မိန့်ကြားသည်။

တစ်ချိန်တွင် အရှင်သာရိပုတ္တရာသည် ဒက္ခိဏာဂီရိ ဇနပုဒ်မှ ရာဇဂြိုဟ်သို့ ပြန်ရောက်ပြီး ဝေဠုဝန်ကျောင်း၌ သီတင်း သုံးနေသည်။

တစ်နေ့ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံအလို့ငှါ ကြွတော်မူ သည်။ ဆွမ်းကိစ္စပြီးသော် ထိုဓနဉ္စာနိ ပုဏ္ဏားအိမ်သို့ ရှေ့ရှုကြွ တော်မူသည်။ ပုဏ္ဏားသည် အရှင်သာရိပုတ္တရာကိုမြင်သောအခါ နို့ညှစ်နေရာမှလာ၍ ကြိုဆိုကာ-

"အရှင်သာရိပုတ္တရာ. . ဤနွားနို့သစ်ကို သောက်ပါလေ၊ နို့သောက်နေစဉ် ဆွမ်းစားအံ့သော အချိန်အခါသည် ဖြစ်ပါလတ့်" ဟု လျှောက်ထားပြီး နို့ကိုဆက်ကပ်သည်။

"ပုဏ္ဏား. . တော်ပြီ၊ ယနေ့အဖို့ဆွမ်း ကိစ္စပြီးခဲ့ပြီ၊ ငါသည် သစ်ပင်တစ်ပင်ရင်း၌ သီတင်းသုံးနေပါမည်၊ သင်တို့နေရာသို့ လာခဲ့ပါ"

"အရှင်ဘုရား. . ကောင်းပါပြီ လာခဲ့ပါမည်"

ဓနဉ္စာနိပုဏ္ဏားသည် နံနက်စာ စားပြီးနောက် အရှင်သာရိ ပုတ္တရာ သီတင်းသုံးရာ သစ်ပင်ရင်းသို့ လိုက်သွားပြီး ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကားပြောပြီး သင့်လျော်ရာ၌ ထိုင်သည်။

"ပုဏ္ဏား. . သင်သည် မမေ့မလျော့ ရှိပါ၏လော"

"အရှင်ဘုရား. . တပည့်တော်အား မမေ့မလျော့ဘဲ အဘယ်မှာ ရှိပါအံ့နည်း၊ ကျွန်ုပ်သည် မိဘ၊ သားမယား၊ ကျွန်အမှု

လုပ်တို့ကို လုပ်ကျွေးရ၏၊ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးရပါ၏၊ ဧည့်သည်ဝတ်ကို ပြုပေးရပါ၏၊ သေသူတို့၏ ဝတ်ကိုပြုပေးရပါ၏၊ နတ်တို့အား ပြုဖွယ်ကိစ္စကို ပြုလုပ်ပေးရပါ၏၊ မင်းအားလည်း မင်းအလျှောက် ပြုပေးရပါ၏၊ ဤခန္ဓာကိုယ်ကိုလည်း ပြည့်ဖြိုးပွားစေရပါ၏"

"ပုဏ္ဏား. . ဤအရာ အဘယ်သို့ ထင်မှတ်ပါသနည်း၊ ဤလောက၌ အချို့သောသူသည် မိဘ, သားမယား, ကျွန်အမှုလုပ်, မိတ်ဆွေခင်ပွန်း, ဆွေမျိုးသားချင်း, ဧည့်သည်, ရှေ့ကသေပြီးသူ, နတ်, မင်းနှင့် ကိုယ်ကိုပြည့်ဖြိုးရန်တို့ကို အကြောင်းပြု၍ မတရားသောအကျင့် မမျှတသောအကျင့်ကို ကျင့်ငြားအံ့၊ ထိုသူအား ထိုမတရားကျင့်မှုကြောင့် ငရဲထိန်းတို့က ငရဲသို့ဆွဲချကုန်၏၊ ထိုအခါ သူကိုယ်တိုင်သော်လည်းကောင်း၊ မိဘစသည်တို့ကသော်လည်းကောင်း၊ ငရဲသို့ဆွဲမချရန်တောင်းပန်၍ ရမည်လော"

"အရှင်သာရိပုတ္တရာ. . ဤသို့ကား မရနိုင်ပါ၊ စင်စစ်ထိုသူတို့ ငိုကြွေးနေစဉ်ပင် ငရဲထိန်းတို့က ငရဲသို့ဆွဲချကြပါမည်"

"ပုဏ္ဏား. . ဤအရာကို အဘယ်သို့မှတ်ထင်ပါသနည်း" အကြင်သူသည် မိဘစသည်တို့ကို အကြောင်းပြု၍ မတရားမမျှတသော အကျင့်ကိုကျင့်၏၊ အကြင်သူသည်ကား မိဘစသည်တို့ကို အကြောင်းပြု၍ တရားမျှတသော အကျင့်ကိုကျင့်၏၊ အဘယ်သူသည် မြတ်ပါသနည်း"

"အရှင်ဘုရား. . တရားမျှတ ကျင့်သောသူကား မြတ်ပါ၏"

"ပုဏ္ဏား. . တစ်ပါးသော သူတို့အတွက် ပြုလုပ်ကုန်သော တရားနှင့် လျော်ကုန်သော အမှုတို့သည် ရှိကုန်၏၊ ထိုအမှုတို့ဖြင့် အမိအဖ စသည်တို့ကို လုပ်ကျွေးခြင်းငှါလည်းကောင်း၊ အကုသိုလ်အမှုကိုမပြုဘဲ ကုသိုလ်ကောင်းမှု အကျင့်ကိုကျင့်ခြင်းငှါလည်းကောင်း စွမ်းနိုင်၏"

ထိုအခါ ဓနဉ္စာနိပုဏ္ဏားသည် အရှင်သာရိပုတ္တရာ၏ တရားကို အလွန်နှစ်သက်၍ နေရာမှထ,ကာ ဖဲ့ခွါခဲ့လေသည်။

တစ်နေ့သောအခါတွင် ဓနဉ္စာနိပုဏ္ဏားသည် အသဲအသန် မကျန်းမာဖြစ်၍ နေသည်။ သူငယ်တစ်ယောက်ကို ဗုဒ္ဓနှင့် အရှင်သာရိပုတ္တရာထံသို့ စေလွှတ်ပြီး အကျိုးအကြောင်းလျှောက်ထားစေပြီး အရှင်သာရိပုတ္တရာကို အိမ်သို့ကြွလာစေရန် ပင့်ခိုင်းလိုက်သည်။

အရှင်သာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားအိမ်သို့ ကြွလာပြီးလျှင် ရောဂါသက်သာမှုရှိ-မရှိ မေးမြန်းတော်မူသည်။ ပုဏ္ဏားကြီးက ရောဂါမသက်သာကြောင်းကို အားရှိသောယောကျ်ားက ထင်လှစွာသော ခက်ရင်းဖြင့်ထိပ်ကိုထိုး၍ နှိပ်ဘိသကဲ့သို့ ပြင်းထန်သောလေတို့က ထိုးကျင့်ပါ၏။

-အားရှိသော ယောကျ်ားက မြဲမြံခိုင်ခံ့သော ကြိုးပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ်သကဲ့သို့ ဦးခေါင်း၌ အလွန်ပြင်းထန်သော ကိုက်ခဲခြင်းကို ခံနေရပါ၏၊

-လိမ္မာသောနွားသတ် ယောကျ်ားနှင့် တပည့်က ထက်လှစွာသော အသားလှီးဓားဖြင့် ဝမ်းကိုရစ်၍ လှီးသကဲ့သို့ ပြင်းထန်သော လေတို့ကဝမ်းကို ရစ်ကုန်၏၊

-အားရှိသော ယောက်ျားက အားနည်းသော ယောက်ျားကို လက်မောင်းတို့ကို ချုပ်ကိုင်ပြီး မီးကျီးစု၌ ကင်းကုန်သကဲ့သို့ ခန္ဓာကိုယ်၌ ပြင်းပြင်းထန်ထန် ပူလောင်နေပါ၏၊ ပြင်းထန်သော ဝေဒနာကိုတို့သာ ခံစားနေရပါသည်။ ဆုတ်ယုတ်သော အရာမတွေ့ရပါဟု ဥပမာပြု၍ ရောဂါမသက်သာကြောင်း လျှောက်ထားသည်။

"ပုဏ္ဏား. . ငရဲသားနှင့်တိရစ္ဆာန်တို့တွင် ဘယ်သူကမြတ်သနည်း"

"အရှင်ဘုရား. . ငရဲသားနှင့် တိရစ္ဆာန်တို့တွင် တိရစ္ဆာန်က မြတ်ပါသည်"

"ပုဏ္ဏား. . တိရစ္ဆာန်နှင့် ပြိတ္တာတွင် အဘယ်သူက မြတ်ပါသနည်း"

"အရှင်ဘုရား. . ပြိတ္တာက ပိုမြတ်ပါသည်"

ထို့နောက် ရှင်သာရိပုတ္တရာက ပြိတ္တာနှင့်လူ, လူနှင့် စတုမဟာရာဇ်နတ်, စတုမဟာရာဇ်နှင့် တာဝတိံသာ စသည်ဖြင့် အဆင့်ဆင့် ဗြဟ္မာအထိ မေးလေသည်။

ပုဏ္ဏားက ဤသို့မေးသောအခါ ရှင်သာရိပုတ္တရာသည် ဗြဟ္မာလောကသို့ ညွတ်သောစိတ်ရှိကြောင်း သိမြင်၍၊ ပုဏ္ဏားအား ဗြဟ္မာလောကသို့ ရောက်ကြောင်းဖြစ်သော မေတ္တာ ကရုဏာ စသော ဗြဟ္မဝိဟာရတရားပွားများနည်းကို ဟောကြားပေးလေသည်။

ရှင်သာရိပုတ္တရာ တရားဟောပြီး၍ ကျောင်းသို့ပြန်ကြွစဉ်ပင် ဓနဉ္စာနိပုဏ္ဏားသည် ကွယ်လွန်၍ ဗြဟ္မာပြည်သို့ ရောက်သွားလေသည်။

ရှင်သာရိပုတ္တရာသည် ကျောင်းသို့ပြန်ရောက်သောအခါ ဗုဒ္ဓထံသို့ ချဉ်းကပ်၍ ဓနဉ္စာနိပုဏ္ဏားအကြောင်း အကြောင်းစုံ လျှောက်ထားပြသည်။

"သာရိပုတ္တရာ. . သင်သည် အဘယ်ကြောင့် ပုဏ္ဏားကို တစ်ဆင့်တက်၍ ပြုဖွယ်ကိစ္စ ရှိပါလျက် ဗြဟ္မာလောကသို့ရောက်ကြောင်း အကျင့်၌သာ တည်စေဘိရသနည်း"

"မြတ်စွာဘုရား. . ပုဏ္ဏားတို့သည် ဗြဟ္မလောကသို့ ကိုင်းညွတ်သောစိတ် ရှိသူများဖြစ်၍ ထိုအကျင့်၌ တည်စေခြင်း ဖြစ်ပါ၏"

"ရဟန်းတို့. . ဤသာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားကို အထက်၌ ပြုဖွယ်ကိစ္စရှိပါလျက် ယုတ်ညံ့သော ဗြဟ္မာပြည် လောကသို့ ရောက်ကြောင်းအကျင့်၌သာ တည်စေခဲ့၏"
ဟု ဟောကြားခဲ့သည်။

(ရှင်သာရိပုတ္တရာသည် ထိုအခါ ဗြဟ္မာပြည်သို့တက်၍ ဓနဉ္စာနိဗြဟ္မာကို သစ္စာလေးပါးတရားကို ဟောကြားပေးခဲ့သည်။ ထိုအချိန်မှစ၍ အရှင်သာရိပုတ္တရာသည် လေးပါဒမျှရှိသော ဂါထာပင်ဖြစ်စေ၊ သစ္စာလေးပါးမှလွတ်သောတရားကို ဟောကြား ခြင်း မပြုတော့ပေ)

(မဇ္ဈိမပဏ္ဏာသ-ဗြဟ္မဏဝဂ်-ဓနဉ္စာနိပုဏ္ဏားသုတ်)

# အရှင်ဥဒေနမထေရ်နှင့် ဃောဋမုခပုဏ္ဏား (ပုဂ္ဂိုလ်လေးမျိုး-ပရိသတ် ၂ မျိုး ရှိပုံ)

ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်ဥဒေနမထေရ်သည် ဗာရာဏသီပြည် ခေမိယသရက်ဥယျာဉ်၌ သီတင်းသုံးနေချိန် ဖြစ်သည်။

ထိုအချိန်တွင် ဃောဋမုခ အမည်ရှိသော ပုဏ္ဏားသည် တစ်စုံတစ်ခုသော ပြုဘွယ်ကိစ္စဖြင့် ဗာရာဏသီပြည်သို့ ရောက်နေပြီး တမနက်အညောင်းပြေ လမ်းလျှောက်ထွက်ရင်း ခေမိယသရက်ဥယျာဉ်သို့ ရောက်သွားသည်။ ထိုအချိန်၌ အရှင် ဥဒေနကလည်း စင်္ကြံလျှောက်နေသည်။

ဃောဋမုခ ပုဏ္ဏားသည် အရှင်ဥဒေနမထေရ်ထံသို့သွား၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး မထေရ်နောက်မှလိုက်၍ လမ်းလျှောက်လိုက်သည်။

အရှင်ရဟန်း. . တရားစောင့်သော ရဟန်းမည်သည်မရှိဟု ကျွန်ုပ်အား ဤသို့သောအယူ ဖြစ်ပါ၏၊ ဤသို့ဖြစ်ခြင်းသည်လည်း အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မဖူးမြင်ဘူးရသေးသောကြောင့်လည်းကောင်း တရားသဘောကို မသိမမြင်သောကြောင့်လည်းကောင်း ဖြစ်ပါ၏”

ဟုလျှောက်ထားလေသည်။

ထို့နောက် အရှင်ဥဒေနသည် စင်္ကြံလျှောက်မှုရပ်၍ ကျောင်းတွင်းသို့ဝင်ကာ သီတင်းသုံးသည်၊ ဃောဋမုခလည်း နောက်မှလိုက်၍ မတ်တပ်ရပ်၍ နေသည်။

"ပုဏ္ဏား. . နေရာတို့သည် ရှိပါကုန်၏၊ အကယ်၍ အလို ရှိမူ နေထိုင်ပါလော"

"ကျွန်ုပ်သည် အရှင်၏ ထိုဖိတ်ကြားချက်ကိုသာ ငံ့လင့် နေပါ၏၊ ကျွန်ုပ်ကဲ့သို့သောသူသည် မဖိတ်ဘဲနေရာ၌ ဦးစွာနေ သင့်၏ဟု အောက်မေ့နိုင်ပါသနည်း"

ဟု လျှောက်ထားပြီး နိမ့်သောတစ်နေရာ၌ ထိုင်လေသည်။ ထို့နောက် အထက်ပါစကားကိုပင် ထပ်မံလျှောက်ထားသည်။

"ပုဏ္ဏား. . အကယ်၍ သင်သည် လက်ခံသင့်သည်ကို လက်ခံ၍ ကန့်ကွက်သင့်သည်ကို ကန့်ကွက်ပြီး နားမလည်သော စကားကိုလည်း ငါ့အားပြန်၍ မေးဦးမည်ဆိုလျှင် ဤအရာ၌ ငါနှင့် သင်တို့၏ ပြောဆိုဆွေးနွေးမှုသည် ဖြစ်နိုင်ရာ၏"

"အရှင်ရဟန်း. . ကျွန်ုပ်သည် လက်ခံသင့်သည်ကို လက်ခံ၍ ကန့်ကွက်သင့်သည်ကို ကန့်ကွက်ပါမည်၊ နားမလည် သော စကားကိုလည်း အရှင်အား ပြန်မေးပါမည်။ ကျွန်ုပ်တို့၏ ပြောဆိုဆွေးနွေးမှုသည် ဖြစ်ပါစေလော"

"ပုဏ္ဏား. . ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးရှိသည်"

အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေ တတ်၏၊ ထိုပူပန်ဆင်းရဲမှုကို အဖန်တလဲလဲ အားထုတ်၏၊

-အချို့သော ပုဂ္ဂိုဟ်သည် သူတစ်ပါးကို ပူပန်ဆင်းရဲစေ တတ်၏၊ ထိုပူပန်ဆင်းရဲမှုကို အဖန်တလဲလဲ အားထုတ်စေ၏၊

-အချို့သောပုဂ္ဂိုလ်သည်မိမိ-သူတစ်ပါးနှစ်ယောက်လုံးကို ပူပန်ဆင်းရဲ စေတတ်၏၊ ထိုပူပန်ဆင်းရဲမှုကို အဖန်တလဲလဲ အားထုတ်၏၊

-အချို့သောပုဂ္ဂိုလ်သည် မိမိ-သူတစ်ပါးနှစ်ယောက်လုံး

ကို မပူပန် မဆင်းရဲစေတတ်၊ မျက်မှောက်ဘဝ၌ ကိလေသာဆာလောင်မှု မရှိသဖြင့် အေးချမ်းသော သုခကို ခံစားရသည်ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်၏၊

ပုဏ္ဏား ဤပုဂ္ဂိုလ်လေးမျိုးတွင် ဘယ်ပုဂ္ဂိုလ်မျိုးသည် သင်၏စိတ်ကို နှစ်သိမ့်စေဘိသနည်း။

"အရှင်ရဟန်း. . ကိလေသာကင်းစင်ပြီး အေးချမ်းသော သုခကို ခံစားနေရသော ကိုယ်ရှိသည့် ပုဂ္ဂိုလ်မျိုးကို နှစ်သက်မိပါ၏"

"ပုဏ္ဏား. . ကျန်သုံးယောက်ကို အဘယ်ကြောင့် မနှစ်သက်ပါသနည်း"

"အရှင်ရဟန်း. . မိမိနှင့်သူတစ်ပါးကို ဆင်းရဲပူပန်စေတတ်သောသူသည် ချမ်းသာကို အလိုရှိပြီး ဆင်းရဲကို စက်ဆုပ်သော မိမိကိုယ်ကို ပူပန်ဆင်းရဲစေသဖြင့် ဤပုဂ္ဂိုလ်မျိုးကို ကျွန်ုပ်မနှစ်သက်ပါ"

"ပုဏ္ဏား. . ပရိသတ်တို့သည် ဤနှစ်ပါးရှိပါသည်"

-ပတ္တမြားနားဋ္ဌောင်း တပ်ဆင်ထားသော မိန်းမတို့၌ လွန်စွာ တပ်မက်လျက် သားမယား၊ ကျွန်၊ လယ်သမား၊ ရွှေ ငွေတို့ကို ရှာမှီးသော ပရိသတ်၊

-ထိုအရာတို့ကို ပယ်၍ ရဟန်းပြုသော ပရိသတ်-

မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ ပူပန်ဆင်းရဲမှုမဖြစ်စေဘဲ အေးချမ်းစွာနေသော ပုဂ္ဂိုလ်ကို အဘယ်ပရိတ်သတ်၌ အများဆုံးတွေ့ရသနည်း"

"အရှင်ရဟန်း. . သားမယား၊ ကျေးကျွန်၊ ပစ္စည်းဥစ္စာ ကိုစွန့်ပယ်၍ ရဟန်းပြုသော ပရိတ်သတ်၌ အများဆုံး တွေ့မြင်ရပါသည်"

"ပုဏ္ဏား. . သင်သည် တရားစောင့်သော ရဟန်းမရှိ၊ ဟူ၍ အယူရှိကြောင်း ပြောဆိုခဲ့သည် မဟုတ်ပါလော"

"အရှင်ရဟန်း. . ကျွန်ုပ်သည် ထိုစကားကို အကြောင်းနှင့်တကွ ဆိုခဲ့ပါ၏၊ ယခုအရှင်သည် ကျွန်ုပ်ကို တရားစောင့်သော ရဟန်းရှိ၏ဟု အယူရှိသူဟူ၍ မှတ်ယူပါလော"

"အရှင်သည် ကျွန်ုပ်အား ပုဂ္ဂိုလ်လေးမျိုးကို အကျဉ်းအားဖြင့်သာ ဟောကြားပါ၏၊ အကျယ်အားဖြင့် ဟောကြားပေးတော်မူပါလော"

ထိုအခါ အရှင်ဥဒေနသည် ကန္ဒရကသုတ်နှင့် အပဏ္ဏကသုတ်တို့၌ ဟောထားသော တက္ကတွန်း ပရိဗိုဇ်တို့၏ အကျင့်များကိုကျင့်သော ပူပန်ဆင်းရဲစေသူ၊ ပူပန်ဆင်းရဲမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း-

-ကျွဲ, နွား, သိုး, ဆိတ်, ငှက်သတ်သူ, သူခိုးဓားပြ, ထောင်ပိုင်အာဏာမှူး၊ အာဏာသား စသူများ၊ ကြမ်းကြုတ်သော အမှုရှိသူများသည် သူတစ်ပါးကို ပူပန်ဆင်းရဲစေတတ်သော သူတစ်ပါး ဆင်းရဲမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်သာဖြစ်ကြောင်း-

-ယာဇ်ပူဇော်မှုကို ပြုသောမင်းနှင့် အကြံပေးသော ပုရောဟိတ်တို့သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်သူ သူတစ်ပါးကိုလည်း ပူပန်ဆင်းရဲမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊

-ဗုဒ္ဓ၏တရားကို နာကြားရပြီး တရားအသိရှိကာ လောကီလူဘောင်၏ ကာမဂုဏ် စည်းစိမ်ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုကာ သီလ, ဣန္ဒြေတို့ကို ထိန်းသိမ်းပြီး သမထ, ဝိပဿနာတရား

တို့ကို အားထုတ်သဖြင့် ရဟန္တာဖြစ်ပြီး ကိလေသာငြိမ်းသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မပူပန် မဆင်းရဲစေသလို သူတစ်ပါးကိုလည်း မပူပန် မဆင်းရဲစေတတ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း အကျယ် သီလ, သမာဓိ, ပညာတို့ကို ဟောကြားပြသည်။

အရှင်ဥဒေန ထိုဟောပြောချက် အလုံးစုံကို ကြားနာရပြီးသောအခါ ဃောဋမုခ ပုဏ္ဏားသည် အလွန်အားရကျေနပ်ဝမ်းမြောက်ပြီး ဥပါသကာအဖြစ် ခံယူသည်။

"အရှင်ဥဒေန. . ကျွန်ုပ်သည် တရားသံဃာနှင့်တကွ အရှင်ဥဒေနကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"

ဟုလျှောက်၏။

"ပုဏ္ဏား. . သင်သည် ငါ့ကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုလင့်၊ ငါ ကိုးကွယ်ဆည်းကပ်သော ဘုရားရှင်ကိုသာ ကိုးကွယ်ဆည်းကပ်ပါလော့"

"အရှင်ဥဒေန. . ထိုဘုရားရှင်သည် ယခုအဘယ်မှာ သီတင်းသုံးနေပါသည်၊ ထိုဘုရားရှင် သီတင်းသုံးရာသည် တစ်မိုင် နှစ်မိုင်၊ မိုင်တစ်ရာ၊ မိုင်နှစ်ရာပင်ဝေးပါစေ၊ ကျွန်ုပ်သွားရောက် ဖူးမျှော်လိုပါသည်"

"ပုဏ္ဏား. . မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်သွားလေပြီ"

"အရှင်ဥဒေန. . ကျွန်ုပ်သည် ထိုပရိနိဗ္ဗာန်ပြုပြီးသော မြတ်စွာဘုရားကိုပင် ကိုးကွယ်ဆည်းကပ်ပါ၏၊ ကျွန်ုပ်ကို ရတနာသုံးပါးဆည်းကပ် ကိုးကွယ်သူဟူ၍ မှတ်တော်မူပါ"

ဟုလျှောက်ထားသည်။

"အရှင်ဥဒေန. . ကျွန်ုပ်အား အင်္ဂမင်းက နေ့ထိုင်အမြဲ ထောက်ပံ့ထားသော ရိက္ခာရှိပါ၏၊ ထိုရိက္ခာမှ အရှင်အား တစ်ရက်စာ ရိက္ခာကို ပေးလှူပါအံ့"

"ပုဏ္ဏား. . သင့်အား အင်္ဂမင်းက နေ့တိုင်းအဘယ်မျှလောက် ထောက်ပံ့ရိက္ခာကို ပေးပါသနည်း"

"အရှင်ဘုရား. . အသပြာ ငါးရာကို ပေးပါ၏"

"ပုဏ္ဏား. . ငါတို့မှာ ရွှေ ငွေ အလှူခံခြင်းငှါ မအပ်"

"အရှင်ဘုရား. . အကယ်၍ ရွှေ ငွေမအပ်ပါက တပည့်တော်အကျိုးငှါ ကျောင်းဆောက်၍ လှူပါအံ့"

"ပုဏ္ဏား. . အကယ်၍ ကျောင်းဆောက်လှူငြားအံ့၊ ပါဋလိပုတ်ပြည်၌ သံဃာများ၏ စည်းဝေးရာ ဇရပ်ကိုဆောက်လုပ်ပါလော"

"အရှင်သည် ကျွန်ုပ်အား သံဃာ၌ ဒါနကိုဆောက်တည်စေ၍ ဤအကြောင်းကြောင့်လည်း အရှင်ကို ကျွန်ုပ်သည် အတိုင်းထက်အလွန် နှစ်သက်ကြည်ညိုမိပါ၏၊ ဝမ်းမြောက်မိပါ၏၊ ကျွန်ုပ်သည် တစ်နေ့စာ ထောက်ပံ့ထားသော ရိက္ခာဖြင့်လည်းကောင်း၊ တစ်ပါးသော ရိက္ခာဖြင့်လည်းကောင်း သံဃာစည်းဝေးရာ ဇရပ်ကို ဆောက်လုပ်လှူဒါန်းပါမည်"

ဃောဋမုခ ပုဏ္ဏားသည် အရှင်ဥဒေနအား ဤသို့လျှောက်ထားပြီး သံဃာစည်းဝေးရာ ဇရပ်ကိုဆောက်လုပ် လှူဒါန်းခဲ့သဖြင့် ထိုဇရပ်ကို ဃောဋမုခ ဇရပ်ဟူ၍ အမည်တွင်ခဲ့လေသည်။

(မဇ္ဈိမပဏ္ဏာသ-ဗြာဟ္မဏဝဂ်- ဃောဋမုခသုတ်)

## အရှင်မဟာကစ္စည်းနှင့် လောဟိစ္စပုဏ္ဏား
## (ဣန္ဒြေတို့၌ထိန်းသိမ်းစောင့်ရှောက်သူ- မစောင့်ရှောက်သူ)

အရှင်မဟာကစ္စည်းသည် အဝန္တီတိုင်း မက္ကရကတမြို့ တောကျောင်း၌ သီတင်းသုံးနေစဉ်အချိန် ဖြစ်သည်။

ထိုအခါ လောဟိစ္စပုဏ္ဏားသည် တပည့်များစွာတို့သည် ထင်းခွေထွက်လာကြရင်း အရှင်မဟာကစ္စည်း တောကျောင်းသို့ ချဉ်းကပ်လာကြပြီး ကျောင်းပတ်ဝန်းကျင်၌ လူးလာတုံ့ခေါက် သွားနေကြသည်။ အချို့သည် ကျယ်လောင်စွာ ပြောဆိုကြလျက် အချင်းချင်း ခုန်ကျော်ပြေးလွှား ကစားနေကြသည်။

"ဤသူကား ဦးပြည်းကတုံး ရဟန်းညံ့တို့ ဖြစ်ကြကုန်၏၊ ဇာတ်နိမ့်ဖြစ်ကုန်၏၊ မည်းညစ်ကုန်၏၊ ဗြဟ္မာ၏ခြေဖမိုးမှ ပေါက်ဖွားကုန်၏၊ ဤဇာတ်နိမ့်ရဟန်းညံ့တို့အား လူတို့သည် အရိုအသေ ပေးနေကြသည်၊ အလေးပြု မြတ်နိုးကြကုန်၏၊ ပူဇော်ကြကုန်၏" ဟူ၍ ပြောဆိုကြသည်။

ထိုအခါ အရှင်မဟာကစ္စည်းသည် ကျောင်းမှ ထွက်၍

"လုလင်တို့ . အသံမဆူကြကုန်လင့်၊ ငါသည် သင်တို့ကို တရားဟောကြားပေးမည်"

ဟု မိန့်ကြားရာ လုလင်တို့သည် တိတ်ဆိတ်ငြိမ်သက် သွားကြလေသည်။

"ရှေးပုဏ္ဏားတို့၏ ကျင့်ဝတ်ကိုအောက်မေ့ကုန်သော ရှေး၌ဖြစ်ကုန်သော ပုဏ္ဏားတို့သည် သီလကိုသာလျှင် အမြတ်ထား

ကုန်၏၊ ထိုပုဏ္ဏားတို့သည် အမျက်ဒေါသကို ဖိနှိပ်၍ ပိတ်ဆို့အပ်သော တံခါးတို့ကို ကောင်းစွာစောင့်ရှောက်ကြကုန်၏”

ရှေးပုဏ္ဏားတို့၏ ကျင့်ဝတ်ကိုအောက်မေ့ကုန်သော ပုဏ္ဏားတို့သည် ကုသိုလ်တရားကိုလည်းကောင်း၊ စျာန်တရားကိုလည်းကောင်း၊ မေ့လျော့ပျော့ပိုက်ကြကုန်၏၊ ယခုကာလ ဤပုဏ္ဏားတို့သည်ကား ထိုတရားတို့မှ ဖွဲ့ထွက်ကြပြီးလျှင် ငါတို့သည် ဗေဒင်ကို ရွတ်တတ်ကုန်၏ဟု အမျိုးအနွယ်အားဖြင့် မာန်ယစ်ကြကုန်လျက် မညီမျှမသင့်တယ်သော အမှုတို့ကို ပြုကျင့်ကြကုန်၏၊ ဤယခုကာလ ပုဏ္ဏားတို့သည် အမျက်ဒေါသ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အထူးထူးအပြားပြားသော တုတ်တို့ကို စွဲကိုင်ကုန်လျက် တဏှာရှိသူ တဏှာမဲ့သူတို့၌ ဆန့်ကျင်ကြကုန်၏၊

ဣန္ဒြေတို့၌ လုံခြုံသောတံခါးမရှိသော အိပ်မက်၌ရသော ယောကျ်ား၏ ဥစ္စာကဲ့သို့ အလုံးစုံသော အကျင့်တို့သည် အချည်းနှီးသာ ဖြစ်ကုန်၏၊ အစာမစားခြင်းဖြင့်လည်းကောင်း၊ မြက်ခင်းစိမ်းသောမြေ၌ အိပ်ခြင်းလည်းကောင်း၊ နံနက်စောစော ရေချိုးခြင်းလည်းကောင်း၊ ဗေဒင်သုံးပုံသင်ခြင်းလည်းကောင်း၊ ကြမ်းတမ်းသော သစ်နက်ရေရှိခြင်းလည်းကောင်း၊ ဆံကျစ်ရှိခြင်းသည်လည်းကောင်း၊ သွားချေးရှိခြင်းလည်းကောင်း၊ မန္တာန်ရွတ်ခြင်းလည်းကောင်း၊ နွား၏အလေ့ နွား၏အကျင့်ဖြစ်သော ပုဏ္ဏားအကျင့်လည်းကောင်း၊ အပြစ်ကိုဖုံးကွယ်ခြင်းလည်းကောင်း၊ ကောက်ကွေးသောတုတ်ကို ကိုင်ခြင်းလည်းကောင်း၊ ရေဖြင့်မျက်နှာကို ဆေးခြင်းလည်းကောင်း၊ ဤအကျင့်တို့သည် ပစ္စည်းဘဏ္ဍာ တိုးပွားခြင်းငှါ ပြုအပ်သော ဘဏ္ဍာတို့၏ဂုဏ်တည်း”

ရှေးဟောင်း ပုဏ္ဏားတို့၏ စိတ်သည်ကား ကောင်းစွာ တည်ကြည်၏၊ ကြည်လင်၏၊ နောက်ကျုခြင်းကင်း၏၊ သတ္တဝါ အားလုံးတို့၌ ဆူးပြောင့်ဟူ၍ မရှိ နူးညံ့၏၊ ထိုအကျင့်သည် မြတ်သောဘုံသို့ ရောက်ခြင်း၄ါ လမ်းကြောင်းဖြစ်၏ဟူ၍ ဂါထာဖြင့် ဟောပြသည်။

ထိုအခါ ပုဏ္ဏားလုလင်တို့သည် နှလုံးမသာမယာ အမျက်ထွက်ကြကုန်လျက် လောဟိစ္စထံ ပြန်လာကြကာ-

"ဆရာကြီး. . သိပါလော၊ ရှင်မဟာကစ္စည်းရဟန်းသည် ပုဏ္ဏားတို့၏ မန္တာန်ကို တစ်ဘက်သက်ကဲ့ရဲ့ပါ၏၊ ဆဲရေးပါ၏၊ ဆဲရေးတားမြစ်ပါ၏"

ဟုအကြောင်းစုံ ပြောပြကြကုန်သည်။

လောဟိစ္စပုဏ္ဏားသည် ထိုစကားကိုကြား၍ နှလုံးမသာမယာအမျက်ထွက်သော်လည်း--

"ငါသည်လုလင်တို့၏ စကားကိုကြား၍ မဟာကစ္စည်းရဟန်းကို ဆဲရေးငြားအံ့၊ ဆန့်ကျင်ငြားအံ့၊ ရေရွတ်ငြားအံ့၊ မသင့်လျော် ငါသည် မဟာကစ္စည်းကို ချဉ်းကပ်၍မေးရမူ ကောင်းလေစွ"

ဟု အကြံဖြစ်လေသည်။

ထိုနောက် လောဟိစ္စပုဏ္ဏားသည် လုလင်တို့နှင့်အတူ ရှင်မဟာကစ္စည်းထံသို့ သွားပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောပြီး နေရာတစ်ခု၌ ထိုင်ကြသည်။

ထို့နောက် လောဟိစ္စပုဏ္ဏားက. . မိမိ၏တပည့်များ ထင်းခွေလာကြရင်း၊ ဤနေရာသို့ ရောက်မရောက်၊ ရောက်လျှင်

မည်သို့သော တရားများ ဟောလိုက်ပါသလဲ အစရှိသည်ဖြင့် မေးသည်။

ရှင်မဟာကစ္စည်းကလည်း လုလင်များ ရောက်လာကြောင်းပြောပြပြီး မိမိဟောလိုက်သော တရားဂါထာအကြောင်းကို ပြန်လည်မိန့်ကြားပေးသည်။

"ကြန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသူ၊ ဟုအရှင်ကစ္စည်းကဆို၏၊ အဘယ်မျှလောက်ဖြင့် မလုံခြုံသော တံခါးရှိသူ ဖြစ်ပါသနည်း"

"ပုဏ္ဏား. . ဤလောက၌ တစ်စုံတစ်ယောက်သောသူသည်

- မျက်စိဖြင့် အဆင်းကိုမြင်သော်
- နားဖြင့်အသံကိုကြားသော်
- နှာခေါင်းဖြင့် အနံ့ကိုနမ်းရှူသော်
- လျှာဖြင့် အရသာကို လျက်သော်
- ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်

ချစ်ခင်ဖွယ်ရှိသော တရား၌တပ်မက်၏၊ မချစ်ခင်ဖွယ်ရှိသော တရား၌ အမျက်ထွက်၏၊ မထင်သောစိတ်ရှိရကား ကျဉ်းမြောင်းသော စိတ်ရှိသည်ဖြစ်၍ နေ၏၊ ထိုသူအား အကြင်ဝိမုတ္တိအရာ၌ ဖြစ်ပြီး ဖြစ်ဆဲဖြစ်ကုန်သော ယုတ်ညံ့ကုန်သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏၊ ထိုကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာမသိ၊

ပုဏ္ဏား. . ဤသို့လျှင် ကြန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသူ ဖြစ်၏။

"အရှင်ကစ္စည်း အံ့ဘွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲဖြစ်ပါပေစွ၊ အရှင်သည် အမှန်အတိုင်း ဣန္ဒြေတို့၌ မလုံခြုံသော တံခါးရှိသူကို သာ မလုံခြုံသောတံခါးရှိသူဟု ဆိုပါ၏"

"အရှင်ဘုရား . . အရှင်သည် ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသူဟု ဆိုပါ၏၊ အဘယ်မျှလောက်ဖြင့် ဣန္ဒြေတို့၌ လုံခြုံ သော တံခါးရှိသူဖြစ်ပါသနည်း"

"ပုဏ္ဏား . . ဤလောက၌ ရဟန်းသည်

-မျက်စိဖြင့် အဆင်းကိုမြင်သော်

-နားဖြင့်အသံကို ကြားသော်

-နှာခေါင်းဖြင့် အနံ့ကိုနမ်းရှူသော်

-လျှာဖြင့် အရသာကို လျက်သော်

-ကိုယ်ဖြင့်အတွေ့အထိကို တွေ့ထိသော်

-စိတ်ဖြင့် သဘောတရားကို သိသော်

ချစ်ခင်ဖွယ် သဘောရှိသော တရား၌ မတပ်မက်၊ မချစ်ခင်ဖွယ် ရှိသော သဘောတရား၌ အမျက်မထွက်၊ ထင်သောသတိရှိရကား ကျယ်ဝန်းသောစိတ်ရှိသည် ဖြစ်၍နေ၏။

ထိုသူအား အကြင်ဝိမုတ္တိတရား၌ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန် သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အကြွင်းမဲ့သာ ချုပ်ကုန်၏၊ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ် နှင့် အရဟတ္တဖိုလ်ပညာကို ဟုတ်တိုင်းမှန်စွာ သိ၏။

ဤသို့လျှင် ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူ ဖြစ်၏။

"အရှင်ကစ္စည်း . . . အံ့ဘွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်လေစွ၊ အရှင်သည် အမှန်အတိုင်း ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူကို

သာ ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသူဟု ဆိုပါ၏၊ အရှင်သည် မှောက်ထားသော ဝတ္ထုကိုလှန်ပြသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့လည်းကောင်း၊ မျက်စိလည်လမ်းမှားသူကို လမ်းမှန်ကိုပြောကြားသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသူသည် အဆင်းကိုမြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတိုင်ကို ထွန်းပြသကဲ့သို့လည်းကောင်း၊ အရှင်သည် အကြောင်း အမျိုးမျိုးဖြင့် တရားကိုပြတော်မူပါ၏၊

အရှင်ဘုရား. . . ကျွန်ုပ်သည် ယနေ့မှစ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။

အရှင်ဘုရားသည် မဂ္ဂာရကတမြို့ဝယ် ဥပါသကာအမျိုးသို့ ချဉ်းကပ်သကဲ့သို့ လောဟိစ္စအမျိုးတို့သို့လည်း ချဉ်းကပ်ပေးတော်မူပါ၊ ဤအမျိုး၌ လုလင်မျိုး၊ လုံမမျိုးတို့သည် ခရီးဦးကြိုရှိခိုးနေရာပေးကြပါလတ့်၊

ထိုလုလင်မျိုး၊ လုံမမျိုးတို့အား ထိုသို့ရှိခိုးခြင်းစသော အမှုသည် ရှည်ကြာသော ကာလပတ်လုံး စီးပွားချမ်းသာ အလို့ငှါ ဖြစ်ကြပါလိမ့်မည်”
ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထားကြသည်။

(သဠာယတနသံယုတ်၊ သဠာယတနဝဂ်၊ လောဟိစ္စသုတ်)

# ပြဟ္မဝါဒ(ဟိန္ဒူဘာသာ) ပြန်ဖြစ်ပေါ်လာခြင်း

အာသောကမင်းကြီး၏ မောရိယမင်းဆက် နောက်ဆုံးမင်းဆက်ဖြစ်သော ဂုဟာသီဟမင်းကို စစ်သူကြီး သုင်္ဂပုဗျာမိတြက လုပ်ကြံ၍ သုင်္ဂမင်းဆက်ကို သာသနာသက္ကရာဇ် ၃၅၉(၁၈၅ဘီစီ) တွင် စတင်တည်ထောင်ခဲ့သည်။

သုင်္ဂနမင်းများလက်ထက်၌ ပြဟ္မဏများကို ပြန်လည်အားပေးသဖြင့် တစ်နံပါတ်ရန်သူဖြစ်သော ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့သည်။ ဗုဒ္ဓဘာသာဘုန်းကြီး ခေါင်းတစ်လုံး ဖြတ်ယူဆက်သပါက ဆုတော်ငွေ ၁၀၀၀၊ ပေးမည်ဟု ကြေငြာလေရာ ဗုဒ္ဓဘာသာရဟန်းမှန်သမျှ မဇ္ဈိမဒေသ မာဂဓတိုင်း ကောသလတိုင်း အစရှိသည်တို့၌ မနေဝံ့တော့သဖြင့် တိုင်းစွန်ပြည်ဖျားသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။

ထေရဝါဒသံဃာတော်များသည် ဝိဒိသာမြို့အနီးရှိ ဆံချီစေတီတည်ရှိရာ စေတီယပဗ္ဗတသို့ ရွှေ့ပြောင်းခဲ့ရသည်။

သဗ္ဗတ္ထိဝါဒိဂိုဏ်းတို့က မထုရာမြို့အနီးရှိ ဥရုမုဏ္ဍ (ဂေါဝဒ္ဓန)တောင်သို့ ရွှေ့ပြောင်းခဲ့ကြသည်။ အခြားဂိုဏ်းသံဃာများသည် လည်း အလားတူပင် သုင်္ဂမင်းအာဏာ လွတ်ကင်းရာသို့ ပြေးခဲ့ကြရသည်။

## ပါဠိတော်များကို သက္ကတဘာသာစာပေပြောင်းခြင်း

သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းစသည် ပြဟ္မဏ ပုဏ္ဏားဘုရင်တို့ သဘောကျကျေနပ်မှု ရှိစေရန်ပါဠိတော်အနက်၊ အဓိပ္ပာယ်တို့ကို ပြင်ဆင်ရုံသာမက သက္ကတသာသာဖြင့်သာ သင်ကြားပို့ချ ဟောပြောပြလေသည်။

ထို့ကြောင့် မြောက်ပိုင်းဗုဒ္ဓဘာသာခေါ် မဟာယာနနှင့် ဟီနယာနတို့၏ ပါဠိတော်ကို ဗုဒ္ဓကတားမြစ်ထားသော သက္ကတဘာသာဖြင့် ရေးသားလာကြသည်။

တောင်ပိုင်း ဗုဒ္ဓဘာသာခေါ် ထေရဝါဒ ပါဠိတော်မှာမူ မူလအတိုင်း မာဂဓာဘာသာဖြင့် (ပါဠိ) ဘာသာဖြင့် ဆက်လက်တည်ရှိနေသည်။

သာသနာသက္ကရာဇ်(၁၃) ရာစု၌ ရေးသားသော ဝိနိကဒေဝ၏ မှတ်တမ်း၌-

-သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ပါဠိကိုသက္ကတဘာသာဖြင့် ရေးသည်။

-မဟာသံဃိကဂိုဏ်းသည် ပြကရစ်ဘာသာ၊ အဒ္ဓမာဂဓ ဘာသာ(မာဂဓဘာသာတစ်ဝက်) ဖြင့်ရေးသည်။

-သမ္မိတိယဂိုဏ်းသည် အပဘ္ဘံသဘာသာဖြင့် ရေးသားသည်။ မှတ်တမ်းပြုခဲ့ပါသည်။

သုဂ်မင်းလက်ထက်တွင် ဗုဒ္ဓဝါဒီရဟန်းတော်များသည် ဗဟိဒ္ဓာနမာဂဓတိုင်း (ဂင်္ဂါမြစ်ဝှမ်း) ဒေသမှ အိန္ဒိယအလယ်ပိုင်း တောင်ဘက် ဝိဒိသာ ပြည်အနီး စေတီယပဗ္ဗတာတောင်နယ်ရှိ

ဆန်ချီတောင်သို့ ထွက်ပြေးခဲ့ရသည်ဟု ဆိုသော်လည်း ထေရဝါဒ သာသနာသည် အင်အားအလွန်နည်းနေပြီ ဖြစ်ပါသည်။ အမိက ထေရဝါဒ ဗုဒ္ဓဘာသာသည် သီဟိုဠ်နှင့် မြန်မာနိုင်ငံတွင်သာ အမိက ရှိနေပါသည်။

ဘီစီ ၂၈ တွင် သုင်္ဂမင်းဆက်ကို ဆက်ခံသည့် ကန်ဝမင်းဆက်တွင် ကိုဒရာဗိဒိယန်းအနွယ် အန္ဒြမင်းတက်က တိုက်ခိုက် အောင်မြင်ခဲ့သဖြင့် ဗြဟ္မဏဘာသာဝင်များသည် အိန္ဒိယအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တန်ခိုးကြီးခဲ့သည်။

ထိုအချိန်တွင် ဂရိတွင် ဘက်ထရိယန်နိုင်ငံကို တည်ထောင်ခဲ့သော ကူသျှမင်းများက အန္ဒြမင်းများနှင့် အပြိုင် အိန္ဒိယတွင် ဝင်ရောက်စိုးမိုးလျက်ရှိပြီး ထိုမင်းများက မဟာယာန ဗုဒ္ဓဘာသာကို အားပေးခဲ့သည်။ ထိုမင်းများ၏ ပိုင်နက်သည် အလယ်ပိုင်းအာရှနှင့် တရုတ်နယ်စပ် တာကစ္စတန်အထိ ကျယ်ပြန့်ခဲ့သည်။

ကူသျှမင်းဆက်ဖြစ်သော ကနစ်ရှမင်း( AD ၁၂၀-၁၆၂) သာသနသက္ကရာဇ် (၆၆၄၊ ၇၀၆) လက်ထက်၌ ဗုဒ္ဓဘာသာဂိုဏ်းကွဲဖြစ်သော သဗ္ဗတ္ထိဂိုဏ်းဝင် သံဃာများ စုစည်း၍ သံဂါယနာတင်ခဲ့ကြသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် ထေရဝါဒရဟန်းတော်များ သည် သုင်္ဂမင်းဆက် လက်ထက်ကတည်းက အားနည်းနေပြီဖြစ် ၍ ဘီစီ(၁)ရာစုလောက်(သို့မဟုတ်) အေဒီ(၁)ရာစုလောက်က ပင် သို့မဟုတ် အိန္ဒိယသို့ ကူသျှမင်းဆက်များ မရောက်မီလောက် ကပင် ကွယ်ပျောက်နေပြီဟု ယူဆကြပါသည်။

ခဋ္ဌာဓာတုဝင်ကျမ်း၌ သာသနာနှစ် ၈၅၀ ခန့်တွင် ကလိင်္ဂတိုင်းသို့ ဟိန္ဒူဘာသာဝင် ဘုရင်တို့က တိုက်ခိုက်သဖြင့် ဗုဒ္ဓဘာသာဝင် ဂုဟသီဟမင်း စစ်ရှုံး၏၊ သမီးတော် ဟေမမာလာနှင့် တူတော် ဒန္တမင်းသားတို့သည် ဗုဒ္ဓစွယ်တော်ကိုဝှက်၍ သယ်ယူကာ သီဟိုဠ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ (ယနေ့သီဟိုဠ်ကန္ဒီရှိ စွယ်တော်သည် ထိုစွယ်တော်ပင်ဖြစ်လေသည်။

ထိုအချိန်တွင် ဗုဒ္ဓဂါယာရှိ ဗောဓိပင်ကို ဟိန္ဒူဘာသာဝင်မင်းများက အကြိမ်ကြိမ်ခုတ်ထစ်၊ တူးဖော် ဖျက်ဆီးမီးရှို့ခဲ့ကြ သည်။ နောက်ဆုံးနေရာပါပျောက်ကွယ်သွားစေရန် မြေများဖြင့် ဖို့ပစ်ကြသည်။

ယနေ့ ဗုဒ္ဓဂယာရှိ ဗောဓိပင်မှာ လွန်ခဲ့သောအနှစ်(၁၀၀)က ပြန်စိုက်ထားခဲ့သော ဗောဓိပင် ဖြစ်ပါသည်။

# အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာကွဲ ပျောက်သွားရန်ဖြစ်ပေါ်လာမှုများ

သုဂ်မင်းများ၊ အန္ဒြမင်းများလက်ထက် ထေရဝါဒ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံမှ ကွယ်ပျောက်ပြီး သီဟိုဠ်-မြန်မာနိုင်ငံတို့၌ တည်နေချိန်ကာလဝယ် ဗုဒ္ဓဘာသာဂိုဏ်းကွဲ သဗ္ဗတ္ထိဂိုဏ်း သည် အိန္ဒိယအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ကုသျှမင်းဆက် တို့၏ အကူအညီဖြင့် ဆက်လက်တည်ရှိနေသေးသည်။

အိန္ဒိယတောင်ပိုင်းတွင်လည်း ဂိုဏ်းကွဲဗုဒ္ဓဘာသာဝင်များ ရှိနေသေးသည်ဟု ဆိုပါသည်။

အိန္ဒိယတောင်ပိုင်း ထရစ်ဗန်ဒရယ်မြို့၌ ဂုဏ်သရေရှိ ပြဟ္မဏအနွယ်ဝင် မုဆိုးမအမျိုးသမီးတစ်ဦးမှ မွေးဖွားခဲ့သော ရှရီရှံကရကျာလယသည် ဂိုဏ်းကွဲဗုဒ္ဓဘာသာ ရဟန်းဝတ်ဖြင့်(၃) နှစ်ခန့် နေထိုင်ခဲ့ပြီး မဟာယာနဗုဒ္ဓဘာသာ ကျမ်းစာများကို လေ့လာသင်ယူခဲ့သည်။

သို့ရာတွင် သူသည်ရဟန်းဘဝတွင် ကြီးလေးသော အပြစ်တစ်ခုကို ကျူးလွန်မိရာ သာသနာတော်မှ နှင်ထုတ်ကြင်ဖယ်ခံရသည်။ သို့တွက်သူသည် ဗုဒ္ဓဘာသာကို အလွန်စိတ်နာပြီး ဗုဒ္ဓဘာသာအယူဝါဒကို မျိုးဖြုတ်ရန်နှင့် ဟိန္ဒူတို့၏ သနန္တနတရားကို ဟောနိုင်ရန် အမိဋ္ဌာန်ဖြင့် အိန္ဒိကပြည်မြောက်ပိုင်းသို့ (၆)လ (၇)လ ကျော်မျှ ခြေကျင်ခရီး သွားခဲ့သည်။

အိန္ဒိယပြည်မြောက်ပိုင်းသို့ ရောက်သောအခါ သူသည် ယခင်က ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခု၌ ဆရာဖြစ်ခဲ့ဘူးပြီး မိမိနှင့် အလားတူ ကြီးလေးသော ပြစ်မှုကို ကျူးလွန်မိ၍ သာသနာတော်

မှ နှင်ထုတ်ကြင်ဖယ်ခံထားရသော ရှရီကုယ ရလိလာဘတ္တထံ၌ သနန္တနတရားများကို လေ့လာသင်ကြားခဲ့သည်။

ထို့ပြင် သူသည် ဝေဒန္တ ဘာသာရေးကို ထူထောင်နိုင်ရန် အတွက် မဇ္ဈိမနိကာယ်မှ ဗုဒ္ဓတရားတော်များကိုလည်း ရှရီကုမာရ လိလာဘတ္တိထံမှရရှိပြီး ဝေဒန္တကျမ်းများ၌ ဗုဒ္ဓတရားတော်များကို ယူငင်သုံးစွဲခဲ့သည်။

(ထို့ကြောင့် ဟိန္ဒူဘာသာဝင်တို့က ရှရီရှံကရကျာလယကို ဝေရောစနဗုဒ္ဓ (ရုပ်ဖျက်ထားသော ဗုဒ္ဓ) ဟုခေါ်ဆိုကြပါသည်။

ထို့နောက် ရှရီရှံကရကျာလယသည် မိမိ၏အမိဋ္ဌာန် အတိုင်း ဗုဒ္ဓအယူဝါဒကို မျိုးဖြုတ်ရန် အနစ္စက ဘုရင်၏မိဖုရား ကို မိမိဘက်ပါအောင် ဆွဲဆောင်ပြီး အနစ္စကဘုရင်ကို အဆိပ် ကျွေးသတ်ခိုင်းခဲ့သည်။ အနစ္စကဘုရင် လုပ်ကြံခံရပြီးနောက် ရှရီရှံကရ ကျာလယသည် ဗြဟ္မဏလူမျိုး မှူးမတ်များ၏ အကူ အညီဖြင့် ဂုရု ဖြစ်လာသည့်ပြင် ဟိန္ဒူဝါဒဆိုင်ရာ အကြီးအကဲ ဖြစ်လာသည်။

ထို့နောက်သူသည် ဂိုဏ်းကွဲဗုဒ္ဓဘာသာ ယောဂါစာရ ဂိုဏ်းနှင့် မဇ္ဈိမိကဂိုဏ်းမှ အတွေးအခေါ် သဘောတရားများကို ယူ၍ ဗြဟ္မဏဝါဒ ဣဿရနိမ္မာနဝါဒ(ဖန်ဆင်းရှင်ဝါဒ)ကို ယုတ္တိ ရှိအောင် ပြုပြင်ရေးသားခဲ့သည်၊ ကွဲပြား၍ ဆန့်ကျင်ဘက်ဖြစ်နေ သော အတ္တဝါဒဆိုင်ရာကျမ်းများ၊ ဥပနိသျှကျမ်းများကို ရှေ့နောက် ညီညွတ်အောင် အဓိပ္ပာယ်ဖွင့်ဆို၍ အဋ္ဌကထာ (ဘာသျ) ကျမ်း များကို ရေးသားခဲ့သည်။

ဗုဒ္ဓဘာသာသံဃာ အဖွဲ့အစည်းများကို အတုယူ၍ ဟိန္ဒူ ဘုန်းကြီး(သညာသိ) များကို ကျောင်းတိုက်ချား၌ တစ်စုတစ်ဝေး

တည်း တည်နေစေခဲ့သည်။

အထူးခြားဆုံးအချက်မှာ နွားများ၊ မြင်းများသာမက လူကိုပင်သတ်၍ ယာဇ်ပူဇော်နေကြသော ဗြဟ္မဏတို့ကို သတ်သတ်လွတ်စားအောင် ပြုပြင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့်သူသည် ကေရလာပြည်နယ် တမီးလ်စသော အိန္ဒိယတောင်ပိုင်း ဘုရင်များကို ဗြဟ္မဏ ဘာသာဝင်ဒါယကာ ပြုစေပြီး မိမိကိုယ်တိုင်က ဘာသာရေး ဂုရုကြီး ဖြစ်လာခဲ့သည်။

ရှံကရကျာလယသည် ဂိုဏ်းကွဲဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ဝါဒယှဉ်ပြိုင်မှု ပြုခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ ရှုံးနိမ့်ပါက ဗုဒ္ဓဘာသာကို စွန့်၍ ဟိန္ဒူဘာသာသို့ ပြောင်းစေသည်။ ထိုသို့မကူးပြောင်းပါက ထောပတ်ပွက်ပွက်ဆူနေသော ဒယ်အိုး၌ နှစ်သတ်သည်။

ထိုအချိန်တွင် အိန္ဒိယတောင်ပိုင်းရှိ ဂိုဏ်းကွဲဗုဒ္ဓဘာသာ ရဟန်းများမှာ ကျမ်းဂန်စာတတ်မြောက်သူ၊ ထက်မြက်သူများ မဟုတ်ကြ၍ သက္ကပဗေဒကျွမ်းကျင်သော ရှံကရကျလကို အရှုံး ပေးကြရသည်က များသည်။

ဂိုဏ်းကွဲဗုဒ္ဓဘာသာဝင် ရဟန်းများသည် ဝဇီရာယာန ဂိုဏ်းကွဲဝင်များဖြစ်ကြပြီး အရက်နှင့်မေထုန်ကို သုံးဆောင်နေကြရာ ရှံကရကျာလယနှင့် ယှဉ်ပြိုင်ဝံ့သူမရှိဟု ဆိုပါသည်။

နောက်ပိုင်းတွင် ရှံကရကျလယ ဂုရုကြီးက ဗုဒ္ဓ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာဝင်များကို သတ်ဖြတ်ပစ်ရမည် ဟူသော အမိန့်ကိုရအောင် ယူခဲ့သည်ဟုဆိုသည်။ ယင်းအမိန့်ကို ထုတ်ပြီးသောအခါ အနှစ်(၂၀)အတွင်း ဗုဒ္ဓဘာသာ ရဟန်းတော် (၂)သန်းနှင့် ဗုဒ္ဓဘာသာဝင် ဥပါသကာများ၊ ရက်ရက်စက်စက် သတ်ဖြတ်

ခံရပြီးနောက် နှစ်ပေါင်း(၂၅)နှစ်အတွင်း အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာ အပြီးအပိုင် ကွယ်ပျောက်သွားခဲ့သည်။

သုင်္ဂမင်းခေတ်၌ ဗြဟ္မတို့၏ စာပေနှင့်ရာဇဝင်သမိုင်းများကို အသစ်ပြန်လည် ပြုပြင်ရေးသားစေသည်။ မဟာဘာရတ ရာမယဏနှင့် ပုရာဏ်ကျမ်းများကို ခမ်းနားအောင် ပြုပြင်ရေးသားစေခဲ့သည်။ မနုဓမ္မသတ်လည်း ပေါ်လာသည်။

ဗြဟ္မဏတို့၏ စာပေမှာ သက္ကတဘာသာဖြင့် ရေးသားထားရာ သက္ကတဘာသာကို စနစ်တကျဖြစ်စေရန် ပါဏိနိသဒ္ဒါကျမ်းအဖွင့် မဟာဘာသကို မတဉ္စလိဆရာကြီးက ရေးခဲ့သည်။

သုင်္ဂမင်း ဗြဟ္မဏဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းပေးခဲ့သဖြင့် သုင်္ဂခေတ်သည် ဗြဟ္မဏပုဏ္ဏားတို့၏ အယူဝါဒ ပြန်လည်အသက်သွင်း၍ ရှေ့တန်းထားကာ မြှောက်စားနေသော ခေတ်ဖြစ်ပြီး ထိုအချိန်မှစ၍ သိဝလိင်ကိုးကွယ်မှု ကရိရှနဘုရားကိုးကွယ်မှု ဗိဿနိုးဘုရားဝင်စားသူ အဝကာရတစ်ပါးအဖြစ် သွတ်သွင်းခဲ့သည်။

ဤသို့အားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာရောမဟာယာန ဗုဒ္ဓဘာသာတို့သည် အိန္ဒိယနိုင်ငံမှ တဖြည်းဖြည်းမှေးမှိန် ကွယ်ပျောက်ပြီး ဗြဟ္မဏ(ဟိန္ဒူ) ဝါဒ အိန္ဒိယ၌ ပြန်လည်ထွန်းကားလာခဲ့သည်ဟု ဆိုပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)**

ဗုဒ္ဓဂေါတမနှင့်သာမန်ဗြဟ္မဏ(ပုဏ္ဏား)တို့၏
လောကသဘာဝ ပြဿနာများ တွေ့ဆုံဆွေးနွေးမှု
အပိုင်း (၂)



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ